www.burmeseclassic.com

# စလေဆရာကြီး ဦးပုည
# အခါပေး ဦးပုည ၏
# ဗေဒင်ဗေဟာရတေးထပ်
# အဖြေကျမ်း

မြန်မာပညာရှိ
ဆရာကြီးဦးသက္က
ပြုစုသည်။

သတ္တမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# စလေဆရာကြီးဦးပုည
# အခါပေးဦးပုည၏
# ဗေဒင်ဟောတေးထပ်
# အဖြေကျမ်း

မြန်မာပညာရှိဆရာကြီးဦးသက္က

BURMESE CLASSIC

သတ္တမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| နိဒါန်း | | (က) |
| ၁။ | ကျွမ်းပြူးဆရာ၏ ပဏာမစကားထပ် | ၁ |
| ၂။ | ဦးပုည၏ ပဏာမစကားထပ် | ၁ |
| ၃။ | ကြိုးဟပ်ရှစ်လုံးတို့ အစီးအနင်းပြောစကားထပ် | ၂ |
| ၄။ | ၁၂-ရာသီကြိုးဟပ်နေပြောစကားထပ် | ၉ |
| ၅။ | အဓိယောဂယုဂ်၊ ပစ္စည်းယုဂ်ပြောစကားထပ် | ၁၀ |
| ၆။ | သူဌေးမင်းဖြစ်ပြောစကားထပ် | ၁၂ |
| ၇။ | မျောက်မထားပြောစကားထပ် | ၁၃ |
| ၈။ | တစ်ခုလပ်ပြောစကားထပ် | ၁၄ |
| ၉။ | မုဆိုးမပြောစကားထပ် | ၁၅ |
| ၁၀။ | ခရီးသွားယာယီပြောစကားထပ် | ၁၆ |
| ၁၁။ | အားယုစန်းပါဒ်ခိုက်ပြောစကားထပ် | ၁၆ |
| ၁၂။ | ကိုယ်အင်္ဂါချို့တဲ့သော ကြိုးဟပ်နေပြောစကားထပ် | ၂၀ |
| ၁၃။ | သူဆင်းရဲဇာတာ ကြိုးဟပ်နေပြောစကားထပ် | ၂၀ |
| ၁၄။ | မည်သည့်အရာနှင့် သေကျေပျက်စီးတတ်သော အကြောင်းပြောစကားထပ် | ၂၂ |
| ၁၅။ | သွားအင်္ဂါမလှခြင်း နားထိုင်းခြင်း ကြိုးဟပ်နေပြော | ၂၂ |
| ၁၆။ | မျက်စိနာ၊ ပန်းနာစွဲတတ်သော ကြိုးဟပ်နေပြော | ၂၃ |


www.burmeseclassic.com

www.burmeseclassic.com




၁၇။ ရှူးတတ်သော ဂြိုဟ်နေဟောတေးထပ် ၂၄

၁၈။ လေရောဂါစွဲကပ်တတ်သော ဂြိုဟ်နေဟောတေးထပ် ၂၅

၁၉။ နှုနှာ-ကုတ်ပဟီးနာစွဲတတ်သော ဂြိုဟ်နေဟော ၂၅

၂၀။ ကြက်ရူး-ဝက်ရူးနာစွဲတတ်သော ဂြိုဟ်နေဟော ၂၆

၂၁။ အမြင့်မှကျ၍ သေတတ်သော ဂြိုဟ်နေဟောတေးထပ် ၂၇

၂၂။ နောင်အိမ်အတွင်း၌ အသွင်းခံရသော ဂြိုဟ်နေဟော ၂၈

၂၃။ ဆင်, မြင်း, ရထားပေါ်မှ ကျ၍သေဆုံးတတ်သော
ဂြိုဟ်နေဟော တေးထပ် ၂၉

၂၄။ ဥပဇ္ဈေဒကာကံနိပ်စက်၍ အသက်သေဆုံးတတ်သော
ဂြိုဟ်နေဟောတေးထပ် ၃၀

၂၅။ လက်ဝေ့သမားစသည်ဖြစ်တတ်သော ဂြိုဟ်နေဟော ၃၀

၂၆။ ဘိုးသူတော် မယ်သီလကဲ့သို့ နေရမည့် ဂြိုဟ်နေဟော ၃၂

၂၇။ မြို့သောမိန်းမနှင့် တွေ့ရသော ဂြိုဟ်နေဟော ၃၂

၂၈။ အပျိုစစ်ကညာစင်နှင့် ဖူးစာပန်ဆင်ရသော ဇာတာ ၃၃

၂၉။ မင်းသူဌေးဖြစ်ဇာတာဟော ၃၄

၃၀။ ပညာရှိသုခမိန် စသည်ဖြစ်တတ်သော ဂြိုဟ်နေဟော ၃၅

၃၁။ ဥစ္စာရှား၍ မုဆိုးထီးမျှားဖြစ်တတ်သော ဂြိုဟ်နေဟော ၃၆

၃၂။ မှူးမတ်ဖြစ်တတ်သော ဂြိုဟ်နေဟော ၃၆

၃၃။ ပညာရှိသုခမိန်ဖြစ်တတ်သော ဂြိုဟ်နေဟော ၃၇

၃၄။ ဂုဏ်အသရေကြီးကျယ်သော ဂြိုဟ်နေဟော ၃၈

၃၅။ ဘုန်းတန်ခိုးကြီးသော ဂြိုဟ်နေဟောတေးထပ် ၃၉

၃၆။ သားသမီးနည်းပါးသော ဂြိုဟ်နေဟောတေးထပ် ၄၀

၃၇။ စန်းမီးရှူးတွက်နည်းဟောတေးထပ် ၄၁


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၆၀။ | ရွှေငွေရတနာပေါများတတ်သော ဇာတာဟော | ၆၄ |
| ၆၁။ | တစ်ဘဝလုံး ကောင်းကျိုးပေးနိုင်သော ဇာတာ | ၆၅ |
| ၆၂။ | အသက် ၂၅၊ ၃၂ နှစ်မှာ ကောင်း၍ ၅၂ နှစ်မှာ သေဆုံးတတ်သော ဇာတာဟောတေးထပ် | ၆၆ |
| ၆၃။ | အသက် ၈၂ နှစ် နေရသော ဇာတာဟောတေးထပ် | ၆၇ |
| ၆၄။ | အဆိုးအကောင်းပိုင်းခြား၍ ပြသော ဇာတာဟော | ၆၈ |
| ၆၅။ | ရုပ်ရည်ချောတတ်-ဗိုလ်မျိုးဖြစ်တတ်သော ဇာတာ | ၆၉ |
| ၆၆။ | လူများမှီခိုလောက်သော ဇာတာဟောတေးထပ် | ၆၉ |
| ၆၇။ | ဒေါသကြီး ဉာဏ်ကြီးစသော ဇာတာဟော | ၇၀ |
| ၆၈။ | ပစ္စည်းရှင်နှင့် အမတ်ကြီးဖြစ်တတ်သော ဇာတာ | ၇၀ |
| ၆၉။ | ပညာမြင်တာနှင့် သိနိုင်သော ဇာတာဟောတေးထပ် | ၇၂ |
| ၇၀။ | ချမ်းသာဆင်းရဲကိုပြသော ဇာတာဟောတေးထပ် | ၇၃ |
| ၇၁။ | ပညာနှင့်ဥစ္စာပေါများသော ဇာတာဟောတေးထပ် | ၇၃ |
| ၇၂။ | ထီးဖြူအုပ်၍ မင်းလုပ်ရအံ့သော ဇာတာဟော | ၇၄ |
| ၇၃။ | သိုင်းဘွဲ့ဖြူငွေစားနှင့်ရွှေရထားရမည့် ဇာတာဟော | ၇၅ |
| ၇၄။ | ဘွဲ့သူကောင်းပြုခံရသော ဇာတာဟောတေးထပ် | ၇၆ |
| ၇၅။ | အပျိုကြီးဖြစ်တတ်သော ဇာတာဟောတေးထပ် | ၇၆ |
| ၇၆။ | ကြာခိုတတ်သော ဇာတာဟောတေးထပ် | ၇၇ |
| ၇၇။ | အချုပ်တန်းဆရာဗေဒရေး မိန်းမဟောတေးထပ် | ၇၈ |
| ၇၈။ | မူလဟော ၁ ပိုဒ် စာကိုယ်လင်္ကာ | ၇၉ |
| ၇၉။ | မူလဟော ၂ ပိုဒ် စာကိုယ်လင်္ကာ | ၇၉ |
| ၈၀။ | မူလဟော ၃ ပိုဒ် စာကိုယ်လင်္ကာ | ၈၀ |
| ၈၁။ | မူလဟော ၄ ပိုဒ် စာကိုယ်လင်္ကာ | ၈၁ |


www.burmeseclassic.com

www.burmeseclassic.com

ဦးပုည ဗေဒင်ဟော တေးထပ်အဖြေကျမ်း


၃၈။ မယားကြီး-ငယ်ရ ဇာတာဟောတေးထပ် ၄၃
၃၉။ လင်ကြီးငယ်ရ ဇာတာဟောတေးထပ် ၄၄
၄၀။ မယားကောင်း-လင်ကောင်းရ ဇာတာဟော ၄၅
၄၁။ မယားဆိုး-လင်ဆိုးရ ဇာတာဟောတေးထပ် ၄၆
၄၂။ ကာမဂုဏ်များတတ်သော ဇာတာဟောတေးထပ် ၄၈
၄၃။ အပျိုအိုဖြစ်တတ်သော ဇာတာဟောတေးထပ် ၄၉
၄၄။ လင်သေ-မယားသေများသော ဇာတာဟော ၅၀
၄၅။ ကိလေသာရမ္မက်များတတ်သော ဇာတာဟော ၅၀
၄၆။ လိမ်လည်ကောက်ကျစ်တတ်သော ဇာတာဟော ၅၂
၄၇။ ဆရာဖြစ်ထိုက်သော ဇာတာဟောတေးထပ် ၅၃
၄၈။ ရဟန်းဖြစ်ထိုက်သော ဇာတာဟောတေးထပ် ၅၃
၄၉။ ဟူးရားပညာတတ်မြောက်သော ဇာတာဟော ၅၄
၅၀။ မိန်းမအလိုသို့လိုက်ရသော ဇာတာဟောတေးထပ် ၅၅
၅၁။ သူတော်ကောင်းဇာတာဟောတေးထပ် ၅၆
၅၂။ သူဌေးဖြစ်ဇာတာဟောတေးထပ် ၅၇
၅၃။ မင်းကတော်ဖြစ်တတ်သော ဇာတာဟောတေးထပ် ၅၈
၅၄။ ထင်ရှားကျော်စောတတ်သော ဇာတာဟော ၅၈
၅၅။ ဇမ္ဗူဒိပ် ထင်ရှားတတ်သော ဇာတာဟောတေးထပ် ၅၉
၅၆။ ဘုန်းသမ္ဘာကြောင့် ထင်ရှားစွာဖြစ်တတ်သောဂြိုဟ် ၆၀
၅၇။ တန်ခိုးအာဏာကြီးမား စည်းစိမ်ဥစ္စာများသောဂြိုဟ်နေ ၆၁
၅၈။ သားမြေးမြစ်များတတ်သော ဇာတာဟော ၆၂
၅၉။ ဗေဒင်တက္ကသိုလ် ဝိဇ္ဇာမိုရ်ခံဉာဏ်ပညာနက်လှသော
ဇာတာဟောတေးထပ် ၆၃


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၁၀၅။ | ဓာတ်ဉစ်ကသစ် အကျိုးပေးဟော စာကိုယ်လင်္ကာ | ၁၀၈ |
| ၁၀၆။ | မူလစန်းမှ ဂေါဇာဂြိုဟ်တို့ အတန့်ကောင်း,မကောင်း အသ်ာနှင့်တကွ ဟောရန်လင်္ကာ | ၁၀၉ |
| ၁၀၇။ | ဓာတ်ဉစ်ကသစ် အကျိုးပေးဟော လင်္ကာအဖြေ | ၁၁၀ |
| ၁၀၈။ | ဖွားဓာတ်ဆန်းတွက်နည်းအဖြေ | ၁၁၀ |
| ၁၀၉။ | ဓာတ်နဝင်းတွက်နည်းအဖြေ | ၁၁၂ |
| ၁၁၀။ | ဓာတ်နဝင်းအကျိုးပေးဟောအဖြေ | ၁၁၃ |
| ၁၁၁။ | မူလစန်းမှ ဂေါဇာပါပဂြိုဟ်တို့ အတန့်ကောင်း မကောင်း အကျိုးပေး အသ်ာနှင့်ဟောရန်လင်္ကာ | ၁၁၆ |
| ၁၁၂။ | ၎င်းအဆက်လင်္ကာအဖြေများ | ၁၁၇ |
| ၁၁၃။ | ဦးပုည စကြာဗေဒင်ပဉ္စလင်္ဂကိန်းဇယားချရန် | ၁၂၀ |
| ၁၁၄။ | အထက်ရပ်နံ ဂြိုဟ်နေဟောအချိုး | ၁၂၀ |
| ၁၁၅။ | တောင်ရပ်နံ ဂြိုဟ်နေဟောအချိုး | ၁၂၂ |
| ၁၁၆။ | မြောက်ရပ်နံ ဂြိုဟ်နေဟောအချိုး | ၁၂၃ |
| ၁၁၇။ | အလယ်ရပ်နံ ဂြိုဟ်နေဟောအချိုး | ၁၂၄ |
| ၁၁၈။ | အောက်ရပ်နံ ဂြိုဟ်နေဟောအချိုး | ၁၂၄ |
| ၁၁၉။ | ဂြိုဟ်နေငါးကွက် ကြက်ငါးမျိုး အရှုံးအနိုင်ဟော | ၁၂၅ |
| ၁၂၀။ | ဇယားချရန် လင်္ကာအဖြေနှင့် ချပြီးဇယားပုံ | ၁၂၆ |
| ၁၂၁။ | အထက်ရပ်နံ ဂြိုဟ်နေဟောအဖြေ | ၁၃၂ |
| ၁၂၂။ | တောင်ရပ်နံ ဂြိုဟ်နေဟောအဖြေ | ၁၃၆ |
| ၁၂၃။ | မြောက်ရပ်နံ ဂြိုဟ်နေအဖြေ | ၁၃၉ |
| ၁၂၄။ | အလယ်ရပ်နံ ဂြိုဟ်နေဟောအဖြေ | ၁၄၁ |
| ၁၂၅။ | အောက်ရပ်နံ ဂြိုဟ်နေဟောအဖြေ | ၁၄၃ |


www.burmeseclassic.com

www.burmeseclassic.com

၁၂၆။ ဂြိုဟ်နေငါးကွက် ကြက်ငါးမျိုး အရှုံးအနိုင်အဟော ၁၄၅
၁၂၇။ စကြာဝေဒင် ပဥ္စလက်ကိန်း ကောက်နုတ်ချက် ၁၄၇
၁၂၈။ နေ့စဉ်ဇယားပုံများ ၁၄၈
၁၂၉။ ၅-၄-၃-၂-၁ ဂဏန်းများ ကျရောက်ချိန်ဟောများ ၁၅၁

www.burmeseclassic.com

www.burmeseclassic.com

စလေဆရာကြီး-ဦးပုည စီကုံးရေးသားအပ်သော
ဗေဒင်ဟော တေးထပ်အမျိုးမျိုးတို့ကို
(ဦးသက္ကဘွဲ့ခံ)
မြန်မာပညာရှိ ဆရာကြီးသည်
အမျိုးလေးပါးတို့မှ မှတ်သားနည်းယူ လွယ်ကူစွာ
သိရှိတတ်မြောက်နိုင်ရန်
အကျယ်တဝင့် ဖြေဆိုရေးသားအပ်သော

# ဦးပုညဗေဒင်ဟောတေးထပ်
# အဖြေကျမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိန်အရောင်တို့ဖြင့် တပြောင်ပြောင်ထွန်းလင်းတောက်ပငြားသည့် နေဝန်း, လဝန်းကြီးများကဲ့သို့ပမာ ပေါ်လွင်ထင်ရှားစွာ အကျွန်ုပ် **(ဦးသက္က)**သည် အစောင်စောင်သော လောကီဗေဒင် ကျမ်းဂန်တို့နှင့် ညှိနှိုင်းပြီးလျှင် တစ်ပုဒ်တစ်ပုဒ် စီကာ၊ စဉ်ကာ **(ဦးပုညဗေဒင်ဟောတေးထပ်အဖြေကျမ်း)**ကို ဉာဏ်စွမ်းအလျောက် မကောက်မကွေ့ အဓိပ္ပာယ်စုံစေ့အောင် အကျယ်တဝင့် ဖြေဆိုရေးသားပါတော့ အံ့သတည်း။ အကျွန်ုပ်သည် စိတ်ကောင်းစေတနာ သဒ္ဓါထက်မြက် လိုရာကိုဖြည့်စွက်၍ အချက်ကျကျ အဓိပ္ပာယ် မရှုပ်ထွေးရအောင် အပတ်တကုတ် အားထုတ်တီထွင် စီစဉ်ရေးသားအပ်သော ဤ **(ဦးပုညဗေဒင်ဟောတေးထပ်အဖြေကျမ်း)**ကို ဝေဒပါရဂူဖြစ်လိုသူ ငြမ်း လူရှင် ရဟန်းတို့သည် မပန်းမပင် ကောင်းမြတ်သော သတိသမ္ပဇဉ် အမြဲယှဉ်လျက် ကြည်လင်စွာ ကြည့်ရှုမှတ်သား လေ့လာနိုင်ကြပါစေကုန်သတည်း။

ဦးသက္က

၀

www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

---

## ကျွမ်းပြု ဆရာ၏ ပဏာမတေးထပ်

ဗု–ဓံ–သံ နမာမိ၊ အာစရိ ပန်ထွာ၊ ပဏာရှိ ညွှန်တာ၊ လွန်သဒ္ဓါရိုကျိုး။ သက္ကစ္စအဖြာဖြာ၊ အခါခါ ဦးထိပ်တင်မိုး ဦးပုည မည်ဝယ်သာ ပြည်နယ်မှာကျော်ဟိုး ရည်ရွယ်ခါဆော်နိုး၍ အမျိုးမျိုးစီစဉ် ဗေဒင်ဉာဏ် အမြင်ရင့်စေဖို့ အဆင်သင့် ရေးစပ်တီထွင် တေးထပ်နှင့် ဗေဒင်ကို ဝေဟင်မှာ နေတမျှကဲ့သို့ အဖြေပ ဝိသဇ္ဇနာ ရေးမည်မှန်စွာမူ–ဂေါဇာ့ဂြိုဟ်ရှစ်ဖြာကို အိုလှစ်ကာ ရှုစမ်းပါတော့လေး။

## ဦးပုည၏ ပဏာမ တေးထပ်

အောင်လိုရာ, ငွေခရုနှင့် ဇေယျတုဆုပန် သပြေထု ဇမ္ဗူ့မြန်မှာ မူအမှန် အာဒိ ဘေးကင်းလို့ ရန်ကွာအောင် ဟံဝန္တာ ဦးညွှတ်ရိုရှိ သုံး၌ာန_ရတနာကို အခါခါဆင်မိ အဖြာဖြာ အာစရိနှင့် ဝန္ဒာမိဦးတင် ဘေးဘယာ ရန်ခပ်သိမ်း မြန်သတ်ငြိမ်း ငြိမ်းစေဖို့ဆင် ပဏာမ စာသရင်တယ် ကာလတွင် ရေးစပ်လို့ တေးထပ်

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသော တေးထပ်၌ မိဿ–ဗြိဿ အစရှိသော ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌၊ မူလ–တနင်္ဂနွေဂြိုဟ်တည်ရှိရာ ဂေါ်ဇာ တနင်္ဂနွေဂြိုဟ် စီးနင်းခိုက် ကြုံခဲ့ပါမူ ထို ဇာတာရှင်မှာ အလျှံပြောင်ပြောင် တောက်လောင်သော မီးကျီးခဲတွင် သကဲ့ဆင်း ကျရောက်ရဘိသကဲ့သို့ စိုးရိမ်ကြောင့်ကြ စိတ်ပူပန်ခြင်း ဆင်းရဲခြင်းနှင့် တွေ့ကြုံရတတ်၏။ ပညာမှု၊ နှုတ်မှု၊ ပြောဆိုမှုတို့ကြောင့် ခိုက်ရန်ဒေါသ, ပြင်းထန်စွာ ဖြစ်ရတတ်၏။ ကိုယ့်အောက်ငယ်သော သူတို့ကြောင့်လည်း စိတ်ရတက် ပိုမိုစိုးရိမ်ရတတ်သည်။ အရှက်ကို မငဲ့ကွက်ဘဲ ဇနီးခင်ပွန်း နှစ်ယောက်တို့ တစ်ယောက်နှင့် တစ်ယောက် တစ်မျိုးစီ အထင်လွဲ၍ လင်မယားချင်း ကွဲကွာရတတ်သည်။ ကိုယ်ကပင် အေးသော်လည်း စိတ်မအေးဘဲ မိုတ်မှေးမရ ဒုက္ခဗျာပါ စိတ်မှာလှုပ်ရှား အသားထဲမှ ခြောင့်စူးသကဲ့သို့ ရွှေပုံပေါ်မှာပင် ခံစား၍ နေရငြားသော်လည်း ကိုယ်လက်မအီမသာ မကျန်းမမာ ဖြစ်တတ်သည်။ သူခိုး, လူခိုးတို့ ခံရတတ်၏။ ထို ဇာတာရှင်မှာ တနင်္ဂနွေတည်းဟူသော (နေ)နှစ် စင်းထွက်ခိုက် ကြုံသောကြောင့် လူ့ဘုံ–လူ့ပြည်မှာ အမူပွေရှုပ်လှ၍ ဒုက္ခများစွာ ရောက်တတ်လာသောအခါမျိုးဟု ဆိုလိုသည်။

## တနင်္လာချင်း အစီးအနင်းဟော တေးထပ်

(၂) ငွေသော်တာ ယုန်မင်းတို့ တစ်ခွင်ချင်းယှဉ်လာ သွင်မယွင်း မြင်ပါလျှင် ယှဉ်ကညာနွဲ့နှောင်း စန်းနှစ်ပွင့် တန်ခိုးဟန် တယ် အမျိုးမှန်လိမ့်စုတ်ကောင်း၊ ရွှေငွေများဇာတစ်ရာ ရဇတာ တစ်ကြောင်း ရတနာလာဘ်ကောင်းနှင့် ထပ်လောင်းဆင့် ဝတ်အိန် ဆာ ရလိမ့်မည် သွေမဆုတ်သာပ ဇကဝုစ်ဟောသင့်လှပါ မြိန်သြ

www.burmeseclassic.com

www.burmeseclassic.com



ရှိန်အရောင်တို့ဖြင့် တပြောင်ပြောင်ထွန်းလင်းတောက်ပငြားသည့် နေဝန်း, လဝန်းကြီးများကဲ့သို့ပမာ ပေါ်လွင်ထင်ရှားစွာ အကျွန်ုပ် **(ဦးသက္က)**သည် အစောင်စောင်သော လောကီဗေဒင် ကျမ်းဂန်တို့နှင့် ညှိနှိုင်းပြီးလျှင် တစ်ပုဒ်တစ်ပုဒ် စီကာ၊ စဉ်ကာ **(ဦးပုည ဗေဒင်ဟောတေးထပ်အဖြေကျမ်း)**ကို ဉာဏ်စွမ်းအလျောက် မကောက်မကွေ့ အဓိပ္ပာယ်စုံစေ့အောင် အကျယ်တဝင့် ဖြေဆိုရေးသားပါတော့ အံ့သတည်း။ အကျွန်ုပ်သည် စိတ်ကောင်းစေတနာ သဒ္ဓါထက်မြက် လိုရာကိုဖြည့်စွက်၍ အချက်ကျကျ အဓိပ္ပာယ် မရှုပ်ထွေးရအောင် အပတ်တကုတ် အားထုတ်တီထွင် စီစဉ်ရေးသားအပ်သော ဤ **(ဦးပုညဗေဒင်ဟောတေးထပ်အဖြေကျမ်း)**ကို ဝေဒပါရဂူဖြစ်လိုသူ ငြမ်း လူရှင် ရဟန်းတို့သည် မပန်းမပင် ကောင်းမြတ်သော သတိသမ္ပဇဉ် အမြဲယှဉ်လျက် ကြည်လင်စွာ ကြည့်ရှုမှတ်သား လေ့လာနိုင်ကြပါစေကုန်သတည်း။

ဦးသက္က

ဝ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဗေဒင်စာ ဟောမည်သေချာ မူ–ဂေါစာ့ဂြိုဟ်နှစ်ဖြာကို လိုရာရာ ရှုစမ်းပါတော့လေး။

ဟုဆိုသော ပဏ္ဏာမတေးထပ် အဓိပ္ပာယ်ကား မကောင်း အနိဋ္ဌ၊ ဘေးဘယရန်စွယ် အန္တရာယ် ဟူသမျှတို့သည် ကိုယ်တွင်း၊ ကိုယ်ပ နှစ်ဝသော သဏ္ဍာန်တို့၌ မကျမရောက် လွင့်ပျောက် စင်ကြယ်စေခြင်းငှာ အောင်ရာ, အောင်ကြောင်းဖြစ်သော အောင် ငွေခရုနှင့် အောင်ဇေယျတု, မန္တန်ကို အဖန်ဖန်ရွတ်မန်း၍ ဤဇမ္ဗူ ကျွန်း မြန်မာ့နယ်မှာ အောင်သပြေနှင့် ညောင်ရေ လောင်းပြီးလျှင် ဘုရား, တရား, သံဃာ သုံးဖြာသော ရတနာအပေါင်းတို့နှင့် ဆရာ ကောင်း အရှင်မြတ်တို့အား တုပ်ကွရိုကျိုး ရှိခိုးပူဇော်ပြီး၍ ကာလ ပေါ် ဉာဏ်သွားဖြင့် ဟောလိုရာ မမှားရအောင် နှစ်ပါးသော မူလ ကောဇာဂြိုဟ်တို့ကို ကဗျာသွားတေးထပ်နှင့် ရေးစပ်ထားရှိရာ ဗေဒင်ပညာကို အလွယ်တကူ တတ်မြောက် လိုသူပုဂ္ဂိုလ်တို့သည်၊ ကြည့်ရှု၊ လေ့ကျက်၊ ဆောင်ရွက် မှတ်သားတော်မူကြလိုသည်ဟု ဆိုလိုသည်။

## တနင်္ဂနွေချင်း အစီးအနင်းဟော တေးထပ်

(၁) ဥဏ္ဏာဂု မူလနှင့် ဂေါဇာက သူရကံ ဂြိုဟ်နှစ်ခု တူစံလျှင် ပူအလျှံနေမီး ပညာမူ လာခုတွယ် ဗျာထုကြွယ် ခိုက်ရန်ကကြီး ငယ်သူကြောင့် ရတက်ပိုတယ်၊ အမျက်ကိုမဆီး အရှက်ကို တစ်သီးပ ဓနီးနှင့်လမ်းသွယ် ကွဲမရှောင် ကွာမတဲ့ရယ်လို့ ငါကပဲ ကြုံတတ်လှ တယ် ကိုယ်အေးလို့ စိတ်ဆွေးတယ် မိုတ်မှေးဝယ်ဖြောင့်ဘူးပ ပြောင့်ဆူးသို့သွင်ပမာ စောရဗျာပါ ပွေသမျှ ဖြေမသာတယ် နေ နှစ်ဖြာ တောက်ထွန်းလို့လေး။

www.burmeseclassic.com

www.burmeseclassic.com



ဇာ့ အရသာမှာ လှပစွာ မသွေသင့်ပါလိမ့် ငွေနှစ်ပွင့် စန်းယုန်လွှာ ထွန်းတောက်သည့်အခါ သွေမပျက်ငွေစက်လွှာကို ရွှေမျက်နှာ ပွင့်လန်းပါလိမ့်လေး။

ဟု ဆိုသော တေးထပ်၌ မိဿစသော ၁၂ ရာသီတို့တွင် အကြင် တစ်ခုခုသော ရာသီ၌ မူလ– တနင်္လာစန်းတည်ရှိရာ ဂေါ်ဇာ တနင်္လာစန်း ယှဉ်ပြိုင်စီးနင်းခဲ့ပါမူ ထိုဇာတာရှင်မှာ ချစ်ခင် စဖွယ် တင့်တယ်လှပ သုတပညာ လိမ္မာပျော့ပျောင်း အမျိုးကောင်း သတို့သမီးကညာတို့ ဝင်လာမစဲ ရတနာမြတ်ပုလဲဟု ဆိုအပ်သော စုတ်–လာဘ်ပေါင်းစွာ အဝတ်ဆန်ဆာတို့ကို ရတတ်၏။ ထွက်သစ်စဖြစ်သော လ,ဝန်းကြီးကဲ့သို့ ရွှင်လန်းကြည်လင်သော မျက်နှာရှိတတ်၏။ ကောင်းမွန်လှစွာသော အစာအာဟာရတို့ကိုလည်း စားသောက်ရတတ်၏ဟု ဆိုလိုသည်။

## အင်္ဂါအစီးအနင်းဟော တေးထပ်

(၃) ဒေသစာ ခင်းကြွေ့လို့ မင်းခြင်္သေ့ကေသရာ တစ်ဂူ တည်းစံပါမူ ရန်ဆိုတာမလွဲ သွေးလေကြောင့် ဖြေမသာတယ် ဝေဒနာ သန်းငြိလေမြဲ ပူသောကနှောင့်ဗျာပါ ကြောင့်ကြရာတကွဲ ထောင့်ပါပါဂြိုဟ်မွဲမို့ အိုဆဲဖို့ ဖန်လာ ပွေပလေ ဖြေမရနိုင်ဘု နေတမျှ ကဲမောက်လို့သာ မွေလိုက်တဲ့ ဂြိုဟ်ဒုက္ခာငယ် အိုဆုတ် ခွာ သူဆင်းမှ လောင်ပူပြင်း ဝေဒနာ ကင်းပျောက်မည့်တာ ရွှေ ခြင်္သေ့ မူနှစ်ဖြာမှာ တစ်ဂူဟာ စံခိုက်မို့လေး။

ဟု ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ မူလအင်္ဂါတည်ရှိရာ ဂေါ်ဇာအင်္ဂါဂြိုဟ်စီးနင်းပါမူ ထိုဇာ တာရှင်မှာ မကောင်းကြမ္မာ အနိဋ္ဌာရန်ဆိုးအမျိုးမျိုးတို့နှင့် တွေ့

www.burmeseclassic.com

www.burmeseclassic.com



ကြုံရ၍ ခိုက်ရန်ဒေါသဖြစ်ရတတ်၏။ မကောင်းသော အာဟာရ ဘောဇဉ်ကို စားသောက်မိသဖြင့် အဇ္ဈတ္တသန္တာန်၌ သွေးလေ ကြောင့်ဖြစ်သော ရောဂါဥပဒ် သေပျောက်လောက်သော အနာ နှိပ်စက်ခြင်းတို့ကို ခံရတတ်၏။ စိတ်လက်မရွှင် ပူပင်သောက ဗျာပါရတို့နှင့် တွေ့ကြုံရတတ်၏ဟု, ဆိုလိုသည်။

## ဗုဒ္ဓဟူးအစီးအနင်းဟောတေးထပ်

(၄) မူဇာတာဆင်မြတ်နှင့် ဂေါဇာရပ်ဆဒ္ဒန် နေ့သာမထပ် ပြန်လျှင် လာဘ်ဝသန်ငွေမိုး ခြိမ့်မစဲပ ထိမ့်မဲလျှံသိမ့်သည်းညံသွန်း ရွာလို့ဖြိုး ရွှေ, ငွေ, မြဂေါ် မုတ္တာ ဘော်ဥစ္စာမညိုး ကျော်ဟုတ်စွာ ဆက်ဖြိုးလို့ တက်တိုးလိမ့်ရတနာ တောင်ဒက္ခိရပ် တစ်ကျေးက လာဘ်မနေးရတော့မည်သာ ဘေးဥပဒ်အန္တရာ စင်ကြယ်စွာ ကိုယ် မှာရှိပါလိမ့် ဆင်ဟတ္ထိဖြူစွယ်စုံ ထွန်းစက်နှင့်ကြုံ ယောက်ျားပင်ါ တဂုဏ် ဘာဝမဖြုံကြောက်ဖူးပလေး။

ဟု ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ မူလ ဗုဒ္ဓဟူးထက်ဂေါဇာ ဗုဒ္ဓဟူးဂြိုဟ်စီးနင်းသော ဇာတာ ရှင်တို့မှာ အခြေနှစ်ချောင်း၊ အခြေလေးချောင်း လာဘ်ပေါင်းများ စွာ လယ်ယာမိုးမြေရွှေငွေအသပြာခုနစ်ပါးသော ရတနာတို့သည် ခြိမ့်ခြိမ့်မစဲ တသည်းသည်းရွာသွန်းသော မိုးကြီးကဲ့သို့ တောင်အရပ် ဒေသက အခြေကျ အနေကျရောက်တတ်, ဝင်လာတတ်၏။ မကောင်းဆိုးညစ် အနိဋ္ဌာရန်အပြစ်တို့မှ ကင်းလွတ်စင်ကြယ်၍ ကိုယ်စိတ်နှစ်ပါး မပူမန္တမ်း ပဒုမ္မာ ရွှေကြာပန်းကဲ့သို့ ရွှင်လန်း အေးကြည်လျက် ချမ်းသာခြင်းသုခနှင့် စေတ္တပြည့်ရမည်ဟု ဆိုလို သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေးချင်း အစီးအနင်းဟောတေးထပ်

(၅) ဂုရုဂြိုဟ်ကြွက်မင်းတို့ ကွက်ထည်းချင်းကြုံလာ ယှက်စီးနင်းဆုံပါလျှင် ဂုဏ်တေဇာ ပွင့်လန်း ရွှေ, ငွေ, မြကလျာ ရစရာထူးတဲ့လာဘ်စန်း။ ဆင်, မြင်းနှင့် အသဿထိုရ် ကျွဲ, နွားဆိုတစ်ခန်းနည်းများကို မစမ်းနှင့် မှန်းလိုက်တိုင်းပေါက်တယ် ကျော်အသံတော်လျှံတဲ့အောင် ဘော်ရံမြဲ နွဲ့စေဖို့ခြယ် သက်နှင်းက လက်ငင်းသွယ် ကြွက်မင်းဝယ် ယှဉ်ခိုက်မို့ ယဉ်လိုက်တဲ့မှုံကညာ စွဲလိမ့်မှန်စွာ ဂြိုဟ်ဂုရု အိုစုရှာတယ် လိုမှုရာပြီးပါလိမ့်လေ။

ဆိုသောတေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌မူလ ကြာသပတေးဂြိုဟ်တည်ရှိရာ ဂေါဇာကြာသပတေး စီးနင်းခဲ့ပါမူ ထိုဇာတာရှင်တို့မှာ လူ့ပြည်တွင်ကျော် ဂုဏ်သတင်းပေါ်ထင်၍ရတနာရွှေငွေ, အထွေထွေ ထိန်ထောက်ပြီးလျှင် စိန်, ကျောက်, ပတ္တမြား, ဆန်ရေစပါး ကျွဲနွားဥစ္စာ လယ်ယာလုပ်ခင်း မယွင်းယခုကြုံလေသမျှသောအမှုတို့သည် စိတ်အလိုရှိတိုင်း တိုးပွားပေါများတတ်၏။ လှပတင့်တယ် ရှုချင်စဖွယ်ရာ ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံ၍ စကားချေငံ ပြောဆိုဟန်ယဉ်လှသော အပျိုကညာစင်သတို့သမီးကိုလည်း ရတတ်၏ဟုဆိုလိုသည်။

## သောကြာချင်း အစီးအနင်းဟော တေးထပ်

(၆) သောမဂြိုဟ် အထူးမှတ် ကြူးမြတ်တဲ့သောကြာ ပူးနတ်ကွဲ့ ရောက်ရာကို ထောက်စာနာရှုဦး၊ တစ်ခွင်တည်းပ ယဉ်မှီးလာလျှင် ယဉ်နည်းမှာ ဟောလို့မဆုံး၊ ခြေနှစ်ချောင်းနှင့် စုတ်ကောင်းဝင် မိတ်ဟောင်းပင်အလုံး၊ စိတ်ပြောင်းယဉ် ချိုပြုံးနှင့် ပျိုသုံးနှစ်တစ်ဆယ်ကျော်၊ အရွယ်မှန် ကညာကလေးကို ကြားမနေ့ရက်ကိန်း

www.burmeseclassic.com



ကပေါ်၊ မြင်း၊ ကျွဲ၊ နွား၊ ရွှေဘော်မှာ ငွေမနော်တန်ဆောင်မိုးလို ပဖြိုးမောက်လို့ခါခါပင် ထူးတဲ့စုတ်ဝင်၊ လာဘ်ကြီးလို့ ခရီးမြင်တယ် ဖနီးရှင်သူကဲပါလိမ့်လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ စက်၌ မူလသောကြာထက် ဂေါဇာသောကြာဂြိုဟ် စီးနင်းသော ဇာတာရှင်တို့မှာချစ်ခင်လှစွာသော မိတ်ဆွေဟောင်း ခင်ပွန်း ဟောင်းများနှင့် တွေ့ကြုံ၍ အထောက်အပံ့ ချီးမြှင့် မ,စခြင်းကို ခံရတတ်၏။ လူ့ဘုံလောက၌ သဘောကျလောက်အောင် အခြေ နှစ်ချောင်း၊ စုတ်ကောင်းရတနာ တစ်ဆယ့်သုံးနှစ် ပျိုရည်စစ်ကညာ သတို့သမီးတို့ကိုလည်း ရတတ်၏။ ခရီးယာယီများ သွားရတတ်၏ ဟု ဆိုလိုသည်။

## စနေချင်း အစီးအနင်းဟော တေးထပ်

(၇) ဘူဇဂါနာဂတို့ ကာလကြိုက် ဟောမယ် ဗျာယဆိုက် သောကြွယ် သဘောဝယ် ပိုက်စမ်း၊ မြွေမင်းတဲ့စနေဂြိုဟ် မသေဆို ထူးတဲ့ကံဆန်း၊ တစ်ဆိတ်မျှ မိတ်မပြေတယ် စိတ်ထွေထွေယောင် ယမ်း၊ ကြိတ်လေလေ လောင်နွမ်းလို့ မောင်မချမ်းပူပုံ၊ ပွေပလေ ဖြေမအားနိုင်ဘု မြွေနဂါးထွန်းခိုက်နှင့်ကြုံ၊ မိန်းမမှု ကိန်းခု ဆုံတယ် ဒိမ်းပြုပုံ ခင်တစ်ပါးကြောင့် ထင်ရှားလိမ့်ပုံသေပါ ရှက်ပွဲ နှင့်သာ၊ ကြေးငွေ ကျပြုန်းတာမှာ ဆုံးဆယ်၊ ရာ၊ ထောင်၊ သောင်း ပလေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသောရာသီ၌ မူလ စနေထက် ဂေါဇာစနေဂြိုဟ် စီးနင်းသော ဇာတာရှင်တို့မှာ မကောင်းကြံမှာ ဖန်လာနိုပ်စက် ရတက်မအေး ပူဆွေးဒုက္ခအဝဝတို့

www.burmeseclassic.com

www.burmeseclassic.com



နှင့် တွေ့ကြုံရ၍ သေကျေလောက်သောရောဂါ, အနာ ဥပဒ်အန္တရာယ်တို့ နှိပ်စက်တတ်၏။ စိတ်နှလုံး မချမ်းမသာ ပူပင်သောကလည်း များတတ်၏။ နှလုံးကောက်ကျစ် သုံးတောင်ဝတ် မိန်းမညစ်တို့ စွပ်စွဲသဖြင့် လူ့ပြည်မှာ မဖွယ်မရာဘဲ အရှက်တကွဲ အကျိုးနည်း ဖြစ်တတ်၏။ ရွှေ, ငွေရတနာ လယ်ယာကျေးကျွန်တို့ ကုန်ခန်းပျက်စီးခြင်းသို့ ရောက်တတ်, ခံရတတ်၏ဟု ဆိုလိုသည်။

## ရာဟုချင်း အစီးအနင်းဟော တေးထပ်

(၈) အသူရိန်မိုးနတ်တို့ စိုးမှတ်တဲ့ဗိမာန် ခိုးလျှပ်ချဲ့ထပ်ပြန်လျှင် လူ့ရပ်ဌာန် ပူရေး၊ သိကြားမှ မတားသာတယ် ဘုရားလျှာတိမ်းရှောင်ရသေး၊ သခွတ်ပွင့် သူ့အခါ မတုသာဘက်ဝေး၊ တစ်လူ့ရွာခက်ရေးမို့ ပျက်ဆွေးဖို့ ခုကြုံ၊ ဆုံးတကာ လွန်စွာဆုံး ကွန်ချာရုံးဖုံးအုပ်လို့ခြုံ၊ သူရိန်နတ် သူထိုးပုံကို လူမျိုးစုံကုန်သိငှဲ့ ဂုဏ်ရှိတဲ့ ပါပဂြိုဟ် စီးခိုက်မို့ကို၊ ကြမ္မာစ အဟောင်းဆိုမယ် မကောင်းကို ကုန်ဟောပါတော့လေး။

ဆိုသောတေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ မူလ–ရာဟုဂြိုဟ်တည်ရှိရာ ဝေါဇာရာဟုဂြိုဟ် စီးနင်းသော ဇာတာရှင်တို့မှာ လူ့ရပ်ဌာနီဝယ် တစ်နာရီမလပ် ဥပဒ်ရောဂါ အဖြာဖြာတို့ ကျင်နာနှိပ်စက်ခြင်း များစွာခံရတတ်၏။ ဥစ္စာစီးပွား ရတနာရွှေ, ငွေ, ချွေ, ရွှေ, သင်းပင်း, ဆင်, မြင်း, ကျွဲ, နွားတို့မှစ၍ အရောင်းအဝယ်များလည်း ပျက်စီးတတ်၏။ နောက်နောင်ဖြစ်ပျက်ခဲ့ဖူးသော မင်းမှု၊ စိုးမှု၊ အမှုအခင်း အဟောင်းများနှင့် ရှေးက ပြခဲ့ဖူးသော အကုသိုလ် ကြမ္မာဟောင်းများလည်း ပေါ်ပေါက်လာတတ်၏ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂ - ရာသီဂြိုဟ်နေတေးထပ်

(၉)ဂြိုဟ်ရှစ်စုံပျော်သမျှ ဖော်ပြမည်မှန်စွာ သော်ကြွသည့် စန္ဒာမှာ နှစ်အသီနေ့တစ်မွန်း ဆင်, ပူးနှင့် သုပဏ္ဏာတမာသာ မြဲစေ့မယွန်း ရွေ့ခြသော့ကေသရာ နှစ်မာသာမစွန်း လသုံးဆယ် ထိန်ထိန်ထွန်း ရှိန်ရှိန်ဝင်းသောရီ ဂုရုဂြိုဟ် တစ်နှစ်ဆင်း ရာဟုမင်း ဆယ့်ရှစ်လမိုးခေါ်ကြတဲ့လရာသီမှာ ခါအညီစံကြမှ မှန်နိစ္စ ရှေ့နောက်ခွင် လွဲခဲ့ပေလျှင် နိယတနှင့် သီဟစင် ဗျဂ္ဃပင် ကျင့်ဦးပလေး။

ဆိုသော တေးထပ်၌ တနင်္ဂနွေစသော ဂြိုဟ်ရှစ်လုံးတို့တွင် တနင်္လာဂြိုဟ်သည် တစ်ရာသီ, တစ်ရာသီတို့၌ နှစ်အသီနှင့် တစ်မွန်းတည့်နေ၍ ပြောင်း၏။ နှစ်ရက်နှင့် တစ်မွန်းတည့် ဆိုလိုသည်။ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေဂြိုဟ် သုံးလုံးတို့သည် တစ်ရာသီ, တစ်ရာသီ၌ တစ်လစီနေ၍ ပြောင်း၏။ အင်္ဂါဂြိုဟ်သည် နှစ်လနေ၍ ပြောင်း၏။ စနေဂြိုဟ်လည် လပေါင်းသုံးဆယ့် နှစ်နှစ်နှင့်ခြောက်လနေ၍ ပြောင်း၏။ ကြာသပတေးဂြိုဟ်သည် တစ်နှစ်နေ၍ ပြောင်း၏။ ရာဟုဂြိုလ်သည် တစ်ရာသီ, တစ်ရာသီ၌ ၁၈လ၊ တစ်နှစ်နှင့်ခြောက်လနေ၍ ပြောင်း၏ ဤကား ဂြိုဟ်တို့အမှန်သွားသည်ကို ဆိုလိုသည်။ တနင်္ဂနွေစသော ဂြိုဟ်ရှစ်လုံးတို့တွင် တနင်္ဂနွေ–တနင်္လာဂြိုဟ်နှစ်လုံးတို့သည် နိယတုံ သီဟစာ–ဗျဂ္ဃစာမကျင့်၊ အင်္ဂါ–ဗုဒ္ဓဟူး၊ ကြာသပတေး–သောကြာ–စနေ–ဟူသော ပဉ္စတာရဂြိုဟ်ငါးလုံးတို့သာလျှင် နိယတုံ–သီဟစာ–ဗျဂ္ဃစာကျင့်၏။ ဤဆိုအပ်ပြီးသောအတိုင်း မနေ မပြောင်းဘဲ ရှေ့နောက် အသွားအလာ လွဲခဲ့လျှင် နိယတုံ–

www.burmeseclassic.com

www.burmeseclassic.com



သီဟာစာ–ဗျဂ္ဃစာ ကျင့်သည်ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ နိယတဲ့မှာ ပြောင်းချိန်သို့ ရောက်လျက် မပြောင်းဘဲ မြဲနေသည်ကို ဆိုသည်။ သီဟာစာမှာ နေ့ရက်မစေ့ဘဲ ပြောင်းသွားသည်ကို ဆိုသည်။ ၎င်းသွားခြင်းမှာ ခြင်္သေ့တို့၏ သွားခြင်းဖြင့် ရှေ့သို့မတက်ဘဲ နောက်သို့ဆုတ်ခြင်းဖြင့် ဆုတ်၍ ပြန်သွားခြင်းကိုလည်းကောင်း၊ တစ်ဖန်တက်၍ သွားခြင်းကိုလည်း ကောင်း ဆိုလိုသည်။ ဗျဂ္ဃစာရမှာ ကျားတို့သည် မိမိတို့ သားအမဲ စားသောအခါ၌ ရှေ့သို့တက်ခြင်း၊ တစ်ဖန်ဆုတ်၍ ရှေ့သို့တက် ခြင်း ပမာတူသဖြင့် နေ့ရက်မစေ့ဘဲ ရှေ့သို့တက်၍ တစ်ဖန် နောက်သို့ဆုတ်၍ ရှေ့သို့တက်ခြင်းကို ဗျဂ္ဃစရိယ–ဗျဂ္ဃစာကျင့် သည်ဟု ဆိုလိုသည်။

## အဓိယောဂယုဂ်–ဥပစ္စည်းယုဂ်ဟော တေးထပ်

(၁၀) စန်းငွေယုန်တည်ရပ်က လည်ပတ်လို့ထောက်ပါ ရည် ခြောက်–သတ်–အဌမြောက်ရာ ကြွက်, သောကြာ ဆင်မင်း၊ မိယောဂ ရွှေယုဂ်ကြန်မှာ ဟုတ်မှန်စွာ ဟောဆိုလို့လင်း၊ လဂ်အိမ် မှ သုံး, ခြောက်, ဆယ်, ဘုန်းထောက်ဖွယ်မယွင်း၊ နောက်တစ်ဖန် ဇက်ဇော်သွင်းရင်လ ဖြစ်လေရင်းရပ်ခွင်၊ သောမဆို ရွှေဂြိုဟ်မြတ် ပါပဲ နေခိုကပ်စံပယ်လာလျှင် ဥပစ္စည်းယုဂ်မည်ပင် ထုတ်ထွင်ကာ ဖော်ပြလို့ နှစ်ဖော်ပမည်မှန် မင်းဖြစ်ဇောန်၊ မိန်းမမို့ ဖြစ်ပြန်လျှင် ရွှေဘုံစံ–ညာနန်းကွဲ့လေး။

ဆိုသော တေးထပ်၌ မိမိတို့ မူလဇာတာဝယ် စန်းတည်သော ရာသီမှထောက်၍ ခြောက်တန့်၊ ခုနစ်တန့်၊ ရှစ်တန့် ဤသုံးရာသီ တို့၌ ကြာသပတေး၊ သောကြာ၊ ဗုဒ္ဓဟူးဂြိုဟ်သုံးလုံးတို့သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာသီတည်း၌လည်းကောင်း တစ်တန့်စီ ဖြန့်၍လည်းကောင်း တည်ရှိမူ အဓိယောဂယုဂ် မည်၏။ ကေစိဆရာတို့ကား ဤဆိုခဲ့ပြီးသော သုံးရာသီ၌ ဂြိုဟ်တို့ သုံးလုံးအစုံအနှံ့တည်ရှိမှသာ အဓိယောဂယုဂ်ဟု ဆိုကြကုန်၏။ ထိုစကားမသင့်ဟု မှတ်လေ။ ထိုအဓိယောဂယုဂ်၌ မွေးဖွားသော သူတို့ကား ဆိုဂြိုဟ်တို့အားကြီးမှု ပြည့်ရှင်မင်း အားအလတ်ရှိမူ မင်းတိုင်ပင်အမတ်ကြီး အားနည်းမူ စစ်သူကြီး ဤသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြစ်တတ်၏။ ဤဆိုခဲ့ပြီးသော ၆ တန့်၊ ၇ တန့်၊ ၈ တန့် ရာသီတို့၌ သောမဂြိုဟ်တို့ တည်ရှိမူ ဆိုခဲ့ပြီးသောအတိုင်း ကောင်းကျိုး။ ပါပဂြိုဟ်တို့တည်း တည်ရှိမူ မကောင်းကျိုး။ သောမ, ပါပရောနှော၍ တည်မူကောင်းမကောင်း ရောနှောသော အကျိုးကိုပေးတတ်၏။ လဂ်တည်သော ရာသီမှ ထောက်၍၊ ၃ တန့်၊ ၆ တန့်၊ ၁၀ တန့်၊ ၁၁ တန့်။ ဤ ဥပစ္စည်း လေးရာသီတို့၌ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ဤသောမဂြိုဟ် လေးလုံးတို့တွင် တစ်လုံးလုံးတည်ရှိမူ (ဥပစ္စည်းယုဂ်)မည်၏။ ၎င်းဥပစ္စည်းယုဂ်၌ ဖွားသောသူကား အလွန်ဥစ္စာရတတ်အံ့။ သောမဂြိုဟ် နှစ်လုံးရှိမူ ဥစ္စာအလတ်ပြည့်စုံအံ့။ သောမဂြိုဟ် တစ်လုံးမျှမရှိမူ ဥစ္စာမကြွယ်ဝနိုင် စားသောက်ရရုံမျှသာ ဖြစ်၏။ ဥစ္စာအနည်းအများကိုကား ဤပစ္စည်းယုဂ်၌ ဂြိုဟ်တို့၏ အားရှိမရှိကို လိုက်၍ ဟောရမည်။ ဤ ဥပစ္စည်းယုဂ်ရသောသူသည် ကေမဒ္ဒုမ အစရှိသော မကောင်းသောယုဂ်တို့နှင့် ကြုံကြိုက်သော်လည်း ထိုယုဂ်တို့ မကောင်းသောပြစ်တို့ကိုပယ်ရှား၍ မိမိကောင်းကျိုးကိုသာ ပေး၏။ ထိုဥပစ္စည်းအိမ်၌ ပါပဂြိုဟ်ပင်ရှိသော်လည်း ထိုပါပဂြိုဟ်သည် မကောင်းကျိုးကို

www.burmeseclassic.com

www.burmeseclassic.com



မပေးဘဲ ရန်သူ၏ ပျက်စီးခြင်းဟူသော ကောင်းကျိုးကိုသာ ပေး၏ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ လဆန်း ၉ ရက်မှစ၍ လပြည့်ကျော် ၈ ရက်နေ့တိုင်အောင်သော စန်းသည်လည်းကောင်း၊ ပါပဂြိုဟ်နှင့် မယှဉ်သော ဗုဒ္ဓဟူးဂြိုဟ်သည်လည်းကောင်း၊ ကြာသပတေး၊ သောကြာဂြိုဟ်သည်လည်းကောင်း၊ သောမဂြိုလ်မည်၏။ လပြည့်ကျော် ၉ ရက်နေ့မှစ၍ လဆန်း ၈ ရက်နေ့တိုင်အောင်သော စန်းသည် ဟီနစန်းမည်၏။ ခိဏစန်းဟူ၍လည်းဆို၏။ ထိုဟီနစန်းသည်လည်းကောင်း၊ ပါပဂြိုဟ်နှင့်ယှဉ်သော ဗုဒ္ဓဟူးသည်လည်းကောင်း၊ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုဂြိုဟ် လေးလုံးတို့သည်လည်းကောင်း၊ ပါပဂြိုဟ်မည်၏။ ဆိုခဲ့ပြီးသော ဥပစ္စည်းအိမ်၌ သောမဂြိုဟ်တို့ တည်ရှိမှသာ အစင်အကြယ် ဥစ္စာပစ္စည်းတို့ကို ပေးနိုင်၏။ ပါပဂြိုဟ်တို့ကား အစင်အကြယ် ဥစ္စာပစ္စည်းတို့ကို မပေးနိုင်ချေ။ အဓိယောဂယှဉ် ဥပစ္စည်းယှဉ် နှစ်ပါးစုံတို့နှင့် မွေးဖွားသောသူတို့ကား မင်းဇကန်ဖြစ်ရ၏။ မိန်းမများမှာ မိဖုရားဧကန်ဖြစ်ရမည်ဟု အမျိုးအလိုက် ဟောဆိုလေ။

## သူဌေးမင်းဖြစ်ဟော တေးထပ်

(၁၁) ဂေါဇမှာ နှောခ်နေ့ နှောခ်၍ဖြစ်ချေ ဟောရန်ဖေ့ ဧက္ကေခေတ်ကြေအောင် ကျော်သဲ၊ တြမှာ–စနကြွယ် မြန်မာ့နယ် ငြိမ်းလိမ့်ပျော်ပွဲ၊ ကျန်ငါးတန် လုံ့–ဓားရုံ၊ စံစားရန်ပေါ်ကဲ၊ ကံအားသန်တော်ဆဲမို့ စော်ကဲဖို့ ကိန်းနှယ်။ သုညာမှာ ဆုံလာငြား မင်းသားဖြင့် မင်းဖြစ်ရမယ် ဆင်းရဲသားတစ်သွယ်မှာ အန္တယ်ပါကျော်ဟိုးဇို့ တန်ခိုးဖြင့် ကြီးကျယ်ဂုဏ် မျိုးဆွေ့လုံးစုံ ဖွားနေ့ကစ၍ ကြံလျှင်

www.burmeseclassic.com

www.burmeseclassic.com



ခနကုံလုံကြွယ်အုံးမယ်ကွဲ့လေး။

ဆိုသော တေးထပ်၌ မိမိတို့၏ မူလသက္ကရာဇ်ကိုတည် မိမိတို့၏ မွေးနေ့နှင့်ရော ၉-ခုစား တစ်ခုကြွင်းမူ ပြန့်မွေးသော ဂုဏ်ဒြပ်နှင့် ဇမ္ဗူမှာ ကျော်စော ထင်ရှားစွာ ဖြစ်တတ်၏။ သုံးခုကြွင်းမူ ခနကြေးငွေ, ဆန်ရေစပါး လွန်တိုးပွားသဖြင့် စိတ်အာရုံရှိသမျှ ခံစားရတတ်၏။ သုညကြွင်းမူ မင်းမျိုး, မင်းသားဖြစ်က မင်းဖြစ်ရတတ်၏။ မိမိတို့မွေးနံနေ့ကြွင်းမူ ဥစ္စာခနပြည့်ဝစုံလင်၍ ဂုဏ်အင်ကြီးမား သမီးသားစသော အခြွေအရံတို့နှင့် ပြည့်စုံတတ်၏ ဆိုခဲ့ပြီးသော တစ်ခု၊ သုံးခု၊ သုည၊ နေ့နံ ဤလေးပါးတို့မှ တစ်ပါးအကြွင်းငါးခုသည် ကျန်ငါးတန်မည်၏။ ထိုကြွင်းသော ငါးပါးတို့တွင် တစ်ပါးပါးကြွင်းမူ မရွယ်ဘဲနှင့် စော်ကဲမင်းဖြစ်ဟူသည်နှင့် အညီ ရှေးဘဝကုသိုလ်ကံ အင်မတန် အားကြီးသဖြင့် တားဆီးမရနိုင်အောင် ဗလဝအကျိုး အမျိုးမျိုး ပေးလတ္တံ့သောကံပါငြားသော်လည်း အလျှင်အမြန် မပေးဘဲ တဖြည်းဖြည်းအသက်အရွယ်ကြီးမှ ဗလဝအကျိုးပေးသော ရှေးကုသိုလ်ကံ ပါရှိပါသည်ဟု ဆိုလိုသည်။

## မျောက်မထားဟော တေးထပ်

(၁၂) ဆယ့်နှစ်ခွင် မူလမှာ ယှန်စန္ဒ အသူရာ ဂြိုဟ်သောမနာဂါဝယ် တူမကွာ နေငြား မေထုန စွမ်းအန်ကို ကြိမ်ဖန်ဖန် များလိမ့်မမှား ပူနတ်နှင့် နာဂိန်မှာ တည်မငြိမ်ဖောက်ပြား တဏှာရှိန် တောက်ပွားလို့ မျောက်မှားအောင်ပြုဖွယ် လဂ်ကိုပင် ယှဉ်ဆုံပူးရင်လ ဆင်မုန်ရူးမ, ခင်သည့်နှယ် သမသတ် ဘွေလယ်မှာ တစ်ထွေဝယ်မှာရိုးမို့ စာထိုးလို့မဆိုသာ လင်း သိသင့်ပါ ခြောစမှတ် ဂြိုဟ်ယှဉ်သာကို စဉ်အလာ မှတ်စမ်းပါတော့လေး။

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော တေးထပ်၌ မိန်းမတို့၏ မူလဇာတာ၌ မိဿ၊ ပြိဿစသော ၁၂ ရာသီတို့တွင် တစ်ခုခုသောရာသီ၌ တနင်္လာ ရာဟု အင်္ဂါ စနေဂြိုဟ်လေးလုံးတို့ အတူတကွ တည်ရှိသော ဇာတာရှင်သည် ကာမဂုဏ်ကို ကြိမ်ဖန်များစွာ ခံစားလိုတတ်၏။ သောကြာ စနေဂြိုဟ်နှစ်လုံးတို့ ပူးယှဉ်မူ တစ်ပါးသော ယောကျ်ား များနှင့် ကာမဂုဏ် မြူးတူးပျော်ပါး လိုတတ်၏။ တစ်ခုခုသော ရာသီ၌ လဂ်နှင့်အတူ သောကြာ စနေပူးသော် ၎င်း လဂ်၏ သမသတ် ၇ တန့် ပထနီ အိမ်၌ သောကြာ၊ စနေ ပူးသော်လည်း ကောင်း အမုန်ယစ်သော ဆင်ပြောင်ကြီးကဲ့သို့ ကာမဂုဏ်ကို လွန် လွန်ကြူးကြူး ခံစားလိုတတ်၏ဟု ဆိုလိုသည်။ ယောကျ်ားများ လည်း နည်းတူ။

## တစ်ခုလပ်ဟော တေးထပ်

(၁၃) ပင်လက်ပံ ပိုင်သ ပြည်ဘောဂ စိုးခြံ ယှဉ်ပြိုင်ပခိုလုံ လျှင် လင်သေပုံ သူများ ရွှေသီဟ–ဆဒ္ဒန်မှာ တစ်လင်သာ မြဲတဲ့ ညာဖွား ကျားခြသေ့ တူစံလျှင် အာရုံခံသူများ မြင်သမျှ ယောကျ်ား ထပ်ပွားတဲ့ စေတနာ သွင်ချိုမူ ရူပနှင့် ပုရိသဖမ်းတတ် တဲ့ကညာ ငွေယုန်လသော်တာငယ် ပြည်ဘော် ဂါယှဉ်တွဲက မမြဲ တဲ့ သူ့ချစ်လင် ထုံးကေကြော့ရှင် ခက်ရချည့် ငွေသဇင်ငယ် လင် သေပင် များတဲ့ခင်လေး။

ဟု ဆိုသောတေးထပ်၌ မိန်းမတို့၏ မူလဇာတာ၌ ၁၂ ရာသီ တို့တွင် တစ်ခုခုသောရာသီ၌ တနင်္ဂနွေ၊ စနေ၊ ဂြိုဟ်နှစ်လုံးတို့ ပူးမူ ထိုမိန်းမကား လင်သေတတ်၏။ အင်္ဂါ၊ ဗုဒ္ဓဟူးပူးမူ ခင်ပွန်း ယောကျ်ား တစ်ယောက်နှင့်မြဲတတ်၏။ တနင်္လာ အင်္ဂါဂြိုဟ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးပူးမှု မြင်မြင်ရာရာ ယောက်ျားဟူသမျှတို့ကို ကြိုက်နှစ်သက်တတ်၏။ တနင်္လာ၊ စနေဂြိုဟ်နှစ်လုံးပူးမှု လင်ယောက်ျား အတည်တကျမရှိ လင်သေများတတ်၏ဟု ဆိုလိုသည်။

## မုဆိုးမဟော တေးထပ်

(၁၄) လဂ်ကတဲ့ စ,ရေ။ ခုနစ်ထွေဇာကြွ။ စန္ဒရ ငွေယုန် နှင်းခတဲ့သိန်ဘုံမှာ ဟိုင်း ဂမ္ဘုန်ယှဉ်ပူး။ ထက်သူဇာ့မိုးကကြွေ ကြမ္မာလေ ဖန်ချက်ကထူး။ လင်မရဇာတာ ပေကညာမေကြော့မှူး ခုနစ်တန်ဘုံဦးမှာ ရန်ညွှန့်ခူးကေသရိန် အသရေ လျှံဝါပ စံမမျှ မြူးတဲ့ရွှေသိန်။ ခုလောက စည်းစိမ်မှာ သရေသိမ်ငယ်လှလို့၊ မုဆိုးမဖြစ်မည်မှန် ဟောတော့ဧကန်။ မြတ်ဣသိ ရသေ့ဖန်တယ် ဗေဒင်ဉာဏ် ရွှေကျမ်းကွဲ့လေး။

ဆိုသော တေးထပ် အဓိပ္ပာယ်ကား မိန်းမတို့ ဇာတာ၌ လဂ်မှ ထောက်၍ ခုနှစ်တန့်မြောက် ပထနီ, ရာသီအိမ်တွင် တနင်္ဂနွေ၊ တနင်္လာ၊ ရာဟုဂြိုဟ် သုံးလုံးတို့ပူးမှု မိုးပေါ်မှ ကြွေကျသဖြင့် အဆင်းအင်္ဂါနှင့် ပြည့်စုံလှသော နတ်သမီးပမာ ပျိုကညာပင်ဖြစ်သော်လည်း ဤဘ၀တွင် လင်မရဘဲ အပျိုကြီး ဖြစ်တတ်၏။ လဂ်မှထောက်၍ ခုနစ်တန့်မြောက် ပထနီအိမ်တွင် အင်္ဂါဂြိုဟ် တည်ရှိမူ၊ လူ့လောကီစည်းစိမ်တွင် ပျော်ပျော်ရွှင်ရွှင်မရှိဘဲ အသရေငယ်၍ မုဆိုးမဖြစ်တတ်၏ဟု ဆိုလိုသည်။ ယောက်ျားများလည်း နည်းတူ။

**မှတ်ချက်။** ။ တနင်္လာ၊ ရာဟု၊ တနင်္ဂနွေဂြိုဟ် သုံးလုံးတို့ ပူးခြင်းကား အလွန်အားဖြင့်ဆိုသည်။ တနင်္လာနှင့် ရာဟုသော်လည်းကောင်း၊ တနင်္လာနှင့် တနင်္ဂနွေသော်လည်းကောင်း ရာဟု

www.burmeseclassic.com

www.burmeseclassic.com



နှင့် တနင်္ဂနွေသော်လည်းကောင်း တည်ရှိမူလည်း လင်မရတတ်။ အပျိုကြီးဖြစ်တတ်၏ဟုဟော။ နောက်တေးထပ်များ၌ ဤကဲ့သို့ ဖြိုဟ်ပူးပါလျှင် ယခုနည်းအတိုင်း မူလမူလီလှည့်၍ဟောလေ။

## ခရီးသွား ယာယီဟော တေးထပ်

(၁၅) သက်ခန္ဓာအာယု စတုနှင့်ဖြတ်လေ။ အင်္ဂါနှင့်ပါရပွေ ကြွင်းဇက္ကေသေသ။ ဒက္ခိနှင့်ဥတ္တရာ၊ စန္ဒရာကိန်းနှင့်အမျှ။ နရတိ ဧသန် ဂဏန်းကျန်ရာမ။ ပင်ကုဏ္ဍို ထိမ်သုညကိန်းအရဋ္ဌာနေ။ အက္ခရာသာစခန်း ယတြာလမ်း ဖွင့်ပြခဲ့ပေ။ သောင်းလောက ဇမ္ဗူ မြေမှာ ကိန်းအခြေ ခေါင်ညွှန့်မို့ နောင်အစွန့် ကမ္ဘဋ္ဌာယီ ထွန်းလိမ့် အရှည်။ သပြေညွှန့်တစ်ပြေပြည်မှာ ကဝေထေရ် ဂုဏ်ကြီးမို့လေး။

ဆိုသော တေးထပ်၌ ခရီးသွားလိုသောသူ ယတြာပြုလိုသော သူတို့၏ အသက်ကိုတည် ၄ ခုနှင့်စား တစ်ခုကြွင်းလျှင် အင်္ဂါခေါ် အဂ္ဂိထောင့်အရပ် ပါရပ်ခေါ် ရာဟုထောင့်အရပ်သို့ ခရီးသွားလေ။ နှစ်ခုကြွင်းလျှင် တောင်အရပ်၊ မြောက်အရပ်သို့သွား သုံးခုကြွင်းလျှင် နရတိခေါ် စနေ၊ အနောက်တောင်အရပ် ဧသန်ခေါ် တနင်္ဂနွေ အရှေ့မြောက်အရပ်သို့သွား သုညကြွင်းလျှင် အရှေ့အရပ် အနောက် အရပ်တို့ကို သွားလေ။ ဆိုခဲ့ပြီးအတိုင်း ခရီးသွားခြင်း ယတြာပြု ခြင်းအမှုတို့ကို ပြုလုပ်ခဲ့လျှင် အလိုရှိတိုင်း အကျိုးတို့ ပြည့်စုံတတ် ၏ဟု ဆိုလိုသည်။

## အာယုစန်းပါဒ်ခိုက်ဟော တေးထပ်

(၁၆) တေဇောအိမ် အစပါဒ် အာပေါဓာတ် နဝမံ ယင်း ခြောက်ခု မြွေပွေးမှန် သေဘေးဒဏ်ကြုံရ။ မီးဓာတ်ဆုံး သုံးဌာန ရေရာသီ သုံးပါဒ်အစ။ မိတ္တုပြဟု ဝေဖန်ဖြာ ဇကန်သာယူကြ

www.burmeseclassic.com

www.burmeseclassic.com



သွေလှန်ကာ မူမခွစေနှင့် ဘူဇဂ ဝိသံကြွင်းရာသီခြောက်ခု ထောက်ရှု၍ ဆုံးမယူရန်။ ဆ၊ အဌ၊ ဗျာယခံလျှင် ဒါနကံ ညီမျှလို့ သီလကို မြဲစေကွယ် ကွဲကြေတတ်တယ်။ မူပွေတဲ့ လူ့ပြည်နယ်မှာ စုတေဖွယ် သည်ကိန်းပလေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် မိဿရာသီက စ၍ အဂ္ဂေါ၊ ဂဗ္ဘော၊ စရေ၊ ဝံသေဟူ၍ မိန်ရာသီတို့တိုင်အောင် လက်ဝဲရစ် ရေလေ။ မိဿ၊ သိဟ်၊ ဓနု၊ ဤသုံးရာသီကား အဂ္ဂေါ မီးဓာတ်ဖြစ်၍ တေဇောအိမ်မည်၏။ မကာရ၊ ပြိဿ၊ ကန်၊ ဤသုံးရာသီကား ဂဗ္ဘောမြေဓာတ်ဖြစ်၍ ပထဝီအိမ်မည်၏။ တူ၊ ကုမ်၊ မေထုန်၊ ဤသုံးရာသီကား စရေ လေဓာတ်ဖြစ်၍ ဝါယောအိမ်မည်၏။ ကြဋ်၊ ပြိဿာ၊ မိန်၊ ဤသုံးရာသီကား ဝံသေရေဓာတ်ဖြစ်၍။ အာပေါဓာတ်အိမ်မည်၏။ ဤသို့ ကမ္ဘာဓာတ်အိမ်ကို ရှေးဦးစွာ တွက်လေ။

ထိုဆိုခဲ့ပြီးသော တေဇောသုံးအိမ်တွင် မိဿရာသီအစဖြစ်သော အဿဝဏီနက္ခတ် ပဌမပါဒ် သိဟ်ရာသီအစဖြစ်သော မာဃနက္ခတ် ပဌမပါဒ် ဓနုရာသီအစဖြစ်သောမူလနက္ခတ် ပဌမပါဒ် အာပေါသုံးအိမ်တွင် ကြဋ်ရာသီ အဆုံးဖြစ်သော အဿလိဿနက္ခတ် စတုတ္ထပါဒ် ပြိဿာရာသီအဆုံးဖြစ်သော ဇေဋ္ဌနက္ခတ် စတုတ္ထပါဒ်၊ မိန်ရာသီအဆုံးဖြစ်သော ရေဝတီ နက္ခတ် စတုတ္ထပါဒ် ဤ–အစသုံးပါဒ် အဆုံးသုံးပါဒ်ဟု ဆိုအပ်သော ပါဒ်ပေါင်း ၆ ခုသည်၊ မြွေပွေးအဆိပ်နှင့် တူသောကြောင့် (မြွေပွေးတု)ပါဒ်ခိုက်ဟု ဆို၏။ “ပါဒ်ပါဒ် ၆ ခု၊ မြွေပွေးတု” ဟူ၍လည်း ဆိုကြ၏။ တေဇောသုံးအိမ်တွင် မိဿ, ရာသီ အဆုံးဖြစ်သော ဘရဏီနက္ခတ် တတိယပါဒ်၊ စတုတ္ထပါဒ်၊ ကြတ္တိကာနက္ခတ် ပထမပါဒ်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သုံးပါဒ် သိဟ်ရာသီ အဆုံးဖြစ်သော ပြုဗ္ဗ ဘရဂုဏ္ဏီ နက္ခတ် တတိယပါဒ် စတုတ္ထပါဒ် ဥတ္တရာဘရဂုဏ္ဏီ နက္ခတ် ပထမပါဒ် အားဖြင့် သုံးပါဒ် ဓနုရာသီ အဆုံးဖြစ်သော ပြုဗ္ဗာသဠ်နက္ခတ် တတိယပါဒ်၊ စတုတ္ထပါဒ် ဥတ္တရာသဠ်နက္ခတ် ပထမပါဒ်အားဖြင့် သုံးပါဒ် အာပေါဓာတ်သုံး အိမ်တွင် ကြဋ်ရာသီ အစဖြစ်သော ပုဏ္ဏဖုသျှနက္ခတ် စတုတ္ထပါဒ် ဖုသျှနက္ခတ်ပထမပါဒ် ဒုတိယပါဒ် အားဖြင့် သုံးပါဒ် ဗြိစ္ဆာရာသီ အစဖြစ်သော ဝိသာခါနက္ခတ် စတုတ္ထပါဒ် အနုရာဓနက္ခတ် ပထမပါဒ် ဒုတိယပါဒ်အားဖြင့် သုံးပါဒ် မိန်ရာသီအစဖြစ်သော ပြုဗ္ဗာပုရပိုဒ် နက္ခတ် စတုတ္ထပါဒ် ဥတ္တရာပရပိုဒ် နက္ခတ် ပထမပါဒ် ဒုတိယပါဒ်အားဖြင့် သုံးပါဒ် ဤသို့အားဖြင့် အစကိုးပါဒ် အဆုံးကိုးပါဒ်ဟု ဆိုအပ်သော ပါဒ် ပေါင်း ၁၈ ပါဒ်သည် လတ်တလော သေစေတတ်သော နတ်နှင့် တူသောကြောင့် မိတ္တုနတ် ပါဒ်ခိုက်ဟု ဆို၏။ ၁၈ ရပ် မိတ္တု နတ်ဟူ၍လည်း ဆိုကြ၏။ ပြိဿရာသီ အစဖြစ်သော ကြတ္တိကာ နက္ခတ် ဒုတိယပါဒ်အဆုံးဖြစ်သော မိဂသီနက္ခတ် ဒုတိယပါဒ် အားဖြင့် ၂ ပါဒ် မေထုန်ရာသီ အစဖြစ်သော မိဂသီနက္ခတ် တတိယ ပါဒ် အဆုံးဖြစ်သော ပုဏ္ဏဖုသျှနက္ခတ် တတိယပါဒ်အားဖြင့် ၂ ပါဒ် ကန်ရာသီအစဖြစ်သော ဥတ္တရဂုဏ္ဏီနက္ခတ် ဒုတိယပါဒ် အဆုံး ဖြစ်သော စိတြနက္ခတ် ဒုတိယပါဒ်အားဖြင့် ၂ ပါဒ် တူရာသီ အစဖြစ်သော စိတြနက္ခတ် တတိယပါဒ်အဆုံးဖြစ်သော ဝိသာခါ နက္ခတ် တတိယပါဒ်အားဖြင့် ၂ ပါဒ် မကာရရာသီအစဖြစ်သော ဥတ္တရာသဠ်နက္ခတ် ဒုတိယပါဒ် အဆုံးဖြစ်သော ဓနသိဒ္ဓနက္ခတ် တတိယပါဒ် အဆုံးဖြစ်သော ပြုဗ္ဗာပရပိုဒ်နက္ခတ် တတိယပါဒ်

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ၂ ပါဒ် ဤသို့ ပထဝီ ဓာတ်အိမ်နှင့် ဝါယောဓာတ်အိမ်မှာ အစခြောက်ပါဒ် အဆုံးခြောက်ပါဒ်ဟု ဆိုအပ်သော ပါဒ်ပေါင်း ၁၂ ခုသည် နဂါးအဆိပ်နှင့် တူသောကြောင့် နဂါးတု ပါဒ်ခိုက်ဟု ဆို၏။ ၁၂ ခု နဂါးတု ဟူ၍ လည်းဆိုကြ၏။ အာယုစန်းနက္ခတ်သည် ဤဆိုအပ်သော မြွေပွေးတု ပါဒ်ခိုက်တို့နှင့်လည်းကောင်း မိတ္တုနက္ခတ်ပါဒ်ခိုက်တို့နှင့်လည်းကောင်း နဂါးတုပါဒ်ခိုက်တို့နှင့် လည်းကောင်း ကြုံစေ။ ၎င်းအာယုစန်း နက္ခတ်သည် လဂ်မှထောက်၍ ၆ တန့်၊ ၈တန့်၊ ၁၂ တန့်ဟူသော အာရီမရဏဗျာယ အိမ်တို့တွင် တစ်ခုခုသို့လည်းရောက်စေ ဤသို့ ပြည့်စုံညီညွတ်သော ဇာတာရှင်တို့မှာ လူ့ပြည်တွင် စိတ်ဒုက္ခရောက်၍ သေကျေပျက်စီးလောက်သော ရောဂါ ဥပဒ်များ နှိပ်စက်တတ်သဖြင့် ဒါန, သီလ, ဘာဝနာတို့ကို ကောင်းစွာ ကြိုးစားအားထုတ်ရမည် ထို့ကြောင့် တေးထပ်၌ "ဆ,အဋ္ဌ, ဗျာယခံလျှင် ဒါနကံညီမျှလို့ သီလကို မြဲစေကွယ် ကွဲကြေတတ်တယ်ဟု" စပ်ဆိုလေသည်။

**တစ်နည်း။** ။ တေဇောဓာတ်အိမ်၌ အဆုံးတစ်ပါဒ်စီ သုံးပါဒ် အာပေါဓာတ်အိမ်၌ အစတစ်ပါဒ်စီသုံးပါဒ် ဤပါဒ်စွန်းခြောက်ပါဒ်ကို မြွေပွေးတုဟူ၍လည်းကောင်း ပထဝီဓာတ်အိမ်၌ အစသုံးပါဒ်စီ ၉ ပါဒ် ဝါယောဓာတ်အိမ်၌ အဆုံးသုံးပါဒ်စီ ၉ ပါဒ် ဤအစွန်း ၁၈ ပါဒ်ကို ၁၈ ရပ် မိတ္တုနတ်ဟုလည်းကောင်း ပထဝီဓာတ်အိမ်အဆုံး ၂ ပါဒ်စီ ၆ ပါဒ် ဝါယောအိမ်၌ အစ ၂ပါဒ်စီ ၆ ပါဒ် ဤအစွန်း ၁၂ ပါဒ်ကို နဂါးအဆိပ်နှင့်တူသည် ဟူ၍ လည်းကောင်း တချို့သော ဆရာများက စတုရပါဒ် နက္ခတ်ပါဒ် စွန်းတို့ကို အကြောင်းပြ၍ ယူဆကြကုန်၏ နှစ်သက်ရာယူလေ။

www.burmeseclassic.com

www.burmeseclassic.com



## ဆောင်ပုဒ်တေးထပ်

တေဇောအိမ် အဆုံးပါဒ်အာပေါ်ခေတ် အာဒိကံ ယင်းခြောက်ခု မြွေပွေးမှန် သဘေးဒဏ်ကြုံရ ပထဝီစသုံးထွေ ဝါယောလေ ဆုံးပါဒ်တြ မိတ္တာပုဟု ဝေဖန်ဖြာ ဇကန်သာ ယူကြ သွေလှန်ကာ မူမခွစေနှင့် ဘူဇဂ ဝိသံ ပထဝီ အဆုံးနှစ်ကယ်နှင့် အစဖြစ် ဝါယောနှစ်တန် ဆ,အဋ္ဌ ဗျာယခံလျှင် ဒါနကံညီမျှလို့ သီလကို မြဲစေကွယ် ကွဲ, ကြေတတ်တယ် မူပွေတဲ့လူ့ပြည်နယ်မှာ စုတေဖွယ် သည်ကိန်းပလေးဟု ဦးပုညပါဒ်ခိုက်ဟော တေးထပ်ကို အပြန်အားဖြင့် စပ်ဆိုလေသည်။

## ကိုယ်အင်္ဂါချို့တဲ့သော ဂြိုဟ်နေဟော တေးထပ်

(၁၇) ဇာတာခွင် စက်ကွင်း လဂ်မင်းရှေ့ ရေပါလေးတန့်နှင့် ငါးတန့်မှာ သေချာစွာ မှတ်စွဲ ဂြိုဟ်ရာဟု တိတြာမှာ တူမကွာ ဒွန်ပြုလို့တွဲ သည်နှစ်ခု မြင်လာမူ ဟောရန်သာမလွဲ ကိုယ်ကာယေ လှဘဲနှင့် ကုန်းကွ, လဲပုတို ထိုသူ့မှာ လက်ခြေပြတ်နားမစပ် ပွဲတတ်လှကို တိတြ, ရာဟုဂြိုဟ်မှာ ဘောမဂြိုဟ် ဝင်တွဲလို့ တစ်နည်း ခုမြင်လာပြန် မျက်စိမသန် ကိုယ်ကာ မစွမ်းပြန်သည် သက်မွေးရန် ခက်နိုင်မျှလေး။

ဟု ဆိုသော တေးထပ်၌ မိမိတို့မူလ ဇာတာလဂ်မှ ရှေ့ထောက်၍ လေးတန့်မှာသော်လည်းကောင်း၊ ငါးတန့်မှာသော်လည်းကောင်း၊ ရာဟုနှင့် တနင်္ဂနွေဂြိုဟ်ပူးမူ ထိုဇာတာရှင်တို့မှာ ကိုယ်အင်္ဂါတင့်တယ်ချောမော ပြေပြစ်ခြင်း မရှိတတ်။ ကုန်းကွကွ၊ ပုတိုတို ဖြစ်တတ်၏။ လက်မခြေမလည်း ပြတ်တတ်၏။ နားပါးစပ်တို့ပွဲတတ်၏။ ၎င်းလဂ်မှရှေ့ လေးတန့် ငါးတန့်ရှာသီ

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် တနင်္ဂနွေ၊ ရာဟု၊ အင်္ဂါဂြိုဟ် သုံးလုံးတို့ပူးမူ မျက်စိကြည်လင်စွာမရှိ။ ကိုယ်လက်မစွမ်းမသန် ရှိတတ်၍ လူ့ပြည်မှာ အသက်မွေးရန် ခဲယဉ်းကျပ်တည်းလှ၏ဟု ဆိုလိုသည်။

## သူဆင်းရဲဇာတာဂြိုဟ်နေဟော တေးထပ်

(၁၈) ဖွားဇာတာ မူလ စန္ဒရလဂ်အိမ် ရဝိနှင့်ရေနာဝိန် ကေသရိန်ဂြိုဟ်များ၊ တစ်ခုခု ရစ်ပူးလာလျှင် ညစ်ညူးစွာ ဖြစ်လိမ့်မမှား။ ရောဂါဖိ လန်းမရွှင် ဆင်းရဲအင်ဖြစ်ငြား မိုက်ငြူရူ ဉာဏ်သွားနှင့် ကံတရားစီရင်၊ ချမ်းသာပုံ သူမဖက်နိုင်ဘူ ဇမ္ဗူထက်မွဲခေါင်ထိပင်၊ ဖြစ်လေသည့်ကြောင်းအင်ကို ထက်ကောင်းကင်ချာန်မြူးလို့ ဉာဏ်ထူးတဲ့ရသေ့ကျော် ခွန်း ရွှေမိန့်ဖော်၊ ရာဇမတ္တဏ်ကျမ်းတော်မှာ တစ်ခွန်းနော် တွက်ချေငဲ့လေး။

ဆိုသော တေးထပ်၌ မိမိတို့ မူလဇာတာခွင် တစ်ခုခုသော ရာသီ၌ စန်းလဂ်တို့သည် ပူးလျက်ရှိ၏။ ထိုစန်းလဂ် ပူးသော ရာသီ၌ တနင်္ဂနွေ၊ အင်္ဂါ၊ စနေဂြိုဟ် သုံးလုံးတွင် တစ်လုံးလုံးပူးမူ ထိုဇာတာရှင်မှာ ကြွယ်ဝချမ်းသာအောင် လုံ့လ ဝီရိယနှင့် ဥစ္စာ စီးပွားရှာကြံပါငြားသော်လည်း မကြွယ်ဝ မချမ်းသာနိုင် ဆင်းရဲခြင်းပင် ဖြစ်တတ်၏။ ပုဗ္ဗေစ၊ ကတ၊ ပုညတာ၊ ရှေးကံနည်းခဲ့၏။ အနာရောဂါတို့လည်း နှိပ်စက်ညှဥ်းပန်းတတ်၏။ မည်သည့်အခါမှ စိတ်ရွှင်လန်းခြင်း မရှိတတ်ဟူ လိုသည်။

(လဂ်အိမ်ရှင်ဂြိုဟ်၊ တနင်္လာဂြိုဟ်ဖြစ်၍ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ တစ်လုံးလုံးပူးမူ ဟု ယူဆသင့်မည်ထင်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## မည်သည့်အရာနှင့် သေကျေပျက်စီးတတ်သောအကြောင်း ဟော တေးထပ်

(၁၉) ရွှေလက်က ရေထောက်ခြောက်၊ ရှစ်ကွက်၊ ဆယ့်နှစ်ခို ရောင်လင်းတဲ့ရဝိဂြိုဟ် ယှဉ်းနဂိုရ်မြင်ငြား၊ ထိုလဇာတာရှင် နှောင့်ယှက်ပင် သေကိန်းနှင့်ညား။ စန္ဒရ တနင်္လာ ရေမှာသာအလား အင်္ဂါရန် လုံ၊ ဓား၊ ပ ထိပါးက အကုန်၊ ဂြိုဟ်ဗုဒ္ဓါဂြိုဟ်ဂုရု စိုးမာန်ပြု ငှက်နှင့်သာကြုံ၊ သောကြာရပ် မေထုန်မှာ အလုံးစုံပျက် ကိန်းပ မယိမ်းဘုသောရီဆောင် မွတ်သိပ်ဆာလောင်၊ ဂြိုဟ်ရာဟု သက်ပင်ခေါင်မှာ မမြဲပေါင် ကျကိန်းကွဲ့လေး။

ဟု ဆိုသော တေးထပ်၌ မိမိတို့ဇာတာလက်မှ ထောက်၍ ၆ တန့်၊ ၈ တန့်၊ ၁၂ တန့်ဟူသော အာရီ၊ မရဏ၊ ဗျာယ သုံးအိမ်တို့တွင် တစ်ခုခုသော အတန့်၌ တနင်္ဂနွေတည်မူ နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် အသက်ဆုံးရှုံးတတ်၏။ တနင်္လာတည်မူ ရေနစ်၍ သေတတ်၏။ အင်္ဂါတည်မူ ဓားဘေး၊ လုံဘေးသင့်၍ သေတတ်၏။ ဗုဒ္ဓဟူး၊ ကြာသပတေးတည်မူ ငှက်ဖျားမိ၍ သေတတ်၏။ စနေတည်မူ ငတ်မွတ်ခေါင်းပါး၍ သေတတ်၏။ ရာဟုတည်မူ သစ်ပင်မှကျ၍ သေတတ်၏ဟု ဆိုလိုသည်။

## သွားအင်္ဂါမလှခြင်း၊ နားထိုင်းခြင်းဂြိုဟ်နေသော တေးထပ်

(၂၀) ရွှေဂဠုန် သီဟတို့ လဂ်ကမှ တန့်ရေကို ဆယ့်နှစ်၊ ငါးသုံးနေမူ မှတ်ကြလေမယွင်း၊ ဂြိုဟ်သောမ မြင်ပါမူ ထိုသူ့မှာ နားထိုင်းလို့ပင်း၊ ကျမ်းဗြို့ဟာဇ်လင်းဆိုယင်း သည့်ဂြိုဟ် တစ်သင်း ခုနစ်ခွင် ရာသီတွင်း ချင်းနင်း၍ခိုလာ၊ သွားအင်္ဂါ မလှ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးကျိုးလိမ့်မည့် သူ့၏ကြမ္မာ၊ အတိတ်ကနိမိတ်မှာမူ သံသရာ ဟိုရှေးက လေးပါးသော ဝစီကံ ကျူးလွန်ဖောက်ပြန်၊ အကျင့် ဆိုးလို့ အကျိုးဖန်တယ် အမျိုးမှန်တော်သင့်ငဲ့လေး။

ဆိုသော တေးထပ်၌ လဂ်၌ ထောက်၍ သုံးတန့်၊ ငါးတန့်၊ ကိုးတန့်၊ ဆယ့်နှစ်တန့်ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ တနင်္ဂနွေ၊ အင်္ဂါဂြိုဟ်တို့ တည်ရှိ၍ သောမဂြိုဟ်တို့ မမြင်ပါမူ ထိုဇာတာရှင်မှာ နားပင်းတတ်၏ဟု ဗြိဟ္မာဇ်ကျမ်း၌ဆိုသည်။ တနင်္ဂနွေ၊ အင်္ဂါဂြိုဟ်နှစ်လုံးတို့သည် လဂ်မှ ထောက်၍ ခုနစ်တန့် ပထနီ ရာသီအိမ်၌နေမူ အတိတ်ဘဝက ဝစီကံလေးပါးတို့ ချွတ်ယွင်း ဖောက်ပြန် ပြောဆိုမိသဖြင့် သွားမလှဘဲ ကျိုးပဲ့ပျက်စီးလွယ်တတ်၏ ဆိုလိုသည်။

## မျက်စိနှာ၊ ပန်းနာစွဲတတ်သော ဂြိုဟ်နေဟော တေးထပ်

(၂၁) တိတြာဘာဏုတို့ ရာဟုကြွတ်ရာသီ လဂ်ထပ်လို့ ယှဉ်မီ မြွေသောရီ၊ သီဟ၊ ငါးတန့်၌ယှဉ်လာမူ ရှုပန်းနာစွဲတတ် ပါလှ၊ ကျမ်းဗြိဟ္မာဇ်အလာကို မှတ်စရာဖော်ပြ ရာဟု ကြွတ် လက္ခဏာ သတ္တမှာ ဂဠုန်၊ ငါး၊ ကိုးမှာ ဥရဂဂြိုဟ်သီဟ ပေါင်းတွေ့ တူကြုံ ရှေးဝိပါက် မလွတ်တဲ့ လူ့ဘုံမှာ ကံဆိုးလို့ အကျိုးနည်း ကြောက်စရာအက္ခိကာနာ စွဲတတ်လှတိမ်သလာ မျက်စိသာပျက် တတ်လှလေး။

ဆိုသော တေးထပ်၌ တနင်္ဂနွေ–ရာဟုလဂ်ကြွတ်လျက် တည်၍ စနေနှင့် အင်္ဂါဂြိုဟ်နှစ်လုံးတို့သည်၊ လဂ်မှ ထောက်၍ ငါးတန့် ကိုးတန့်တွင် တစ်ခုခုသော အတန့်၌လည်းရှိမူ၊ ထိုဇာတာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်မှာ ပန်းနာ၊ ရှူနာရောဂါ စွဲတတ်၏။ ရာဟုနှင့်လက်တို့သည် ကြတ်လျက်တည်၍ ၇ တန့်၌ တနင်္ဂနွေ ငါးတန့် ကိုးတန့်တွင် စနေ၊ အင်္ဂါဂြိုဟ်တို့ ဖြန့်၍လည်းကောင်း၊ ပူး၍လည်းကောင်း တည်ရှိမူ မျက်စိနာ၍ တိမ်သလာ စွဲတတ်၏။ မျက်စိလည်း ကန်း တတ်၏ ဟု ဆိုလိုသည်။

## ရှုးတတ်သော ဂြိုဟ်နေဟော တေးထပ်

(၂၂) လက်ခွင်မှာ ကြွက်ကျစ် မည်းညစ်လို့ပေပေ ခုနစ်မှာ မြွေခွေမူ သူ့သည်းခြေဖောက်ပြား ရှုးတတ်လှ ကံကြမ္မာ ဗြို့ဟစ် လာ မှတ်တော့မမှား၊ လက်ခွင်မှာ မြွေကြိုနည်းတစ်ပုံ မိန့်ကြား နဝမှာ အင်္ဂါနား စိတ်ပျက်ပြားရောဂါ၊ ရှုးသွပ်ရန် ကြမ္မာဟောင်း မကောင်းကျိုး ဖြစ်တတ်လှပါ။ သေသောက်ကြူးပြစ်ဆာ သံသရာ ဝဋ်ကြွေးဟု မျှော်တွေးလို့ ဆင်ခြင်ရာ ရှေးနိမိတ်လာ ကြံတွေးဆ ရှောင်အပ်စွာ သူရာကို ပယ်စွန့်ကြလေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ လက်နှင့် ကြာသပတေးပူး၍ လက်မှ ခုနစ်တန့်၌ စနေဂြိုဟ်တည်မူ ထိုဇာတာရှင်မှာ သည်းခြေပျက်၍ ရှုးတတ်၏။ တစ်ခုခုသော ရာသီ၌ လက်နှင့် စနေပူး၍ လက်မှ ကိုးတန့်၌ အင်္ဂါဂြိုဟ်တည်မူ ထိုဇာတာရှင်လည်း ရှုးသွပ်သောရောဂါ ဖြစ်တတ်၏။ ဤသို့ ရှုးသွပ်သော ဝေဒနာတို့ ဖြစ်ရခြင်းမှာ ရှေးဘဝ သံသရာက သေ ရည်သေရက်ကို သောက်စား ကျူးလွန်မိသော အပြစ်တို့ကြောင့် ဖြစ်ရသည်ဟု အောက်မေ့ဆင်ခြင်လျက် ယခုဘဝတွင် သေရည် သေရက်ကို မသောက်စား မကျူးလွန်ဘဲ အမြဲရှောင်ကြဉ်ရမည်ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## လေရောဂါစွဲတတ်သောဂြိုဟ်နေဟော တေးထပ်

(၂၅) ပထနီရာသီတွင်း ပူးမင်းနှင့် ကေသရာ ပါပဂြိုဟ်မြင်လာမူ လေရောဂါစွဲကပ်၊ ကုသလို့မလွတ်လို အကုသိုလ် ရှေးကဝဋ်ပဲ ကြဋ်နှင့်ဗြိစ္ဆာ စန္ဒရာရောက်ဆဲ ပါပဂြိုဟ်ယှဉ်လာတွဲ ဆင်းရဲတဲ့ဝေဒနာ ဘေးရောဂါ ရင်နာဘမ်းသော့သွမ်းလို့ ဖြစ်တတ်လှပါ။ လဂ်ကမှ စန္ဒရာသီ တိ၊ သတ္တာ၊ ဒသတွင် ဘုဇဂနှစ်ခွင်မှာ ရပ်တဲ့ ဇာတာ လက္ခဏာဝိပလ္လာ ကိုယ်အင်္ဂါချို့တတ်လှလေး။

ဆိုသော တေးထပ်၌ လဂ်မှခုနစ်တန့် ပထနီရာသီတွင် သောကြာနှင့် အင်္ဂါဂြိုဟ်ပူး၍ ထိုအင်္ဂါ၊ သောကြာဂြိုဟ်ကို ပါပဂြိုဟ်တို့မြင်မူ ထိုဇာတာရှင်မှာ လေရောဂါစွဲကပ်တတ်၏။ ဆေးကုသ၍မလွတ် ရှေးဝိပါတ် ဝဋ်ကြွေးဖြစ်၏။ ကြဋ်ဗြိစ္ဆာနှစ်ရာသီတွင် တစ်ခုခုသော ရာသီ၌ စန်းတည်၍ ပါပဂြိုဟ်တို့ပူးမူ ဆင်းရဲဝေဒနာ ခံစားရတတ်၏။ သော့သွမ်း ဟော့ရမ်းခြင်းကြောင့် ဘေးရောဂါနှင့် ရင်နာ၊ ပန်းနာ၊ ရှူနာတို့စွဲကပ်တတ်၏။ လဂ်မှ ထောက်၍ သုံးတန့်၊ ခုနစ်တန့်၊ ဆယ်တန့်တို့တွင် တစ်ခုခုသော အတန့်ရာသီ၌ တနင်္လာဂြိုဟ်တည်ရှိ၍ နှစ်တန့်တွင် စနေဂြိုဟ်တည်မူ ကိုယ်အင်္ဂါ ချို့ယွင်းချို့တဲ့ခြင်းဖြစ်တတ်၏ဟု ဆိုလိုသည်။

## နူနာ-ကုတ်ဟီးနာ-စွဲတတ်သော ဂြိုဟ်နေဟော တေးထပ်

(၂၄) ခြင်္သေ့ မြွေအလယ်ကြား စန်းနားတို့ ခိုလှုံ ခုနစ်မှာ ငှက်ဂဠုန်မြတ်အဟုန် မာန်ကြွား ခရယုဂ် ကုတ်ဟီးနာချောင်းရောဂါ စွဲတတ်လှညား လဂ်နှင့်စန်း တူမကွာ မှုအလာမယွင်း ခုနစ်မှာ ဂဠုန်နား ဟူးရားကျမ်းအလာ ခြင်္သေ့၊ မြွေ ဒွေးဒွေသင်မှာ ဝပ်ရပ်လို့ ခိုကြလှုံရှာ သမင်ရက်ရောဂါ ကုဋ္ဌနူစွဲတတ်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြဲမှတ်ဖို့ ဈာန်ယာဉ်ပျော် မြွက်ဟမိန့်ဖော် မှန်တတ်လှ သူ့နည်းကျော် ရှုပြီးသော် ဟောကြားတော့လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ တနင်္လာဂြိုဟ် တည်ရှိ၍ ရှေ့နောက်ရာသီ၌ အင်္ဂါ၊ စနေဂြိုဟ် တည်လျက် လဂ်မှ ၇ တန့် ရာသီ၌ တနင်္ဂနွေဂြိုဟ်တည်မူ ထိုဇာတာရှင်မှာ ခရယုဂ်ကုတ်ဟီးနာ ချောင်းဆိုးရောဂါတို့ စွဲကပ်တတ်၏။ အကြင်အမှတ်မရှိ တစ်ခုခုရာသီ၌ လဂ်နှင့် စန်းပူး၍ ၎င်းလဂ်စန်းမှ ၇ တန့်၌ တနင်္ဂနွေ ၂ တန့်၊ ၁၂ တန့်တို့တွင် တစ်ခုခုသော ရာသီ၌ အင်္ဂါ၊ စနေတို့ ပူးလျက်လည်းကောင်း၊ ဖြန့်လျက်လည်းကောင်း တည်ရှိမူ ထိုဇာတာရှင်မှာ သမင်ရက်ရောဂါ၊ ကုဋ္ဌနူနာတို့ စွဲကပ်သော ဇာတာဟု ကောင်းကင်အပြင် ဈာန်ယာဉ်မွေ့လျော် ရသေ့ကျော်တို့ မိန့်ဖော်ဟောကြားခဲ့သော အလွန်မှန်ကန်သင့်မြတ်လှသည့် နည်းကျော် နည်းမော်ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ ပထမစကားပိုဒ်တွင် မည်သည့်ရာသီ၌မဆို အင်္ဂါဂြိုဟ်ရှေ့=စနေဂြိုဟ်နောက်နေလျက် အလယ်၌ တနင်္လာစန်းတည်နေခြင်းကိုလည်းကောင်း၊ စနေဂြိုဟ်ရှေ့၊ အင်္ဂါဂြိုဟ်နောက်နေလျက် အလယ်၌ တနင်္လာ စန်းတည်နေခြင်းကိုလည်းကောင်း၊ တစ်ရာသီတည်းဖြစ်မူ အင်္ဂါဂြိုဟ် ၁၀=အသ်ာ၊ တနင်္လာဂြိုဟ် အသ်ာ ၂၀ စနေဂြိုဟ်အသ်ာ ၃၀ ဤသို့တည်နေခြင်းကိုလည်းကောင်း၊ တနင်္လာစန်းအလယ်၌ နေသည်မည်၏ဟု မှတ်လေ။

## ကြက်ရှူး-ဝက်ရှူးနာ စွဲတတ်သော ဂြိုဟ်နေဟော တေးထပ်

(၂၅) လဂ်ရာသီ နန်းစဉ်က အခန်းသင့်အကွာ နဝနှင့်ပဥ္စာ

www.burmeseclassic.com

www.burmeseclassic.com



ငယ် ကေသရာစံမြန်း။ ပါပဂြိုဟ်မြင်ပါမူ ပျက်အင်္ဂါ ဆွံ့၊ အ၊ ရုပ်ကြမ်း။ သောရီနှင့် စန္ဒရာ တူမကွာတစ်ခန်း ပါပဂြိုဟ် မြင်လာသန်း ညှိုးရော်နွမ်းမချမ်းသာ။ ဒေးမေ့လျော့တွန့်ခါလူး ကြက်၊ ဝက် ရူးစွဲတတ်လှပါ။ အကုသိုလ် ကံကြမ္မာ သံသရာအတိတ်က အနိဋ္ဌဝဋ်နှင့်ကြုံ ကျမ်းမိန့်မြွက်ပုံ။ ကင်းလွတ်ဖို့ ကုသိုလ်ဟုန်ကို ယုံကြည်စွာ အားထုတ်ကြလေး။

ဆိုသော တေးထပ်၌ လဂ်မှ ထောက်၍ ငါးတန့်၊ ကိုးတန့် ရာသီတို့တွင် တစ်ခုခုသောအတန့်၌ အင်္ဂါဂြိုဟ်တည်ရှိသည်ကို အခြားသော ပါပဂြိုဟ်တို့မြင်ပါမူ ထိုဇာတာရှင်မှာ ဆွံ့ခြင်း၊ အခြင်းဖြစ်၍ ရုပ်ရည်မလှ ဖြစ်တတ်ပေ၏။ ၎င်း ငါးတန့်၊ ကိုးတန့်တွင် တစ်ခုခုသော အတန့်၌ စနေ၊ တနင်္လာဂြိုဟ်တို့ပူးလျက် တည်ရှိသည်ကို တခြားသော ပါပဂြိုဟ်တို့မြင်မူ ထိုဇာတာရှင်မှာ ရှေးအတိတ်ဘဝ သံသရာကာလက မကောင်းသော ညစ်ကြေး အကုသိုလ် ဝဋ်ကြွေးတို့ကြောင့် ဝက်ရူး၊ ကြက်ရူး ရောဂါတို့ ဖြစ်တတ်၏။ လွတ်အေးချမ်းသာခွင့်မှာ ယခုဘဝ ကုသိုလ် ပုညကိုသာ ယုံကြည်စွာ အားထုတ်ကြိုးစားပြုလုပ်ရမည်ဟု ဆိုလိုသည်။

### အမြင့်မှကျ၍ သေတတ်သော ဂြိုဟ်နေဟော တေးထပ်

(၂၆) ဝေဟာမှာ တေဇာမွေ့ ရသေ့တို့ မိန့်မှာ လဂ်ကမှ ဆယ်တန့်ကွာတွင် တိတြာစံပ။ လေးခြသေ့်ပျော်နေမူ သူ အသေဆိုးတတ်ပါလှ။ သစ်ပင်ကြား၊ တောင်ကမ်းပါးယံ ကျွမ်းပြန်ကာ ချော်ကျ ကံနိမိတ်အရကို ကျမ်းဖော်ပြရေးမူ။ ကျောက်တုံးနှင့် သစ်ပင်ပိလို့ စိညက်ညက် သေတတ်သည့်သူ။ ခုနစ်မှာ ကားမာန် လူ တစ်ဆယ်မူ သိဟတဲ့ ဇယမှာ မြွေစနေ ရစ်ပတ်လို့ခွေ။ ကြုံ

www.burmeseclassic.com

www.burmeseclassic.com



ရချက် သူ့ကံခေတွင်းမှာလေ ကျတတ်လှလေး။

ဆိုသော တေးထပ်၌ လဂ်မှဆယ်တန့်၌ တနင်္ဂနွေလေးတန့်၌ အင်္ဂါဂြိုဟ်တည်ရှိသော ဇာတာရှင်မှာ သစ်ပင်ကြားတောင်ကမ်းပါးယံတို့မှ ကျ၍လည်းကောင်း။ ကျောက်တုံး သစ်ပင်ပိ၍ စိစိညက်ညက်ကြေမွလျက် အသေဆိုးလှစွာ သေကျေပျက်စီးတတ်၏။ လဂ်မှ ခုနစ်တန့်၌ တနင်္လာ ဆယ်တန့်၌ အင်္ဂါလေးတန့်၌ စနေဂြိုဟ်တည်ရှိသော ဇာတာရှင်တို့မှာ တွင်း၊ ကျင်းတို့သို့ ကျဆုံး၍ သေကျေပျက်စီးခြင်းသို့ ရောက်တတ်၏ဟု ဆိုလိုသည်။

**နှောင်အိမ်အတွင်း၌ အသွင်းခံရသော ဂြိုဟ်နေဟော တေးထပ်**

(၂၇) လဂ်ဂဠုန် တူကွ တက္ကဋ္ဌသောရီ မကာရ စန်းမိုမူ ဆန်းပလီထွေပြား။ ရေမွန်းလို့ခန္ဓာကြွေ သေတတ်ချေ စွဲမှတ်လို့ထား။ လဂ်ကမှငါး၊ ကိုးခွင် ပါပလျှင်ခိုနား သောမဂြိုဟ်မြင်ငြားကံတရားစီရင်။ ထိတ်၊ ထောင်အိမ်၊ သံခြေချင်း နှောင်သွင်းလို့သက်ခန္ဓာစင် မိဿနှင့်ဗြိစ္ဆာတွင် တစ်ခွင်ခွင်စွဲရပ်လို့ နှစ်ဖက်ညှပ်ပါပဂြိုဟ် နားကပ်လို့ခို လွတ်မျိုးပ မလွတ်လို ခန္ဓာကိုယ်ပျက်တတ်လှလေး။

ဆိုသော တေးထပ်၌ လဂ်နှင့်တကွ တနင်္ဂနွေကြဋ္ဌရာသီ၌ စနေ မကာရရာသီ၌ စန်းတည်သော ဇာတာရှင်တို့မှာ ရေနစ်၍ သေဆုံးတတ်၏။ လဂ်မှ ငါးတန့်၊ ကိုးတန့်တို့တွင် တစ်ခုခု၌ ပါပဂြိုဟ်တို့တည်၍ ထိုပါပဂြိုဟ်ကို သောမဂြိုဟ်တို့ မမြင်လာမူ ထိုဇာတာရှင်မှာ ထိတ်ခတ်ကြိုး၊ ချည်၊ ထောင်၊ အိမ်သံချိုင့်တွင်းသို့ နှောင်သွင်းခြင်းကို ခံရ၍ အသက်သေဆုံးတတ်၏။ မိဿ ဗြိစ္ဆာနှစ်ရာသီတွင် တစ်ခုခု၌ လဂ်တနင်္ဂနွေဂြိုဟ်တို့တည်၍ ရှေ့

www.burmeseclassic.com

www.burmeseclassic.com



နောက်ပါပဂြိုဟ်တို့ ညှပ်၍တည်မူ ထိုဇာတာရှင်ကား အနုမျိုး ဆယ်ပါးတို့တွင် တစ်ခုခုစွဲကပ်၍ ခန္ဓာကိုယ် ပျက်စီးချို့ယွင်း တတ်၏ဟု ဆိုလိုသည်။

## ဆင်၊ မြင်း၊ ရထားပေါ်မှကျ၍ သေဆုံးတတ်သော ဂြိုဟ်နေဟော တေးထပ်

(၂၈) ကံ ရှေးညွှန့်ဗေဒင်ထွက် လဂ်ကတဲ့ ဆယ်ခွင် ငှက် ဂဠုန်ပျော်ရှင်မူ လေးမှာပင် သီဟန္ဓား၊ ဆင်၊ မြင်း၊ ရထား၊ ယာဉ် ကျလို့လျှင် ဆုံးတတ်ချေလှ ဒသမှာ မြွေကြို ရွှေဂဠုန် သီဟ တစ်ခု ခုဇယမှာ နားကပ်က ဥပစ္ဆေတံကျင်လျှိုခန္ဓာပျက်ရှေးဝိပါက် မကောင်းမူ ပေတစ်ဆယ်မှာ ဂြိုဟ်သီဟော ဒွေးစနေ ဂဠုန်ငှက်ကယ် နဲ့ လေးကွက်မှာ ကျားမင်းယှဉ်ကြောက်မက်ဖွယ်ပင် ပိုးလောက်ကျ ခန္ဓာစင် အကုသိုလ်ပင် မှတ်ကြတော့လေး။

ဆိုသောတေးထပ်၌ လဂ်မှ ဆယ်တန့်၌ တနင်္ဂနွေ လေးတန့် ၌ အင်္ဂါဂြိုဟ်တည်သော ဇာတာရှင်တို့မှာ န္ဓား၊ ဆင်၊ မြင်း၊ ရထား ယာဉ်ပေါ်မှကျ၍ သေဆုံးတတ်၏။ လဂ်မှ ဆယ်တန့်၌ စနေ တည်၍ လေးတန့်မှာ တနင်္ဂနွေ၊ အင်္ဂါဂြိုဟ်နှစ်လုံးတို့တွင် တစ်လုံးလုံးတည်သော ဇာတာရှင်တို့မှာ ဓား၊ လှံ၊ လက်နက်ဘေး ဟူသော ကပ်၍ ဖြတ်သဖြင့် လတ်တလော သေစေတတ်သော ဥပစ္ဆေဒက ကံတို့ကြောင့်လည်းကောင်း၊ တံကျင်လျှိုခံရသဖြင့် လည်းကောင်း သေကျေပျက်စီးတတ်၏။ လဂ်မှ နှစ်တန့်၌ တနင်္ဂနွေနှင့် စနေလဂ်မှ ဆယ်တန့်၌ အင်္ဂါဂြိုဟ်တည်ရှိသော ဇာတာရှင် တို့မှာ အကုသိုလ်ကံ နှိပ်စက်၍ အနာပေါ်တွင် ပိုးလောက်တို့ ကျသဖြင့် သေကျေ ပျက်စီးရတတ်၏ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဥပစ္ဆေဒကကံနှိပ်စက်၍ အသက်ဆုံးတတ်သော ဂြိုဟ်နေဟော တေးထပ်

(၂၉) မြေ၊ ဂဠုန် လက္ခဏာ စန်းခိဏာ တူမကွေ့ ခုနစ်မှာ ခြသေ့်နေမူ ဥပစ္ဆေဒက ဓား၊ လှံ နှင့် စုတိကြုံ လူ့ဘုံမှာ သေခြင်း မြန်လှ ထိုသည့်စန်းဆယ်တန့်ကွာ သူရိယာသတ္တလေးခွင်မှာ သီဟ ဗြိဟဒ်က မိန့်မှာ ဝမ်းရောဂါ အနာရောက်လို့ သက်ကုန်ပျောက် သေတတ်လှပါ သူရိယ လက္ခဏာ တူမကွာ ယှဉ်ကြလို့ သီဟစစ် သောရာ ကိုးစန္ဒမှာ မိုးကြိုးကျပျက်ခန္ဓာ ဝိပါက်ပါ မှတ်ကြတော့လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ ၌ တနင်္ဂနွေ၊ စနေ၊ ခိဏာစန်းနှင့် လဂ်တို့ ပူး၍ လဂ်ခုနစ်တန့်၌ အင်္ဂါဂြိုဟ်တည်သော ဇာတာရှင်တို့မှာ ဓား၊ လှံ၊ သေနတ်လက် နက်တို့ဖြင့် ထိခိုက်၍ ဥပစ္ဆေဒကကံဖြင့် လူ့ပြည်တွင် လျင်မြန် စွာ သေကျေပျက်စီးတတ်၏။ လဂ်မှ ဆယ်တန့်၌ ခိဏာစန်း ခုနစ် တန့်၌ တနင်္ဂနွေ လေးတန့်၌ အင်္ဂါတည်ရှိသော ဇာတာရှင်တို့ မှာ ဝမ်းရောဂါရောက်၍ အသက်သေပျောက်တတ်၏။ တစ်ခုခု သော ရာသီ၌ လဂ်နှင့် တနင်္ဂနွေ ရှစ်တန့်၌ အင်္ဂါ၊ စနေ ကိုးတန့် ၌ တနင်္လာတည်ရှိသော ဇာတာရှင်တို့မှာ မိုးကြိုးကျ၍ အသက်သေ ဆုံးရတတ်၏ဟု ဆိုလိုသည်။

## လက်ဝှေ့သမား စသည်ဖြစ်တတ်သော ဂြိုဟ်နေဟော တေးထပ်

(၃၀) ဂြိုဟ်သောရီဘရဂု တူစုတဲ့ဇာတာ မုဋ္ဌိက ဥပမာလို ပြည့်စုံရာခွန်အား။ ရဲသတ္တိပွဲတိုင်းအောင် လွဲမရှောင်လက်ဝှေ့ သမား။ ဒုဂ္ဂတိအဟိတ်ဘန် တိရစ္ဆာန်မြင်း၊ နွား၊ သူ့စိတ်မှာ ယွန်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပါး ဝင်စားတဲ့ ဝါသနာ။ ယွန်းထိုမှန် ပန်းရံပြု သက်မွေးမှု ရတတ်လှပါ။ နာဂိန္ဒပူးရာဇာ မြူးမကွာ ယှဉ်စုက နှုတ်လက်မှု တတ်မြောက်ဖွယ် ပေါ်နေကြွယ်။ ဓာဂရုဟာနွှမယ်လို ဗေဒင်ဝယ် ထွန်းပါလိမ့်လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ စနေနှင့် သောကြာပူးသော ဇာတာရှင်တို့မှာ ရဲသတ္တိခွန်အားဗလ နှင့် ပြည့်စုံ၍ ပွဲတိုင်းအောင် နာမည်ကြီးသော လက်ဝှေ့သမားကြီး ဖြစ်တတ်၏။ အပိုတ်တိရစ္ဆာန် နွား၊ မြင်းစသည်တို့ကို ခင်မင် တွယ်တာခြင်း အထုံဝါသနာပါတတ်၏။ ယွမ်းသည်အတတ် ပန်းရံအတတ်တို့နှင့်လည်း အသက်မွေးမြူတတ်၏။ တစ်ခုခုသော ရာသီ၌ စနေ၊ သောကြာ၊ တနင်္လာဂြိုဟ်တို့ပူးသော ဇာတာရှင်တို့ မှာ နှုတ်မှု၊ လက်မှု အတတ်ပညာတို့ဖြင့် စည်းစိမ်ဉစ္စာ ရတနာ ရွှေငွေတို့ကိုရ၍ ကြွယ်ဝချမ်းသာနိုင်၏။ ဓာဂရုဆရာကြီးကဲ့သို့ ဗေဒင်ပညာကို ကမ်းတစ်ဖက်ရောက် တတ်မြောက်နိုင်ပါသည်ဟု ဆိုလို၏။

**မှတ်ချက်။** ။ ဤတေးထပ်၌ နာဂိန္ဒဟု ရှိရာမသင့်။ နာဂိန္ဒူဟုရှိမှသာ သင့်လျော်မည်။ နာဂိန္ဒူကား နာဂ ဣန္ဒုဟု ပုဒ်ခွဲ။ နာဂ နဂါးစနေဂြိုဟ် ဣန္ဒုလ၊ တနင်္လာဂြိုဟ်ဟု ယူမှသာ သင့်၏။ နာဂိန္ဒကို ပုဒ်မခွဲဘဲ စနေဂြိုဟ်တစ်ခုယူမှု အထက်စကားနှင့် မတူ ပြီ။ အကယ်၍ နာဂိန္ဒကို နာဂ ဣန္ဒဟု ပုဒ်ခွဲယူ၍ နာဂ နဂါး စနေဂြိုဟ် ဣန္ဒ၊ လ၊ နတ် တနင်္လာဂြိုဟ်ဟု ယူခဲ့သော်။ ဣန္ဒကား လဟောခြင်း ပရိယာယ်၌ ထင်ရှားခြင်း မရှိချေ။ ဣန္ဒု–လဟော ခြင်း ပရိယာယ်သာ များစွာထင်ရှားသောကြောင့် နာဂိန္ဒူဟု

www.burmeseclassic.com



ပြင်ဆင်ထည့်သွင်းလိုက်ပါသည်။ သို့ရာတွင် စိစစ်နိုင်သမျှ စိစစ်၍ အသစ်ကိုသာ ယူလေ။

## ဘိုးသူတော် မယ်သီလတို့ကဲ့သို့နေရမည့် ဂြိုဟ်နေဟော တေးထပ်

(၃၁) ကျားဂဠုန် မြွေခြသေ့တို့ တူတွေ့လို့ ပေါင်းဆုံ ဤလောက လူ့ဘုံမှာ ဖော်မစုံကိုယ်တည်း။ မယ်သီလ၊ ဘိုးသူတော်လို ကျိုးယူမျှော်ဖြစ်လိမ့်အပြီး။ လျှုခံလို့ သက်မွေးရာ နက်လေးစွာ ဉာဏ်ကြီး ဆက်ရှေးပါကံမှီးလို့ ဖန်တီးတဲ့ကမ္ဘာ။ ကျားဂဠုန်ကြွက် မြွေရောရင် ဓောတိက ပုံပမာ၊ ထက်မြက်လှ ဉာဏ်ပညာ သီလမှာ စောင့်ချုပ်လို့ ထိန်းအုပ်တဲ့ ဣန္ဒြေတည်တံ့နိုင်ပေ။ ပညာရှိသူ့အခြေကို မူလလေဟောပုံကွဲ့လေး။

ဆိုသောတေးထပ်၌ ၁၂ ရာသီစက်တွင် တစ်ခုခုသော ရာသီ၌ တနင်္လာ၊ တနင်္ဂနွေ၊ စနေ၊ အင်္ဂါဂြိုဟ် လေးလုံးတို့ ပူးသောဇာတာရှင်တို့မှာ ဖော်မစုံဘဲ တစ်ကိုယ်တည်း တစ်ယောက်တည်းနေထိုင်ရတတ်သဖြင့် ဘိုးသူတော် မယ်သီလတို့ကဲ့သို့ အလှူခံ၍စားသောက်ရတတ်၏။ တနင်္လာ၊ တနင်္ဂနွေ၊ ကြာသပတေး၊ စနေဂြိုဟ်လေးလုံးပူးမူ ထိုဇာတာရှင်တို့ကား ဓောတိက သူဌေးကြီးတို့ကဲ့သို့ ဥစ္စာဓနပေါကြွယ်ဝ၍ သီလကို လုံခြုံစွာ စောင့်ထိန်းနိုင်၏။ သီလအကျင့်ရှိတတ်၏ဟု ဆိုလိုသည်။

## မြဲသောမိန်းမနှင့် တွေ့ရသောဂြိုဟ်နေဟော တေးထပ်

(၃၂) ငှက်ဂဠုန် ရွှေခြသေ့ ပူးဆင်တွေ့မကွာ ထိုသူ၏ကံကြမ္မာ ညှိုးလျော်စွာသိမ်ဖျင်း။ တစ်ခုခု အင်္ဂါကြန် ချို့ဖောက်ပြန် ပျက်ချော်လို့ပွင်း။ ကျားခြသေ့ ပူးဆင် တူပျော်ရွှင် တစ်သင်း

www.burmeseclassic.com

www.burmeseclassic.com



ကြင်သောသူ သက်နှင်းနှင့် ဖျင်းလိုက်တဲ့ ကံကြမ္မာ။ မိန်းမမြဲသား မရှိကို ပေါင်းမိလိမ့် သူ့နဖူးစာ။ သောရီဓာတ် ဂဇိန္ဒာ၊ ယုန်သီဟာ တူစပ်က မှူးမတ်ဖြစ်ဇကေန်သာ ထူးတဲ့ဇာတာ။ ဇနပတ် ရွှေကျမ်းစာ ဖွေလှမ်းကာ ဟောကြတော့လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတွင် တစ်ခုခုသော ရာသီ၌ တနင်္ဂနွေ၊ အင်္ဂါ၊ သောကြာ၊ ဗုဒ္ဓဟူးဂြိုဟ် လေးလုံးတို့ ပူးသော ဇာတာရှင်တို့မှာ ကိုယ်လက်အင်္ဂါ ချို့ယွင်းပျက်ပြားတတ်၏။ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ ဗုဒ္ဓဟူးဂြိုဟ် လေးလုံးပူးသော ဇာတာရှင်တို့မှာ သားသမီးမရ မရှိနိုင်သော မိန်းမမြဲများနှင့်သာ တွေ့ကြုံပေါင်းဖက်ရတတ်၏။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေဂြိုဟ် လေးလုံးပူးသော ဇာတာရှင်တို့မှာ မင်းတိုင်ပင်အမတ်ကြီး ဖြစ်တတ်၏ဟု ဆိုလိုသည်။

## အပျိုစစ်ကညာစင်နှင့် နဖူးစာပန်ဆင်ရသော ဇာတာဟော တေးထပ်

(၃၃) ကြွက်၊ ဆဒ္ဒန်၊ ယုန်မင်းနှင့် စုံတစ်သင်း ပျော်စံ ဂုဏ်သတင်း ကျော်လှျံတယ် မော်မဲ့တန်ခိုး။ လောကမှာ ဘောဂကြွယ် ပြောပြဖွယ် ကြီးမြင့်ဝေဖြိုး။ သားသမီးပြည့်စုံလှည့်မသုံးကျော်ဟိုး ရှေးကုသိုလ်ဖန်မညှိုး ကံအကျိုးစီရင် ဂုရုနှင့်ဗုဒ္ဓတို့ ဂြိုဟ်သောကြာ ပူးခဲ့ပြန်လျှင်။ တော်လေးဝ မဟာဝင်တယ် ကညာစင်ရှုပနှင့် ကျင့်မူလ ဘရိယာပေါင်းရတတ်ပါ။ ဥစ္စာနှင့်ပညာမှာ လွန်တရာများ ကြွယ်လိမ့်လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီစက်တွင် တစ်ခုခုသောရာသီ၌ ကြာသပတေး၊ ဗုဒ္ဓဟူး၊ တနင်္လာ၊ ဂြိုဟ်သုံးလုံးပူးသော ဇာတာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့မှာ။ ဂုဏ်သတင်းကျော်ကြား၍ များစွာသော ဥစ္စာတို့နှင့် ပြည့်စုံတတ်၏။ သားသမီး၊ မြေး၊ မြစ်တို့ပြည့်စုံလျက် လူ့ဘုံတွင် စိတ်အေးကြည်လင်စွာ ခံစားရတတ်၏။ ကြာသပတေး၊ ဗုဒ္ဓဟူး၊ သောကြာ ဂြိုဟ်သုံးလုံးတို့ပူးသော ဇာတာရှင်တို့မှာ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလ တော်လေးဝဝင်လတ် မိန်းမမြတ်တို့ကဲ့သို့ ခြောက်ပြစ်ကင်းဝေး ယဉ်ကျေးလိမ္မာ အပျိုစစ်ကညာစင် ဇနီးမယားတို့နှင့် အပြီးသားရတတ်၏။ ဥစ္စာစီးပွား တိုးတက်များပြားသည့်ပြင် ပညာများနှင့်လည်း ပြည့်စုံရတတ်၏ဟု ဆိုလိုသည်။

## မင်း၊ သူဌေးဖြစ် ဇာတာဟော တေးထပ်

(၃၄) ပြောင်၊ ရဝိန်၊ ဣန္ဒု၊ ရှိန်စုလို့ တွန်းလှုံ ဘုန်းတေဇာ ထက်သန်တယ် ဘက်မသန်ကျော်စော။ မင်းဖြစ်တတ် ဝေကန်မုချမှန် ကျမ်းဗြို့ဟာဓ်ဟော ဇောတိကပမာလို ဘောဂကာလွန်ပေါ ရှယ်ကြီးတဲ့ ဘရိယော သူ့သဘောခံမင် အရွယ်တူ မကြင်ထိုက် သဖင်ကြိုက် သူဇာ့နတ်ထင် ဂဠုန်နှင့် ခြသေ့ဆင် အလွန်လျှင် ထင်ရှားလို့ ဘောဂများမနေကြွယ် လုံ့လကြီးတယ် ဘေးရောဂါ အန္တရာယ် ကင်းစင်ကြွယ် ချမ်းသာလိမ့်လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတွင် တစ်ခုခုသော ရာသီ၌ ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ တနင်္လာဂြိုဟ် သုံးလုံးပူးသော ဇာတာရှင်တို့မှာ မင်းမျိုး၊ မင်းသားဖြစ်မူ မင်းဖြစ်တတ်၏။ ကုန်သည် ဆင်းရဲသားဖြစ်မူ မင်းနှင့်တူသော စည်းစိမ်ရှိ၍ ဇောတိက သူဌေးတို့ကဲ့သို့ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာနိုင်၏။ မိမိထက် အသက်အရွယ်ကြီးမားသော မယားကို ရတတ်၏။ တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူးဂြိုဟ် သုံးလုံးပူးမူ လူ့ပြည်တွင် ထင်ပေါ်ကျော်ကြားလျက် ဥစ္စာစီးပွား

www.burmeseclassic.com

www.burmeseclassic.com



အထွေထွေသော ရတနာများနှင့် ပြည့်စုံ၍ ကုံလုံကြွယ်ဝ ချမ်းသာသည့်အပြင် ကြီးသောလုံ့လဝီရိယရှိ၏။ ဘေးရောဂါန္တရာယ်တို့ကင်းစင်၍ ပကတိ ကျန်းမာချမ်းသာနိုင်တတ်၏ဟု ဆိုလိုသည်။

## ပညာရှိ သုခမိန်စသည် ဖြစ်တတ်သော ဂြိုဟ်နေဟော တေးထပ်

(၃၅) ရဝိန္ဒုသီဟ မုတိကမြူးပိုင် စုမိကြ ပူးဆိုင်လျှင် ဥစ္စာလှိုင်ဉာဏ်ရှိ များသုတလောင်းဝိဓူလို ကြောင်းသိသူ မှတ်တော့ကဝိ ပူး၊ သီဟ၊ စန်းရဝိန် ခန်းတစ်အိမ်တူရှိ သုခမိန် မှန်းဇာတိကျမ်းစာသိမေဓာ လှကြင်ဖော်မြောက်သားနှင့် မယားကောင်း ပေါင်းရမည့်သာ သက်မွေးမှု မခဲရာ ချမ်းသာစွာ ဘောဂနှင့်လောကမှာလွန်ထင်ပေါ် မုချမှတ်နော် ကုသိုလ်ဖြိုးလို့ မညှိုးလျော် တန်ခိုးပေါ်–ပေါ်ထွန်းလင်းသူတဲ့လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးဂြိုဟ်လေးလုံးပူးသော ဇာတာရှင်တို့မှာ ဥစ္စာပစ္စည်း ပေါများတတ်၏။ ဘုရားအလောင်းတော်မြတ် ဝိဓူရ သုခမိန် အမတ်ကြီးကဲ့သို့ ပညာရှိ ဖြစ်တတ်၏။ သောကြာ၊ တနင်္လာ၊ အင်္ဂါ၊ တနင်္ဂနွေပူးမှု ပညာရှိသုခမိန် ဖြစ်တတ်၏။ လိမ္မာပြေပြစ်သော မယားကောင်းကို ရတတ်၏။ ပင်ပန်းဆင်းရဲမရှိဘဲ လွယ်ကူစွာဖြင့် စည်းစိမ်ဥစ္စာ ပြည့်စုံတတ်၏။ ရှေးဘဝ ကုသိုလ်ကံထောက်မ၍ ရောက်သမျှ အရပ်ဒေသတို့၌ မညှိုးမလျော်ဘဲ ထင်ပေါ်ကျော်စောသော ဂုဏ်သတင်းရှိတတ်၏ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဥစ္စာရှား၍ မုဆိုးထီးများ ဖြစ်တတ်သော ဂြိုဟ်နေဟော တေးထပ်

(၃၆) စက်သူရိန် ဘူဇတို့ တူတကွစံ၍ှင် ပညာရှိဉာဏ် သခင်လေးတော်ဝင်အလား မယားကောင်းပေါင်းရဟန် ကြောင်းစဖန် ရှေးကုသိုလ်အား သောမနှင့် ဂြိုဟ်ဗုဒ္ဓါဥစ္စာ ကံ၊ ဆွံ့၊ ရှား အိမ်ထောင်ဖက် မယားလည်း သက်နည်းပါးသေဖွယ် ရှေးကုသိုလ်ကံကညို မုဆိုးထီးဖြစ်တတ်လှတယ်။ စန္ဒရသူရိဆွယ်မူ သီလကွယ် ပျက်ယိမ်းလို့ မြင်း၊ ဆင်၊ ထိန်း ဆိတ်တွေ ကျောင်းတတ်လှလေ။ ဂဠုန်နှင့် ကျား မကွေ့မူ မယားလေ နိုင်တတ်လှလေး။

ဆိုသောတေးထပ်၌ တစ်ခုခုသော ရာသီတွင် တနင်္ဂနွေ၊ စနေဂြိုဟ်နှစ်လုံးတို့ပူးမူ ပညာဉာဏ် အဆင်အခြင်နှင့် ပြည့်စုံသော တော်လေးဝဝင်လောက်သော မယားကောင်းကို ရတတ်၏။ မိန်းမဖြစ်မူ လိမ္မာယဉ်ကျေးသော လင်ယောကျ်ားကို ရတတ်၏။ အင်္ဂါနှင့်ဗုဒ္ဓဟူးပူးမူ ဥစ္စာနည်းပါးတတ်၏။ မယားအသက်တို၍ မုဆိုးထီးဖြစ်တတ်၏။ မိန်းမမူ မုဆိုးမ ဖြစ်တတ်၏။ ယခင် အင်္ဂါနှင့် ဗုဒ္ဓဟူးပူးသောရာသီ၌ တနင်္ဂနွေ၊ တနင်္လာ ပူးဝင်ပြန်မူ သီလစောင့်ထိန်းခြင်းမရှိဘဲ ဆင်ထိန်း၊ မြင်းထိန်းသမား၊ ဆိတ်ကျောင်းသမားဖြစ်တတ်၏။ တနင်္ဂနွေ၊ တနင်္လာပူးမူ မယား နိုင်တတ်၏ ဆိုလိုသည်။

## မှူးမတ်ဖြစ်တတ်သော ဂြိုဟ်နေဟော တေးထပ်

(၃၇) ရွှေဂဠုန်ဥန္ဒြာ ပုံစုကြသီဟော် မှူးမတ်ဖြစ်ဓာတာ ကျော် လွှန်ထင်ပေါ်တန်ခိုး၊ စိတ်ထက်မြက် စကားမှန်၊ တရားမှန် ကွန့်ကွန့်ဝေဖြိုး၊ အစစအရာရာ လွှန်လိမ္မာကျော်ဟိုး၊ ဟုံဓာတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မညိုးပါဘူး စထိုးလို့မမှီ၊ ပူး၊ သီဟာ၊ ဂဠုန်ငှက်ကယ်တို့ စုံတစ်ကွက် ပေါင်းကြအညီ၊ ဘုန်းကံရှိ ပါရမီမှာ ဘာမထီ ဇာနည် ဟိတ်ကယ်နှင့် သွေးမညိတ် ရဲရင့်စွာ ကဲမြင့်သမ္ဘာ၊ သတ္တိကောင်း ဇာတာကို ကျမ်းအလာ ဟောကြတော့လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသောရာသီ၌ တနင်္ဂနွေ၊ ကြာသပတေး၊ အင်္ဂါဂြိုဟ် သုံးလုံးတို့ပူးမူ ထိုဇာတာရှင်ကား မှူးမတ်အရာရှိကြီးများ ဖြစ်တတ်၏။ ထင်ပေါ်ကျော်စောတတ်၏။ တန်ခိုးအရှိန်အဝါရှိ၏။ ထက်မြက်သော စိတ်နေစိတ်ထားရှိတတ်၏။ မှန်ကန်သော သစ္စာတရားများနှင့်ပြည့်စုံတတ်၏။ သူတစ်ပါးတို့ စံမမီနိုင်အောင် ကောင်းသောကံဇာတာ ပါရှိ၏။ တနင်္ဂနွေ၊ အင်္ဂါ၊ သောကြာဂြိုဟ်သုံးလုံးပူး ကံဇာတာရှင်တို့ကား ရှေးရှေးဘုန်းကံ ပါရမီထက်သန်သော ဇာတာမျိုးဖြစ်၍ အာဇာနည်အမျိုးတို့ကဲ့သို့ ရဲရင့်စွန့်စားသော သတ္တိကောင်း သတ္တိထူးများနှင့် ပြည့်စုံ၍ ကြီးကဲမြင့်မြတ်သော ဘုန်းရှင်သမ္ဘာရှင်များ ဖြစ်တတ်၏ဟု ဆိုလိုသည်။

## ပညာရှိ သုခမိန်ဖြစ်တတ်သော ဂြိုဟ်နေဟော တေးထပ်

(၃၈) ဂဠုန်နှင့်ဆဒ္ဒန်ကြွက် တစ်စက်တည်းစုံပျော်ဥစ္စာရှိ ကံပေါ်ဘဏ်အမြော် ထင်ရှား၊ ကျမ်းဂန်တတ် တုမချိန် သုခမိန် ဖြစ်လိမ့်မမှား၊ လက်မှုတတ် တုမမီ နုပန်းချီထင်ရှား ဆင်ဂဠုန် ပူးများတို့ တူမခြား စံပျော်၊ ထိုသူ့ကို မိန်းမနှောင့်တယ်အကြောင့် ကြ ကြီးလိမ့်မနော်၊ သူရဇ္ဇသောကြာ့ခေါ် ဘူဇခေါ်တူပေါင်းသော မကောင်းတဲ့ ကုဋ္ဌနာ စွဲတတ်လှပါ၊ ကြောင်းလေးဝ ရှေ့ဂေါ်မှာ ကြမ္မာသာ မှတ်ကြရော့လေး။

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော တေးထပ်၌ ၁၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေးဂြိုဟ် သုံးလုံးတို့ပူးမူ ထိုဇာတာရှင်ကား ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ အထွေထွေပေါမျှားတတ်၏။ ထင်ပေါ်ကျော်စောတတ်၏။ ကျမ်းဂန်တတ် ပညာရှိ သုခမိန်ဖြစ်တတ်၏။ ပန်းချီဆေးရေးစသော လက်မှုပညာအတတ်တို့ကိုလည်း ကျွမ်းကျင် လိမ္မာတတ်မြောက်၏။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာဂြိုဟ် သုံးလုံးတို့ ပူးသောဇာတာရှင်တို့မှာ မိန်းမတို့ နှောင့်ယှက်ခြင်းကို ခံရ၍ စိုးရိမ်ကြောင့်ကြ များတတ်၏။ တနင်္ဂနွေ သောကြာ စနေဂြိုဟ်သုံးလုံးတို့ပူးသော ဇာတာရှင်တို့ကား မကောင်းသော ကုဋ္ဌနူနာ စွဲတတ်၏။ ဤသို့ဖြစ်ပျက်ရသော ဇာတာရှင်တို့ကား ရှေးရေးဘဝဟောင်းက အကုသိုလ်ကံကြောင့် ဖြစ်တတ်၏ဟု ဆိုလိုသည်။

## ဂုဏ်အသရေကြီးကျယ်သော ဂြိုဟ်နေဟော တေးထပ်

(၃၉) မိန်နှင့် ကုမ်၊ မကာရ စက်သီဟလေးခွင် တစ်ခုခုရာ ပြင်ဝယ် ရေနတ်ရှင်နဂါး လင်္ဂမြတ်နှင့်အတူ ပျော်သော် မြေပေါ်မှာ တုဘက်စံရှား ရွှေသမ္ဘာဘုန်းရှိန် တထိန်ထိန်ပြန့်ပွား ရဝိန္ဒုအလားသို့ ကြီးမားလိမ့်တေဇိန် ကျက်သရေ တိမ်မညှိုး ရှိန်တန်ခိုး ဝင်းပမမှိန် လင်္ဂရှေ့မှ လေးတန့်အိမ်ဝယ် လဂ်သာမိန် ရှင်မြူးက ထူးပါလိမ့် ဇာတာကျော် ရာဇယုဂ်ခေါ် ကြယ်ရံခ ယုန်သော် မော်လိုဂုဏ်ထင်ပေါ်ထွန်းပါလိမ့်လေး။

ဆိုသော တေးထပ်၌ သိဟ်၊ မကာရ၊ ကုမ်၊ မိန် လေးရာသီတို့တွင် တစ်ခုခုသော ရာသီ၌ လဂ်နှင့် စနေဂြိုဟ်တို့ ပူးသော ဇာတာရှင်တို့မှာ ကောင်းကင်ဝေဟာ အဇတာဝယ် အရှိန်အဝါ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလင်းတောက်ပလျက်ရှိသော နေမင်း၊ လမင်းကြီးတို့ကဲ့သို့ ရှေးရှေးဘဝ ဘုန်းကံသမ္ဘာ အရှိန်တို့သည် တထိန်ထိန်တောက်ပ၍ မြေပေါ်အပြင်မှာ တုမယှဉ်ဘက်မရ ကြီးလှသော တန်ခိုးကျက်သရေတို့ မတိမ်မညှိုးဘဲ အရှိန်အမျိုးမျိုးတို့နှင့်ပြည့်စုံရမည်ဖြစ်သော ကံဇာတာတို့ ပါရှိတတ်၏။ လဂ်မှ လေးတန့် ဗန္ဓုအိမ်၌ လဂ်အိမ်ရှင်ဂြိုဟ်တည်ရှိသော ဇာတာရှင်တို့မှာ ရာဇယုဂ်ဖြစ်၍ ကောင်းကင်အပြင်၌ ကြယ်တာရာအပေါင်းတို့ ခြံရံလျက် တည်ရှိသော ယုန်သော်တာစန်းတမျှကဲ့သို့ ဥစ္စာ ရွှေ၊ ငွေ၊ ခြေ၊ ရွှေသင်းပင်းတို့နှင့် ပြည့်စုံ၍ ထင်ပေါ်ကျော်ကြား ကြီးမားသော ဂုဏ်အသရေရှင်တို့ ဖြစ်ရတတ်ဟု ဆိုလိုသည်။

## ဘုန်းတန်ခိုးကြီးသော ဂြိုဟ်နေဟော တေးထပ်

(၄၀) သိဟ်၊ မေထုန်၊ မကာရ သုံးဌာနရာသီ ကွက်မလပ် ဂြိုဟ်ရင်မီမူ ပါရမီကံထူး ထီးဆောက်မို့ ကြီးမောက်ဖို့ ချီးမြှောက်လို့ မကုန်တယ်။ အာဏာဟုန် ကဲမြင့်လွန်ကြူး အမွန်ဝင့် အလွန်တင့် တံခွန်မြင့် ရဲအလံလို ကဲအမှန်သာမြူး တေဇာရှိန် ဝေဖြာထိန် ကြေငြာသိန် ညွှန့်ဖူးလို့ စိုးပိုင်မှူးနိသင် ဟုတ်သမျှ နတ္တမ ရဒ္ဓဇခေါ် သမုတ်တယ် ဖော်ကုမုဒ် မွှက်ဟ ထင်ထင်၊ လက္ခဏာရှင် သခင်ငယ်လက်နှင့်ပင် တူပေါင်းက ကြောင်းဝေငှသောင်း ဒေသကောင်းပေစွာ ညီးညီးထိန်ထိန် ကြီးတေဇရှိန်၊ ရာဇယုဂ် ထုံးမတိမ်တယ် ဘုန်းအရှိန်ကြီးပါလိမ့်လေး။

ဆိုသော တေးထပ်၌ သိဟ်၊ မေထုန်၊ မကာရ သုံးရာသီ၌ ကွက်မလပ်ဘဲ ဂြိုဟ်တည်ရှိသော ဇာတာရှင်တို့မှာ ရှေးရှေးဘဝက ကုသိုလ်အဟုန်တို့ ကြီးကျယ်ခမ်းနားသော ကံဇာတာပါရှိသူတို့

www.burmeseclassic.com



ဖြစ်၍ ချီးမွမ်းအံ့ဩ ထောမနာ၍ မကုန်နိုင်အောင် တန်ခိုးအာဏာ ရှိတတ်၏။ စစ်မြေပြင်၌ စိုက်ထူ၍ထားသော အောင်လံသဖွယ် အလွန်တင့်တယ်သော ဂုဏ်သရေတို့နှင့် ပြည့်စုံလျက် ကျော်စောထင်ရှား လူအများတို့၏ သခင် ဘုရင်ထီးဆောင်းအလား ကြီးမား မြင့်မြတ်သော စည်းစိမ်ချမ်းသာများကို ခံစားရတတ်၏။ လဂ္ဂဏာသခင်ဂြိုဟ်နှင့် လဂ်တို့ ပူးယှဉ်သော ဇာတာရှင်ကား ရာဇယုဂ်ပါရှိလာ၍ ယူဇနာ တစ်သောင်း အပြောကျယ်သော ဤဇမ္ဗူဒီပါ တောင်ကျွန်းအပြင်ဝယ် လူအပေါင်းတို့ ချီးမွမ်း အံ့ဩ၍ မကုန်နိုင်ရာ အရှိန်အဝါ ထွန်းလင်းတောက်ပလျက် ကြီးလှသော ဘုန်းတန်ခိုးနှင့်ပြည့်စုံရတတ်၏ဟု ဆိုလိုသည်။

## သားသမီး နည်းပါးသော ဂြိုဟ်နေဟော တေးထပ်

(၄၁) ပထနီဘရဂု စန်းဣန္ဒု ကမ္မရှင်ဗန္ဓုမှာ ပါပမြင်မူ သားမတင် မှတ်သား ပုတ္တရ ပါပကြိမ် ထိုအိမ်မှာ ပါပမြင်ငြား ဤနည်းလည်း ရှေးအသွင် သားမဲ့ပင် ဟောငြား ပုတ္တရ သောကြာ၊ နားမှူ သားသမီးပြည့်စုံ ငါးတန့်မှာ စန္ဒရကြီးပါလှ ငါးကာမဂုဏ် ယဉ်ကျေးတဲ့ သူ့ဟန်ပုံမှာ သားမြေးစုံပြန့်ပြောလို့ ကျော်စောလိမ့် လူ့ပြည်မှာ ဘေးရန်ကင်းကွာ သုခိတ ဘုန်းကံပါတတ် နှုန်းစံရာ ဟောကြားတော့လေး။

ဆိုသော တေးထပ်၌ မူလဇာတာ ၁၂ ရာသီစက်၌ လဂ်မှ ၇ တန့် ပထနီရာသီ၌သောကြာဂြိုဟ်ဆယ်တန့် ကမ္မအိမ်၌ တနင်္လာ ဂြိုဟ်တို့တည်ရှိ၍ လဂ်မှ လေးတန့် ဗန္ဓုအိမ်၌ ပါပဂြိုဟ်လေးလုံး တွင် တစ်လုံးလုံးတည်ရှိမူ ထိုဇာတာရှင်တို့ကား သားသမီးနည်းပါး တတ်၏။ လဂ်မှ ငါးတန့် ပုတ္တရာသီအိမ်သည် ပါပရာသီအိမ်



ဖြစ်၍ ထိုအိမ်၌ ပါပဂြိုဟ်လေးလုံးတို့တွင် တစ်လုံးလုံး တည်ရှိမူလည်း ယခင်ကနည်းတူ သားသမီးမတင် သားသမီးနည်းပါးတတ်၏။ လဂ်မှ ငါးတန့် ပုတ္တရရာသီအိမ်၌ သောကြာတည်မူ သားသမီးအခြွေအရံတို့နှင့် ပြည့်စုံတတ်၏။ တနင်္လာတည်မူ ကာမဂုဏ် ငါးပါးတို့ကို များစွာလိုလားတတ်၏။ ရုပ်ရည် ရူပကာယ လှပပြေပြစ်သည့်အပြင် ယဉ်ကျေးသိမ်မွေ့သော ကိုယ်နှုတ် အမူအရာ ရှိတတ်၏။ သားသမီး အခြွေအရံနှင့်တကွ ပစ္စည်းဥစ္စာရတနာတို့လည်း ပြည့်စုံ၍ လူ့ဘုံလောကီတွင် တုယှဉ်၍ မမီအောင် လှပလျက် အနိဋ္ဌဘေးရန်တို့မှ ပပျောက်ပြီး ရှေးဘဝကုသိုလ်ကံပါရမီထူး ရင့်သန်လေသောကြောင့် ကိုယ်စိတ်နှစ်ပါးချမ်းသာသုခများကို ရရှိလျက် ကျော်စောထင်ရှားတတ်၏ဟု ဆိုလိုသည်။

## စန်းမီးရှူးတွက်နည်းဟော တေးထပ်

(၄၂) သတ္တရာ မူလကို ဒွါဒသ ဘာဂါ ကြွင်းသမျှ သချာမှာ တိဗေဒါ စွက်လောင်း ဖွားလဂ်က အသူရိန်ကို တူတစ်ချိန်ခွင်စွက်လို့ပေါင်း လဂ်သခင့် ရာသီကို နေဆီက မှတ်ရှောင်း ပ, နာရီ စဉ်ခါလောင်း သွေမစောင်းတည်ပါ လဂ်သခင် ပိုင်ဂြိုဟ်သက်ကယ်နှင့် ပွားမြှောက်လျက် ဆယ့်နှစ်ဘာဂါ ထိုလဒ်ကို ထပ်ခါခါ စားမြဲသာ ကုပ်စားလို့ကြွင်းကိုကား ဘူဇဂေ ရေနတ်ကရေ သမသတ် တကွနေမူ စန်းမဟော မီးရှူးတဲ့လေး။

ဆိုသော တေးထပ် အဓိပ္ပာယ်ကား မိမိတို့ မူလသက္ကရာဇ်ကိုတည် ၁၂ ခုစား အကြွင်းတွင် ၄၃ ခု နှောရသော သချာ်ကြွင်း မိမိတို့ မူလဇာတာလဂ်မှ ရာဟုတိုင်အောင် လက်ျာရေ ရာသီ

www.burmeseclassic.com



ဖြစ်၍ ထိုအိမ်၌ ပါပဂြိုဟ်လေးလုံးတို့တွင် တစ်လုံးလုံး တည်ရှိမူလည်း ယခင်ကနည်းတူ သားသမီးမတင် သားသမီးနည်းပါးတတ်၏။ လဂ်မှ ငါးတန့် ပုတ္တရရာသီအိမ်၌ သောကြာတည်မူ သားသမီးအခြွေအရံတို့နှင့် ပြည့်စုံတတ်၏။ တနင်္လာတည်မူ ကာမဂုဏ် ငါးပါးတို့ကို များစွာလိုလားတတ်၏။ ရုပ်ရည် ရူပကာယ လှပပြေပြစ်သည့်အပြင် ယဉ်ကျေးသိမ်မွေ့သော ကိုယ်နှုတ် အမူအရာ ရှိတတ်၏။ သားသမီး အခြွေအရံနှင့်တကွ ပစ္စည်းဥစ္စာရတနာတို့လည်း ပြည့်စုံ၍ လူ့ဘုံလောကီတွင် တုယှဉ်၍ မမီအောင် လှပလျက် အနိဋ္ဌာရုံ ဘေးရန်တို့မှ ပပျောက်ပြီး ရေးဘဝကုသိုလ်ကံပါရမီထူး ရင့်သန်လေသောကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခများကို ရရှိလျက် ကျော်စောထင်ရှားတတ်၏ဟု ဆိုလိုသည်။

## စန်းမီးရှူးတွက်နည်းဟော တေးထပ်

(၄၂) သက္ကရာ မူလကို ဒွါဒသ ဘာဂါ ကြွင်းသမျှ သင်္ချာမှာ တိဗေဒါ စွက်လောင်း ဖွားလဂ်က အသူရိန်ကို တူတစ်ချိန်ခွင်စွက်လို့ပေါင်း လဂ်သခင့် ရာသီကို နေဆီက မှတ်ရှောင်း ပ, နာရီ စဉ်ခါလောင်း သွေမစောင်းတည်ပါ လဂ်သခင် ပိုင်ဂြိုဟ် သက်ကယ်နှင့် ပွားမြှောက်လျက် ဆယ့်နှစ်ဘာဂါ ထိုလဒ်ကို ထပ်ခါခါ စားမြဲသာ ကုပ်စားလို့ကြွင်းကိုကား ဘူဇင် ရေနုတ် ကရေ သမသတ် တကွနေမူ စန်းမဟော မီးရှူးတဲ့လေး။

ဆိုသော တေးထပ် အဓိပ္ပာယ်ကား မိမိတို့ မူလသက္ကရာဇ်ကိုတည် ၁၂ ခုစား အကြွင်းတွင် ၄၃ ခု နှောရသော သင်္ချာတွင် မိမိတို့ မူလဇာတာလဂ်မှ ရာဟုတိုင်အောင် လက်ျာရှစ် ရာသီ

www.burmeseclassic.com

www.burmeseclassic.com



အစဉ်ရေ၍ နှောရသော သချ်ာတွင် မိမိတို့မူလဇာတာ တနင်္ဂနွေ တည်ရာမှ လက္ခဏာသခင် ဂြိုဟ်တည်သော ရာသီတိုင်အောင် ရေ၍ အပ နာရီကို အစဉ်အတိုင်းနှောရသော ကိန်းကိုတည် လက္ခဏာ သခင်ဂြိုဟ်တည်သော ရာသီအိမ်ရှင် ဂြိုဟ်သက်နှင့် မြှောက် ၁၂ ခုစား ရသော လဒ်ကို ၁၂ ခုစားလောက်သည့်တိုင် အောင် အထပ်ထပ်စား အကြွင်းသချ်ာအတိုင်း မိမိတို့မူလဇာတာ စနေဂြိုဟ်တည်ရာမှရေ ထိုမှ ငါးတန့် ငါးတန့် လှည့်၍ ကြက်ခြေ ၃ တန့်ပြ။ ထိုကြက်ခြေတို့ကား မိမိတို့ မူလစန်းတည်ရာမှ သမ သတ်နေမှုလည်းကောင်း၊ ထပ်တူ တစ်ရာသီတည်းနေမူလည်း ကောင်း၊ စန်းမီးရှူးရသော ဇာတာဖြစ်၍ အလွန်ကောင်း၏ဟု ဆိုလိုသည်။

(ဥပမာတွက်ပုံ) မူလသက္ကရာဇ် ၁၂၆၁ ခုကိုတည် ၁၂ ခု စား တစ်ခုအကြွင်းတွင် လေးဆယ့်သုံးခုနှော ရသော လေးဆယ့် လေးတွင် လဂ်မှ ရာဟုတိုင်အောင်ရေ၍ ရသော ငါးခု သချ်ာနှော ၎င်းရသော ၄၉ တွင် တနင်္ဂနွေတည်ရာ မကာရရာသီမှ လက္ခဏာ သခင် ကြာသပတေးဂြိုဟ်တည်သော ဗြိစ္ဆာရာသီတိုင်အောင် ၁၁ ရာသီရှိ အပ နာရီ ၁၃၈ ကို နှောရသော ၁၈၇ ကိန်းကိုတည် လက္ခဏာသခင် ဂြိုဟ်တည်သော ဗြိစ္ဆာရာသီအိမ်ရှင် အင်္ဂါဂြိုဟ် သက် ၈ နှင့်မြှောက်ရသော ၁၄၉၆ ကိုတည် ၁၂ စား အကြွင်း ၈ခု၊ လဒ် ၁၂၄ ရ၏။ အကြွင်းရှိ၍ လဒ်သို့ တစ်ခုတိုးရသော ၁၂၅ ကို တည်ပြန်။ ၁၂ ခုစားမြဲစား လဒ်ကား တစ်ဆယ် အကြွင်း ငါးဖြစ်၏။ ရလဒ်ကို ၁ ခု တစ်ဖန် စားသော် မစားလောက် သည်ဖြစ်၍ ၎င်းအကြွင်း ခု သချ်ာအတိုင်း ၎င်းဥပမာ ဇာတာမူလ

www.burmeseclassic.com



စနေတည်ရာ ခနှရာသီမှ လက်ဝဲရစ်လှည့်၍ ငါးတန့်ရှေသော် မိဿရာသီ၌ ပထမကြက်ခြေခတ်။ ထိုမှ ငါးတန့်လှည့်၍ သိဟ်ရာသီ၌ ဒုတိယကြက်ခြေခတ်။ ထိုမှ ငါးတန့်လှည့်၍ ခနုရာသီ၌ တတိယကြက်ခြေခတ်။ ထိုကြက်ခြေသုံးတန့်တွင် ခနုရာသီ တတိယကြက်ခြေသည်။ မေထုန်ရာသီ မူလစန်းနှင့် သမသတ်ဖြစ်သောကြောင့် ၎င်းဇာတာရှင်ကား စန်းမီးရှူးရ၍ အလွန်ကောင်း၏ဟု ဟောဆိုလေ။

ဤဇာတာကား (ဗေဒလက်စွဲကျမ်းလာ)ဥပမာဇာတာတည်း။

**မှတ်ချက်**။ ။ ဤဖေးထပ်၌ ပ နာရီ စဉ်ကာလောင်းဆိုရာဝယ် အပ နာရီကား မိဿရာသီကစ၍ မိန်ရာသီတိုင်အောင် အပ၊ အသီ၊ အတီ၊ အရင်း၊ အတင်း၊ အတန်၊ အမှန်၊ အလှ၊ အစ၊ အကုန်း၊ အဆုံး၊ အလယ်၊ ဟူသော လက်ာဖြင့် နံသင့်အလိုက်ယူ၍ အပ၊ နာရီကို တနင်္ဂနွေတည်ရာမှ လက္ခဏာသခင်ဂြိုဟ်တည်သော ရာသီတိုင်အောင်ရေ၍ နှောလေ။

## မယားကြီးငယ်ရ ဇာတာဟော ဖေးထပ်

(၄၃) ရွှေဖူးစာ မှန်သမျှ နံသတဲ့ဒေဝါ ကံပြတဲ့အရာကို မြဲသေချာ မှတ်သား။ ယောကျာ်းတို့ ဇာတာမှာ ဟောစရာကျမ်းကမြွက်ကြား။ ရဝိန္ဒု သိဟာအိမ်မူ သောကြာ ကြိမ်ခိုနား ကညာခင်ပျိုထွား ရငြားလိမ့်ကြင်ရာ၊ ပြောင်နာဂိန် ရာသီတွင်း ပူးနတ်မင်းစံပျော်သည်မှာ။ ရွှယ်တူမျှ ဘရိယာကို ရကျိန်းသာမှန်ပြတော့ ဥန္ဒုရစက်နဂိုရ်ပူး, ဘရဂုခို။ ရွှယ်ကြီးတဲ့ အမယ်အိုကို မျိုမလို ချစ်ရလိမ့်လေး။

ဆိုသောဖေးထပ်၌ ယောကျာ်းတို့ဇာတာ ဆယ့်နှစ်ရာသီ

www.burmeseclassic.com

www.burmeseclassic.com



စက်၌ သောကြာဂြိုဟ်သည် ဘာရိယ မယားဂြိုဟ်ဖြစ်၍ ထိုဂြိုဟ်သည် တနင်္ဂနွေအိမ်ဖြစ်သော သိဟ်ရာသီ တနင်္လာအိမ်ဖြစ်သော ကြင်္ကရာသီ အင်္ဂါအိမ်ဖြစ်သော မိဿ၊ ဗြိစ္ဆာနှစ်ရာသီ ဤလေးချက်တို့တွင် တစ်ခုခုသော ရာသီ၌ တည်ရှိမူ မိမိအောက် ငယ်ရွယ်သူ နုပျိုထွား ယဉ်ကျေးလှပသော သတိုးသမီး ကညာစစ်ကလေးများနှင့် ဖူးစာဖက်ပြိုင်ရတတ်၏။ သောကြာဂြိုဟ်သည်။ ဗုဒ္ဓဟူးအိမ်ဖြစ်သော မေထုန်၊ ကန်၊ နှစ်ရာသီ စနေအိမ်ဖြစ်သော မကာရ၊ ကုမ်၊ နှစ်ရာသီ ဤလေးရာသီတို့တွင် တစ်ခုခုသော ရာသီ၌ တည်ရှိမူ အသက်အရွယ်ချင်းတူမျှသော ကြင်ရာမယားကို ရတတ်၏။ သောကြာဂြိုဟ်သည် ကြာသပတေးအိမ်ဖြစ်သော ဓနု၊ မိန် နှစ်ရာသီတို့တွင် တစ်ခုခု၌ တည်ရှိမူ မိမိထက် အသက်အရွယ်ကြီးရင့်လှသော အမယ်အို အဖွားအိုကြီးများနှင့် ညားရ၍ အားမရပြုံးချိုချို ကုန်းကွရွပ်ယို အမယ်အိုတို့ကို မျိုမလို ချစ်ခင်ရတတ်၏ဟု ဆိုလိုသည်။

## လင်ကြီးငယ်ရ ဇာတာဟော တေးထပ်

(၄၄) ကံဖူးစာပြိုင်ခွင့် ဆိုင်သင့်တဲ့ဆရာ မိန်းမတို့မူဇာတာမှာ ဂြိုဟ်သီဟာ ခြင်္သေ့၊ ကျားမင်းနှင့် ရွှေဂဠုန် နန်းရိပ်ဘုံ မြူးပျော်စံမွေ့၊ သည်ကိန်းနှင့်ဆုံပါမူ မှုံနံ့သာမသွေ့၊ စိတ်တိုင်းကျအလိုပြည့် လင်ကလေ့ ကြင်ဖော်၊ ဆင်နှင့်မြွေ ရာသီတွင်း ခြင်္သေ့မင်းစံကိန်းမှာသော်၊ ရွယ်တူမျှ လင်ရတော် ကြွက်ပူးပေါ်ခြင်္သေ့မြူးက ရွယ်ကြူးတဲ့ အဘိုးအိုပေါင်းရလိမ့်ကိုယ် ရွယ်မလှကံ နဂိုငယ် အလိုတော်ကျဘူးပလေး။

ဆိုသော တေးထပ်၌ မိန်းမတို့ဇာတာ ၁၂ ရာသီစက်၌ အင်္ဂါ

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်သည် တနင်္ဂနွေအိမ်ဖြစ်သော သိဟ်ရာသီ တနင်္လာအိမ်ဖြစ်သော ကြင့်ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ တည်ရှိမူ မိမိအောက်ငယ်ရှယ်သူ ရုပ်ရေလှပသော လူပျိုစစ်ယောကျ်ားကလေးများနှင့် ညားတတ်၏။ အားမရ တင်းမတိမ်နိုင်အောင် စိတ်တိုင်းကျ အလိုပြည့်ပြီး ပျော်မွေ့စွာခံစားရတတ်၏။ အင်္ဂါဂြိုဟ်သည် ဗုဒ္ဓဟူးအိမ်ဖြစ်သော မေထုန်၊ ကန် နှစ်ရာသီ၊ စနေအိမ်ဖြစ်သော မကာရ၊ ကုမ် နှစ်ရာသီ ဤလေးရာသီတို့တွင် တစ်ခုခုသော ရာသီ၌ တည်ရှိမူ အသက်အရွယ်ချင်း တူမျှသော လင်ယောကျ်ားကို ရတတ်၏။ အင်္ဂါဂြိုဟ်သည် ကြာသပတေးအိမ် ဖြစ်သော ဓနု၊ မိန် နှစ်ရာသီ၊ သောကြာအိမ်ဖြစ်သော ပြိဿ၊ တူ နှစ်ရာသီ၊ ဤလေးရာသီတွင် တစ်ခုခု၌တည်ရှိမူ မိမိထက် အသက်အရွယ်ကြီးသော ကုန်းကွရှုပ်ယို အဘိုးအိုကြီးနှင့် ညားကြ၍ အားမရ အလိုမပြည့်ဘဲ အပူငွေ့အမှန် အခိုးထလျက် ကံဆိုးမ၊ ကံဆိုးမဟု ညည်းညူအောင့်အည်း သည်းခံ၍ ပေါင်းသင်းရတတ်၏ဟု ဆိုလိုသည်။

## မယားကောင်း လင်ကောင်းရ ဇာတာဟော တေးထပ်

(၄၅) ဒွါဒရီ ရာသီစက် ဗြို့ဟာဇ်ထွက် ကျမ်းလာ ယောကျ်ားတို့ ဇာတာမှာ ပူးရာဇာ လျှံဝင်း၊ တူ၊ ပြိဿ၊ ကသစ်စံမူ မယားကံထူးလိမ့်မယွင်း၊ မိန်းမတို့ ဇာတာမှာ ဂြိုဟ်သိဟာရောင်လင်း မိဿနှင့် ဗြိစ္ဆာတွင်း သူတစ်မင်းကသစ်စံပျော်၊ ယောကျ်ားကံ သွေမစောင်း မိတ်ဆွေကောင်းရကြလိမ့်နော်၊ ဝေဟာသ ကောင်းကင်ပေါ်ဝယ် ရျာန်မွေ့ပျော်ရသေ့တို့ ကျမ်းစာတွေ့ မိန့်ခဲ့မှာ ဟောတော့ သေချာ မှန်တတ်လှ သူ့ပညာကို လူ့ခွင်မှာ သုံးကြဖို့လေး။

ဆိုသော တေးထပ်၌ ယောကျ်ားတို့ဇာတာ ၁၂ ရာသီ စက်၌

www.burmeseclassic.com

www.burmeseclassic.com



သောကြာဂြိုဟ်သည် မိမိအိမ်ဖြစ်သော တူ၊ ပြိဿနှစ်ရာသီတွင် တစ်ခုခု၌ တည်ရှိမူ လင်ဝတ်ငါးပါးမပျက် ချစ်နှစ်သက်စဖွယ် တင့်တယ်လှပစွာ ရုပ်ရည်ရူပကာရ လှပပြေပြစ်၍ ရွှေရည်နှစ် အဆင်းကဲ့သို့ တင့်တယ်သော အဆင်းသဏ္ဌာန်တို့နှင့် ပြည့်စုံလျက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် မိုးတုန် မြေပြန့်တိုင်း လုံးနှံ့ကျော်စောထင်ရှားနိုင်သော ယောကျ်ားကောင်း ယောကျ်ားမြတ်တို့နှင့် ပေါင်းသင်းဆက်ဆံရတတ်၏ဟု ဝေဟာကောင်းကင် စျာန်ယာဉ်ပျော်မွေ့ ရှင်ရသေ့တို့ အားထုတ်ဟောကြားရေးသားထားခဲ့သော လောကီဗေဒင်ကျမ်းတို့၌ မိန့်မှာထားသည့်အတိုင်း ဟောပြောပါက အလွန်မှန်ကန်လှသော အတတ်ပညာတို့ပေတည်းဟု ဆိုလိုသည်။

## မယားဆိုး-လင်ဆိုးရ ဇာတာဟော တေးထပ်

(၄၆) သောကြာဂြိုဟ် နိစ်ပြ ဟိတ်အရ ကျမ်းလာ ယောကျ်ားတို့ ဇာတာမှာ ချစ်ကြင်ရာမယား။ ဂုဏ်ဒြပ်မကျော်ထင် အပေါ်လွင်မိန်းမနှင့်ညား။ မိန်းမတို့ ဇာတာမှာ ဂြိုဟ်အင်္ဂါ ထို့လား နိစ်၊ ပြ၊ အိမ်ကြိမ်ညားက ယောကျ်ားကောင်း မရရှာ။ စံပယ်ဖြူ မပန်ရ ဟန်မကျ ရွယ်ကြီးနှင့်သာ။ စိတ်မချ ရာဂမှာ ထွေတစ်ရာ ရှိတတ်ဟု ဟူးရာတတ်ရသေ့မှာ မမေ့ကြရာ။ ဖူးစာပြဖန်အရာကို ကံသမ္ဘာနတ်ညွှန်းတဲ့လေး။

ဆိုသောတေးထပ်၌ ယောကျ်ားတို့ဇာတာ ၁၂ ရာသီစက်၌ သောကြာဂြိုဟ်သည် နိစ်၊ အိမ်ဟူသော ကန်ရာသီပြ, အိမ်ဟူသော မိဿ၊ ဗြိစ္ဆာနှစ်ရာသီ။ ထိုသုံးရာသီတွင် တစ်ခုခု၌ တည်ရှိမူ မယားကောင်းမရတတ်။ လျှပ်ပေါ်လော်လည် မတည်ကြည်သော မိန်းမနှင့်

www.burmeseclassic.com

www.burmeseclassic.com



ညားရတတ်၏။ မိန်းမတို့ဇာတာ၌ အင်္ဂါဂြိုဟ်သည် နိစ်၊ အိမ်ဟူသော ကြဋ္ဌ်ရာသီ။ ပြ, အိမ်ဟူသော ပြိဿ၊ တူ နှစ်ရာသီ သုံးရာသီတို့တွင် တစ်ခုခု၌ တည်ရှိမူ လင်ကောင်း မရတတ်။ မိမိထက် အသက်အရွယ်ကြီးမားသော လူအိုကြီးများနှင့် ညားရတတ်၏။ မိမိအလိုရှိတိုင်း ဃရာဝါသမပြည့်စုံခြင်း ကိစ္စကြောင့် သေမလောက်မျှ မကောင်းပါတကားဟု ထွေရာလေးပါးစိတ်ပြန့်ပွားလျက် ရှိတတ်၏ဟု ဟူးရားတတ် ရသေ့ကျော်တို့ မိန့်မှာတော်မူခဲ့သည်များကို မမေ့မလျော့ကြဘဲ မိမိကံတည်းဟူသော ဖူးစာနတ်တို့ ညွှန်ကြား၍သာ တွေ့ဆုံပေါင်းသင်းရသည်ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ ယောက်ျားတို့ ဇာတာ၌ ၄၃ နံပါတ် တေးထပ်အရ သောကြာဂြိုဟ်သည် မိဿ၊ ဗြိစ္ဆာဟူသော အင်္ဂါအိမ်၌နေမူ ငယ်ရွယ်သော မယားကို ရတတ်၏ဟု ဆိုသော်လည်း ၄၆ နံပါတ် တေးထပ်အရ ပြအိမ်အရ လျှပ်ပေါ်လော်လည်သော မိန်းမသာ ဖြစ်တတ်၏။ ၄၃ နံပါတ် တေးထပ်အရ သောကြာဂြိုဟ်သည် ကန်ရာသီ ဗုဒ္ဓဟူးအိမ်၌နေမူ အရွယ်တူသော မယားကိုရသော်လည်း ၄၆ နံပါတ် တေးထပ်အရ နိစ်၊ အိမ်ဖြစ်၍ လျှပ်ပေါ်လောလည်ညုံ့ဖျင်းသော မိန်းမမျိုးသာ ဖြစ်တတ်၏။ ၄၈ နံပါတ် တေးထပ်အရ သောကြာဂြိုဟ်သည် မိန်ရာသီ ကြာသပတေးအိမ်နေမူ အရွယ်ကြီးသော မိန်းမအိုကြီးကို ရသော်လည်း ၄၅ နံပါတ် တေးထပ်အရ ဥစ်အိမ်ဖြစ်၍ စိတ်သဘောကောင်းစွာ မှီခိုအားထားရာဖြစ်သော မိန်းမမျိုးဖြစ်တတ်၏။ မိန်းမတို့ဇာတာ၌ အင်္ဂါဂြိုဟ်သည် ၄၄ နံပါတ်တေးထပ်အရ ကြဋ္ဌ်ရာသီ တနင်္လာအိမ်၌နေမူ ငယ်ရွယ်သော လင်ယောက်ျားကိုလည်းကောင်း ၄၆ နံပါတ်

www.burmeseclassic.com

www.burmeseclassic.com



တေးထပ်အရ နှစ်အိမ်ဖြစ်၍ အရွယ်ကြီးသော အဘိုးအိုကိုလည်း ကောင်း ရတတ်၏ဟု နှစ်မျိုးဆို၏။ သို့နှစ်မျိုးပင် ဆိုသော်လည်း ကြဋ္ဌရာသီတွင် အင်္ဂါဂြိုဟ်တည်ရှိသော မိန်းမတို့မှာ ငယ်သည် ဖြစ်စေ ကြီးသည်ဖြစ်စေ ရရှိသော လင်ယောကျ်ားတို့ကား နှစ် အိမ်ဖြစ်သောကြောင့်လည်းကောင်း၊ တနင်္လာအိမ်ဖြစ်သော ကြောင့်လည်းကောင်း၊ မကောင်းဆိုးဝါး မိုက်မဲတွေဝေသော လင်ယောကျ်ားမျိုးကိုသာ ရတတ်၏။ တစ်နည်း ဘယ်မျှကောင်း၍ ဘုရားလောင်းပင်ဖြစ်သော လင်ယောကျ်ားတို့ ဖြစ်လင့်စကား ၎င်းဇာတာရှင်သည် မိမိလင်ကို မည်သည့်အခါမျှ ကောင်းသည် ဟု မထင် ဇာတာရှင်၏ ကံကြမ္မာပင်တည်း။ အင်္ဂါဂြိုဟ်သည် ၄၄ နံပါတ် တေးထပ်အရ မကာရရာသီ စနေအိမ်၌နေမူ အရွယ်တူသော လင်ယောကျ်ားကိုရ၍ ၄၅ နံပါတ် တေးထပ်အရ ဥစ်အိမ်ဖြစ်၍ ကောင်းသော လင်ယောကျ်ားမျိုးသာ ဖြစ်တတ်၏။ အင်္ဂါဂြိုဟ်သည် ၄၄ နံပါတ် တေးထပ်အရ ပြိဿ၊ တူ၊ ဟူသော သောကြာအိမ်၌ နေမူ ကုန်းကွရှုပ်ယို လင်အိုကြီးကိုရ၍ ၄၆ နံပါတ် တေးထပ်အရ ပြ အိမ်ဖြစ်၍ မိုက်မဲတွေဝေ တေလေ၊ လူရမ်း၊ ဆိုးသွမ်းသော လင်ယောကျ်ားမျိုး ဖြစ်တတ်၏။ ယောကျ်ားတို့ ဇာတာ၌ သောကြာဂြိုဟ်သည် မိမိအိမ်ဖြစ်သော တူ၊ ပြိဿ၌ နေမူလည်းကောင်း မိန်းမတို့ ဇာတာ၌ အင်္ဂါဂြိုဟ်သည် မိမိအိမ် ဖြစ်သော မိဿ ပြိဿ၌ နေမူလည်းကောင်း၊ ၃၅ နံပါတ် တေး ထပ်အရ မယားကောင်းလင်ကောင်းများကိုသာရနိုင်၏ဟု မှတ်လေ။

## ကာမဂုဏ်များတတ်သော ဇာတာဟော တေးထပ်

(၄၇) ရွှေဂုစံခြင်္သေ့နှင့် စန်းမလေ့ ငွေယုန်ရာသီနန်းတူစုံမူ

www.burmeseclassic.com

www.burmeseclassic.com



ဇာတာပုံ မမှား၊ ကာမေသု ဖောက်ပြန် မသွေလှန် မိန်းမယောက်ျား မကောင်းကျင့်ရန် အလိုစိတ်မာန်ညိုဝင်စား စန်းဂြိုဟ်နှင့် နဂါး မကွဲပြားတူနေ၊ သူ့လင်နှင့် သူ့သား ယဉ်ပါးလို့ ခိုးတတ်လှချေ၊ ငယ်လင်ကို မရှိသေသည် စိတ်အနေ ပုံမကျလို့ ဂြိုဟ်စန္ဒ ငွေဖြူယုန် ကြွက်မင်းနှင့်ဆုံ၊ ဇာတာက ဗျာပါစုံတယ်လင်သေပုံ များလှချည့်လေး။

ဆိုသော တေးထပ်၌ မိန်းမယောက်ျားတို့ ဇာတာ ၁၂ ရာသီ စက်၌ တနင်္လာ၊ အင်္ဂါပူးမူ ကာမဂုဏ် အလွန်များတတ်၏။ ယောက်ျားမြင်ရာ မိန်းမမြင်ရာများကို လိုက်စားနှစ်သက်တတ်၏။ တနင်္လာ။ စနေပူးမူ သူတစ်ပါး လင်သား၊ သူတစ်ပါးသားမယား တို့ကို ခိုးယူတတ်၏။ ကြာခိုတတ်၏။ မိမိလင်ယောက်ျားကို မရှိသေတတ်၊ မိမိစိတ်အလိုအတိုင်း နေထိုင်တတ်၏။ ခက်ထန် သော မာနရှိတတ်၏။ တနင်္လာ၊ ကြာသပတေးပူးမူ မိန်းမတို့မှာ လင်ယောက်ျား သေဖန်များ၍လည်းကောင်း ယောက်ျားတို့မှာ မယားသေဖန်များ၍လည်းကောင်း စိုးရိမ်ဗျာပါရ များတတ်သော ဇာတာမျိုးဟု ဆိုလိုသည်။

## အပျိုအိုဖြစ်သော ဇာတာဟော တေးထပ်

(၄၈) ရွှေစက်အိမ် ရဟတ် ငွေဇလပ်ပန်းခိုင် ဘုံနန်းကြော့ ဂနိုင် ရေနတ်ပိုင် မာန်ပွား၊ ကေသရိန် ဂူစားနှင့်မြင် ညာလို့ မတော်၊ တစ်ပင်စံလင်ကံရှိင်း ဟိုင်းလိမ့်မည့်ဇာတာပုံပေါ်၊ ရွှေပူးမြတ် သမသတ်ပေါ်မှာ ရေနတ်ပျော် ခြသေ့်နှင့်တူပျော်မွေ့ ခိုလှုံ၊ လှကော့ ခိုင် မရွှင်ပျ လင်မရအိုကိန်းနှင့်ကြုံ၊ ဇာတာကောင်းလာ၍မှာ ကုသိုလ်ဟုန် ထပ်ပွားလို့ မာယာများ ပရိယာယ် ပြောရမှာရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရေလောင်းတဲ့ မြောင်းသွယ်လျှင် လယ်ကောဝယ် ကြွယ်သီးတန် ငဲ့လေး။

ဆိုသော တေးထပ်၌ မိန်းမတို့ဇာတာ ၁၂ ရာသီစက်တွင် တနင်္လာအိမ်ဖြစ်သော ကြင်္ကရာသီ၌ စနေ၊ အင်္ဂါဂြိုဟ်တို့ပူးမူ လည်းကောင်း၊ တစ်နည်း တနင်္လာ၊ အင်္ဂါ၊ စနေဂြိုဟ်သုံးလုံးတို့ တစ်ရာသီတည်း ပူးမူလည်းကောင်း လင်ကံရှိင်းသဖြင့် အရွယ်လွန် အပျိုဟိုင်းကြီးများဖြစ်၍ လင်မရဘဲ တစ်ကိုယ်တည်း နေရတတ်၏။ မိန်းမတို့ဇာတာ၌ သောကြာဂြိုဟ်တည်ရာမှ ခုနစ်တန့် ရာသီတွင် စနေ၊ အင်္ဂါဂြိုဟ်တို့ပူးမူ ထိုဇာတာရှင်ကား ထင်ရှားစွာ လင်မရဘဲ အပျိုအိုကြီးများ ဖြစ်ရတတ်၏။ ကုသိုလ်ကောင်းမှုတို့ ကိုကား များစွာပြုလုပ်လှူဒါန်းရတတ်၏။ ပရိယာယ် မာယာများ တတ်၏။ လယ်တော၌ စိုက်ပျိုးထားသော ကောက်ပဲ အသီးအနှံ တို့သည် ကောင်းမွန်စွာ ရေလောင်းမြောင်းသွယ်၍ပေးပါက အနည်းငယ်မျှသော အသီးအပွင့်တို့ သီးပွင့်နိုင်ဘိသကဲ့သို့အတူ ထိုသူနှစ်ယောက်တို့၏ စပ်ကြားတွင် အောင်သွယ်များ အလွန် ကောင်းပါက သင့်လျော်သော လင်ယောကျ်ားများကို ရတန် ကောင်းပါသေးသည်။ စိတ်မပျက်ပါနှင့် ကြိုးစား၍ ကြံပါဟုဆိုလေ။

**လင်သေ၊ မယားသေများသော ဇာတာဟော တေးထပ်**

(၄၉) ပထနီလင် သမသတ် ရစ်ပတ်လို့မြွေခွေယောကျ်ားမူ မယားသေ သုံးယောက်လေမလွဲ။ မိန်းမလည်း ထို့တူ လင်သေသူ မှတ်တော့အမြဲ။ စန်းလင်နှင့် သိဟ်ခွင်မှာ တူစုံလင်ယှဉ်တွဲ သား နှင့်လင် ကြိမ်ကြိမ်ကွဲ လွှန်ဆင်းရဲ ပူဆာယောကျ်ားဆို ထိုပုံမအိပါ ရော့။ ကျမ်းဗြိုဟ်ဇိဟောမိန့်သချာ၊ သောကြာနှင့် စန္ဒရာ

www.burmeseclassic.com

www.burmeseclassic.com



တူမကွာယှဉ်ပူးက ကြုံထူးလို့တွေ့မရှောင် ထားတဲ့လင်စောင်။
ယောကျ်ားလည်းလူ တို့ဘောင်မှာ ကိလေမှောင် ကြီးတတ်လှလေး။

ဆိုသော တေးထပ်၌ မိန်းမ ယောကျ်ား နှစ်ပါးသောသူတို့၏ ဇာတာ ၁၂ ရာသီစက်တွင် မူလလဂ်မှ သမသတ်ခုနှစ်တန့် ရာသီ၌ စနေတည်ရှိမူ ယောကျ်ားဇာတာဖြစ်က မယားသေဆုံး ပျက်စီး၍ အနည်းဆုံး အိမ်ထောင်သုံးဆက် ရှိတတ်၏။ မိန်းမလည်း နည်းတူပင် သိဟ်ရာသီတွင် စန်းလဂ်နှစ်ပါးပူးယှဉ်သော ဇာတာများမှာ သားသမီး၊ လင်ယောကျ်ားများနှင့် အကြိမ်ကြိမ် ကွဲရသဖြင့် အလွန်ပူဆွေး ဒုက္ခရောက်တတ်၍ ယောကျ်ားလည်း နည်းတူပင် တနင်္လာနှင့် သောကြာဂြိုဟ်သည် မည်သည့် ရာသီမှာမဆို ပူးယှဉ်မူ ကိလေသာရာဂတို့ ပိုလွန်များပြားလှ၍ လင်ကြီးနှင့်အားမရဘဲ ယောကျ်ားမှန်က တွေ့မရှောင် လင်မြှောင်လင်စောင် များထားတတ်၏။ ယောကျ်ားများလည်း ထိုအတူတည်းဟု ဆိုလိုသည်။

## ကိလေသာရမ္မက်များတတ်သော ဇာတာဟော တေးထပ်

(၅၀) လစန္ဒာ ဘောမနှင့် ဂုရုပတူပျော် သူ့ခင်သည့်ကြင်ဖော်မှာ ရမ္မက်ပျော် မောက်ကြွား။ ကာမဂုဏ်စည်းစိမ်ကို အကြိမ်ကြိမ် ယွင်းဖောက်တတ်ငြား။ သူ့ကာယရုပ်ရည်မှာ မရှင်ကြည် အသား ရွှံစလီစက်ရှားအောင် များတတ်လှနုနာ။ သဖန်းရောင် စိုခြောက်ကယ်နှင့် ကိုယ်တစ်လျှောက်စွဲတတ်လှပါ။ ဗုဒ္ဓနှင့် စန္ဒာမှာကံသမ္ဘာထင်ရှားလို့ ချစ်မယားများတတ်လှတယ် ကြီးဒါနှ ကြွယ်၊ ရွှေကျမ်းထွက်သွေ့မဖြည် မှန်တကယ်လွဲနိုင်ဘုလေး။

ဆိုသော တေးထပ်၌ မိန်းမယောကျ်ားနှစ်ပါးသော ဇာတာ

www.burmeseclassic.com

www.burmeseclassic.com



၁၂ ရာသီစက်၌ တနလ်ာ၊ အင်္ဂါ၊ ကြာသပတေးဂြိုဟ်သုံးလုံးတို့ ပူးမူ မိန်းမဇာတာဖြစ်က ယောကျ်ားဇာတာဖြစ်က မိန်းမတို့သည် ကိလေသာစိတ် စက်ပျော်ပါး ရွှင်မြူးလိုသော ရမ္မက်တို့ကား အလွန်များပြား၍ ကာမဂုဏ်အားကြီးလှသဖြင့် အကြိမ်ကြိမ် မှောက်မှား ပျက်ပြားတတ်၏။ သူတို့ရုပ်ရည်မှာ ကိလေသာ အားကြီး၍ ရွှင်ကြည်နူးညှို့သောအသားအရေ မရှိသည့်ပြင် စက်ဆုပ်ရွံရှာဖွယ်သော ကုဋ္ဌနူနာများ စွဲကပ်တတ်၏။ တနလ်ာ ဗုဒ္ဓဟူးပူးမူ ကံသမ္မာမြင့် ဘုန်းရှိန်တင့်လို့မို့ ချစ်ခင်ကြင်နာ မယား ကညာတို့ များစွာပေါတတ်၏။ အလှူဒါနတို့ကိုလည်း များစွာ လှူဒါန်းရတတ်၏။ စသည်ဖြင့် ဟောဆိုပါက ဧကန်မုချ သွေ မဖည်ဘဲ တကယ်ဟုတ်မှန်နိုင်ပါသည်ဟု ဆိုလိုသည်။

## လိမ်လည်ကောက်ကျစ်တတ်သော ဇာတာဟောတေးထပ်

(၅၁) ဘူဇင်္ဂါန် သီဟနှင့် ညီတမျှစံပျော် စကားတတ်ထင်ပေါ် တယ် လိမ်ကောက်သော် လွန်များ။ မျက်လှည့်သည့်တတ်အရာ မသမာ ကျင့်တတ်လှငြား။ ဂုရုနှင့်ဂြိုဟ်ဗုဒ္ဓါ တူမကွာပျော်ပါး ခန ကွယ်လွန်ပြန့်ပွား ကြီးငြားတဲ့ ဥဏ်ရှိန်။ တတ်ပညာ သူ့သဘော လွန်ကျော်စောဖြစ်လိမ့် သုခမိန်ဂုဏ်ကျေးဇူး ဘယ်မတိမ်တယ် လွန်မွေ့သိမ်က, သီချင်းရယ်နှင့် တီးမှုတ်ခြင်း သဘင်ဝယ် မွေ့ပျော် တတ်တယ်။ စန္ဒရသောကြာတွယ်မူ ကုန်စလယ် ရောင်းတတ်လှလေး။

ဆိုသောတေးထပ်၌ ၁၂ ရာသီစက်၌ စနေ၊ အင်္ဂါပူးမူ စကား တတ်၏။ ပရိယာယ် မာယာများတတ်၏။ လိမ်လည်ကောက်ကျစ် တတ်၏။ မျက်လှည့်ပြသော အတတ်မျိုး၌ လိမ္မာတတ်၏။ အကျင့် ယုတ်မာတတ်၏။ ကြာသပတေး၊ ဗုဒ္ဓဟူးပူးမူ ဥစ္စာပစ္စည်းပေါ

www.burmeseclassic.com



များတတ်၏။ ပညာရှိသုခမိန်ဖြစ်တတ်၏။ အတိး၊ အမှုတ်၊ အက အခုန်သီချင်းဆို ဝါသနာပါရှိတတ်၏။ တနင်္လာ၊ သောကြာပူးမှု ကုန်စလယ်ရောင်းဝယ်ဖောက်ကားလိုသော ဝါသနာများ ပါရှိ တတ်၏ဟု ဆိုလိုသည်။

## ဆရာဖြစ်ထိုက်သော ဇာတာဟော တေးထပ်

(၅၂) ဇာတာပြင် ဗွေစက် ရွှေကျမ်းထွက်အလာ ဂြိုဟ်ပူး ယှက်လက္ခဏာ ပုံသေချာမလွဲ။ ဂုရုနှင့်ဂြိုဟ်စန္ဒာ မြတ်ဆရာ ဖြစ်ရ စမြဲ။ ကျင့်သီလစာဂီ ပါရမီလွန်ကဲ ဒါနကံကျော်သဲ စွဲမှတ်ကြနည်း မှီ။ တစ်သောင်းဗွေ သပြေတိုက်မှာ ဖိုးထိုက်တဲ့ ကံပါရမီ။ သူရဇ္ဇ သောရီ ကံမချီ တိမ်းပလို့ သေတတ်လှ သူ့ကြင်ရာ ဟောတော့မှန် စွာ။ ဇနပတ်ရွှေကျမ်းအလာ ယုံကြည်စွာ စွဲမှတ်ကြလေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီစက်၌ ကြာသပတေး၊ တနင်္လာပူးမှု လူအပေါင်းတို့၏ ဆရာဖြစ်တတ်၏။ အကျင့်သီလ တန်ခိုးနှင့် ပြည့်စုံတတ်၏။ ယူဇနာ တစ်သောင်းအပြော ကျယ်သော ဇမ္ဗူဒီပါ တောင်ကျွန်းအပြင်၌ ပါရမီရင့်မာ ဘုန်းသမ္ဘာရှိသော ပုဂ္ဂိုလ် ဘုန်းသမ္ဘာရှိသော ဇာတာရှင်တို့မည်၏။ တနင်္ဂနွေ၊ စနေ ပူးမှု ကြင်ရာမယားတို့ သေကျေပျက်စီးတတ်၏။ ဇနပတ်ကျမ်း၌ လာရှိသော စကားတို့ဖြစ်၍ ခိုင်မြဲစွာ မှတ်ယူရမည်ဟု ဆိုလိုသည်။

## ရဟန်းဖြစ်ထိုက်သော ဇာတာဟော တေးထပ်

(၅၃) ဇာတာပြင် ရာသီစက်လဂ်ကမှ ခွင်နေ နှစ်၊ သုံး၊ လေး တစ်ဆယ်ရေ ဆယ့်တစ်လေ မှတ်သား။ တစ်လုံးလုံးဝင်လာခို နှိုပ် ပြုဂြိုဟ်စွဲတော့မမှား၊ ခြောက်နှင့်ရှစ်ဒွါဒခွင် နှိစ်ဂြိုဟ်လျှင်ပျော် နား ကာမဂုဏ် မခံစား ရှောင်ရှားလိမ့်လူ့ခွင် မြိုင်ညိုမှာ လိုဏ်ခို

www.burmeseclassic.com

www.burmeseclassic.com



မြန်းမြတ်ရဟာန်း ဖြစ်လိမ့်မှန်ပင် မရဏ–ဗျာယခွင် အာရီခွင် လွတ်ပစ်လို့ ဥစ်ကာသစ် အိမ်၌ဝယ် မွေးနံ စံပယ် ဥစ္စာပေါလို့ သောသောကြွယ်ဘောဂရပ်ကွယ် ကျိုးပေးသန်လိမ့်လေး။

ဆိုသော တေးထပ်၌ မိမိတို့ မူလ ဇာတာလဂ်မှ နှစ်တန့် သုံးတန့်၊ လေးတန့်၊ ဆယ်တန့် ရာသီတို့၌ ဂြိုဟ်တစ်လုံးလုံး တည်ရှိမူ ထိုဂြိုဟ်တို့ကား နိစ်ပြဂြိုဟ်တို့မည်၏။ ခြောက်တန့်၊ ရှစ်တန့်၊ ဆယ့်နှစ်တန့်ဟူသော အာရီ၊ မရဏ၊ ဗျာယအိမ်တို့၌ ဂြိုဟ်တစ်လုံးလုံးတည်ရှိမူ ဥစ်ဂြိုဟ်မည်၏။ ထိုဇာတာရှင်တို့ကား ကာမဂုဏ် ငါးပါး မခံစားရဘဲ ရသေ့ရဟာန်းများတို့၏အသွင်၊ ဖန်လျှော်တေ ဝတ်ဆင်လွှမ်းပြီးကာ မြိုင်ညိုမှာ လိုဏ်ခိုမြန်းလျက် ကမ္မဋ္ဌာန်းစတတ်နှင့် မွေ့လျော်တတ်သော ပုဂ္ဂိုလ်တို့ဖြစ်တတ်၏။ မိမိတို့ မွေးနံဂြိုဟ်သည်၊ အာရီ–မရဏဗျာယ ဟူသော မရဏ သုံးအိမ်မှတစ်ပါး တခြားသော အိမ်တို့၌လည်းကောင်း၊ မိမိတို့ ဥစ်ကာသစ်အိမ်တို့၌လည်းကောင်း တည်ရှိမူ ဘောဂယုဂ်ရသော ဇာတာဖြစ်၍ ဥစ္စာရွှေငွေ အထွေထွေပေါများလျက် သူဌေးကြီး အခေါ်ခံထိုက်သော ဇာတာရှင်များဟု ဆိုလိုသည်။

## ဟူးရားပညာတတ်မြောက်သော ဇာတာဟော တေးထပ်

(၅၄) ဟေမာမှာ တေဇာကြွေ့ သေလာမွေ့သီဟော်၊ ပူးနတ်နှင့် မြူးစပ်ပျော်မူ ထူးမြတ်ပေါ်ထင်မှား ဗေဒင်လေ့ချာန်ပျော်ချီ တပသီ ဘုန်းရသေ့လား။ စူး မားသို့ဟူးရားဉာဏ် ထူးပြားဟန် ကျော်ကြား ဖဲကြွေ့အံ ကစားလည်းတတ်မြောက်ငြားမွေ့လျော် လက္ခဏာ စုံပြည့်ဖြိုးသော်လည်း မယားခိုး ကျင့်တတ်လှရှင် ဂုရုနှင့် သီဟာပျော်မူ မြေပေါ်မှာ ထင်ရှားလို့ စကားတတ် ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ပညာ သိလွယ်လှပါ ပိသုဏာအရာမှာ ဆရာကျော် ဖြစ်ပါလိမ့်လေး။

ဆိုသော တေးထပ်၌ မိမိတို့မူလ ဇာတာ ၁၂ ရာသီစက်၌ အင်္ဂါနှင့် သောကြာပူးမူ အာကာ ဝေဟင်–ဈာန်ယာဉ်ပျော်မွေ့ ဗေဒင်ကျမ်း ဟူသရွေ့တို့ကို တတ်မြောက်လေ့ရှိကြသော ရသေ့တို့အလားကဲ့သို့ ထက်မြက်လှစွာ စူး၊ ဓားတို့ပမာ ဗေဒင်ဟူးရား ပညာကို စူးရှထက်လှစွာ သိမြင်တတ်မြောက်၍ နိုင်ငံတွင် ထင်ရှား ကျော်စောသော ဆရာကြီးတစ်ယောက် ဖြစ်တတ်၏။ ဖဲ၊ ကြွေအံ စသော စကားမျိုးအတတ်မျိုးတို့ကိုလည်း တတ်မြောက်၍၊ ၎င်းပညာနှင့်ပင် ပျော်မွေ့တတ်၏။ ဆိုအပ်ပြီးသော အတတ်ပညာ လက္ခဏာတို့နှင့်ပြည့်စုံလုံလောက်=ထင်ပေါ်ကျော်ကြားဂုဏ်အသရေ ရှိသောအဖြစ်သို့ ရောက်ကြသော်လည်း၊ သူတစ်ပါးမယားကို ခိုးယူတတ်သော အလေ့ဝါသနာကားပါရှိတတ်သေး၏။ အင်္ဂါနှင့် ကြာသပတေးပူးမူ လူ့ဘုံတွင် ထင်ရှားကျော်စောတတ်၏။ စကား တတ်၏။ သိမြင်နားလည်လွယ်သော ဉာဏ်ပညာရှိတတ်၏။ အဖျင်းပြောသောအရာမှာ သူတစ်ပါးတို့ မယှဉ်သာဘဲ ဆရာ ခေါ်လောက်အောင် တတ်မြောက်နိုင်ပါသည်ဟု ဆိုလိုသည်။

## မိန်းမအလိုသို့ လိုက်ရသော ဇာတာဟော တေးထပ်

(၅၅) ဒေါင်းဖန်ဝယ် နေနက်၊ စန်းကပ်လို့ တူစုံ ရာသီ နန်းခိုလှုံလျှင် ရေဉသုံ ပွင့်ကြား မဒီများနိုင်ငံကို လိုက်တတ်ပြန် သွင်းယူလှည့်ဖြား ဘောမနှင့် သူရိယာ ပြည့်စုံစွာ ခွန်အား တေဇာ တော် ပြန့်ပွားလို့ ကြီးမားဘိအာဏာ သွင်မမှန် ဉာဏ်မလင်းသို့ နှောင်သွင်း၍ ခံရပေတော့သော ဆဒ္ဒန်နှင့် သူရဇ္ဇာ ပညာဉာဏ် ကျော်ကြားလို့ စီးပွားက ပြည့်စုံလင် ဟောတော့ ဉာဏ်ရှင် ရာဇာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ဇာတာခွင်ဝယ် ဇမ္ဗူတွင် ထင်ရှားလိမ့်လေး။

ဆိုသော တေးထပ်၌ မိမိတို့ ဇာတာ ၁၂ ရာသီ စက်၌ တနင်္ဂနွေ၊ တနင်္လာပူးမူ မိန်းမအလိုသို့ လိုက်ရတတ်၏။ တနင်္ဂနွေ၊ အင်္ဂါပူးမူ ခွန်အားဗလနှင့် ပြည့်စုံတတ်၏။ တန်ခိုးအာဏာ ကြီးမားတတ်၏။ ပညာဉာဏ်နည်း မိုက်မဲတွေဝေ၍ နှောင်အိမ်အတွင်း၌ အကျဉ်းခံရတတ်၏။ တနင်္ဂနွေ၊ ဗုဒ္ဓဟူးပူးမူ ပညာဉာဏ်တတ်မြောက် ကျော်ကြားသည့်ပြင် စီးပွားချမ်းသာနှင့်လည်း ပြည့်စုံတတ်၏။ တစ်နည်း ရာဇယုဂ်ဖြစ်သောကြောင့် မင်းဖြစ်၍ ထင်ရှားကျော်ကြားတတ်၏ဟု ဆိုလိုသည် မိန်းမလည်း နည်းတူ။

## သူတော်ကောင်းဇာတာဟော တေးထပ်

(၅၆) တိတြာစန္ဒရ ဘောမနှင့် ဗုဒ္ဓါ ဘရဂု ဇီဝါဂြိုဟ် သောကြာ စုံပူး တတ်သိပ္ပ ပြည့်စုံကျော် မော်ထက်မော်ကြီး မြင့်ဉာဏ်မြိုး ဇဋိလပုံပမာလို ဂုဏ်သမ္ဘာအထူး စုံတစ်ရာမလူး မညစ်ညူးပြစ်ဆာ တေဇာရောင် ရှိန်ရှိန်ဝင်း ထိန်ထိန်လင်း ဘုန်းစက်အာဏာ မင်းဝေသာန် ဥပမာလို ဒါနမှာပျော်မွေ့လို့ ကုသိုလ်လေ့ စာဂီကြွယ်စွန့်ကြဲတတ်တယ် ကုမုဒရွှေကြာနှယ်လို ရွှေမျှားလယ် ထွန်းပါလိမ့်လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီစက်၌ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ဂြိုဟ် ၆ လုံးစီ ပူးယှဉ်၍ တည်သော်လည်းကောင်း တစ်ရာသီတည်းတွင် ဂြိုဟ် ၆ လုံးစီ တစ်ခါတည်း ပူးယှဉ်တည်ရှိသော်လည်းကောင်း အတတ်ပညာနှင့် ပြည့်စုံ၍ ထင်ပေါ်ကျော်ကြားလျက် လူအများတို့၏ အကြီးအကဲ ဖြစ်တတ်၏။ ဇဋိလသူဌေးမင်းတို့ကဲ့သို့ [illegible]၍ ရန်ဟူသမျှ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ အလွန်ချမ်းသာခြင်းနှင့် ပြည့်စုံတတ်၏။ ဝေဿန္တရာမင်းကြီးကဲ့သို့၊ တထိန်ထိန် တောက်ပသော ဘုန်းစက်အာဏာတို့ဖြင့် ပြည့်စုံလျက် ပေးကမ်းစွန့်ကြဲခြင်း ဒါနမျိုးစေ့တို့ကို စိုက်ပျိုးကာ မွေ့လျော်စွာ နေထိုင်ရ၍ ကုမုဒြာရွှေကြာပန်းကဲ့သို့ ရွှင်လန်းသော အသရေကို ဆောင်တတ်၏ဟု ဆိုလိုသည်။

## သူဌေးဖြစ်ဇာတာဟော တေးထပ်

(၅၇) အာရီခွင်ဗျာယ မရဏသုံးအိမ် မွေးနံလွတ် ဘယ်မကြိမ် ထွန်းအရှိန်လျှံ လူး ဥစ်ကသစ်စံခိုမှု ကံနဂိုရ် ဘောဂယုဂ်ထူး၊ ရွှေ၊ ငွေ၊ ကျောက်၊ ရတနာ တောက်လို့သာ ပြန့်ပြူးမောက်မို့ကာ အံ့မြူး ဆန်းထူးပ၊ ထားစရာ ဌေးကြွယ်မည်မှန်မယုတ် ကံအဟုတ် ထူးတဲ့ဇာတာ စန်းသခင်ထွန်းလျှံဖြာသည် အေးရန်ကွာ ပယ်လုစ်လို့ ဥစ်ကသစ်ရာသီခွင် လဂ်နှင့်တူပင်ရောင် လှံ့ထူးလို့ စံမြူးရွှင်မှု ရာဇယုဂ်ပင်ဟောကြတော့လေး။

ဆိုသော တေးထပ်၌ ၁၂ ရာသီစက်တွင် တစ်ခုခုသော ရာသီစက်၌ မိမိမွေးနံဂြိုဟ်သည် အာရီ၊ မရဏ ဗျာယဟူသော ဥပဒ်သုံးပါးအိမ်မှ လွတ်၍ မိမိတို့ဥစ်၊ ကသစ်အိမ်၌ တည်ရှိမှု ဘောဂယုဂ်ရသော ဇာတာဖြစ်၍ ရွှေ၊ ငွေ၊ စိန်၊ ကျောက် ထိန်တောက်ဝေဆာအမျိုးမျိုးသော ရတနာတို့နှင့် ပြည့်စုံလုံလောက်လျက် ရပ်နီးရပ်ဝေးဂုဏ်သတင်းပျံ့မွှေး၊ သူဌေးမင်းဖြစ်နိုင်သော ကံဇာတာတို့ပါရှိ၏။ မိမိတို့ မူလစန်းတည်သော ရာသီသခင်ဂြိုဟ်သည် မိမိတို့ ဥစ်ကသစ်ရာသီ၌ လဂ်နှင့်တကွတည်ရှိမှု ရာဇယုဂ်ဖြစ်၍ မင်းဖြစ်ထိုက်သော ဇာတာပါရှိတတ်၏ဟု ဆိုလို၏။

www.burmeseclassic.com

www.burmeseclassic.com



## မင်းကတော်ဖြစ်တတ်သော ဇာတာဟော တေးထပ်

(၅၈) မွေးလက်မှ လေးတန့်ရောင်ပျံ့လို့ တူစုံမြွေခြသေ့် ကြွက် ဂဠုန် စန်းငွေယုန် ပျော်ပါး၊ မင်းကတော် ဇာတာမှန် ဇေကန် ဟောတော့မမှား၊ ယာဉ်စီးလို့ ထီးကာ ကြီးတေဇာ မောက်ကြွား ရာဇယုဂ် ရငြားဟု ချာန်ပျော်ပါး ရသေ့မှာ၊ ငါးတန့်ဝယ် ဥန္ဒြေ ဆယ်တန့်က ရေနတ်ရာဇာ၊ ကြီးနိုင်မျှ သူ့ပညာနှိုင်းမစာဝေဖြိုးလို့ ခြိုးခြံတဲ့ ဣန္ဒြေမြဲသီလပေ၊ ဤလောက လူ့ပြည်မှာ ဂုဏ်သရေ ထွန်းပါလိမ့်လေး။

ဆိုသော တေးထပ်၌ မိမိတို့ မူလဇာတာလက်မှ လေးတန့် ဗန္ဓုအိမ်၌ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ စနေဂြိုဟ် ငါးလုံးတို့ တစ်ပေါင်းတည်း ပူးယှဉ်မူ ဇေကန်မင်း သို့မဟုတ် မင်းကတော် ဖြစ်တတ်၏။ လက်မှ ငါးတန့်၌ ကြာသပတေး ဆယ် တန့်၌ စနေဂြိုဟ်တို့ တည်ရှိသော ဇာတာရှင်တို့ကား ဉာဏ်ပညာ ကြီး၏။ ဣန္ဒြေဂုဏ်သိက္ခာ အကျင့်သီလရှိတတ်၏။ ကမ္ဘာ လောကအတွင်း၌ ထွန်းပ၊ ရောင်လင်း မြင့်မြတ်သော ဂုဏ်ကျက် သရေ သတင်းတို့နှင့် လွန်စွာ ပြည့်စုံတတ်၏ဟု ဆိုလိုသည်။

## ထင်ရှားကျော်စောတတ်သော ဇာတာဟော တေးထပ်

(၅၉) လက်သခင် ရန်ကြိမ်း ကိန်းအိမ်၌ စံရှင် သောမဂြိုဟ် အာရိမြင်မူ လူ့ပြည်တွင် ကျော်စော၊ သက်ရှည်လို့ စည်းစိမ်ကြွယ် အံ့ဩဖွယ် ဥစ္စာကပေါ၊ ကဗျာမွ စက်အိမ် စန်းရောင်ရှိန် တင့်မော ကြွက်နှင့်မြွေ အတူရောလို့ အင်္ဂ ဇော်ခွင်စံပယ်၊ ဆယ်တန့်မှာ ဂြိုဟ်ရာဟုငယ်နှင့် ဘရဂု ယှဉ်ကြပြန်တယ်၊ သောင်းမြေထု ဖမ္မူ နယ် တူမျှဖွယ် စံမရလို့ ရာဇယုဂ် သမုတ်ခေါ် စိုးချုပ်သတာဇော်၊

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလျှံပလို့ အလွန်ကျော်သည် တေဇာမော်ယုဂ်ကြီးကွဲ့လေး။

ဆိုသော တေးထပ်၌ မိမိတို့ဇာတာ၌ လဂ္ဂဏာသခင် ဂြိုဟ်သည် လဂ်နေရာသီ လဂ်မှလေးတန့်၊ ခုနစ်တန့်၊ ဆယ်တန့် ကိန်းလေးရာသီတို့တွင် တစ်ခုခု၌ တည်ရှိ၍ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ သောမဂြိုဟ် လေးလုံးတို့တွင် တစ်လုံးလုံးသည် လဂ်မှ ၆ တန့် အာရီအိမ်၌ တည်ရှိမူ လူတို့ပြည်တွင် ထင်ရှားကျော်စော၏။ အသက်ရှည်၏။ အံ့ဩချီးမွမ်း၍ မကုန်နိုင်အောင်စည်းစိမ်ဥစ္စာ ရတနာ ရွှေ၊ ငွေ၊ အထွေထွေတို့ ပေါများတတ်၏ လဂ်မှ နှစ်တန့် ကမ္ဗုအိမ်၌ တည်၍ လဂ်မှ လေးတန့်၌လည်းကောင်း၊ ရှစ်တန့်၌လည်းကောင်း၊ ကြာသပတေး၊ စနေဂြိုဟ်တို့သည် ဖြန့်၍လည်းကောင်း ပူး၍လည်းကောင်း တည်ရှိမူ ရာဇယုဂ်ဟု သမုတ်ခေါ်ရာ ကောင်းမြတ်သော ဇာတာဖြစ်၍ တုမယှဉ်နိုင်းမရ ထွန်းပရောင်လင်း ကြီးကျယ်သော ဂုဏ်သတင်းတို့နှင့် ပြည့်စုံလျက် တန်ခိုးတေဇာ အာဏာလွှမ်းမိုး အစိုးတရ ကျော်ကြားထင်ရှားလှသော မင်းကောင်း၊ မင်းမြတ်ဖြစ်လတ္တံ့သော ဇာတာယုဂ်ကြီးပါရှိ၏ဟု ဆိုလိုသည်။

## ဇမ္ဗူ၌ ထင်ရှားတတ်သော ဇာတာဟော တေးထပ်

(၆၀) အဘိဇိ မည်မှတ် နက္ခတ်၌ ဖွားမူ ဘုန်းရောင် တောက်ညွန့်လူ မင်းဖြစ်သူ မှတ်သား၊ ဈာန်ပျံမွေ့ ရသေ့ကျော် ကျမ်းထုတ်ဖော် ဟောခဲ့မိန့်ကြား၊ လဂ်ကမှ ဝေပြိုင်လေ တန့်တိုင် မခြားဂြိုဟ်မပျက် တည်ငြားက ထင်ရှားလိမ့်လူ့ဘုံ၊ ချမ်းရိပ်ငြိမ် ထိန်ထိန်ပ ဋ္ဌန္တြယုဂ် ရရှိတဲ့ဂုဏ်၊ ရှေးသမ္မာအရှိန်ဟုန် သိရိတ...ဏ်ကွန့်မြူးလို့ ညွန့်ဖူးမြ ဝေဖြာဖြာ ကြီးတဲ့အာဏာ၊ လော...ခတ်

www.burmeseclassic.com

www.burmeseclassic.com



လူ့ရွာမှာ တုစရာ ရှားပါလိမ့်လေး။

ဆိုသော တေးထပ် အဓိပ္ပာယ်ကား အဘိဇိ နက္ခတ်၌ မွေးဖွားမှု ကေန်စင်စစ် မင်းဖြစ်တတ်၏ဟု ဗျာန်ယာဉ်ပျော်ပါး ရသေ့များတို့ ဟောဆိုကြကုန်၏။ လင်္ဂနေရာသီကစ၍ လင်္ဂမှ လေးတန့်ရာသီတိုင်အောင် ဂြိုဟ်မပြတ် တည်ရှိသော ဇာတာရှင်တို့ကား လူ့ဘုံတွင် ထင်ရှားကျော်စောတတ်၏။ ချမ်းသာရိပ်ငြိမ် စည်းစိမ်အပေါင်းတို့နှင့် ပြည့်စုံတတ်၏။ ဣန္ဒြေလည်းရှိတတ်၏။ ရှေးကုသိုလ်ဟုန် ပြည့်စုံကွန့်မြူး အညွန့်အဖူးပမာ ဝေဝေဖြာလျက် တန်ခိုးတေဇာ အာဏာတို့လည်း ကြီးကျယ်၍ လူ့ဘုံလူ့ရွာတွင် တုပ ပြိုင်ယှဉ်စရာမရှိဟု ဆိုလိုသည်။

မှတ်ချက်။ ။ နက္ခတ် ၂၇ လုံးတို့တွင် အဘိဇိနက္ခတ်ကို ထည့်မှု နက္ခတ် ၂၈ လုံး ဖြစ်၏။ ထိုအဘိဇိနက္ခတ်သည် ဥတ္တရာသဠ် သရဝဏ်နက္ခတ်နှစ်လုံးတို့၏ အကြား၌ ထင်ရှားရှိသော ကြောင့် မြန်မာတို့က "တင်း"ခေါ်သော တာရာအနီး"စိုင်"ခေါ်သည့် တာရာပင်ဖြစ်၍၊ ဥတ္တရာသဠ်နက္ခတ်၏ အဆုံးတစ်ပါဒ် သရဝဏ်နက္ခတ်၏ အစလေးဃဋီ ဤတစ်ပါဒ်နှင့် လေးဃဋီကို ဥတ္တရာသဠ်နှင့် သရဝဏ်ကလျှော့၍ အဘိဇိနက္ခတ်၏ ဝေပုံပြုလုပ်ရမည်ဟု သူရိယသိဒ္ဓန္တစသော ကျမ်းတို့၌ ဆို၏။ ထိုအဘိဇိနက္ခတ်၌ ဖွားမှုဟု ဆိုရာ၌လည်း ထည့်နက္ခတ် စန်းယှဉ်နက္ခတ် စသော နက္ခတ်အမျိုးမျိုးတို့ရှိရာ ဤ၌ စန်းယှဉ်နက္ခတ်ကို ယူလေ။

## ဘုန်းသမ္ဘာကြောင့် ထင်ရှားစွာ ဖြစ်တတ်သော ဂြိုဟ်နေပဟော တေးထပ်

(၆၁) ဂြိုဟ်အင်္ဂါ ဂုရုတို့ ကူစုလို့ ကမ္ဗအိမ် ထွန်းပြလျှံထိန်

www.burmeseclassic.com

www.burmeseclassic.com



မူ ကံမမိုန်ကျော်စော၊ ဇင္ဇီလသဖွယ်လို လူ့ဘုံဝယ်ဥစ္စာကပေါ၊ အာကာသ နဘန်မှာ ကြယ်လရံ သဘော ဘုန်းအာဏာ လွန်ပြန့် ပြော အံ့သြလို့မကုန်၊ ရှေးပုဗ္ဗေကုသိုလ်စက် ယွင်းမပျက် လိုတိုင်း ပြည့်စုံ၊ သိဟ်ခွင်၌ ရွှေဂဠုန်ငွေလ၊ ယုန် ကက္ကဋ္ဌတွင် ဥန္ဒြေရမြင် သည်မှာ ထွန်းတဲ့ဇာတာ၊ ဉာဏ်တောက်ပ၊ ဘုန်းသမ္ဘာ နှုန်းစရာ စံရှားလိမ့်လေး။

ဆိုသော တေးထပ်အဓိပ္ပာယ်ကား မိမိတို့ဇာတာ ၁၂ ရာသီ စက်တွင် လဂ်မှ ၁၀ တန့် ကမ္မအိမ်၌ အင်္ဂါ၊ ကြာသပတေးဂြိုဟ် တို့ပူးလျက် တည်ရှိမူ ဇင္ဇီလသူဌေးအလားကဲ့သို့ နီးဝေးရပ်ခြား လွန်ကျော်ကြားလျက် ပေါများသော စည်းစိမ်ဥစ္စာရှိတတ်၏။ အာ ကာသ ကောင်းကင်အပြင်၌ ကြည်လင်တောက်ပလှစွာသော လမင်းကြီးသည် ကြယ်တာရာအပေါင်းတို့ဖြင့် ခြံရံလျက် အမျိုး မျိုးသော အရောင်အဝါတို့ဖြင့် ကွန့်မြူးလျက် တင့်တယ်သကဲ့သို့ ရှေးပုဗ္ဗေကုသိုလ်စက်ကြောင့် လိုတိုင်းပြည့်စုံ ပေးကမ်း၍ မကုန် နိုင်ဘဲ အာဏာဟုန် ပြန့်ပြော အံ့သြချီးမွမ်းလောက်အောင် အကျိုး ပေးတတ်၏။ ၁၂ ရာသီစက်တွင် သိဟ်ရာသီ၌ တနင်္ဂနွေကြင် ရာသီ၌ တနင်္လာ၊ ကြာသပတေးတည်ရှိသော ဇာတာရှင်တို့မှာ ဉာဏ်ပညာကြီးမား ဘုန်းသမ္ဘာ ထင်ရှားကျော်ကြား၍ လူ့ဘုံ လောကတွင် တုမီ ယှဉ်ပြိုင်စရာ မရှိဟု ဆိုလိုသည်။

## တန်ခိုးအာဏာကြီးမား စည်းစိမ်ဥစ္စာများတတ်သော ဂြိုဟ်နေဟော တေးထပ်

(၆၂) ကံဝဇိန် ထိန်ပလို့ မာန်ရှိန်ကြွ ဂဠုန်သိဟ်မှာ ရ အသူရိန် ဘုဇဂိန်ကုမ်နန်း။ မိဿမှာ ခြသေ့်ပျော်တူမှာ သော် ပူး

www.burmeseclassic.com

www.burmeseclassic.com



ဝင်လို့လျှမ်း။ နေ့မှာ ကြွက်ရာဇာ စက်ပြီးသော ငွေစန်းကြယ်တာရာ ရုံသန်းလို့ စိုးစံမြဲ ရွှေပျော် ဥစ်ကာသစ် တြိဂုဏ်း တစ်လုံးလုံးရကာ ထင်ပေါ်။ ဘုန်းသမ္ဘာကံတော် ဟန်မော်မော် ကျော်ကြားလို့ ကောင်းစားလိမ့်လူတို့ဘုံ ရှေးကုသိုလ်ဟုန်။ အာဏာမိုးလို့ တန်ခိုးလွှံသည် မညှိုးမသုန် ချမ်းသာလိမ့်လေး။

ဆိုသောတေးထပ် အဓိပ္ပာယ်ကား မိမိတို့ဇာတာ ၁၂ ရာသီစက်တွင် ကန်ရာသီ၌ ဗုဒ္ဓဟူး သိဟ်ရာသီ၌ တနင်္ဂနွေ မကာရရာသီ၌ ရာဟု ကုမ်ရာသီ၌ စနေ မိဿ၌ အင်္ဂါ တူ၌ သောကြာ ခနေ၌ ကြာသပတေး ပြိဿရာသီ၌ တနင်္လာတို့ တည်ရှိသော ဥစ်ကာသစ် တြိဂုဏ်းတို့တွင် မိမိတို့ဇာတာ၌ တစ်လုံးလုံးရမူ ရှေးကုသိုလ်ဟုန် အကျိုးပေးစုံသောကြောင့် လူ့ဘုံတွင် ထင်ရှားကျော်စောစွာ ချမ်းသာသုခတို့နှင့်ပြည့်စုံလျက် တန်ခိုးအာဏာ ကြီးမားတတ်၏ဟု ဆိုလိုသည်။

## သား၊ မြေး၊ မြစ် များတတ်သော ဇာတာဟော တေးထပ်

(၆၃) သိဟ်၊ မေထုန်၊ မိန်၊ စက် ဂဠုန် ငှက် မြွေဆင် ခြသေ့်တို့ တူရွှင်မူ ဇမ္ဗူတွင်ကျော်ကြား။ ဘုန်းစက်နှင့်အာဏာ နှုန်းဘက်ရာ စံပြုဖို့ရှား။ သား၊ မြေး၊ မြစ် ပေါကြွယ် ပြောပဖွယ် ပြန့်ပွား ဝိသာခါ ပုံမခြား ခြံရံများ အံ့စရာ။ ကျက်သရေ ဂုဏ်မညှိုး စုံတဖြိုးတင့်တယ်မည်သာ။ ကာသစ်နှင့် ကိန်းအိမ်မှာ ဂြိုဟ်သုံးဖြာ ယှဉ်ဖက်လို့ တစ်စက်တည်း စံဝင်ပျော်ထူးတဲ့ ကံနော်။ ပညာရှိတဲ့ ကဝိမော် ထက်ဝန်းကျော် ထွန်းပါလိမ့်လေး။

ဆိုသောတေးထပ် အဓိပ္ပာယ်ကား ၁၂ ရာသီစက်တွင် သိဟ်၊ မေထုန်၊ မိန်ရာသီတွင် တစ်ခုခုသောရာသီ၌ တနင်္ဂနွေ၊ စနေ၊

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူး၊ အင်္ဂါတို့သည် တည်ရှိမူ။ တစ်နည်း သိဟ်ရာသီ၌ တနင်္ဂနွေ၊ မေထုန်ရာသီ၌ ဗုဒ္ဓဟူး မိန်ရာသီ၌ စနေဂြိုဟ်တို့ တည်ရာတွင် အင်္ဂါဂြိုဟ်သည် သုံးရာသီတွင် မည်သည့်ရာသီမဆို တည်ရှိမူ ဘုန်းတန်ခိုး အာဏာ ကြီးမားလျက်။ ဇမ္ဗူမြဆုံ ပျံ့နှံ့ ကျော်ကြား ထင်ရှားတတ်၏။ သား၊ မြေး စသည်တို့မှာလည်း ကျောင်းအစ်မကြီး ဝိသာခါကဲ့သို့ ပေါများ၍ စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေနှင့်တကွ ပြည့်စုံကုံလုံလျက် ဂုဏ်အသရေတို့ များပြားတင့်တယ်တတ်၏။ မူလဇာတာ လဂ်မှ လေးတန့် ခုနစ်တန့် ဆယ်တန့် ကိန်းလေးရာသီတို့တွင် ကိန်းသုံးရာသီ၌ ကသစ်ဂြိုဟ်တို့တည်ရှိမူ ဇာတာကောင်း ကံကောင်း ဇာတာထူး ကံထူးဖြစ်၍ ပညာရှိသုခမိန် ကဝိမော် ထက်ဝန်းကျင် အရပ်မျက်နှာတို့၌ ထင်ပေါ်ကျော်ကြားတတ်၏ဟု ဆိုလိုသည်။

## ဗေဒင်တက္ကသိုလ်-ဝိဇ္ဇာမိုရ်-ဉာဏ်ပညာ နက်လှသော ဇာတာဟော တေးထပ်

(၆၄) ဒေါင်းရဝိန် သိဟ်နန်းမှာ ထိန်လျှမ်းလို့ ပျော်စံဝီသတိ အသ်ာမှန်မူ ဘုန်းနှင့်ဉာဏ်ကံထူး။ တြိဂုဏ်းမူလခေါ် ကျော်ထက်ကျော် ကြီးတေဇမြူး။ သိပ္ပမျိုး ပညာမှာ တတ်မြောက်ရာ ဘက်ကူးရှင်သဒ္ဓါမညစ်ညူး ဆည်းပူးလေ့ပါရမီ။ သီလဂုဏ်လှိုင်ထုံပျံ့ ကြိုင်မွှန်နှံ့မွှေးလိမ့်ဝသီ။ ပြောင်ဂဇကပ်လို့မှီ ဉာဏ်ဂမ္ဘီနက်နဲလို့ တိမ်ထဲမှာ ဈာန်ယာဉ်ခိုု ဘုန်းရသေ့လို။ ဗေဒင်တတ် တက္ကသိုလ်များ လှူဗိုလ်မိလောက်တဲ့လေး။

ဆိုသော တေးထပ်၌ တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီ၌ အသ်ာ ၂၀ အတွင်းရှိမူ မူလတြိဂုဏ်းဖြစ်၍ ဘုန်း၊ ကံ၊ ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ထူးလှသော ဇာတာဖြစ်သောကြောင့် ကျော်စောထင်ရှားတတ်၏။ သိပ္ပပညာ တတ်မြောက်ရာ ဟူသမျှတို့ကိုလည်း တစ်ဖက်ကမ်းရောက် တတ်မြောက်တတ်၏။ မညည်းမည္ဟု ဖြူစင်သော သဒ္ဓါတရားဖြင့် ဖြည့်ကျင့်အပ်သော ဒါနစသော ပါရမီဆယ်ပါးကိုလည်း အထူးဖြည့်ကျင့်လေ့ ရှိတတ်၏။ သီလပြည့်စုံ ဂုဏ်ရနံ့တို့လည်း တယှိုင်လှိုင် တုပျံ့ပျံ့မွှေးကြိုင်တတ်၏။ ထိုရာသီ၌ပင် တနင်္ဂနွေနှင့်အတူ ဗုဒ္ဓဟူးဂြိုဟ်ပူးမှု နက်နဲသိမ်မွေ့သော ဂမ္ဘီရဉာဏ်ကို ရရှိ၍ ဈာန်ယာဉ်တန်ခိုး ဘုန်းရသေ့တို့လို ဗေဒင်ပညာအတတ်မှာ လူဗိုလ်တို့ မှိုခိုအားထားလောက်အောင် ဗေဒင်တတ်တက္ကသိုလ်ဆရာကြီးတစ်ယောက် ဖြစ်ပါသည်ဟု ဆိုလိုသည်။

## ရွှေ၊ ငွေ၊ ရတနာ ပေါ်များတတ်သော ဇာတာဟော တေးထပ်

(၆၅) ဆယ့်နှစ်လီ ဒွါဒလဂ်ဝဂ္ဂေါတမနဝင်းကျော်ယှဉ်ရပ်လို့ ဖွားမြင်မြော် လွင်ထင်ပေါ် တန်ခိုး။ လေး၊ ငါး၊ ခြောက် ဂြိုဟ်မြင်လျှင် ထိုထက်ပင် ကဲဆယ်ဆမိုး။ ဝေဘူလ ရတနာလို ကြီးတေဇာမြင့်ဖြိုး ဘယ်မတိမ် ရှိန်မညှိုး ရေးကောင်းကျိုးပြုပြင်။ နဘံမှာ လျှံဝါကြွ စန္ဒာလ၊ ထွန်းသစ်သွင်။ လဂ်ကမှ လေခွင် ပူးပြောင်ဆင်ရပ်ကြလို့ နဝမှာ ကြွက်ရာဇာ ထွန်းပသည်မှာ။ ရွှေ၊ ငွေ ကျောက်ဘောဂ ရတနာမှာ ပဒေသာပေါက်သလိုပလေး။

ဆိုသော တေးထပ် အဓိပ္ပာယ်ကား ၁၂ရာသီစက်၌ တစ်ရာသီ တစ်ရာသီလျှင် နဝင်း ၉ လုံးစီရှိရာ ထိုနဝင်းကိုးလုံးအနက် အိမ်ပိုင်ရှင် နဝင်းသည် ဝဂ္ဂေါတမ နဝင်းမည်၏။ ထိုဝဂ္ဂေါတမ နဝင်းထက် လဂ်စီးလျက် ဖွားမြင်သော ဇာတာရှင်ကား အလွန်ကျော်စောထင်ရှား၏။ ဘုန်းအာဏာနှင့်လည်း ပြည့်စုံတတ်၏။ ထို

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏေါတမ နဝင်းစီးသောလင်္ဂကို ဂြိုဟ်လေးလုံး ငါးလုံး၊ ခြောက်လုံး ဖြစ်စေ မြင်မူသာ၍ အားရှိသဖြင့် ထိုဆိုအပ်ပြီး အကျိုးထက် ဆယ်ဆထမ်းပိုးတိုးတက်၍ တဝင်းဝင်း တထိန်ထိန် တရှိန်ရှိန် တောက်ပသော ဝေဘူလတောင်ယံတွင် ပြည်တန်သော ကျောက် ပတ္တမြား ရတနာကဲ့သို့လည်းကောင်း၊ ထက်ကောင်းကင် တိမ်နဘံ ဝလာမှာ အရှိန်လျှံဖြာ ဝင်းဝင်းလင်းပသည့် စန္ဒာလ၊ အရှင် ထွန်းသစ်စ အသွင်ကဲ့သို့လည်းကောင်း၊ ရှေးကောင်းကျိုး ပြုပြင်၍ လူ့ခွင်မှာ တန်ခိုးမသေးဘဲ အကျိုးပေးတတ်၏။ ၁၂ ရာသီ စက်၌ လဂ်မှလေးတန့် ဗန္ဓုအိမ်တွင် ဗုဒ္ဓဟူး၊ သောကြာဂြိုဟ်နှစ်လုံးတို့ တည်ရှိ၍ ၉ တန့်၌ ကြာသပတေးဂြိုဟ် တည်ရှိသော ဇာ တာရှင်ကား ကျောက်၊ သံ၊ ပတ္တမြား တခြား ရွှေ၊ ငွေ၊ အထွေထွေ တို့သည် ပဒေသာပင်ကြီးအလား လိုလေရာမရှိ လိုတိုင်းပြည့်၍ ကုံလုံကြွယ်ဝချမ်းသာနိုင်၏ဟု ဆိုလိုသည်။

## တစ်ဘဝလုံး အကျိုးပေးနိုင်သော ဇာတာဟော တေးထပ်

(၆၆) မိဿမှာ ဂဠုန်နှင့် ခြင်္သေ့ရှက် မကာရာ ကက္ကဋ္ဌ ကြွက်ရာဇာ တူခွင်မှာ မြွေအောင်း လေးခွင်ပိတ် ထိုဇာတာ ဘုန်းတေဇာ ကြီးမြင့် ကျော်သောင်း ကလျာဏ မိတ်ဆွေများဖွယ် လေအကြောင်း ငယ်ကပင် အိုအောင်ကောင်းပါလိမ့် သွေမစောင်း မယိမ်းယိုင် မိဿမှာ ဖန်ရှိန်ဝင်း ကုမ်စက်တွင်း မြွေလဂ်နှင့်ပြိုင် ပြိဿမှာ ငွေလပိုင် ကသစ်ဆိုင် မေထုန်နန်းမှာတော့ ပြောင်မြန်းလို့ ထွန်းစံပယ် ညွှန်းညဏ်စခြယ် ရွှေ၊ ငွေ ပေါလို့ကြွယ် ဓောတိတ် နှယ် ထွန်းမယ့်သူကွဲ့ လေး။

ဆိုသော တေးထပ်၌ မိဿရာသီ၌ တနင်္ဂနွေ မကာရ

www.burmeseclassic.com

www.burmeseclassic.com



ရာသီ၌ အင်္ဂါ ကြင့်ရာသီ၌ ကြာသပတေး၊ တူရာသီ၌ စနေဂြိုဟ် လေးလုံးတို့သည် မိမိတို့ ဥစ်အသ်ာအတွင်း၌ တည်ရှိကြမူ၊ ဒွါရ လေးခွင်ပိတ် ဇာတာဖြစ်၍ ဘုန်းတန်ခိုးအာဏာ ကြီးဒွါရလေးခွင် ပိတ် ဇာတာဖြစ်၍ ဘုန်းတန်ခိုးအာဏာ ကြီးမားတတ်၏။ မိတ်ဆွေကလျာဏ အပေါင်းတို့ ပြည့်စုံတတ်၏။ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ တည်ခိုင် မြဲမြံလှစွာသော ရတနာရွှေငွေတို့ ပေါများလျက် ငယ်စဉ်ကစ၍ အို၍အသက်သေသည်တိုင်အောင် ကောင်းကျိုးချမ်းသာတို့ကို ခံစားရတတ်၏။ တစ်နည်း မိဿရာသီ ၌ တနင်္ဂနွေ၊ ကုမ်ရာသီ၌ လင်္ဂနှင့်စနေ ပြိဿရာသီ၌ တနင်္လာ၊ မေထုန်ရာသီ၌ ဗုဒ္ဓဟူး၊ ဤဂြိုဟ်တို့သည် မိမိတို့ ဥစ်ကသစ် အသ်ာ အတွင်း၌ တည်ရှိမူ ဇောတိကသူဌေးကြီးကဲ့သို့ ဝေးအနီး ကျော် ကြားလျက် ပေါများသော ဥစ္စာအဖြာဖြာတို့သည် ပေးမကုန် လှူမခန်းဘဲ အံ့မခန်းများ အကျိုးပေးတတ်၏ဟု ဆိုလိုသည်။

**အသက် ၂၅-၃၂ နှစ်မှာ ကောင်း၍ ၅၂ နှစ်မှာ**

**သေဆုံးတတ်သော တေးထပ်**

(၆၇) ဒွါဒသင် ဆယ့်နှစ်စက် လင်္ဂကမှ ကိုးတန့် မြွေမင်းနှင့် ဂဠုန်စံမူ သမ္ဘာကံဟုန်လှ သုခနှင့် ပြည့်လာစုံ လူတို့ဘုံ ရှေးကုသိုလ် မ နှစ်ဆယ့်ငါး၊ သုံးဆယ့်နှစ်၊ ကံသစ်လို့ စုတ်ပေါ် ဟုတ်လိမ့်နော် မှန်လှ ခြွေရွှေစုံရုံခ ကံကြွတဲ့အခါ။ လေးဆယ်မှာ တစ်ဖန်မောက် ကံထောက်လိမ့် မုချမှန်စွာ ငါးဆယ့်နှစ် အာယုကြာလျှင် သက်ခန္ဓာ ရွေ့မပြောင်းသော်လည်း မကောင်းတဲ့ကံကြမ္မာ ရောက် တတ်လှပါ။ ဝယဏော ကိန်းအရှမှာတယ် ဇာတာကျော်မူလတဲ့လေး။

ဆိုသောတေးထပ်၌ မူလဇာတာ လင်္ဂမှ ၉ တန့် သုဘရာသီ

www.burmeseclassic.com

www.burmeseclassic.com



အိမ်၌ တနင်္ဂနွေ၊ စနေ၊ အမ္ဘောဓာတ်ပူးမှ ရေးကုသိုလ်မ၍ ဘုန်းသမ္ဘာ သုခနှင့် ပြည့်စုံတတ်၏။ အသက် ၂၅ နှစ်၊ ၃၂ နှစ်၌ ကုသိုလ် ကံ အထူးမ၍ စုတ်၊ လာဘ်များ ပေါ်ပေါက်တတ်၏။ အသက် ၄၀ မှာလည်း ထို့အတူပင် အကျိုးပေးတတ်၏။ အသက် ၅၂ နှစ်သို့ ကျရောက်လျှင် သေကျေပျက်စီးခြင်းသို့ ရောက်တတ်၏။ မသေ သော် မကောင်းသော ကြမ္မာရန်စွယ် အန္တရာယ် ဥပဒ်တို့သည် ရာ၊ ထောင်၊ သောင်းမက ကျရောက်ပေါ်ပေါက်လာတတ်၏။ "ယဝဏ"ဆရာ၏ ကိန်းအရ ပြဆိုလိုက်သော ဇာတာဟု ဆိုလိုသည်။

## အသက် ၇၂ နှစ် နေရသော ဇာတာဟောတေးထပ်

(၆၈) ဖွားမူရင်းလက္ခဏာ ဂြိုဟ်သီဟရာဇာ လေးခုနှင့် ဆယ် တန့် အကွာမှာ ထွန်းလျှံဖြာ ရပ်နားပေါ်ခန့် ဘောဂဝ၊ ထောမနာ ပြုလောက်အောင်များ သောဠသသတ္တဗိဇ္ဇည်းစာလီ ထင်ရှား ထို အခါ တမည်ပွားလို့ စုတ်လာဘ်များကြီးကျယ် ဘုန်းသမ္ဘာခါခါ တင့်လို့ ကြာကြာမြင့် ထွန်းပေါ်လိမ့်မယ် ရှစ်ဆယ်နှစ် သက်တမ်း ကြွယ် စည်းစိမ်ငယ် ပြန့်ပြောလို့ သြလုဂ် ကိန်းရမှန် ကျမ်းရာဇ မတ္တဏ် ရှာန်ပျော်မွေ့ရသေ့ဉာဏ်မမေ့ဖန်ဖန် မှတ်သားပါကြလေး။

ဆိုသောတေးထပ်၌ မူလဇာတာ လဂ်မှ လေးတန့်၊ ခုနစ်တန့်၊ ဆယ်တန့် ကိန်းသုံးရာသီတွင် တစ်ခုခု၌ အင်္ဂါဂြိုဟ် တည်ရှိမူ ဥစ္စာခနေပေါ်များ၍ သူတစ်ပါးတို့ ချီးမွမ်းထောမနာခြင်း ကို ခံရတတ်၏။ အသက် ၁၆ နှစ်၊ ၂၇ နှစ်၊ ၄၅ နှစ်၌ အလွန် ကြီးကျယ်သော စုတ်လာဘ်များ ရရှိတတ်၏။ ကြာရှည် လေးမြင့် စွာ ဘုန်းသမ္ဘာအာဏာတန်ခိုးတို့နှင့် ပြည့်စုံတင့်တယ်တတ်၏။ အသက် ၈၂ နှစ်တိုင်အောင် စည်းစိမ်ချမ်းသာတို့ ပြန့်ပြောကြီးကျယ်

www.burmeseclassic.com

www.burmeseclassic.com



စွာ အကျိုးပေးတတ်၏ဟု စျာန်ပုံ ရသေ့တို့ဟောဆိုခဲ့သော ရာဇ မတ္တဏ်ကျမ်း၌ ညြလုဂ်ကိန်းရသော အာရမျိုးဖြစ်၍ အလွန် ကောင်း၏။ မမေ့ကြရန် အဖန်ဖန်မှတ်သားစေလိုသည်ဟု ဆိုလိုသည်။

**အဆိုအကောင်း ပိုင်းခြား၍ ပြသော ဇာတာဟော တေးထပ်**

(၆၉) လဂ်တည်ရာ ဌာနက ငါးတန့်ကျပြောင်းမော်သုံး တန့်မှာ ပူးပျော်မှု ထူးအကျော်ထင်ရှား အာကာသဇွေအပြင်ဝယ် ငွေ၊ လ၊ သွင် ထွန်းလိမ့်မမှား နှစ်ဆယ်ခန့်သက်အရွယ်မှာ ဘက် မစွယ်ပြန့်ပွား ဘုန်းတေဇာကြီးမားလို့ ကျော်ကြားလိမ့် လူ့ဘုံ။ ငါးဆယ့်နှင့်ရှစ်နှစ်မှာ ဖျားနာစစ်ခိုက်အတန့်ကြုံ။ ကြီးမြင့်လေ့ သရေဂုဏ် ခြွေရွှေစုံ ရုံခလို့စံပျော်ပ ခြောက်ဆယ်ကျော် စွန်းခုနစ် ပေါ် သက်ပိုင်း၍ရသေ့ဖော် ပြိသကိန်းနှော် မတိမ်း မှန်လှတယ်လေး။

ဆိုသောတေးထပ်၌ မူလဇာတာ လဂ်မှ ငါးတန့်ရာသီ၌ ဗုဒ္ဓဟူး၊ သုံးတန့်ရာသီ၌ သောကြာတည်ရှိမူ အာကာဝေဟာင် ဇွေကောင်းကင်၌ ကြည်လင်ထွန်းပစွာသော လမင်းကြီးကဲ့သို့ လူ့ဘုံတွင် ထင်ပေါ်ကျော်ကြားတတ်၏။ အသက် ၂၇ နှစ်မှာ သူ တစ်ပါးတို့ ယှဉ်ပြိုင်မရ၊ ကြီးမားလှသော တန်ခိုးအာဏာတို့နှင့် ပြည့်စုံ၍ လူ့ဘုံတွင် ထင်ရှားကျော်စောတတ်၏။ ၅၈ နှစ်မှာ အနည်းငယ်မျှ ဖျားနာစစ်ကိန်းနှင့် တွေ့ကြုံရတတ်၏။ ပြိသကိန်း ရသော ဇာတာကြီးဖြစ်၍ အသက် ၆၇ နှစ်တိုင်အောင် ကြီးမား မြင့်မြတ်သော ဂုဏ်ကျက်သရေတို့နှင့် ပြည့်စုံလျက် ခြွေရွှေသင်း ပင်းတို့နှင့် တင့်တယ်စွာ လောကီစည်းစိမ်ချမ်းသာအဖြာဖြာတို့ ကို ဇကန်မလွဲခံစား စံစားရတတ်၏ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်ရည်ချောတတ် ဗိုလ်မှူးဖြစ်တတ်သော ဇာတာဟောတေးထပ်

(၇၀) ဂြိုဟ်ဓိဝါလျှံဖြာကြွ လေးဒွါရ တစ်ခွင်ခွင် နားရေပ်လို့ စံရှင်မူ ကိုယ်အင်္ဂါ တင့်ချော သောဘိတ ဂုဏဝန် ဉာဏ်တံခွန် ဆောက်လို့ကျော်စော ရောက်တိုင်းမှာလူပူဇော် လာဘနှော်ပြန့် ပြော ချီးမွမ်းဖွယ် သူ့သဘော စိတ်မနောကြည်သာ ရာဟုနှင့် စနေပူးရင်လ ဗိုလ်မှူးကြီးဖြစ်တတ်လှပါ ရဲရင့်တဲ့အရာမှာ အာဇာ နည်ဆိုလောက်တဲ့ ရွံ့မကြောက် ထီမထင် စွမ်းသတ္တိအင်။ ဗန္ဓုလ ပုံအသွင်လို ရဲ ဂုဏ်အင် ကြီးပါလိမ့်လေး။

ဆိုသောတေးထပ်၌ ၁၂ ရာသီစက်၌ မိဿ၊ ကြဋ္ဌ၊ တူ မကာရဟူသော ဒွါရလေးရာသီတွင် တစ်ခွင်ခွင်၌ ကြာသပတေး ဂြိုဟ်တည်ရှိမူ ကိုယ်လက်အင်္ဂါ၊ ရုပ်ရေရူပကာရ လှပပြေပြစ် ချော မွတ်တတ်၏။ တင့်တယ်သော ဂုဏ်လည်းရှိတတ်၏။ ဉာဏ်ပညာ ရှိ၏။ ရောက်လေရာတိုင်းမြို့ရွာတို့၌ သူတစ်ပါးတို့ ပူဇော်ချီးမြှင့် ခြင်းကို ခံရ၍ လာဘ်သပ်ပကာ ပေါများတတ်၏။ ချီးမွမ်းအံ့သြ ဖွယ်ရာ စိတ်သဘောကောင်းတတ်၏။ စိတ်နှလုံးကြည်လင် တည့် မတ်၏။ ထိုဒွါရလေးခွင်တွင် တစ်ခွင်ခွင်၌သော်လည်းကောင်း၊ တခြားရာသီများ၌သော်လည်းကောင်း။ စနေ၊ ရာဟု ပူးယှဉ်မူ၊ ဗိုလ်မှူးကြီးဖြစ်တတ်၏။ ဗန္ဓုလစစ်သူကြီးကဲ့သို့ အာဇာနည်ဆို လောက်ရအောင် မရွံ့မကြောက် ထီမထင်ဘဲ သတ္တိစွမ်းအင်နှင့် ပြည့်စုံလုံလောက်သော ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်၏ဟု ဆိုလို သည်။

## လူများမှီခိုလောက်သော ဇာတာဟောတေးထပ်

(၇၁) ဟိုင်း၊ စနေ၊ သီဟတို့၊ ညီမျှ၍တူစုံ ဆယ့်နှစ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



စက်ရေးပုံတွင် ရောင်လျှံ ဟုန်တင့်ကြွား လင်္ဂကမှ ရေပြန်မူ သုံး၊ ခြောက်တန်၊ ဆယ့်တစ်မှာ နား ဣသရ ကိတ္တိပေါ် ဟိတ်ရှိမော် ထင်ရှား တိဂြဟာ ရဋ္ဌားတော် ဥစ္စာများ ခြံရံကြွယ် မျိုးဆွေဘောင် လွန်ကျော်ကြား လူအများမှီရလိမ့်မယ် ခုနစ်တန့် ပထနီဝယ် ဓိဝါ ငယ်ဂုရုပ စတုမှာ စနေဂြိုဟ် နားရပ်ဝင်ခို ချုပ်တယ်လို့ ကျမ်းမှာ ဆိုတယ် တတ်လိုသူ မှတ်ကြတော့လေး။

ဆိုသောတေးထပ်၌ ၁၂ ရာသီစက်တွင် တစ်ခုခုတွင် ရာဟု စနေ၊ အင်္ဂါ ပါပဂြိုဟ်သုံးလုံးတို့ တစ်ခွင်တည်းပူးယှဉ်၍ တည်သောရာသီသည် လဂ်မှရေသော် သုံးတန့် ခြောက်တန့် ဆယ်တန့် ဆယ့်တစ်တန့်တွင် တစ်ခုခုဖြစ်မူ ထိုဇာတာရှင်ကား အစိုးရသော ဂုဏ်၊ ထင်ရှားကျော်စောသောဂုဏ်နှင့် ပြည့်စုံတတ်၏။ ဥစ္စာအခြံရံတို့လည်း ပေါများတတ်၏။ ဆွေမျိုးတို့အလယ်၌ တင့်တယ်ကျော်ကြားသည့်ပြင် လူအများတို့ပင် အားထားမှီခိုလောက်၏။ လဂ်မှ ခုနစ်တန့်၌ ကြာသပတေးလေးတန့်ရာသီ၌ စနေဂြိုဟ်တို့တည်ရှိသော ဇာတာရှင်တို့ကား အထက်ဆိုအပ်ပြီး ဇာတာထက် ကောင်း၍ အကောင်းဆုံး အချုပ်ဆုံးဟု ဆိုလိုသည်။

## ဒေါသကြီး ဉာဏ်ကြီးသော ဇာတာဟော တေးထပ်

(၇၂) စန်းအသ်ာ တည်ထားလို့ ခြောက်ဆယ်ပွားတစ်လီ လိတ္တာနှစ်တစ်ဖန်ချိ နဝမီကုပ်စား ကြွင်းဇကေ တစ်ခုကျန် ဒေါသ မာန်ကြီးတတ်လှငြား ဒွေးသေသ၊ စည်းစိမ်၊ သုံးဉာဏ်ရှိန် ကျော် ကြား လေးရာဇာ ထင်ရှား ငါးမှာကား နေကျော် ခြောက်ခုမှာ လူနပုံးရယ်လို့ ယူကျုံး၍ မှတ်ကြတော့နော် ခုနစ်မှာ ဆင်းရဲချော် ရှစ်မှာသော် ရောဂါများလို့ သုညကား နေသာဒါ လုဒ္ဒကပ်၊ မုဆိုး

www.burmeseclassic.com

www.burmeseclassic.com



နှင့် တံငါသူ့ဘာသာ ကြီးတတ်လှလေး။

ဆိုသော တေးထပ်၌ မိမိတို့ဇာတာ၌ တနင်္လာဂြိုဟ်၏ အသင်္ချာကိုတည်၊ ၆ဝ နှင့်မြှောက် လိတ္တာရော လိတ္တာပုံဖြစ်၏။ ၎င်းလိတ္တာပုံကိုတည် ၉ ခုနှင့်စား တစ်ခုကြွင်းမူ ဒေါသကြီးသောဇာတာ၊ နှစ်ခုကြွင်းမူ စည်းစိမ်ချမ်းသာများသော ဇာတာ၊ သုံးခုကြွင်းမူ ဉာဏ်ပညာရှိ၍ ကျော်ကြားတတ်သောဇာတာ၊ လေးခုကြွင်းမူ မင်းဖြစ်၍ ထင်ရှားတတ်သော ဇာတာ၊ ငါးခုကြွင်းမူ လေးအတတ်ဖြင့် ထင်ရှားကျော်ကြားတတ်သောဇာတာ၊ ခြောက်ခုကြွင်းမူ လူနပုံးဖြစ်တတ်သောဇာတာ၊ ခုနစ်ကြွင်းမူ ဆင်းရဲတတ်သော ဇာတာ၊ ရှစ်ခုကြွင်းမူ ရောဂါအနာများတတ်သောဇာတာ။ သုညကြွင်းမူ သူ့ဘာသာအလျောက် မုဆိုးတံငါဖြစ်တတ်သော ဇာတာတို့တည်းဟု ဆိုလိုသည်။

## ပစ္စည်းရှင်နှင့် အမတ်ကြီးဖြစ်တတ်သောဇာတာဟောတေးထပ်

(၇၃) ရှေးကုသိုလ် လှမလှ စန်းဂြိုဟ်က ထောက်ပါ ဆယ်၊ ဆယ့်တစ်၊ ဆ တြာ ကြက်ခြေသာ မှန်ပြ။ ဆင်ပူးနှင့်ကြွက်သုံးထွေ မြဲမသွေတွေ့လိုက်ပြန်က။ လူတို့၌ ကံမြင့်သာသည် မြဥစ္စာကြွယ်ဝ ဂြိုဟ်သုံးထွေအကုန်ရမှု ဧကန္တဟောပါ။ လူ့ပြည်တွင် ကျော်ထင်ရှား ကျေးကျွန်များ ဥစ္စာရှင်ပါ။ ဆ၊ သတ်၊ အင်္ဂါ၊ စန်းအကွာ ကေသရာ ပျော်မွေ့က ခေါ်ဝေ့ မတ်စစ်သူ မင်းဖြစ်မဲ့လူ။ ဆိုတိုင်းပ ကြံညီမူ ဘုံပြည်သူ ထင်ရှားလိမ့်လေး။

ဆိုသောတေးထပ်၌ မူလဇာတာ ၁၂ ရာသီစက်၌ စန်းမှ ၃ တန့်၊ ၆ တန့်၊ ၁ဝ တန့်၊ ၁၁ တန့် လေးရာသီတို့တွင် တစ်ခုခုသော ရာသီ၌ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာဂြိုဟ်သုံးလုံးတို့

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်စုတည်းသော်လည်းကောင်း၊ ဖြန့်၍သော်လည်းကောင်းတည်ရှိမူ လူ့ပြည်တွင် ထင်ရှားကျော်ကြား၍ ကျေးကျွန်များအရှင် ပစ္စည်းဥစ္စာ ရတနာတို့၏ အရှင်ဖြစ်တတ်၏။ ဂြိုဟ် သုံးလုံး အကုန်ရမူ ကေန္ဒမလွဲဖြစ်ရမည်။ တစ်လုံး၊ နှစ်လုံးရမူ အနည်းငယ်လျှော့၍ ဟောရမည်။ စန်းဂြိုဟ်မှ ၆ တန့်၊ ၇ တန့် အကွာတွင် အင်္ဂါဂြိုဟ်တည်ရှိမူ အမတ်စစ်သူကြီး သို့မဟုတ် မင်းဖြစ်တတ်သော ဇာတာရှင်တို့တည်း။ ဤဆိုတိုင်း ညီညွတ်မူ အလွန်ထင်ရှားကျော်စောတတ်၏ဟု ဆိုလိုသည်။

## ပညာမြင်တာနှင့် တတ်နိုင်သော ဇာတာဟောတေးထပ်

(၇၄) မိန်ခွင်မှာ လဂ်စန်းနှင့်ဂြိုဟ်တစ်ခန်း ရောက်ကြိမ်နာဂိန္ဒ ကုမ်သိဟ်မှာ ခိုးအရှိန်မာန်ပြင်း။ မကာရ ကေသရာဂြဟာဇာ ဉာဏ်မီးသို့လင်း။ သိဟ်ခွင်၌ တိတြာ ဂြိုဟ်ရာဇာနေခြင်း သညာမှု ဘက်ကင်းလို့ နေခြင်း၏ လက္ခဏာ။ ပညာကို မြင့်ကာတတ် ဇောတိရည် မျိုးမြတ်လုပါ။ ရွှေဗြို့ဟာဇ်ကျမ်းအလာ ဂြိုဟ်ရာဇာစက်ကိန်းလို့ တည်ကြိန်း ဂြိုဟ်လက်ျာ ကဲမောက်ပညာ။ ဂြိုဟ်မင်းက နေခြင်းဖြာတယ် ဗြို့ဟာဇ်စာ ထင်ရှားမို့လေး။

ဆိုသောတေးထပ်၌ မူလဇာတာ ၁၂ ရာသီတွင် မိန်ရာသီ၌ လဂ်နှင့်စန်း ကုမ်ရာသီ၌ စနေ မကာရ ရာသီ၌ အင်္ဂါ သိဟ်ရာသီ၌ တနင်္ဂနွေတည်ရှိမူ အမှတ်သင်္ကေတ အလွန်ကောင်း၏။ အတတ်ပညာဟူသမျှတို့ကိုလည်း မြင်ရုံမျှနှင့်တတ်မြောက်နိုင်၏။ ဇောတိရည် ပတ္တမြားရတနာကဲ့သို့ အမျိုးမှာ ထင်ရှား၏။ ကျော်စော၏။ မြတ်၏ဟု ဗြို့ဟာဇ်ကျမ်း၌ ထင်ရှားစွာ လာသည့်အတိုင်း ထင်ရှားသိနိုင်ရန် ဖော်ပြလိုက်သည်ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ချမ်းသာ ဆင်းရဲကိုပြသော ဇာတာဟော တေးထပ်

(၇၅) ကဝိတွင်မို့မောက် ကဲရောက်တဲ့ဆရာ မိဿစန်း လက္ခဏာ အင်္ဂါလေဝင်ပူး။ ဘုန်းတက်တိုး ဝင်းဝင်းထိန် တန်ခိုး ရှိန် ကြီးလိမ့်ကြော့မှူး။ ဗုဒ္ဓဟူးဝင်လာကြိမ်လျှင် သုခမိန်ဖြစ်ဦး ကြွက်မင်းနံ့ဝင်ပူးလို့၊ ပူးသနစ်မင်းကို သောကြာနံခြောက်ခုပေါင်း ရင်ဖြင့် မင်းဖြစ်ကောင်း ဟောသင့်အဆို။ သောရီနှင့်ကြုံပြန်ခိုလျှင် ဥစ္စာဂြိုဟ်ကံနည်းလို့ ကျော်သဲရ တစ်ဂဠုန် ကြောင်းနည်းခိုက်ကြုံ။ စေပါးမူ ခံရပုံကို ရွှေဂဠုန်ဝင်လို့တဲ့လေး။

ဆိုသော တေးထပ်၌ မူလဇာတာ ၁၂ ရာသီစက်တွင် မိဿ ရာသီ၌ စန်းလဂ်နှစ်ပါးတည်ပူးမူ ကဝိမြောက်၍ ဆရာကြီး တစ် ယောက်ဖြစ်တတ်၏။ ထိုတွင် အင်္ဂါဝင်၍ပူးမူ၊ ဘုန်းတန်ခိုးရှိ တတ်၏။ ဗုဒ္ဓဟူးပူးမူ ပညာရှိ သုခမိန်ဖြစ်တတ်၏။ ကြာသပတေး ပူးမူ၊ ထူးသောမင်းဖြစ်တတ်၏။ သောကြာပူးမူ မင်းဖြစ်ကောင်း ဖြစ်တတ်၏။ စနေဂြိုဟ်ပူးမူ ဆင်းရဲတတ်၏။ တနင်္ဂနွေဂြိုဟ်ပူးမူ ကျော်စောတတ်၏။ သူတစ်ပါးတို့ အစေအပါး ခံရတတ်၏ဟု ဆိုလိုသည်။

## ပညာနှင့် ဥစ္စာပေါ်များသော ဇာတာဟော တေးထပ်

(၇၆) ဖွားဇာတာ မူလ ယူဆတော့ ဉာဏ်ရှင် လဂ်စန်းကျ အိမ်ခွင်ဝယ် ဆဒ္ဒန်ဆင်ဂြိုဟ်မင်း။ ကြွက်၊ ပူးနတ် သုံးပါးဆိုလျှင် ဘုန်းပွားလှိုင် တိုးလိမ့်မယွင်း။ ပညာရှိဘောဂကြွယ် ဟောရမယ် အလင်း လောကဝယ် အရှင်းပ သတင်းနှင့်ကြိုင်ကြိုင်။ သူ့ဝါစာ မေးဆိုတတ် လေးချိုမြတ် ချစ်ကိန်းနှင့်ဆိုင် ကောင်းခေါ်သံ သက်ဆုံးတိုင်ငယ် ဘက်နှုန်းပြိုင်မတူ သင့်တယ်လို့ တစ်မူဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ရာဇမတ္တဏ်ကျမ်းထွက်အမှန် နန်းကနက် မန်းဗျာခံမှာ ချမ်းသာရန် တိုးပေလိမ့်မည်။

ဆိုသောတေးထပ်၌ မူလဇာတာ ၁၂ ရာသီ စက်တွင် မည်သည့်ရာသီမှာ မဆို စန်းလဂ် နှစ်ပါးပူးရာတွင် ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ဂြိုဟ်သုံးလုံးတို့ ပူးယှဉ်ပြန်မူ ဘုန်းကံမညှိုး ဂုဏ်တက်တိုး၍ အမျိုးမျိုး ကြိုင်ပညာအရှိန်တို့မှာ တထိန်ထိန်လိုင် လျက် ဘောဂဥစ္စာ ရွှေ၊ ငွေ၊ အသပြာတို့မှာလည်း ပဒေသာ အလားကဲ့သို့ ပေါများတတ်၏။ ပိယဝါစာ ချစ်ဖွယ်သော စကား အရာတို့ကိုလည်း ကောင်းစွာ ပြောတတ်၏။ ကောင်းသော သတင်းအကျော်နှင့်လည်း ပြည့်စုံတတ်၏။ မွေးဖွားသည့်ကစ၍ သေသည်တိုင်အောင် ကောင်းစားတတ်၏ဟု ရာဇမတ္တဏ်ကျမ်း၌ ပြဆိုပါသည်ဟု ဆိုလိုသည်။

**ထီးဖြူအုပ်၍မင်းလုပ်ရအံ့သော ဇာတာဟော တေးထပ်**

(၇၇) လေးဒွါရေ ခွင်စတု ထင်ရောင်ပြု ထွန်းဖြာ ဂြိုဟ်ဂုရု ဇီဝါ၊ စန္ဒရာပြောင်ရွှန်း၊ အုပ်ထီးရိုး စိုးလှူ့ ဇမ္ဗူတုန် ဘုန်းကတောက် ထွန်း။ မေထုန်နှင့် သိဟ်မိန် ရာသီအိမ်ပတ်ဝန်း ဆင်၊ သီဟာ နေရာကွန်း တေဇာ ထွန်းပြောင်ဝါ သုပဏ္ဏာ မြွေနဂါးငယ်တို့ နေပျော်ပါး ရှိချေသော်ခါ။ ကျော်ဟိုးလို့ ကြေညာ ဇမ္ဗူမှာ အာဏာ စက်ကယ်နှင့် ဖြန့်ထီးရွက် ရိပ်ဖြူကာ စိုးမဲ့ရာဇာ ဇမ္ဗူကျွန်း ချက်ချာဝယ် စက္ကဝါ အုပ်စိုးလိမ့်လေး။

ဆိုသော တေးထပ်၌ မိဿ၊ ကြင်း၊ တူ၊ မကာရ ဒွါရလေး ခွင်တို့တွင် တစ်ခုခု၌ တနင်္လာ၊ ကြာသပတေးဂြိုဟ်တို့ ပူးချက် သော်လည်းကောင်း၊ ဖြန့်လျက်သော်လည်းကောင်း၊ တည်ရှိမူ

www.burmeseclassic.com



ထီးရိုး၊ ထီးမိုး ရရှိသော ဇာတာဖြစ်၍ ဇမ္ဗူတုန်မျှ ကြီးလှသော ဘုန်းတန်ခိုးရှိတတ်၏။ မေထုန်၊ သိဟ်၊ မိန် သုံးရာသီတို့တွင် တစ်ခုခု၌ အင်္ဂါ၊ ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ စနေဂြိုဟ်လေးခုတို့ တစ်ရာသီတည်း ပူး၍လည်းကောင်း ဖြန့်၍လည်းကောင်းတည်ရှိမူ ဖြန့်ထီး ရွက်ရသော ဇာတာဖြစ်၍ ဇမ္ဗူကျွန်းချက်ချာ လွန်ကြေညာ တေဇာ မောက်ဖြိုးပြီးလျှင် ဘုန်းစက်အာဏာအဖြာဖြာသော တန်ခိုးတို့နှင့် ပြည့်စုံသော မင်းဖြစ်တတ်၏။ စကြာဝတေးမင်းကြီး၏ အသရေကဲ့ သို့သော ကောင်းမြတ်သောအသရေကို ဆောင်တတ်၏ဟု ဆိုလိုသည်။

## သိုင်းဘွဲ့ဖြူငွေဓားနှင့် ရွှေရထားရမည့် ဇာတာဟောတေးထပ်

(၇၈) လေးဒွါရာ နန်းပလ္လင့်စန်းတစ်ပွင့်ဇီဝါ ကြင့်နှန်း မြင့်သီဟာမှာ တညီလာစံစား မေထုန်နှင့်သိဟ်တစ်ခွင် ပြိဿပင် သုံးဘုံရထားရေနတ်နှင့် ကေသရာဝယ် ငွေဂဇာစွယ်ဖျား သွေမကျွာ စံပယ်ကြားက နွယ်အလား ထွင့်နူတင် သိုင်းဘွဲ့ဖြူ ငွေဓားနှင့် ရွှေရထား ရမယ့်သခင် နတ်အလားမြဲ၊ ပြတင်လို ဘဝတွင် ခေါင်ထိပ နောင် မရှိ သမ္ဘာရှိန်တိုးတက်မည့်သိရ် သောင်းနယ်ပြန့်မြေ မဟိန်မှာ ကေရိန်တစ်ပါးပလေး။

ဆိုသော တေးထပ်၌ မိဿ၊ ကြင့်၊ တူ၊ မကာရ၊ ဒွါရလေး ခွင်တို့တွင် တစ်ခုခု၌ စန်း ကြာသပတေးဂြိုဟ်တို့တည်ရှိ၍ မေထုန် သိဟ်၊ ပြိဿ သုံးရာသီတွင် စနေ၊ အင်္ဂါ၊ ဗုဒ္ဓဟူးဂြိုဟ် သုံးလုံး တို့တည်ရှိမူ မင်းမျိုး မင်းသားဖြစ်က သိုင်းဘွဲ့ဖြူ ငွေဓားနှင့် ရွှေ ရထားဆိုက်ရောက်၍ မင်းမြှောက်ခြင်းခံရတတ်၏။ နတ်၊ သိကြား မင်းတို့၏ပမာ ကမ္ဘာလောက ဤဘဝတွင်ပင် တုပပြိုင်နိုင်သူရ ထွန်းတောက်ပသော တန်ခိုးအရှိန်အဝါတို့သည် တထိန်ထိန်ဖြာ

www.burmeseclassic.com

www.burmeseclassic.com



လင်းပြီး၊ သောင်းနယ်အတွင်း မြေမဟိန်မှာ ကေရိန်မင်းတစ်ပါး ဖြစ်အံ့သော ဇာတာများဟု ဆိုလိုသည်။

### ဘွဲ့သူကောင်းပြုခံရသော ဇာတာဟော တေးထပ်

(၇၉) ရွှေဇာတာကွက်လပ် ကဏ္ဍဋ္ဌဘုံခွင် ဘက်မရကုန်စင် လုံကညင်စံခန်း မကာရ၊ ကုမ်၊ မိန်၊ ဂုဏ်တသိရ် ထူးလို့လျှံလန်း။ ဤငါးရပ် ရာသီဝယ် တစ်သာကီ ထွေဆန်း သဒ္ဒါညီဝေလျှန်းလို့ ရွှေစန်းမြတ်ရှိလျှင် နွယ်သိင်္ဂီစလွယ်ဖောင်းငယ်နှင့် ဘွဲ့သူကောင်း မင်းဖြစ်မည့်အင် တွေ့သမျှဇာတာခွင်ဝယ် မကြာခင် ကိုင်ကောက် လို့ ပြိုင်နှစ်ယောက်မရှိအောင် ဟောတော့ပွဲတောင် ထွန်းပေလဲ့ ကျွန်းမြေဘောင် ခုတန်ဆောင် လင်းပေလိမ့်လေး။

ဆိုသောတေးထပ်၌ ၁၂ ရာသီစက်၌ ကြင်္ဃ၊ ကန်၊ မကာရ၊ ကုမ်၊ မိန်၊ ဤငါးရာသီတို့တွင် တစ်ခုခုစန်းတည်မူ မင်းမျိုးမင်း သားဖြစ်က သိင်္ဂီသွယ်ပြောင်း စလွယ်ဖောင်းဘွဲ့ သူကောင်းရစစ် မင်းဖြစ်တတ်၏။ ထိုသို့တွေ့သမျှ ဇာတာအပေါင်းတို့ကို ကောက် ယူကိုင်တွယ်လျက် ပြိုင်ဖွယ်မရ ကျက်သရေ ထွန်းပအောင် ဟောစာတမ်း ထုတ်ပြကာ မုချပင် ကျွန်းမြေဘောင်မှာ ဉာဏ်တန် ဆောင် ထိန်လင်းပြီး ဂုဏ်သတင်း ပျံ့နှံ့ကျော်ကြားနိုင်ပါသည်ဟု ဆိုလိုသည်။

### အပျိုကြီးဖြစ်တတ်သော ဇာတာဟော တေးထပ်

(၈၀) ကြင်ဖက်သက်လျာ လင်နှင့်ဝေး ယဉ်ကျေးသည့် ကညာ ခင်လေး၏ဇာတာကို ငါဆရာအသိရေးလိုက်တဲ့ နဖူးစာ မှာ သတ္တဘာ လွဲလို့မရှိ၊ သိသာခွင့် ထက်ရပ်ဖွေလျှင် ထေ[illegible]ကြပ် လေမြင်ဘီ လဂ် သတ္တေ ခွင်ကို ကြည့်လျှင် ခင်တမိ[illegible]ဘာ၊ စန်း

www.burmeseclassic.com

www.burmeseclassic.com



ဂဠုန် ရွှေခြသေ့ငယ်နှင့် ခွင်မရွေ့ ရာဟုနှင့်သာ၊ မြင်အတွေ့ ကိန်း အလာကို တိမ်းပါလျှင် မောင်းခတ်တော့ ကြောင်းမစပ်လူပျိုစင် မှဲ့တဲ့ဖြစ်အင် အပျိုကြီးလို့ ဆရာထင်တယ် မလာချင်ပြန်အုံးတော့လေး။

ဆိုသောတေးထပ်၌ မိန်းမတို့ ဇာတာ ၁၂ ရာသီစက်၌ လဂ်မှ ခုနစ်တန့် ပထနီရာသီအိမ်တွင် စန်းဂြိုဟ်နှင့်ကပ်ယှဉ်၍ တနင်္ဂနွေ၊ အင်္ဂါ၊ ရာဟု၊ ပါပဂြိုဟ်တို့စု၍ ပူးမူ မည်သလောက် ယဉ်ကျေး လှပ မိုးနတ်သူပုံမကသော်လည်း ဤဘဝတွင် ကြင်ဖက်သက် လျာ လင်နှင့်ဝေးသဖြင့် ဖူးစာရေးသတ္တဘာတို့ကလည်း အမှတ်မဲ့ မရေးမိ ဆွေးတအိအိ အပူပိုပြီး အပျိုကြီးများဖြစ်၍ ဆရာအမှတ် ထင်သောကြောင့် ယောကျ်ားတစ်ယောက်မျှ မလာမကပ်ချင်ဘဲ အလကား အလဟဿ အပျိုကြီးဘဝနှင့်သေဆုံးရမည်ကား ဧကန် မလွဲနိုင်တော့ပြီဟု ဆိုလိုသည်။

## ကြာခိုတတ်သော ဇာတာဟော တေးထပ်

(၈၁) ဣတ္ထိတို့ ဇာဂ၊ သဘာဝ သည်လို ကြာဝံသ ရိပ်ခို သည် တိတ်တိတ်သို မှသား လင်ကြီးကို ကွာလမ်းကြံတယ် ကြာ နန်းစံခင်လေးတို့များ၊ ဘယ်အတွက်ကြောင့် ရှက်စရာကို လက္ခ ဏာတင်အား၊ ဆယ့်နှစ်ခွင် စက်ယဉ်ဖျားမှာ ထွက်ဝင်နားသည်လို၊ တစ်ခွင်ခွင် လရထားငယ်နှင့် ဂြိုဟ်နဂါး ခြသေ့မင်းစံခို၊ သည်ကျမ်း ထွက်အဆိုမှာ ဖြူဝါညိုပြာညက်တို့ ဆယ့်နှစ်ထက် ဝေါရီပမာ ကြောမည်နှစ်ခါ ကိန္နရကျမ်းအလာမှာ စိဥ္စမာ သဘာကွဲ့လေး။

ဆိုသောတေးထပ်၌ မိန်းမတို့ဇာတာ ၁၂ ရာသီစက်တွင် တစ်ခုခုသော ရာသီစက်၌ စုတ်၊ လာဘ်ဟု ဆိုအပ်သော စန်းဂြိုဟ် တည်ရာတွင် စနေ၊ အင်္ဂါဂြိုဟ်တို့ ပူးယှဉ်လာသော မိန်းမတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



လင်ကြီးကို ရှိသေခြင်းကင်းသည့်အပြင် လင်ကြီးကို ကွာရှင်းရန် ကြံရွယ်ပြီး လင်ငယ်၊ လင်မြှောင်များထားလျက် ကြာခိုတတ်သော အလေ့ဝါသနာများ ပါရှိတတ်၏။ အရက်အကြောက်နည်းပါးတတ်၏။ အသက် ၁၂ နှစ် ဝေါရီအရွယ်ကစ၍ ယောကျ်ားတစ်ပါးနှင့် ပျော်ပါးရွှင်မြူး အကြင်လင်မယားများဖြစ်ဖူး၍ အပျိုအိုကြီး ဖြစ်တတ်၏။ စိဥ္စမာနုကဲ့သို့ ဆိုးသွမ်းညစ်ညမ်းသောအကျင့်ဆိုးရှိတတ်၏ဟု ဆိုလိုသည်။

## အချုပ်တန်းဆရာဖေ ရေးသားသော မိန်းမဟော တေးထပ်

(၈၂) စန်းအင်္ဂါ ပလိမ်းကြ၍ ကိန်းအရ ပျူငှာမိန်းမတို့မူဇာတာမှာ တူနှစ်ဖြာယှဉ်က၊ ယောကျ်ားဆို တိမ်းမရှောင်သည်အစိမ်းတောင် ဝါးမည့်ပုံပ၊ ပူး နဂါး မိတ်ဖက်စံလျှင် စိတ်ခက်ထန်မာန၊ ဟိတ်ပျက်ဉာဏ် ပါပနှင့် အာစာရ ကျင့်တန်၊ လင်ကြီးကို အိုကွေ့ကွင်း ရှိသေခြင်းကင်းတတ်လှပြန်၊ ကြွက်မင်းနှင့် ဆန္ဒနိငယ် နှစ်ရပ်နံ့ ဂဟောစပ်တဲ့ပြင် ငွေပြာသာဒ်စန်း တစ်ထွေပေါင်းမိကလေ၊ ထိမ်းမြားတိုင်း ခင်တမေမှာ လင်အသေများချည်ငဲ့လေး။

ဆိုသော တေးထပ် အဓိပ္ပာယ်ကား မိန်းမတို့ဇာတာ ၁၂ ရာသီစက်၌ စန်းနှင့်အင်္ဂါဂြိုဟ်တို့ ပူးယှဉ်မူ ဘီလူးသားရဲတို့ပမာ ယောကျ်ားမြင်ရာကို ကြိုက်နှစ်သက်ရုံမျှမက ကာမတရား လွန်ကဲသဖြင့် အစိမ်းတောင်ပဲ စားသောက်ကိုက်ဖဲ့လိုသောစိတ်ရှိတတ်၏။ သောကြာနှင့် စနေပူးယှဉ်မူ စိတ်မာန ခက်ထန်တတ်၏။ အကျင့်အာစာရ ဆိုးဝါးတတ်၏။ မကောင်းသတင်း ပျံ့နှံ့ကျော်စောခြင်းရှိတတ်၏။ မိမိလင်ယောကျ်ားကိုလည်း မရှိသေတတ်။ ကြမ်းကြုတ်သော အလေ့မျိုးရှိတတ်၏။ ဗုဒ္ဓဟူးနှင့် ကြာသပတေး

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်တို့ ပူးယှဉ်ရာတွင် စန်းဂြိုဟ်ကပ်၍ ပူးပြန်မူ ထိမ်းမြားတိုင်း လင်ယောကျ်ားသေဆုံး၍ မုဆိုးမဖြစ်တတ်၏ဟု ဆိုလိုသည်။

## မဘဲမြို့စား-ပညာရှိအမတ် မင်းလှကျော်ထင် စီရင်ရေးသားသော မူလပဝတ္တိ ဟောကိန်းလင်္ကာများ

### မူလဟော ၁ ပိုဒ် စာကိုယ်လင်္ကာ

(၁) စမ္ဘခန်း ယမ္ဘခန်း ခေါ်မှန်း နှစ်ပါး ဖွားခတ် နာမ်ခတ် ပညတ်နှစ်ဖော် ဥစ်နှင့်သော်လျှင် အကျော်ငါးခွင် ရာသီတွင်၌ နံ့ပင် တနင်္ဂနွေ စန်းလင်္ဂနေ၍ ဆယ်ထွေတိုင် ဦးပြိုင်ယှဉ်ပူးမူ ကျေးဇူးနက္ခ ကျော်ကိတ္တိနှင့် သီရိမြတေ တက်ဖြိုးဝေလိမ့်၊ မသွေ တူညီ ထိုရာသီဝယ် ဆယ်လီမည်လျှဉ်း တိုင်းခပင်းထက် မြတ်ခြင်း လွန်ဘိ မိပတိမည်မှတ် တိုင်နက္ခတ်သည် ဥပါဒ်၊ ကာန မိတ္တူ ကျ၍ စမ္ဘ၊ ယမ္ဘ ခဏ္ဍာနှစ်ပါး ကြိုက်တော် ညားလျက် ဖွားခါ ပြည့်လတ် စန်းနက္ခတ်နှင့် ပါဒ်နဝင်းဆိုင် ဆယ်ပါးတိုင်တို့ အပြိုင် ညီညာ ဆိုင်မိပါမူ ရာဇာမင်းစော ဖြစ်မည်ဟောလေ့။ သော သောဝှန်းဇေ့ အာဏာမွှေ၍ တေဇာဣဒ္ဓိရှိမရှိမှာ တိုင်ဆယ်ဖြာနှင့် ဖွားခါပြည့်စန်း ခေါ်မှန်းပညတ် နက္ခတ်မူလ မှန်သမျှဝယ် မရှုထာသုံးလီ ရာသီ၌တွင် ခိုမှီဝင်သည့် ဂြိုဟ်မြင်တစ်ဆစ် ကသစ်၊ ခတ်ဥစ် သမုတ်ဝေငှ လေး၍ာန၏၊ သတ္တနာမံ ကိန်းပြန်နှောငြား ခုနှစ်စား၍ သုံးပါးဥပါဒ် တွေ့ကြုံလတ်က သင့်မြတ်တော်လှ စန်းလင်္ဂရဟု လောကလူ့ဘောင် ကျော်ခေါ်တုကျွန်း ဘက်မဲ့ ထွန်းသည်။ ဖြူဝင်းရှစ်ဆိုင် ဖြန့်မိုးတည်း။

### မူလဟော ၂ ပိုဒ် စာကိုယ်လင်္ကာ

(၂) ခတ်စုတ်နှစ်ဖြာ ဆန်းပျက်ရာ၌ နံ့သာလစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



စန်းနှင့်လဂ်တို့ ဝင်လျက်မှီခို နံနဂိုနှင့် စန်းဂြိုဟ်လဂ်ဂြိုဟ် တိုင်ထိုထိုတွင် ခေါ်ဆိုသမုတ် ဓာတ်–ဥစ်နှစ်ပါး တူဌြားယှဉ်ပြိုင် ဆိုင်၍နေမှု ထိန့်ထိန့်ဆူမျှ ဇမ္ဗူမင်းစစ် ဧကရာဇ်ဟု ဖြစ်အံ့ထိုသူ တစ်ကြောင်းမူကားစတူရပါဒ် နက္ခတ်နှင့်သာ သွားခါမည်မှတ် ဓာတ်နက္ခတ်သေ တူလေရာသီယှဉ်မှီ ကသစ်ကိန်းလျှင် ဖြစ်၏။ ကသစ်ကိန်းမှီ ဓာတ်ရာသီနှင့် ပြိုင်ညီထွန်းပ ဓမ္မခဏ္ဍော် ယမ္မခေါ်သည် နှစ်ဖော်ရာသီ ထိုငါးလီသည် အာရီ၊ မရဏ ဗျာယ၊ စင်စစ် ရောက်သည်ဖြစ်မူ ကသစ်အိမ်ရှင် ဂုဏ်အင်နှင့်သော် ထိုက်လျော်ကဲ မိုး အစိုးရခြင်း မင်းလျှင်တစ်သီး စစ်သူကြီးက စသည်ထင်ပေါ် လူ၌ကျော်သည် တေဇော်ကြီးမြင့် မောက်ဖြိုးတည်း။

## မူလဟော ၃ ပိုဒ် စာကိုယ်လင်္ကာ

(၃) ဓာတ်စုတ်နှစ်ပါး ဆန်းဌြားပျက်လစ် ရာသီခေတ်တွင် သက္ကရာဇ်မူလ ဖွားစဉ်ကလျှင် ရသည့်ပြည့်စန်း ခေါ်မှန်းတစ်သီး လဂ်စီးမည်မှတ် ဥဒည်းနတ်နှင့် နဝရတ်ကိုးခိုင် သုံးလုံးဆိုင်သည် အပြိုင်ရောင်ညှို မိပတိဖျား တိုင်ဆယ်ပါးတို့ ဖွားသည်နာမ်နှင့် ဥပါဒ်သင့်၍ စ နှင့် ယ ကို ယှဉ်မှီခိုလျက် စန်းဂြိုဟ်လဂ်နာမ် ပြိုင်၍ခံမူ မိုးယံတိမ်ပြင် သုံးလမ်းနှင်သည် ပြဘင်္ကာရာဇ် တက်သည့် နေနန်း ဆန်းသစ်လသို့ ဘုန်းရောင်ပျို့လိမ့်။ ဆယ်ဖို့မက တိုင် ထိုမျှတွင် မူလဇာတိ မိပတိဟု အာဒိမည်ထူး နက္ခတ်ဦးသည် ကွန် မြူးခိုမှီ စက်ရာသီ၌ နှစ်လီဓာတ်ထက် ဆန်းပျက်ဖွားရွှေ့မွေးနံ နေ့နှင့် တွေ့ချေမရှက် စုတ်ဆန်းပျက်သော် မြေထက်အုပ်မိုး စိုးသည့် သေဌ်နင်း မင်းထက်မင်းဟု တင့်ခြင်းကဲလွန် ကျော်စော ဝုန်လိမ့် တစ်သွန်ထိုမြို့ နက္ခတ်တို့နှင့် မျှို့မင်္ဂလာ လေးပြာစုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျော် ကြိမ်သော်တစ်လီ အာရီမရဏ ဗျာယတွင်လစ် သုံးအိမ် ခေတ်ဝယ် ကသစ်ခေါ်ဆို ဂြိုဟ်နှင့်တစ်ချက် စုတ်လျှင်ပျက်က အနဋ္ဌမျိုးကျေးဇူးဖြိုးလည်း ယွင်းရိုးအနေ ဖြစ်တတ်ချေသည်။ သရေယုတ်ညှဲ့ တန်ခိုးတည်း။

## မူလဟော ၄ ပိုဒ် စာကိုယ်လင်္ကာ

(၄) ရတနာစုတ် သမုတ်စွဲသုံး တွက်ရိုးထုံးကား ပေါင်းရုံး ရောယှက် ရေးကျိုးဆက်သည် ကိုးမျက်ရောင်ရှိန် တောက်လောင် ထိန်သို့ အချိန်ဘယ်နဲ့ ပွင့်လတ္တံ့ဟု လင့်ငံ့မျှော်ဆ လူထိုမျှ၏ အန္တ အလို ဟောနည်းဆိုပိမ့် နဂိုသဏ္ဍာရာဇ် မူလနှစ်ကို ရှာ့ရှစ်နှစ်စား ကြွင်းငြားသေသ မှန်သမျှတွင် နာမအာယု ရောစုပေါင်းညီ သတ္တဗီ ဖြင့် ယှဉ်မှီဖြိုလတ် ကျန်နက္ခတ်သည် ပညတ်ရတနာ စုတ်တိုင် သာတည်း။ ရာသီဆယ့်နှစ်ဆူ တူရာယူမှ စတူရပါဒ် မှတ်လေသုံး ပါး ကြက်ခြေထားလော့ ပတ္တမြားရောင်လင်း လ နတ်မင်းသည် မူရင်းလင်္ဂနံ ကြက်ခြေပုံတက် စံစံပယ်ပယ် မြူးတင့်တယ်က လေး သွယ်အရိုး အမျိုးအလျောက် အထောက်တော်သင့် ဘုန်းတန်းပွင့်၍ မြင့်မည့်အနေ ဟောပါလေတော့။ တစ်ထွေမှတ်ရာ အရှယ်မှာ လျှင် ဦးစွာကြက်ခြေ တွေ့လေပထမ အလယ်ကျသော် ဒုတိယတွင် နောက်ဆုံးမြင်မူ ဆင်းအင်ရှယ်လှ တတိယမှာ တာရာ့အလယ် လမင်းနှယ်သို့ စံပယ်စံတင့် ဘုန်းတန်းပွင့်သည်။ ဆော်ပင့်ကုသိုလ် ကံကိုတည်း။

## ပဝတ္တိဟော ၁ ပိုဒ် စာကိုယ်လင်္ကာ

(၁) ဖွားခါမူလ တိုင်ထိုမျှတို့ ကိန်းရစုံလင် ဓာတာရှင်သည် ရှယ်လျှင် ဘယ်လောက် အချိန်ရောက်မှ ထောက်ပံ့ကံဝင့် ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



မြင့်၍ ကြီးမြင့်ဝှန်ဟှာ အာဏာတန်ခိုး တိုးမည်အကြောင်း ကောင်း မည့်နှစ်လ သိလိုကမူ ရောက်သမျှသက် တည်လျက်ပေါင်းထား လေးခုစား၍ ရကြွင်းနက္ခတ် အကြွင်းပါဒ်ကို စုတ်၊ ခတ်မူလ စသည် ဆယ်ဖြာ တိုင်တို့မှာဒွိ တူရာမသွေ နှော့ပါလေ၍ မနေရာဝယ် ဖြိုလိုက်ပယ်သော် တိုင်ဆယ်အာယု ဖြစ်မူမှန်လှ စန်းလျှင်ရ၏။ ရာမနှင့်ဖြတ် ကြဋ္ဌိဇေက စသည်မယွင်း နဝင်းဆယ်ခု ရောက်ရာရှု လော့ အာယုခန်းမင်း ဆယ်နဝင်းတို့ ချင်း၏စုတ်ခတ် စားမှတ် ဆန်းပျက် သုံးချက်အာဒိ မဇ္ဈိအဝသာ ရာသီမှာနှင့် ဖွားခါဆယ်ပါး တိုင်တွင်နား၍ ထွန်းကြားမိပတိ ငါးခွင်ရှိ၍ ဇာတိမည်မှန်း စန်းထက်လက်ထက် ယှဉ်လျက်တူကွ ကမ္ဘုမ္မမှီ ပထနီသုဘ လာဘ အိမ်မှာ ခိုဝင်လာစဉ် ကောဇာကြုံဟ်မင်း ထွင်းစေသောမ စုတ်ယုဂ် ရသော် ထိုလရာသီ မလွန်ပြီတည့် သိင်္ဂီမင်းစံ ရွှေအလျှံဝယ် စံဝဇီရ ထွန်းတောက်ပသို့ ရာဇသေဋ္ဌနင်း မင်းတည်းဖြစ်မူ ဆင်ဖြူမင်းပျံ လုံ့ရှိန္ဒမာ ကညာစက်အောက် ဆက်လာရောက်အံ့။ ပျိုပေါက်နု ထွား မင်း၏သားနှင့် မင်းပါးနေသူ မှူးမတ်မူလည်း ထီးဖြူမြှောက် စည် မည်ရည်ဆင့်လောင်း မင်းတင့်ကောင်းတည်း။ တစ်ကြောင်း ဆိုရေး သူဌေးပုဏ္ဏား ဆင်းရဲသားမူ ဂုဏ်အားထိုက်လျော် ကောင်း ကျိုးပေါ်သည် မမျှော်တုလွတ် ပြိုင်မိုးတည်း။

## ပဝတ္တိဟော ၂ ပိုဒ် စာကိုယ်လင်္ကာ

(၂) စုတ်ရတနာ တိုင်သုံးဖြာနှင့် ကောဇာအာယု စန်းဏ္ဍနှု သည် ပေါင်းစုတူညီ ပထနီသုဘ လာဘကမ္ဘုမ်လက်ဝယ်ကြုံ၍ လေးစုံစုတ်ကျော် ပေါ်သော်လည်းကောင်း တစ်ကြောင်း ထိုသူ့ သက်အာယုတွင် ယခင်တိုင်မြတ် ကြယ်နက္ခတ်ကို ရောလဟ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လစ် သတ်ဗီစစ်နှင့် နှုတ်ပစ်ပယ်လျှဉ်း ထိုအကြွင်းသည် မယွင်းမှန်စွာ ရတနာစု စန်းအာယုတည့်။ ရှေးတူမယွင်း ထိုစန်းမင်းသည် တင့် ခြင်းမှန်မူ ဓနုကဠုမ္ဘ စသည်ငါးလီ ရာသီနှင့်တော် စုတ်လျှင်ပေါ်၍ နေသော်လည်းကောင်း၊ အကြောင်းနှစ်ပါး ထိုသို့အားတွင် စားသည့်နဝင်း ရပ်တင်းယှဉ်မီ ရာသီအိမ်ရှင် လဂ်တွင်ခိုလှုံ ကဠုမ် တစ်လီ ပထနီသုဘ လာဘအိမ်မှာ ရာသီနှင့်တော် ရောက်သော် တစ်ချက် အသက်တည်ထား နံမြှောက်ငြားမှ စားလောကိုးခု အကြွင်းရှုသော် ဥဒါသိန်နေ့ မိတ်နံတွေ့မူ ချမ်းမြေ့လွန်ကြူး သူ့ ထက်ထူးအောင် ကျေးရူးကြီးမြင့် ဘုန်းတန်းပွင့်၍ အတင့်အတယ် စလွယ်ထီးစည် မည်ရည်ဆင်ခြင်း ယာဉ်သံလျှဉ်းက သင်းပင်း ကျွန်ကျေး စားကျေးဆောင်ယောင် မြားမြောင်ရတနာ လိုရာမတ ကြဲတိုင်းရလျက် သုခကြွေ့ကြွလောက်လုံလွှေ့သည်။ ရေတွေ့ ပန်းနှယ် မညိုးတည်း။

## ပဝတ္တိဟော ၃ ပိုဒ် စာကိုယ်လင်္ကာ

(၃) ဓာတောဒယ ကျမ်းမ, အလို၊ ဆရာဆိုသည် ထိုထို တိုင်နှင့် နှိုင်းပြိုင်ချင့်လျက် တစ်ဆင့်တက်လမ်း ဟောထုံးငြမ်းကို လျှမ်းလျှမ်းဝေဆာ နိဒါန်းဖြာပိမ့် ဂေါစာ၊ မူလနှစ်ပါးကလျှင် ရ သည် မယွင်း နဝင်းနှစ်လီလဂ်မီအိမ်ရှင် ဂြိုဟ်လျှင်စားရာ ထိုလေး ဖြာကို အတ္တာဟူသည် ကိုယ်လေးမည်တည့် ယင်းသည့်ကိုယ်ဆို လေးပါးဂြိုဟ်တို့ မလိုရာသီ နိစ်အိမ်မှီလျက် တစ်လီဗျာယမရဏ ဟု ဌာနသုံးရပ်ခိုမှီကပ်စဉ် ပညတ်ဂေါစရ လေးပါပနှင့် မရဏသုံး ခွင် ဂြိုဟ်အိမ်ရှင်တို့ ယခင်လေးမည် ကိုယ်ထက်တည်မူ ဝေပြည် လျှဉ်လျှဉ် စက်နယ်ရှဉ်၍ နေ့ညဥ့်ခရီး လမ်းစဉ်မှီးလျက် လေ့ကြီး

www.burmeseclassic.com

www.burmeseclassic.com



သဘော်ာ လွင်တောတောဝယ်၊ လေကြောဖြတ်ပိုင်း အဆိုင်းဆိုင်း တွင် မှန်တိုင်းမင်းလွင် မိုးသက်ဆင်၍ ဝန်းကျင်လှည့်ရှုပ် ပတ်ခါ အုပ်၍ စုတ်စုတ်ရေတွင် နစ်သောသွင်သို့ ချစ်ခင်မယား သမီး သားနှင့် ကျွဲ၊ နွား၊ မြင်း၊ ဆင် ကိုပင်လည်းကောင်း ဤအပေါင်း လျှင် ရှောင်တခင်တိ ဘေးကြီးထိ၍ ဖြစ်ဘိတစေ တွေ့တတ်ချေ၏ ညနေရေချမ်း နံနက်ဆွမ်းနှင့် ဘုန်းတန်းဖြိုးမြင့် တန်ခိုးပွင့်သည့် ရှင်ပင့်စတေ၊ ခတ်ပေါင်းမွေဝယ် ရှိသေညွှတ်နူး လက်စုံပူး၍ ဖူးလောဆုပန်ကိုးတည်း။

## ပဝတ္တိဟော ၄ ပိုဒ် စာကိုယ်လက်ာ

(၄) ခတော ဒယ ဂန္ထန္တဟု ကျမ်းမှ ဖော်ထုတ်သမုတ်ပိုင်း ခြား ကိုယ်လေးပါးတွင် စားနဝင်းဆို အိမ်ရှင်ဂြိုဟ်သည် မှိုခိုတန့် ကမ္ဘ ပထနီ ထိုရာသီနှင့် တစ်လီဆယ့်တစ် ဥစ်ကာသစ်အိမ် မိတ်ဝယ် ကြိမ်၍ ချမ်းငြိမ်းနေစေ မသွေတူညီ ထိုရှစ်လီ၏ ရာသီပိုင်းမင်း ဂြိုဟ်သေဋ္ဌနင်းနှင့် တင့်ခြင်း မိတ်ရ သောမဂြဟာ ဂြိုဟ်ဂေါဇာ တို့ လှည့်လာကြိုက်ကြုံ နင်းလေတုံမူ ငွေပုံပတ္တမြား လရထား သည် မိုးဖျားဆောင်းစ သာရဒတွင် ပန္နရသီ တိဟိလုံးစေ့ ဝန်းသည့် နေ့ဝယ် အရှေ့ရိပ်ရိပ် ဥဒည်းထိပ်က ဖျောက်ဆိပ် မင်္ဂလာကြယ်ရံ ကာနှင့် လကျာ်တောင်ကျွန်း ထွက်ပေါ်ထွန်းသို့ တင်ရွှန်းကျက် သရေ တက်လေလေတွင် မင်းဆွေ မင်းမျိုး မှူးရိုးမတ်ရာ သေနာ ပတိ မည်ရှိထင်ရှား သူတို့အားနှင့် ပုဏ္ဏားတစ်ခန်း ရဟန်းတဝေး သူဌေးသူကြွယ် ပေါ်ယယ်များစွာ ဗိုလ်ပါသင်းများ မျိုးလေးပါးတို့ ဂုဏ်အားထောက်ပံ့ ကျေးဇူးဖွံ့ဖြိုး ချီအံ့မနိုင် ကောင်းဆုံးတိုင်လို့မြဲ ပြည့်လှိုင်များလှ ထိုထိုမျှတွင် မူလမယွင်း ဖွားနဝင်းနှင့် လက်နင်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင် ဂြိုဟ်လျှင်စားရာ ကိုယ်သုံးဖြာကို ဆရာတက္ကသိုလ် မမိန့်ဆိုလည်း ရှေးဟိုမဆွ အနိဋ္ဌဝယ် ပြသည့်နည်းနှင့် နှိုင်းယူချင့်၍ ပယ်သင့်မထား ဤသုံးပါးကို မခြားနည်းပင် ဟောစေချင်သည်။ ခဲအင်မိပ္ပာယ် နက်နူးတည်း။

## မူလဟော ၁ ပိုဒ် အကျော်ငါးပါး စာကိုယ် လင်္ကာအဖြေ

(၁) ဓမ္မခဏ်း၊ ယမ္မခဏ်း ခေါ်မှန်းနှစ်ပါး ဖွားဓာတ်၊ နံဓာတ် ပညတ်နှစ်ဖော် ဥစ်နှင့်သော်လျှင် အကျော်ငါးခွင် ရာသီတွင်၌ နံပင် တနင်္ဂနွေ စန်းလင်္ဂနေ၍ ဆယ်ထွေတိုင်ဦး ပြိုင်ယှဉ်ပူးမူ ကျေးဇူးနက္ခိကျော်ကိတ္တိနှင့် သိရှိမြဲတော တက်ဖြိုးဝေလိမ့်။

ဆိုရာ၌ မိမိတို့ မွေးနံ၏ ဓမ္မခဏ်း နက္ခတ်ရာသီ ယမ္မခဏ်း နက္ခတ်ရာသီ (ဤကား ခဏ္ဍာနှစ်ပါးတည်း။) မိမိတို့ ဖွားစဉ်အခါ ဆန်းသောဓာတ် ပျက်သောဓာတ်တို့၏ အာဒိ–မဇ္ဈိ အဝသာန် ရာသီ မိမိတို့မွေးနံဓာတ်တို့၏ အာဒိ–မဇ္ဈိ–အဝသာန်ရာသီ (ဤကားပညတ်နှစ်ပါးတည်း။) မိမိတို့မွေးနံဂြိုဟ်၏ ဥစ်ရာသီ၊ ဤငါးရာသီ ငါးဌာနသည် အကျော်ငါးခွင် ရာသီမည်၏။ ထို အကျော်ငါးပါး ရာသီများ၌ မွေးနံဂြိုဟ်၊ တနင်္ဂနွေဂြိုဟ်၊ စန်းဂြိုဟ် လင်္ဂဂြိုဟ်တို့ တည်ရှိစေ။ ထိုသို့ တည်ရှိသော ဂြိုဟ်တို့စီးသော နက္ခတ်၊ ပါဒ်၊ နဝင်းတို့သည်လည်း တိုင်ဦးဆယ်ပါးတို့တွင် တစ်ခု ခုသော တိုင်ဦးနှင့် ပါဒ်နဝင်းမခြား တူပြိုင်ယှဉ်ပူးစေ၊ ဤသို့ ပြည့်စုံညီညွတ်သော ဇာတာရှင်တို့ကား ဓမ္မခဏ်း၊ ယမ္မခဏ်း ကောင်းမှန်းတစ်စိ လူမသိဟူ၍လည်းကောင်း၊ ဆယ်တန်းတိုင်ဦး စန်းနေ၊ လင်္ဂနံ၊ ပြိုင်စံ တုံလျဉ်း ကောင်းခြင်းစင်စစ် ဖြေးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏ ဟူ၍ လည်းကောင်း ဥစ်၏အကျိုးတန်ခိုးနှင့် တုမရှိဟူ၍ လည်းကောင်း...။

စန္ဒ သူရိယ လဂ္ဂေဟိ၊ ဓာတုဋ္ဌိတေ မဟိဒ္ဓိကော။

သုဝဏ္ဏာပါသာဒ္ဒ ဂေဟေ၊ မဟာရာဇာ ဘဝိဿတိ။

ဟူ၍လည်းကောင်း ဆိုသောစကားနှင့်အညီ အကျိုးနှင့် များစွာရှိသဖြင့် ကျော်စောကိတ္တိရှိခြင်း မြင့်မြတ်သော ဂုဏ်အမြုတေ ကျက်သရေ အပေါင်းတို့နှင့်လည်း ပြည့်စုံခြင်း အမျိုးအလိုက် ထိုက်သည့်လျော်စွာ တန်ခိုးတေဇာ အဖြာဖြာဝေဖြိုး ကြီးမြတ် တင့်တယ်လှသော စည်းစိမ်ချမ်းသာအမျိုးမျိုးတို့နှင့်ပြည့်စုံခြင်း စသော အကျိုးတို့ကို ပေးတတ်၏ဟု ဆိုလိုသည်။

## မူလဟော ၁ ပိုဒ် အဆက်လင်္ကာ မင်းဖြစ်ထိုက်သော ဇာတာအဖြေ

မသွေတူညီ ထိုရာသီဝယ် ဆယ်လီမည်လျှင် တိုင်ခပင်းထက် မြတ်ခြမ်းလွန်ဘိ မိပတိမည်မှတ် တိုင်နက္ခတ်သည် ဥပါဒ်ကာန မိတ္တပြုကျ၍ စမ္မ–ယမ္မ၊ ခဏ္ဍာနှစ်ပါး ကြိုက်သော်ညားလျက် ဖွားခါ ပြည့်လတ် စန်းနက္ခတ်နှင့် ပါဒ်နဝင်းဆိုင် ဆယ်ပါးတိုင်တို့ အပြိုင် ညီစွာ ဆိုင်မိပါမူ ရာဇာမင်းစော ဖြစ်မည်ဟောလော့။

ဆိုရာ၌ တိုင်ဆယ်ပါးတို့ထက် လွန်မြတ်သော အမိပတိတိုင် ဦးနက္ခတ်သည် ဆိုအပ်ပြီး တိုင်ဦးဆယ်ပါးတို့နှင့် တူညီသော မွေးနံစန်းလဂ် တနင်္ဂနွေဂြိုဟ်တို့ တည်ရှိရာ အကျော်ငါးခွင် ရာသီ၌ ပင် ဥပါဒ်ကာန မိတ္တပြုသော ဥပါဒ်သုံးပါးတွင် တစ်ပါးပါး ကြိုက်၍ ထိုအမိပတိနက္ခတ်သည် ထိုဇာတာရှင်တို့၏ စမ္မခဏ်း ယမ္မခဏ်း နက္ခတ်တို့နှင့်လည်း တူညီစေ။ ထိုဇာတာရှင်၏ မွေးလ

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စန်း နက္ခတ်သည်လည်း ဆယ်ပါးသော တိုင်ဦးနက္ခတ်တို့တွင် တစ်ပါးပါးသော တိုင်ဦးနက္ခတ်တို့နှင့် ပါဒ်နဝင်းမခြား အပြိုင်ညီစွာ ဆိုင်မိစေ။ ဤသို့ ညီညွတ်စုံလင်သော ဇာတာရှင်တို့မှုကား။

အဓိပတိ နက္ခတ္တရဲ၊ ဥပဒ္ဒ မိတ္တု ကာနဥ္စ။

စမ္မဝဏ္ဏံ၊ ယမ္မဝဏ္ဏံ၊ ရာဇာ ဟောတိ နသံသျက်။

ဟူသည်နှင့်အညီ ရေမြေပိုင်နင်း မြတ်သောမင်း ဖြစ်အံ့ မချွတ်၊ ဤသို့ဆိုခဲ့သည့်အတိုင်း မညီညွတ်ခဲ့မူ မင်းကားမဖြစ် မင်း၏ အမတ်စစ်သူကြီးတို့သာ ဖြစ်အံ့ဟု ဆိုလိုသည်။

## မူလဟော ၁ ပိုဒ် အဆက်လက်ာ

## တန်ခိုးအာဏာရှိ မရှိ အဖြေ

သောသော ဝှန်ဇေ အာဏာမွှေ၍ ဗေဇာဏ္ဏဒ္ဓိ ရှိမရှိမှာ တိုင်ဆယ်ဖြာနှင့် ဖွားခါပြည့်စန်း ခေါ်မှန်းပညတ် နက္ခတ်မူလ မှန်သမျှ ဝယ် မရဏာသုံးလီ ရာသီ၌တွင် ခိုမှီဝင်သည် ဂြိုဟ်မြင်တစ်ဆစ် ကသစ်ဓာတ်ဥစ် သမုတ်ဝေဌ လေး၍ာန၏ သတ္တာနာမံ ကိန်းပြန် နှောင်ြား ခုနစ်စား၍ သုံးပါးဥပါဒ် တွေ့ကြုံလတ်က သင့်မြတ် တော်လှ စန်းလဂ်ရဟု လောကလူ့ဘောင် ကျော်ခေါင်တုကျွန်း ဘက်မဲ့ထွန်းသည်၊ ဖြူဝန်းရှစ်ဆိုင် ဖြန့်မိုးတည်း။

ဟုဆိုရာ၌ အကျော်ငါးခွင်ရာသီ၌ မွေးနံ စန်းလဂ် တနင်္ဂနွေ ဂြိုဟ်တို့ တည်ရှိခြင်း။ ထိုတည်ရှိသော ဂြိုဟ်တို့ တိုင်ဦးဆယ်ပါး တို့နှင့် ပါဒ်နဝင်းမခြား တွေ့ကြုံခြင်းခြင်း။ အဓိပတိ နက္ခတ် သည်လည်း အကျော်ငါးပါး ရာသီတို့၌တည်ရှိ၍ ဥပါဒ်သုံးပါး တွင် တစ်ပါးပါးကြိုက်ခြင်း။ ထို အဓိပတိ နက္ခတ်သည် ၎င်းဇာတာ ရှင်၏ စမ္မဏ်း၊ ယမ္မဏ်း နက္ခတ်တို့နှင့် တူညီ တွေ့ကြုံခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌန်းနက္ခတ်သည် တိုင်ဦးဆယ်ပါးတို့နှင့် ပါဒ်နဝင်း မခြား တွေ့ကြုံခြင်းစသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံလုံလောက်၍ မင်းဖြစ်သော ဇာတာရှင်တို့ကား တန်ခိုးအာဏာရှိမရှိမှာ မူလ ပဋ္ဌန်းနက္ခတ်မှစ၍ ဦးတိုင်၊ ခါတ်တိုင်စသော မူလတိုင် ဆယ်ပါး နက္ခတ်တို့သည် ထိုဇာတာရှင်၏ လဂ်မှလည်းကောင်း၊ စန်းမှလည်း ကောင်း ထောက်၍ အာရီ မရဏ ဗျာယဟူသော မရဏသုံးအိမ်၌ ခိုဝင်တည်ရှိသော ဂြိုဟ်နှင့်လည်းကောင်း၊ ထိုမရဏသုံးပါး အိမ်ရှင် ကသစ်ဂြိုဟ်နှင့်လည်းကောင်း၊ ထိုမရဏ သုံးပါးအိမ်ပိုင် ခါတ်ပြိုင် နှင့်လည်းကောင်း၊ ထိုမရဏသုံးပါးအိမ် ဥစ်ရာသီကြိမ်မှု ဥစ်ဂြိုဟ် နှင့်လည်းကောင်း ဥပါဒ်မိတ္တု ကာန ဥပါဒ်သုံးပါးတွင် တစ်ပါးပါး ကြိုက်မှု (ဥပါဒ်မိတ္တု သူကောင်းပြု အဓိပတိ တန်ခိုးရှိ) ဟူသည်နှင့် အညီ ထိုဇာတာရှင် မင်းမြတ်ကား ကြီးမားသော ဘုန်းတန်ခိုး အာဏာနှင့်ပြည့်စုံ၍ လူ့ဘုံလောကီမှာ တုမမီ ပြိုင်မရသော ဧကရာဇ်မင်းဖြစ်အံ့ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ စမ္ဗခဏ်း၊ ယမ္ဗခဏ်း နက္ခတ် တွက်ယူပုံ ဖွားခါတ် နံခါတ် တွက်ယူပုံတို့ကိုလည်းကောင်း၊ စုတ်ဥပါဒ်တွက် နည်းမှာ ဂြိုဟ်မြင် တစ်ဆစ်ဟူသော မျက်မြင် ဂြိုဟ်သချာ ကသစ် သချာ ခါတ်ဂြိုဟ်သချာ ဥစ်ဂြိုဟ်သချာအတိုင်း ကိန်းပြန် ရော နှော၍ (ဗေဒလက်စွဲကျမ်း) ဒုတိယတွဲတွင် စုတ်ဥပါဒ်ရွေးရာ ဆိုသောအခန်း၌ လာရှိသည့်အတိုင်း တွက်ပုံတို့ကိုလည်းကောင်း၊ ၎င်း(ဗေဒလက်စွဲ)ကျမ်း တတိယတွဲ၌ တိုင်ဆယ်ပါးတွက်ပုံတို့ကို လည်းကောင်း သေချာစွာ ကြည့်ရှု၍ တွက်ယူကြပါကုန်။ ဤအရာ ၌ ကျယ်မည်စိုး၍ မရေးလိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



## မူလဟော ၂ ပိုဒ် စာကိုယ်လင်္ကာ ကေရာစ်
## မင်းဖြစ်အံ့သော ဇာတာအဖြေ

(၂) ဓာတ်စုတ်နှစ်ဖြာ ဆန်းပျက်ရာ၌ နံ့သာတစ်ချက် စန်းနှင့် လဂ်တို့ဝင်လျက်မှီခို နံ နဂိုနှင့် စန်းဂြိုဟ် လဂ်ဂြိုဟ်တိုင် ထိုထို တွင်ခေါ်ဆိုသမုတ် ဓာတ်စုတ်နှစ်ပါး တူဩားယှဉ်ပြိုင်ဆိုင်၍နေမှု ထိန်ထိန်ဆူမျှ ဇမ္ဗူမင်းစစ်ကေရာဇ်ဟု ဖြစ်အံ့ထိုသူ ဆိုရာ၌ ဓာတ် ဆန်း ဓာတ်ပျက် အာဒိ မဈျ အဝသာန်ရာသီ စုတ်ဆန်း စုတ်ပျက် အာဒိ မဈျ အဝသာန် ရာသီတို့၌ မွေးနံဂြိုဟ် စန်းဂြိုဟ် လဂ်ဂြိုဟ် တို့ ဝင်မှီခိုစေ ထိုမွေးနံ စန်းလဂ်တို့စီးသော နက္ခတ် ပါဒ်နဝင်းတို့ သည် ဦးတိုင်ဓာတ်တိုင်စသော တိုင်ဆယ်ပါးတို့တွင် ဓာတ်တိုင် စုတ်တိုင် နှစ်ပါးတို့နှင့် ပါဒ်နဝင်းမခြား တူဩားယှဉ်ပြိုင် ဆိုင်၍ နေစေ။ ဤသို့ပြည့်စုံ ညီညွတ်သော ဇာတာရှင်တို့မှာ (စန်း၊ လဂ်၊ နံပင် ထိုနှစ်ခွင်တွင် တွေ့မြင် မချွတ် ယုတ်လတ်၊ မြတ်အား ထင်ရှားတန်ဆောင် ညီထွန်းပြောင်သို့ အိုအောင်ကြွယ်ဝလျှဒါန်း ရလိမ့် မုချဇကန် သန္နိဋ္ဌာန်ဟူ၍လည်းကောင်း) တိုင်အများတွင် နှစ်ပါးတူပြိုင် ဓာတ်စုတ်တိုင်မှု ထိန်ထိန်ဆူမျှ ဇမ္ဗူမင်းစစ် ကေရာဇ်လျှင်၊ ဖြစ်အံ့မုန်စွာ သူ့ဇာတာဟူ၍လည်းကောင်း။

စန္ဒ သူရိယ လဂ္ဂေဟိ၊ ဓာတု စုက္ကတေ ဌာနေ။
မဟိဒ္ဓိကာ မဟာပ္ဖလာ မဟာရာဇာ ဘဝိဿတိ။

ဟူ၍လည်းကောင်း လာသောစကားနှင့်အညီ၊ ဘုန်းကံသမ္ဘာ လက္ခဏာနှင့် အာဏာတန်ခိုး ရှိန်ရှိန်ဖြိုး၍ မြေမိုးမဆံ့ပျံ့နှံ့ကျော် ကြား များမြတ်သော အကျိုးစီးပွားတို့နှင့် ပြည့်စုံသော ကေရာဇ် သေဌ်နင်း မင်းတည်းဖြစ်အံ့ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## မူလဟော ၂ ပိုဒ် အဆက်လင်္ကာ တန်ခိုးတေဇာရှိမရှိ အဖြေ

တစ်ကြောင်းမှုကား စတုရပါဒ် နက္ခတ်နှင့်သာ ဖွားခါမည် မှတ် ဓာတ်နက္ခတ်သေ တူလေရာသီ ယှဉ်မိုကသစ် ကိန်းလျှင်ဖြစ်၏။ ကသစ်ကိန်းမှီ ဓာတ်ရာသီနှင့် ပြိုင်ညီထွန်းပ စမ္မခဏ္ဍော် ယမ္မခေါ်သည် နှစ်ဖော်ရာသီ ထိုငါးလီသည် အာရီ မရဏ ဗျာယ စင်စစ် ရောက်သည်ဖြစ်မူ ကသစ်အိမ်ရှင် ဂုဏ်အင်နှင့်သော် ထိုက် လျော်ကဲမိုး အစိုးရခြင်း မင်းလျှင်တစ်သီး စစ်သူကြီးက စသည် ထင်ပေါ် လူ့ဌကျော်သည် တေဇော်ကြီးမြင့် မောက်ဖြိုးတည်း။

ဆိုရာ၌ မိမိတို့ မွေးဖွားသော သက္ကရာဇ်နှစ်တွင် ဆန်းသော ဓာတ်၏ ဓာတ်နက္ခတ်သေနှင့် စတုရပါဒ်နက္ခတ် တူရာသီ အိမ်ရှင် ကသစ်ဂြိုဟ်သည် ကိန်းမည်၏။ ထိုကိန်းဂြိုဟ်၏ နံဓာတ်၊ အာဒိ၊ မဇ္ဈ အဝသာန် သုံးရာသီ၊ ထိုကိန်းဝင်ဂြိုဟ်၏ စမ္မခဏ်း၊ ယမ္မခဏ်း နှစ်ရာသီ ဤငါးဌာနသည် မိမိတို့ မူလဓာတာဖွားလဂ်မှ ထောက် သော် အာရီ၊ မရဏ ဗျာယဟူသော ဥပါဒ်သုံးအိမ်တွင် တစ်ပါးပါး ကြိမ်စေ။ ထိုအာရီ၊ မရဏ၊ ဗျာယ ကြိမ်သော အိမ်ရှင် ကသစ်ဂြိုဟ် လည်း အားရှိစေ ထိုသို့ပြည့်စုံ ညီညွတ်သော ဓာတာရှင်တို့မှာ (ကသစ်ခေါ်ဆို ဂြိုဟ်၏အလျောက် အထောက်တော်သင့် ဘုန်း တန်းပွင့်အံ့ဟူ၍လည်းကောင်း၊ သိပ္ပဂုဏ်အင် တတ်မျိုးစင်သည် လိုအင်မတ ချမ်းသာရအံ့ဟူ၍လည်းကောင်း၊ ကသစ်အိမ်ရှင် ဂုဏ်အင်နှင့်သော် စသည်ဖြင့်လည်းကောင်း) ဆိုသော စကားနှင့် အညီ ဆိုအပ်ပြီးသော ကသစ်ဂြိုဟ်၏ အားရှိ၊ အားမဲ့ကို ကြည့်ရှု ၍ မင်း၏ အမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်တို့ဖြစ်အံ့ စည်းစိမ်ရတနာတို့နှင့်လည်း ပြည့်စုံအံ့စသည်ဖြင့် အမျိုးအလိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုက်သည့်လျော်စွာ ကြည့်ရှု၍ဟောဆိုရမည်ဟု ဆိုလိုသည်။

မှတ်ချက်။ ။ ဤဆိုအပ်ပြီးသော စကားရပ်၌ ပါပဓာတ်ဆန်းမှု ၎င်း၏ဓာတ်နက္ခတ်သေကား ၁၈ လုံး ၂ ပါဒ်ဖြစ်၍ ဓနုရာသီ ကြာသပတေးအိမ်ရှင် ကသစ်ဂြိုဟ်ကား ကိန်းမည်၏။ ၎င်း၏နံဓာတ်ရာသီကား ပြိဿ၊ ကန်၊ မကာရ၊ သုံးရာသီတည်း။ ၎င်းကြာသပတေး၏ စမ္မခဏ်း၊ ယမ္မခဏ်း ရာသီကား ဓနု၊ မိန် ၂ ရာသီတည်း။ သူရဇ္ဇဓာတ်ဆန်းမှု ၎င်း၏ဓာတ်နက္ခတ်သေကား ၃ လုံးပါဒ် သုညဖြစ်၍ ပြိဿရာသီ သောကြာအိမ်ရှင် ကသစ်ဂြိုဟ်ကား ကိန်းမည်၏။ ၎င်းသောကြာ၏ နံဓာတ် ရာသီကား ကြဋ်၊ ဗြိစ္ဆာ၊ မိန် သုံးရာသီတည်း။ ၎င်းသောကြာ၏ စမ္မခဏ်း၊ ယမ္မခဏ်း ရာသီကား ပြိဿတူ ၂ ရာသီတည်း။ အမြိတ္တဓာတ်ဆန်းမှု ၎င်း၏ဓာတ်နက္ခတ်သေကား ၂၅ လုံး ၂ ပါဒ်ဖြစ်၍ မိန်ရာသီ ကြာသပတေးအိမ်ရှင် ကသစ်ဂြိုဟ်ကိန်းမည်၏။ ၎င်း၏နံဓာတ်ရာသီစသည်ကား ပါပဓာတ်ဆန်းနှင့် အလုံးစုံတူ၏။ ကောလီဓာတ်ဆန်းမှု ၎င်း၏ ဓာတ်နက္ခတ် သေကာ ၉ လုံး ၂ ပတ်ဖြစ်၍ သိဟ်ရာသီ တနင်္ဂနွေအိမ်ရှင် ကသစ်ဂြိုဟ်ကိန်းမည်၏။ ၎င်းတနင်္ဂနွေ၏ နံဓာတ် ရာသီကား မိဿသိဟ်၊ ဓနုတည်း။ ၎င်း တနင်္ဂနွေ၏ စမ္မခဏ်း၊ ယမ္မခဏ်းရာသီကား သိဟ်ရာသီတည်း။ ဤသို့ ဆိုရာ၌ တနင်္ဂနွေ၊ ကြာသပတေး၊ သောကြာတို့၏ နံဓာတ်သာပါ၏။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ရာဟုတို့၏ နံဓာတ်ကား မပါမရှိလေ ရာသီမှာလည်း မေထုန်နှင့် ကုမ် ၂ ရာသီမှာ အလျှင်းမပါမရှိသဖြင့် ဤလက်ာ စကားသည် အားလုံးသောသူတို့၏ ဇာတာများသို့ မပျံ့နှံ့ပေ။ ထိုသို့ မပျံ့နှံ့သော်လည်း လွန်စွာ ခဲယဉ်းသော

www.burmeseclassic.com

www.burmeseclassic.com



အရာများဖြစ်၍ စွမ်းအားရှိသမျှ ပုံ့နှံ့ရန် ကြံဆ၍ ယူကြစေလိုသတည်း။

## မူလဟော ၃ ပိုဒ် စာကိုယ်လင်္ကာ ဘုန်းကံရှိ၊ မရှိ ဇာတာဟောအဖြေ

(၃) ခါတ်စုတ်နှစ်ပါး ဆန်းငြားပျက်လစ် ရာသီခေတ်တွင် သက္ကရာဇ်မူလ ဖွားစဉ်ကလျှင် ရသည့်ပဋ္ဌန်းခေါ်မှန်း တစ်သီးလင်္ဂ စီးမည်မှတ် ဥဒည်းနတ်နှင့် နဝရတ်ကိုးခိုင် သုံးလုံးဆိုင်သည် အပြိုင်ရောင်ညီ ဓိပတိဖျား တိုင်ဆယ်ပါးတို့ ဖွားသည့်နံနှင့် ဥပါဒ်တင့်၍ စ နှင့် ယ ကို ယှဉ်မှီခိုလျက် စန်းဂြိုဟ်၊ လင်္ဂနံ ပြိုင်၍ခံမူ မိုးယံတိမ်ပြင် သုံးလမ်းနှင်သည့်ပြသင်္ကရာဇ် တက်သစ်နေနှုန်း ဆန်းသစ် လသို့ ဘုန်းရောင်ပျို့လိမ့်။

ဆိုရာ၌ မိမိတို့ မွေးဖွားသောနှစ်၌ ကောဇာပဋ္ဌန်း နက္ခတ် မိမိတို့ လင်္ဂစီးနက္ခတ် မိမိတို့ အဓိပတိနက္ခတ် မိမိတို့ တိုင်ဆယ်ပါး နက္ခတ်တို့သည် မိမိတို့ မွေးဖွားသော သက္ကရာဇ်နှစ်၌ ခါတ်ဆန်း ခါတ်ပျက် အာဒိမဇ္ဈ အဝသာန်ရာသီ၌ ရပ်တည်စေ။ မိမိတို့ မွေးနံနှင့်လည်း ဥပါဒ်မိတ္တကာန ဥပါဒ်သုံးပါးတွင် တစ်ပါးပါး ကြိုက်စေ။ မိမိတို့စမ္မခဏ်း၊ ယမ္မခဏ်းနက္ခတ်တို့နှင့်လည်း သင့်ကြိမ်စေ၊ မိမိတို့ စန်းဂြိုဟ်၊ လင်္ဂဂြိုဟ်၊ မွေးနံဂြိုဟ်တို့လည်း ထိုဆိုအပ်ပြီး ခါတ်ဆန်း စုတ်ပျက် ခါတ်ပျက်ရာသီတို့၌ ပူးယှဉ်လျက်တည်ရှိစေ။ ဤသို့ ပြည့်စုံညီညွတ်မူ (ခါတ်စုတ် ဆန်းပျက် စန်းလင်္ဂ နံနေ ဆယ်ထွေ ဓိပတိပြိုင်ရှိဝင်ကြတ် ယုတ်လတ်မြင့်အား မျိုးလေးပါးတို့ ထင်ရှားတန်ဆောင် ညှိထွန်းပြောင်သို့ အခေါင်ပေါက်ပြ စိုးမိုးအုံ့ဟူ၍လည်းကောင်း။)

www.burmeseclassic.com

www.burmeseclassic.com



ဥပဒ္ဒ မိတ္တု ကာနဋ္ဌ၊ စမ္မခဏ္ဍ ယမ္မခဏ္ဍံ။

သောစနိယော ဘူမိပါလော၊ ရာဇာ ဟောတိနသံသျတ်။

ဟူ၍လည်းကောင်း၊ ဆိုသည်နှင့်အညီ အာကာတိမ်ပြင် ခိုးမှင် မသန်း ထောင်ရောင်ခြည်လျှမ်းပေသော ထက်နေနန်း လ၊ ယုန်အသွင်ကဲ့သို့ ဂုဏ်အင်မညှိုး ဘုန်းတန်ခိုး အာနိသံသတို့နှင့် တကွ အစိုးရခြင်း ထင်ပေါ်ကျော်စောခြင်း စည်းစိမ်ဥစ္စာရတနာ ရွှေငွေတို့ ပေါများခြင်းစသော အကျိုးစရိုက်တို့သည် အမျိုးအလိုက် ဆိုက်သည့်အားလျော်စွာ ပေးရတတ်၏ဟု ဆိုလိုသည်။

## မူလဟော ၃ ပိုဒ် အဆက် လင်္ကာ
## ကျော်စောထင်ရှားသော ဇာတာဟောအဖြေ

ဆယ်တို့မက တိုင်ထိုမျှတွင် မူလဇာတိ မိပတိဟု အာဒိမည်ထူး နက္ခတ်ဦးသည် ကွန့်မြူးခိုမီ စက်ရာသီ၌ နှစ်လီဓာတ်ထက်ဆန်း ပျက်ဖွားရွှေ့ မွေးနံနေ့နှင့် တွေ့ချေမရွက် စုတ်ဆန်းပျက်သော် မြေထက်အုပ်မိုး စိုးသည့်သေဋ္ဌနင်း မင်းထက်မင်းဟု တင့်ခြင်းကဲလွန် ကျော်စောဝုန်လိမ့်။

ဆိုရာ၌ တိုင်ဆယ်ပါးတို့ထက် လွန်မြတ်သော မိမိတို့ အဓိပတိ နက္ခတ်သည် မိမိတို့ မွေးဖွားစဉ် ဆန်းသောဓာတ် ပျက်သောဓာတ် ၂ ရာသီတို့တွင် တစ်ခုခုသော ရာသီ၌ တည်ရှိ၍ မိမိတို့ မွေးနံနှင့်လည်း တွေ့ကြုံစေ။ ထိုနှစ်ရာသီတွင် ဓာတ်ဆန်းသော ရာသီ၌ စုတ်ပျက် ဓာတ်ပျက်သော ရာသီ၌ စုတ်ဆန်းလည်းကြုံစေ။ ဤသို့ ပြည့်စုံညီညွတ်သော ဇာတာရှင်တို့ကား...

အဓိပတိစ နက္ခတ္တံ၊ သုဋ္ဌာနပတ္တံ သုဖလံ။

အဓိပါလံ မဟိဒ္ဓိကံ၊ ရာဇနေရာ ဘဝိဿတိ။

www.burmeseclassic.com

www.burmeseclassic.com



ဟူသည်နှင့်အညီ မြေရေပိုင်နင်း မင်းထက် မင်းဖျား မင်းတရားဖြစ်၍ ကျော်စောထင်ရှားခြင်း တန်ခိုးအာဏာ ဘုန်းသမ္ဘာ လက္ခဏာတို့နှင့် ပြည့်စုံခြင်း ကျက်သရေမင်္ဂလာအပေါင်းတို့နှင့်လည်း ပြည့်စုံခြင်းစသော ကောင်းမြတ်သော အကျိုးတို့ကို ပေးတတ်၏ဟု ဆိုလိုသည်။

## မူလဟော ၃ ပိုဒ် အဆက်လင်္ကာ အသရေ ယုတ်ညံ့ပျက်ပြားတတ်သော ဇာတာဟောအဖြေ

တစ်သွန်ထိုမြို့ နက္ခတ်တို့နှင့် မျှို့မင်္ဂလာ လေးဖြာ စုတ်ကျော်ကြိမ်သော်တစ်လီ အာရီ မရဏ ဗျာယတွင်လစ် သုံးအိမ်ခေတ်ဝယ် ကသစ်ခေါ်ဆို ဂြိုဟ်နှင့်တစ်ချက် စုတ်လျှင်ပျက်က အနဂ္ဃမျိုး ကျေးဇူးဖြိုးလည်း ယွင်းရီးအနေ ပျက်တတ်ချေသည်၊ သရေယုတ်ညံ့ တန်ခိုးတည်း။

ဟုဆိုရာ၌ အထက်ဆိုအပ်ပြီးသော ပဥ္စနနက္ခတ် လင်္ဂစီးနက္ခတ် အဓိပတိနက္ခတ် တိုင်ဆယ်ပါး နက္ခတ်တို့သည် ဓာတ်ဆန်းစုတ်ပျက်၊ စုတ်ဆန်း ဓာတ်ပျက် ရာသီတို့၌ ရပ်တည်၍ စမ္မခဏ်း၊ ယမ္မခဏ်း နက္ခတ်နှင့် တွေ့ကြိမ်လျက် စန်းဂြိုဟ် လင်္ဂဂြိုဟ် မွေးနံဂြိုဟ်တို့နှင့် ပူးယှဉ်တည်ရှိသော်လည်း မိမိတို့မွေးနံနှင့်လည်းကောင်း၊ အာရီ၊ မရဏ ဗျာယဟူသော ဥပါဒ်သုံးပါး အိမ်ရှင်ကသစ်ဂြိုဟ်နှင့်လည်းကောင်း၊ ဥပါဒ်မကြိုက်ဘဲ အမြိတ္တစုတ်၊ လာဘစုတ်၊ သိဒ္ဓိစုတ် ဝရစုတ်ဟူသော စုတ်လေးပါးတို့တွင် တစ်ပါးပါးကြိုက်မူ (ဥပါဒ်နှင့်တော် စုတ်နှင့်ချော်သည် မပေါ်အကျိုးဟူ၍လည်းကောင်း မင်းသားစင်စစ် မင်းမဖြစ်သည့်အပြစ် ထိုသူ့ဇာတာတည်းဟူ၍လည်းကောင်း) ဆိုသည့်နှင့်အညီ ထိုဇာတာရှင်



ကား အနဂ္ဃမျိုး ကျေးဇူးဖြိုးလျက် အကျိုးကြီးစွာ မပေးတတ် သာမန်မျှ ပေးလေရာ ရန်အနာအဆာ မကင်းဘဲ ယိုယွင်းချို့တဲ့ခြင်း ဘုန်းတန်ခိုး ကျက်သရေ ယုတ်ညံ့ခြင်းတို့ ဖြစ်တတ်၏။ အကယ်၍ ဆိုအပ်ပြီးသော အနဂ္ဃမျိုး ကျေးဇူးဖြိုးစွာ ပေးခဲ့ပါသော်လည်း မနေ့အမြန် အမှန်ပျက်စီး ယိုယွင်းခြင်းရောက်၍ ယုတ်ညံ့သော တန်ခိုးအသရေတို့ ရှိတတ် ဖြစ်တတ်၏ဟု ဆိုလိုသည်။

## မူလဟော ၄ ပိုဒ် စာကိုယ်လင်္ကာ မည်သည့်အခါ အကျိုးပေးမပေးဟောရန် အဖြေ

(၄) ရတနာစုတ် သမုတ်စွဲသုံး တွက်ရိုးထုံးကား ပေါင်းရုံးရောယှက် ရေးကျိုးဆက်သည် ကိုးမျက်ရောင်ရှိန် တောက်လောင်ထိန်သို့ အချိန်ဘယ်နံ့ ပွင့်လတ္တံ့ဟု လင့်ငံ့မျှော်ဆ လူထိုမျှ၏ ဆန္ဒအလို ဟောနည်းဆိုဝိမ့်။—

ဆိုရာ၌ ကိုးပါးနဝရတ်၊ ကျောက်မြတ်ရောင်ရှိန်တောက်လောင်ထိန်ဘိ၊ သို့ပမာ ဘယ်အချိန် ဘယ်အခါကာလသို့ ကျရောက်မှ ရေးဘဝ အကျိုးဆက်တို့ ပြိုးပြိုးပြက်ပြက် တလက်လက်တထိန်ထိန် တရှိန်ရှိန် တဝင်းဝင်း အကျိုးပေးခြင်းသို့ ကျရောက်ပါမည်နည်းဟု လူတိုင်းဟူသမျှ ငံ့လင့်မျှော်ဆ၍ တောင့်တခြင်း ဆန္ဒပြင်းထန်လှသော အာသီသအကြိုက် စရိုက်နှင့်လျော်စွာ ရတနာစုတ်တိုင်ဟူ၍ လူတို့ပညတ် ခေါ်ဆိုအပ်သောတိုင်ကို တွက်ရိုးတွက်စဉ် ထုံးနည်းနှင့်တကွ ဟောနည်းကိုပါ ပြဆိုပါမည်ဟု ဆိုလိုသည်။

## မူလဟော ၄ ပိုဒ် အဆက်လင်္ကာ ရတနာ စုတ်တိုင်တွက်နည်း အဖြေ

နဂိုသက္ကရာဇ် မူလနှစ်ကို ရာ့ရှစ်နှင့်စား ကြွင်းငြားသေသ

www.burmeseclassic.com

www.burmeseclassic.com



ကား အနုဋ္ဌမျိုး ကျေးဇူးဖြိုးလျက် အကျိုးကြီးစွာ မပေးတတ် သာမန်မျှ ပေးလေရာ ရန်အနာအဆာ မကင်းဘဲ ယိုယွင်းချို့တဲ့ခြင်း ဘုန်းတန်ခိုး ကျက်သရေ ယုတ်ညံ့ခြင်းတို့ ဖြစ်တတ်၏။ အကယ်၍ ဆိုအပ်ပြီးသော အနုဋ္ဌမျိုး ကျေးဇူးဖြိုးစွာ ပေးခဲ့ပါသော်လည်း မနေ့အမြန် အမှန်ပျက်စီး ယိုယွင်းခြင်းရောက်၍ ယုတ်ညံ့သော တန်ခိုးအသရေတို့ ရှိတတ် ဖြစ်တတ်၏ဟု ဆိုလိုသည်။

## မူလဟော ၄ ပိုဒ် စာကိုယ်လင်္ကာ မည်သည့်အခါ အကျိုးပေးမပေးဟောရန် အဖြေ

(၄) ရတနာစုတ် သမုတ်စွဲသုံး တွက်ရိုးထုံးကား ပေါင်းရုံးရောယှက် ရေးကျိုးဆက်သည် ကိုးမျက်ရောင်ရှိန် တောက်လောင်ထိန်သို့ အချိန်ဘယ်နံ့ ပွင့်လတ္တံ့ဟု လင့်ငံ့မျှော်ဆ လူထိုမျှ၏ ဆန္ဒအလို ဟောနည်းဆိုပိမ့်။—

ဆိုရာ၌ ကိုးပါးနဝရတ်၊ ကျောက်မြတ်ရောင်ရှိန်တောက်လောင်ထိန်ဘိ၊ သို့ပမာ ဘယ်အချိန် ဘယ်အခါကာလသို့ ကျရောက်မှ ရေးဘဝ အကျိုးဆက်တို့ ပြိုးပြိုးပြက်ပြက် တလက်လက်တထိန်ထိန် တရှိန်ရှိန် တဝင်းဝင်း အကျိုးပေးခြင်းသို့ ကျရောက်ပါမည်နည်းဟု လူတိုင်းဟူသမျှ ငံ့လင့်မျှော်ဆ၍ တောင့်တခြင်း ဆန္ဒပြင်းထန်လှသော အာသီသအကြိုက် စရိုက်နှင့်လျော်စွာ ရတနာစုတ်တိုင်ဟူ၍ လူတို့ပညတ် ခေါ်ဆိုအပ်သောတိုင်ကို တွက်ရိုးတွက်စဉ် ထုံးနည်းနှင့်တကွ ဟောနည်းကိုပါ ပြဆိုပါမည်ဟု ဆိုလိုသည်။

## မူလဟော ၄ ပိုဒ် အဆက်လင်္ကာ ရတနာစုတ်တိုင်တွက်နည်း အဖြေ

နဂိုသက္ကရာဇ် မူလနှစ်ကို ရာ့ရှစ်နှင့်စား ကြွင်းကြွင်းသောသ

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှတွင် နာမအာယု ရောစုပေါင်းညီ သတ္တဗီဖြင့် ယှဉ်မှီဖြို လတ် ကျန်နက္ခတ်သည် ပညတ်ရတနာ စုတ်တိုင်သာတည်း။

ဆိုရာ၌ မိမိတို့မူလ သက္ကရာဇ်ကိုတည် တစ်ရာ့ရှစ်နဝင်း စား ၎င်းအကြွင်းတွင် မိမိတို့မွေးနံ ဂြိုဟ်သက်နှော သတ္တဗီသ ၂၇ ခြေ အကြွင်းသည် ရတနာစုတ်တိုင် နက္ခတ်မည်၏။ ငါးဆင့် လိုမူ မိမိတို့မူလ မခိမတိုက် တနင်္ဂနွေရာသီ အသင်္ခ လိတ္တာကို တည် ရာသီကို ၃၀ မြှောက် အသင်္ခရော ၆ ခုစား လဒ်ကား ဃဋီ အကြွင်းကို ၆၀ မြှောက် လိတ္တာရော ၆ ခုစားမြဲစား လဒ်ကား အနုဃဋီ အကြွင်းကို ၆၀ မြှောက် ၆ ခုစားမြဲစား၊ လဒ်ကားပရ မာနုဃဋီ ဃဋီကို ၁၅ ခုစား လဒ်ကားပါဒ် အကြွင်းဃဋီ ယခင်ရတနာ စုတ်တိုင် နက္ခတ်အောက်က စဉ်၍ထား ရတနာစုတ်တိုင် နက္ခတ်၊ ပါဒ်၊ ဃဋီ အနုဃဋီ ပရမာဃဋီ ငါးဆင့်ဖြစ်၏။

## မူလဟော ၄ ပိုဒ် အဆက်လင်္ကာ

## ဂုဏ်ကျက်သရေရှိ မရှိ အဖြေ

ရာသီဆယ့်နှစ်ဆူ တူရာယူမှ စတူရပါဒ် မှတ်လေသုံးပါး ကြက်ခြေထားလော့။ ပတ္တမြားရောင်လင်း လနတ်မင်းသည် မူရင်း လင်္ဂနံ ကြက်ခြေပုံထက် စံစံပယ်ပယ် မြူးတင့်တယ်က လေးသွယ် အရိုး အမျိုးအလျောက် အထောက်တော်သင့် ဘုန်းတန်းပွင့်၍ မြင့် မည့်အနေ ဟောပါလေလော့။

ဆိုရာ၌ ဆိုအပ်ပြီး ရတနာစုတ်တိုင် နက္ခ၊ ပါဒ်–ဃဋီနှင့် ၁၂ ရာသီစက်တွင် စတူရပါဒ် နက္ခတူရာ ရာသီ၌ ပထမ ကြက် ခြေပြ ထိုငါးတန့်မှ လက္ခဲရစ်လှည့်၍ ဒုတိယကြက်ခြေပြ ထိုမှ ငါးတန့်လှည့်၍ တတိယ ကြက်ခြေပြ ထိုကြက်ခြေ သုံးပါးထက်

www.burmeseclassic.com

www.burmeseclassic.com



၌ မိမိတို့မူလစန်း လဂ်၊ မွေးနံတို့ တစ်ခုခုတွေ့ရှိမူလည်းကောင်း၊ သုံးပါးစုံ တွေ့ရှိမူလည်းကောင်း မျိုးရိုးအလျောက် အထောက်တော်သင့် ဘုန်းတန်းပွင့်၍ မြင့်မြတ်ကြီးကျယ် တင့်တယ်သော ဂုဏ်ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံတတ်၏ဟု ဆိုလိုသည်။

## မူလဟော ၄ ပိုဒ် အဆက်လက်ာ အရွယ်သုံးပါး အကျိုးပေးဟော အဖြေ

တစ်ထွေမှတ်ရာ အရွယ်မှာလျှင် ဦးစွာကြက်ခြေ တွေ့လေ ပထမအလယ်ကျသော် ဒုတိယတွင် နောက်ဆုံးမြင်မူ ဆင်းအင်ရွယ်လှ တတိယမှာ တာရာ့အလယ် လမင်းနှယ်သို့ စံပယ်စံတင့် ဘုန်းတန်းပွင့်သည်။ ဆော်ပင့် ကုသိုလ် ကံကိုတည်း။

ဟုဆိုရာ၌ ဆိုအပ်ပြီးသော ရတနာစုတ်တိုင် နက္ခတ် ပထမကြက်ခြေထက်၌ ဆိုအပ်ပြီးသော စန်း၊ လဂ်၊ မွေးနံတို့ တွေ့ရှိမူ ပထမ အရွယ်၌လည်းကောင်း၊ ဒုတိယကြက်ခြေထက်၌ တွေ့ရှိမူ ဒုတိယအရွယ်၌လည်းကောင်း၊ တတိယ ကြက်ခြေထက်၌ တွေ့ရှိမူ တတိယအရွယ်၌လည်းကောင်း၊ နက္ခတ်တာရာ ကြယ်တာရာ အပေါင်းတို့၏ အလယ်တွင် တင့်တယ်ပဝင်း ထွန်းလင်းသော လမင်းကြီးကဲ့သို့ ရှေးဘဝကုသိုလ်ကံ ဆော်နှိုးဖန်၍ ကုံထံကြွယ်ဝ တင့်တယ်လှသော ဘုန်းတန်ခိုးအာနိသံသတို့နှင့် ပြည့်ဝစုံလင်၍ လိုအင်မတ ဆင်းရဲဆိုက ကင်းစင်ပပြီး သုခရွှေမိုး ကောင်းမြတ်သော အကျိုးတို့နှင့် ပြည့်ဖြိုးလှစွာ စည်းစိမ်ချမ်းသာတို့ကို ခံစား စံစားရတတ်၏ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပဝတ္တိဟော ၁ ပိုဒ် စာကိုယ်လင်္ကာ အာယုစန်း ၁၀ ပါးတွက်နည်း အဖြေ

(၁) ဖွားခါမူလ တိုင်ထိုမျှတို့ ကိန်းရစုံလင် ဇာတာရှင်သည် ရွယ်လျှင် ဘယ်လောက် အချိန်ရောက်မှ ထောက်ပံ့ကံပင့် ကုသိုလ် မြင့်၍ ကြီးမြင့်ဝှန်ဝါ အာဏာတန်ခိုး တိုးမည့်အကြောင်း ကောင်းမည့်နှစ်လ သိလိုကမူ ရောက်သမျှသက် တည်လျက်ပေါင်းထား လေးခုစား၍ ရကြွင်းနက္ခတ် အကြွင်းပါဒ်ကို စုတ်ဓာတ်မူလ စသည် ဆယ်ဖြာ တိုင်တို့မှာ၌ တူရာမသွေ နှောပါလေ၍ မနေရာဝယ် ဖြိုလိုက်ပယ်သော် တိုင်ဆယ်အာယု ဖြစ်မှုမှန်လှ စန်းလျှင် ရ၏။

ဆိုရာ၌ မွေးဖွားသောအခါ စန်းလဂ်မွေးနံတို့မှစ၍ အလုံးစုံသော တိုင်တို့ ညီညွတ်စုံလင် ကောင်းမြတ်သော ဇာတာရှင်ကား မည်သည့်အချိန် အရွယ်ကာလသို့ ကျရောက်မှ အကျိုးပေးမည် စသည်ကို သိလိုမူ ယခုရောက်ဆဲ ကောဇာသက္ကရာဇ်နှင့် တွက်လိုသော ရဝိဖုဋ္ဌဟု ဆိုအပ်သော တနင်္ဂနွေရာသီ အင်္သာလိတ္တာကိုတည် မိမိတို့မူလ သက္ကရာဇ်နှင့် ဂြိုဟ်စဉ်တွင်ပါသော ရဝိဖုဋ္ဌဟု ဆိုအပ်သော တနင်္ဂနွေရာသီ အင်္သာလိတ္တာနှင့် နှုတ် နှုတ်ကြွင်းသည် မိမိတို့၏ အင်္သာသံဝစ္ဆရ အသက်မှန် ဖြစ်၏။ ၎င်း မိမိတို့၏ အသက်မှန် အင်္သာသံဝစ္ဆရ နှစ်၊ လ၊ ရက် နာရီကိုတည် နှစ်ကို လေးခုစား လဒ်ကား နက္ခတ် အကြွင်းပါဒ်ဖြစ်၏။ လ ဟူသော ရာသီကို ၃၀ မြှောက် ရက်ဟူသော အင်္သာနှော၊ ၂၄ ခုစား လဒ်ကား ဗိဇနာဓေါ် ဃဋိ အကြွင်း ကို ၆၀ မြှောက် နာရီဟူသော လိတ္တာနှော ၂၄ ခုစားမြဲစား လဒ်ကား အခရာဓေါ် အနုဃဋိ အကြွင်း ၆၀ မြှောက် နာရီ၏အစိပ် ဝိလိတ္တာနှော ၂၄ ခုစား လဒ်ကား ပုရိမာနု

www.burmeseclassic.com

www.burmeseclassic.com



ဃင္ဍီ အသက်နက္ခတ် ပါဒ်ဃင္ဍီ အနုဃင္ဍီ ပရမာနုဃင္ဍီ ငါးဆင့်ဖြစ်၏။ ထိုအသက် နက္ခတ်ငါးဆင့်ကို စုတ်တိုင်ခေတ်တိုင်စသော တိုင်ဦး ၁၀ ပါးတို့တွင် နက္ခတ်ပါဒ်ချင်း စသည်တူရာနှော မနေရာ သည့်အတိုင်း ခြေ၍တက် အကြွင်းနက္ခတ်ပါဒ်၊ ဃင္ဍီ၊ အနုဃင္ဍီ၊ ပရမာနုဃင္ဍီ ငါးဆင့်သည် မိမိတို့၏ တိုင်ဆယ်ပါး အာယုစန်းဖြစ်၏။ စတုရပါဒ် နက္ခတ်တူရာ ရာသီ အသီးသီး၌ ကြက်ခြေမှတ်၍ထား။

## ပဝတ္တိဟော ၁ ပိုဒ် အဆက်လင်္ကာ
## နဝင်းဆယ်ပါးဟော အဖြေ

ရာမနှင့်ဖြတ် ကြင့်ဇေက စသည်မယွင်း နဝင်းဆယ်ခု ရောက်ရာရှုလော့။ အာယုစန်းမင်း ဆယ်နဝင်းတို့ ချင်း၏ စုတ်ခေတ် စားမှတ်ဆန်းပျက် သုံးချက်အာဒိ မရှိ၊ အဝသာ ရာသီမှာနှင့် ဖွားခါဆယ်ပါး တိုင်တွင်နား၍ ထွန်းပြားမိပတိ ငါးခွင်ရှိ၍ ဇာတိ မည်မှန်း စန်းထက်လင်ထက် ယှဉ်လျက်တူကွ ကဋ္ဌမ္ဗမိ ပထနီ၊ သုဘ လာဘအိမ်မှာ ခိုဝင်လာစဉ် ကောဇာဂြိုဟ်မင်း ထွင်းစေ သောမ စုတ်ယုဂ်ရသော် ထိုလရာသီ မလွန်ပြီတည့် သိင်္ဂီမင်းစံ ရွှေအလျှံဝယ် စံဝဇီရ ထွန်းတောက်ပသို့ ရာဇသေဠ်နှင်း မင်းတည်း ဖြစ်မူ ဆင်ဖြူမြင်းပျံ လုံ့ရိန္ဒမာ ကညာစက်အောင် ဆက်လာ ရောက်အံ့ ပျိုပေါက်နုထွား မင်း၏သားနှင့် မင်းပါးနေသူ မှူးမတ် မူလည်း ထီးဖြူ မြှောက်စည် မည်ရည်ဆင့်လောင်း မင်းတင့် ကောင်းတည်း တစ်ကြောင်းဆိုရေး သူဌေးပုဏ္ဏား ဆင်းရဲသားမူ ဂုဏ်အားထိုက်လျော် ကောင်းကျိုးပေါ်သည် မမျှော်တုလွတ် ပြင်မိုးတည်း။

ဟုဆိုရာ၌ ထိုဆိုအပ်ပြီး တိုင်ဆယ်ပါး အာယုစန်းနက္ခတ်

www.burmeseclassic.com

www.burmeseclassic.com



အသီးသီးကိုတည် သုံးခုနှင့် အသီးသီးစား အကြွင်းကိုရှု တစ်ခု ကြွင်းလျှင်ကြင်နှီ၊ ၂ ကြွင်းလျှင်ဗြိစ္ဆာ။ ၃ ကြွင်းလျှင် မိန်ရာသီက စ၍ချ တစ်ပါဒ်စွန်းရှိလျှင် ၂ ပါဒ်စွန်းရှိလျှင် ၂ ခွင်။ ၃ ပါဒ်စွန်း လျှင် ၃ ခွင် ဗီဇနာ အစွန်းရှိလျှင် တစ်ခွင်တိုး၍ရေရောက်ရာ ရာသီအိမ်ရှင်သည် တိုင်ဆယ်ပါး အာယုစန်း စားနဝင်းဂြိုဟ်တို့ သည် မိမိတို့၏ ဓာတ်ဆန်း၊ ဓာတ်ပျက်၊ စုတ်ဆန်း၊ စုတ်ပျက် အာဒိ၊ မဇ္ဈ၊ အဝသာန် ရာသီတို့၌ စုတ်လေးပါးတွင် တစ်ပါးပါး ကြိုက်လျက် တည်ရှိစေ။ မူလတိုင်ဦး ဆယ်ပါးတို့နှင့်လည်း ပါဒ် နဝင်းမခြား တွေ့စေ။ အဓိပတိအထွန်း ငါးချက်သို့လည်း ရောက် စေ။ မူလစန်းလဂ် မွေးနံတို့နှင့်လည်း တွေ့ကြုံစေ။ ထိုစန်းလဂ် နှစ်ပါးတွင် အားရှိရာမှ ထောက်၍ ခနု ကမ္ဗူဇ္ဇသဟာဇ ပထနီ သုဘလာဘ ဟူသော စုတ်ခြောက်အိမ်သို့လည်း ရောက်စေ ကောဇာသောမဂြိုဟ်တို့လည်း အတ္တူတကွ သို့မဟုတ် သမသတ် နင်းမိခိုက်ကြုံစေ။ ဤသို့ စုံလင်သော ဇာတာရှင်တို့မှာ ကာသစ် ပြည်ရှာ ဥစ်မှာ ဆင်၊ မြင်း၊ ဓာတ်ကား မင်းဟူ၍လည်းကောင်း။

အာယုစန္ဒရ နဝင်္ဂ၊ သုဋ္ဌာနံ သုဂေဟပတ္တံ။

ဂါမနာမံ သဗ္ဗလာဘံ၊ ရာဇပူဇံ သုခံ ဘဝေ။

ဟူ၍ ဆိုသည်နှင့်အညီ ကောဇာသောမဂြိုဟ် အတ္တူတကွ သို့မဟုတ် သမသတ်ယှဉ်၊ မြင်းနင်းခိုက်ဖြစ်သော ‘လ ရာသီ မလွန်ဘဲ ထိုလမှာပင်လျှင် တောက်ပြောင်ပဝင်း ထွန်လင်းလှစွာ သော မိမိ၏ အရှိန်အဝါတို့ဖြင့် တင့်တယ်ခြင်းရှိလှသော သိင်္ဂီ နိက္ခ ရွှေစင်အတိဝယ် ပကတိ ထွန်းပသော ပတ္တမြားရတနာသည် မိမိ၏ အရောင်အဝါဖြင့် တထိန်ထိန်လျှပ်လျှပ် ထပ်ကာလပ်ကာ

www.burmeseclassic.com



ပျံ့နှံ့ကွန့်မြူး ကူးယှက်ခြင်းရှိပြန်လာသောအခါ ကြီးမားစွာသော အရောင်အဝါတည်းဟူသော တန်ခိုးကျက်သရေတို့သည် တထိန်ထိန်တလင်းလင်း ဖွံ့ဖြိုးကြီးကျယ် တင့်တယ်ခြင်းရှိရသကဲ့သို့ အတူမျိုးမြတ်သေဌ်နှင်း မင်းတည်းဖြစ်မှုကား ဆင်ဖြူမြင်းပျံ လုံရိန္နမာသမီးကညာတို့မှစ၍ ရွှေစကော်တော်အောက် ဆက်သလာရောက် အံ့ဟူ၍လည်းကောင်း၊ မင်းမျိုး၊ မင်းသား၊ မှူးမတ်များဖြစ်မှု ဘွဲ့မည်ရည်နှင့်တကွ ထီးဖြူအုပ်မိုး ဘုန်းတန်ခိုးအာဏာ ကြီးမားစွာသော မင်းတည်းဖြစ်အံ့ဟူ၍လည်းကောင်း၊ သူဌေး၊ ပုဏ္ဏားဆင်းရဲသားဖြစ်မှု မျိုးဂုဏ်အလိုက်ထိုက်သည့်လျော်စွာ ကောင်းကျိုးချမ်းသာတို့ကိုရအံ့ ခံစားစံစားရအံ့ ဟူ၍လည်းကောင်း ဆိုလိုသည်။

မှတ်ချက်။ ။ တိုင်ဆယ်ပါးတွင် ဆင်ဖြူတိုင်နက္ခတ်သည်၊ တစ်နှစ်လျှင် ၂ ပါဒ် ဖတ်သောကြောင့် မိမိတို့၏အသက်နက္ခတ်ပါဒ် ဃဋီ စသည်တို့ကို ၂ ခုမြှောက်ပြီးမှ ဆင်ဖြူတိုင် နက္ခတ်တွင် နေ၍ ဆင်ဖြူတိုင် အာယုစန်းနက္ခတ်ကို ယူလေ။

## ပဝတ္တိဟော ၂ ပိုဒ် စာကိုယ်လက်ာ ရတနာ အာယုစန်းဟော အဖြေ

(၂) စုတ်ရတနာ တိုင်သုံးဖြာနှင့် ကောဇာအာယု စန်းဣန္ဒုသည် ပေါင်းစုတူညီ ပထနီသုဘ လာဘ၊ ကဋ္ဌမ်လဂ်ဝယ်ကြုံ၍ လေးစုံစုတ်ကျော် ပေါ်သော်လည်းကောင်း၊ တစ်ကြောင်း ထိုသို့သက်အာယုတွင် ယခင်တိုင်မြတ် ကြယ်နက္ခတ်ကို ရောလတ်ပြီး လစ် သတ်ဗီစစ်နှင့် နှုတ်ပစ်ပယ်လျှဉ်း ထိုအကြွင်းသည် မယွင်းမှန်စွာ ရတနာစု စန်းအာယုတည့် ရှေးတူမယွင်း ထိုစန်းမင်းသည် တင့်ခြင်းမှန်မှု ခနေ၊ ကဋ္ဌမ္ဗစသည် ငါးလီ ရာသီနှင့်တော် ရှတ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်၍နေသော်လည်းကောင်း အကြောင်းနှစ်ပါး ထိုသို့အားတွင် စားသည့်နဝင်း ရပ်တင်းယှဉ်မီ ရာသီအိမ်ရှင် လဂ်တွင်ခိုလှုံ ကဠုမ် တစ်လီ ပထနီသုဘ လာဘအိမ်မှာ ရာသီနှင့်တော် ရောက်သော် တစ်ချက် အသက်တည်ထား နံမြောက်ငြားမှ စားလောကိုးခု အကြွင်းရှိသော် ဥဒါသိန်နေ့ မိတ်နံတွေ့မူ ချမ်းမြေ့လွန်ကြူး သူ့ ထက်ထူးအောင် ကျေးရှူးကြီးမြင့် ဘုန်းတန်းပွင့်၍ အတင့်အတယ် စလွယ်ထီးစည် မည်ရည်ဆင်မြင်း ယာဉ်သံလျဉ်းက သင်းပင်း ကျွန်ကျေး စားကျေးဆောင်ယောင် မြားမြောင်ရတနာ လိုရာမတာ ကြံတိုင်းရလျက် သုခကြွေ့ကြွေ့လောက်လုံလွေ့သည်။ ရေတွေ့ ပန်းနှယ် မညှိုးတည်း။

ဆိုရာ၌ မူလရတနာပုံနက္ခတ်၊ အာဒိ၊ မဇ္ဈိ အဝသာန်သုံး ရာသီတွင် တစ်ခုခုသော ရာသီ၌ အာယုစန်း နက္ခတ်ရောက်၍ ထိုအာယုစန်းရောက်ရာ ရာသီသည် လဂ်မှထောက်သော် ဓနု၊ ကဠုမ္ဘ ပထနီ၊ သုဘ လာဘဟူသော စုတ်ငါးအိမ်၌ဖြစ်၍ အမြိတ္တ လာဘ၊ သိဒ္ဓိ၊ ဝရ ဟူသော စုတ်လေးပါးတွင် တစ်ပါးပါးကြိုက် စေ။ အထက်ဆိုအပ်ပြီး အသံ့ဘသံ ဝစ္ဆရ မိမိတို့အသက် နက္ခတ် တွင် ယခင် ရတနာပုံ တိုင်နက္ခတ်ကို နက္ခတ် ပါဒ်ချင်း စသည် နှော မနေရာသည့်အတိုင်း ချေ၍တက်။ နက္ခတ်များလျှင် သတ္တ ဗီသ ၂၇ ချေ ထိုချေကြွင်း နှုတ်ကြွင်း နက္ခတ်၊ ပါဒ်၊ ဃဋီ စသည် သည် ရတနာပုံ အာယုစန်းနက္ခတ်၊ ပါဒ်၊ ဃဋီ စသည်ဖြစ်၏။ စတုရပါဒ် နက္ခတ်တူရာ ကြက်ခြေပြ။ ထိုရတနာပုံ အာယုစန်းနက္ခတ် သည် ရှေးနည်းအတူ လဂ်မှထောက်သော် မနု၊ ကဠုမ္ဘ၊ ပထနီ၊ သုဘ၊ လာဘ ဟူသော စုတ်ငါးအိမ်၌ စုတ်လေးပါးတွင် တစ်ပါး



ပါးကြိုက်စေ။ ဆိုအပ်ပြီးသော အာယုစန်းနက္ခတ် ရတနာပုံတိုင် အာယုစန်းနက္ခတ်၊ ပါဒ်၊ ဃဋီစသည်တို့ကိုတည် ၃ ခုနှင့်စား၍ အထက် (၁) နံပါတ် နဝင်းတွက်နည်းအတိုင်းတွက်။ ကောဇာ အာယုစန်း စားနဝင်းတို့ရ၏။ ထိုကောဇာအာယုစန်း စားနဝင်း ရတနာပုံတိုင် အာယုစန်း စားနဝင်းတို့ဟူသော ရာသီအိမ်ပိုင်ရှင် ကသစ်ဂြိုဟ်သည် ရှေ့နည်းအတူ လဂ်မှထောက်သော် ဓနု၊ ကဠုမ္ဘ ပထနီ၊ သုဘ၊ လာဘ ဟူသော စုတ်ငါးအိမ်သို့ ရောက်၍ စုတ်လေးပါးတွင် တစ်ပါးပါးကြိုက်စေ။ မိမိတို့အသက်ကိုတည် မိမိတို့မွေးနံနှင့်မြောက် ၉ ခုစား အကြွင်း ထိုဇာတာရှင် မွေးနံနှင့် ဥဒါသိန် သို့မဟုတ် မိတ်နံကြွင်းစေ။ ဆိုအပ်ပြီးသော အကြောင်း အင်္ဂါတို့နှင့် ညီညွတ်စုံလင်သော ဇာတာရှင်တို့မှာ ရေတွေ့သော ပန်းကြာပဒုမ်ကဲ့သို့ လူ့ဘုံလောကီ ဇမ္ဗူဒီတွင် တုမမီ ယှဉ်မရ အောင် သူတစ်ပါးတို့ထက် ဂုဏ်ကျက်သရေထွန်းပပြီး ဘုန်းတန် ခိုး အာနိသံသကြီးမားခြင်း အတင့်အတယ် အကျော်တစောရှိ ခြင်း စလွယ်ထီးစည် မည်ရည်သံလျဉ်း ဆင်၊ မြင်းစသော ရတနာတို့နှင့် ပြည့်စုံခြင်း လိုရာမတ ကြံတိုင်းရလျက် သုခအပေါင်းတို့နှင့် လုံ လောက်ပြည့်ဝ၍ ဓနဥစ္စာ ရတနာရွှေငွေ၊ အထွေထွေတို့မှာလည်း လွန်စွာပေါများခြင်း စသည်တို့ ဖြစ်တတ်၏ဟု ဆိုလိုသည်။

**ပဝတ္တိဟော ၃ ပိုဒ် စာကိုယ်လင်္ကာ ကိုယ်လေးပါးဟောအဖြေ**

(၃) ဓာတောဒယ ကျမ်းမအလို ဆရာဆိုသည် ထိုထိုတိုင် နှင့် နှိုင်းပြိုင်ချင့်လျက် တစ်ဆင့်တက်လမ်း ဟောထုံးငြမ်းကို လျှမ်း လျှမ်းဝေဆာ နိဒါန်းဖြာပိမ့် ဂေါဇာမူလ နှစ်ပါးကလျှင် ရာသည် မယွင်း နဝင်းနှစ်လီ လဂ်မီအိမ်ရှင် ဂြိုဟ်လျှင်စားရာ ထိုလေးဖြာ

www.burmeseclassic.com

www.burmeseclassic.com



ပါးကြိုက်စေ။ ဆိုအပ်ပြီးသော အာယုစန်းနက္ခတ် ရတနာပုံတိုင် အာယုစန်းနက္ခတ်၊ ပါဒ်၊ ဃဋီစသည်တို့ကိုတည် ၃ ခုနှင့်စား၍ အထက် (၁) နံပါတ် နဝင်းတွက်နည်းအတိုင်းတွက်။ ကောဇာ အာယုစန်း စားနဝင်းတို့ရ၏။ ထိုကောဇာအာယုစန်း စားနဝင်း ရတနာပုံတိုင် အာယုစန်း စားနဝင်းတို့ဟူသော ရာသီအိမ်ပိုင်ရှင် ကသစ်ဂြိုဟ်သည် ရှေ့နည်းအတူ လဂ်မှထောက်သော် ဓနု၊ ကမ္ဗူ ပထနီ၊ သုဘ၊ လာဘ ဟူသော စုတ်ငါးအိမ်သို့ ရောက်၍ စုတ်လေးပါးတွင် တစ်ပါးပါးကြိုက်စေ။ မိမိတို့အသက်ကိုတည် မိမိတို့မွေးနံနှင့်မြှောက် ၉ ခုစား အကြွင်း ထိုဇာတာရှင် မွေးနံနှင့် ဥဒါသိန် သို့မဟုတ် မိတ်နံကြွင်းစေ။ ဆိုအပ်ပြီးသော အကြောင်း အင်္ဂါတို့နှင့် ညီညွတ်စုံလင်သော ဇာတာရှင်တို့မှာ ရေတွေ့သော ပန်းကြာပဒုမ်ကဲ့သို့ လူ့ဘုံလောကီ ဇမ္ဗူဒီပ်တွင် တုမမီ ယှဉ်မရ အောင် သူတစ်ပါးတို့ထက် ဂုဏ်ကျက်သရေထွန်းပပြီး ဘုန်းတန် ခိုး အာနိသံသကြီးမားခြင်း အတင့်အတယ် အကျော်တစောရှိ ခြင်း စလွယ်ထီးစည် မည်ရည်သံလျှဉ်း ဆင်၊ မြင်းစသော ရတနာတို့နှင့် ပြည့်စုံခြင်း လိုရာမတ ကြံတိုင်းရလျက် သုခအပေါင်းတို့နှင့် လုံ လောက်ပြည့်ဝ၍ ဓနဥစ္စာ ရတနာရွှေငွေ၊ အထွေထွေတို့မှာလည်း လွန်စွာပေါများခြင်း စသည်တို့ ဖြစ်တတ်၏ဟု ဆိုလိုသည်။

**ပဝတ္တိဟော ၃ ပိုဒ် စာကိုယ်လင်္ကာ ကိုယ်လေးပါးဟောအဖြေ**

(၃) ဓာတောဒယ ကျမ်းမအလို ဆရာဆိုသည် ထိုထိုတိုင် နှင့် နှိုင်းပြိုင်ချင့်လျက် တစ်ဆင့်တက်လမ်း ဟောထုံးငြမ်းကို လျှမ်း လျှမ်းဝေဆာ နိဒါန်းဖြာပိမ့် ဂေါဇာမူလ နှစ်ပါးကလျှင် ရာသီ မယွင်း နဝင်းနှစ်လီ လဂ်မီအိမ်ရှင် ဂြိုဟ်လျှင်စားရာ ထိုလေးဖြာ

www.burmeseclassic.com

www.burmeseclassic.com



ကို အတ္တာဟူသည် ကိုယ်လေးမည်တည့်။

ဟုဆိုရာ၌ မိမိတို့မူလဇာတာ၌ တိုင်ဦးနက္ခတ်ခေါ် အာယုစန်း စီးသော နဝင်းသည် ဖွားနဝင်းမည်၏။ ယခုရောက်ဆဲကောဇာအာယုစန်း စီးသောနဝင်းသည် စားနဝင်းမည်၊ ထိုမူလဖွားနဝင်းဂြိုဟ် ယခုကောဇာ စားနဝင်းဂြိုဟ် မူလလဂ်တည်သောရာသီအိမ်ရှင်ဂြိုဟ် ဒသာစားသော ဂြိုဟ်တို့သည်ကား ကိုယ်လေးပါးမည်၏ဟု ဆိုလိုသည်။

## ပဝတ္တိဟော ၃ ပိုဒ် အဆက်လက်ာ ဘေးရောက် အံ့သောအခါဟော အဖြေ

ယင်းသည့်ကိုယ်ဆို လေးပါးဂြိုဟ်တို့ မလိုရာသီ နိစ်အိမ်မှီလျက် တစ်လီဗျာယ မရဏာဟု ဌာနသုံးရပ် ခိုမှီကပ်စဉ် ပညတ်ဂေါစရ လေးပါပနှင့် မရဏာသုံးခွင် ဂြိုဟ်အိမ်ရှင်တို့ ယခင်လေးမည် ကိုယ်ထက်တည်မှု လေပြည်လျဉ်လျဉ့် စက်နှယ်ရှဉ့်၍ နေ့ညဉ့်ခရီး လမ်းစဉ်မှီးလျက် လေ့ကြီးသဘော် လွင်တောတောဝယ်လေကြောဖြတ်ပိုင်း အဆိုင်းဆိုင်းတွင် မုန်တိုင်းမင်းလွန် မိုးသက်ဆင်၍ ဝန်းကျင်လှည့်ရှုပ် ပတ်ကာအုပ်၍ စုပ်စုပ်ရေတွင် နစ်သောသွင်သို့ ချစ်ခင်မယား သမီးသားနှင့် ကျွဲ၊ နွား၊ မြင်း၊ ဆင် ကိုပင်လည်းကောင်း ဤအပေါင်းလျှင့် ရှောင်တခင်တည့် ဘေးကြီးထိ၍ ဖြစ်ဘိတစေ တွေ့တတ်ချေ၏။

ဟုဆိုရာ၌ ဤဆိုအပ်ပြီးသော ကိုယ်လေးပါး ဂြိုဟ်တို့သည် မိမိတို့ဇာတာ၌ မိမိတို့ နိစ်–ပြ–ရန် အိမ်တို့သို့ ရောက်စေ။ လဂ်မှထောက်သော် အာရီ၊ မရဏ၊ ဗျာယ ဟူသော ဥပါဒ်သုံးပါးအိမ်သို့လည်းရောက်စေ ထိုအာရီ မရဏ ဗျာယ ဟူသော မရဏာ သုံးပါး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်ကောဇာဂြိုဟ် နိစ်– ပြ– ရန် အိမ်ရှင်ကောဇာဂြိုဟ် ကောဇာ ပါပဂြိုဟ်တို့သည်လည်း ထိုဆိုအပ်ပြီးသော ကိုယ်လေးပါးတွင် ဖွားနဝင်းတည်ရှိရာ အိမ်ရှင်မူလဂြိုဟ် စားနဝင်းတည်ရှိရာ အိမ်ရှင်မူလဂြိုဟ်၊ လက်အိမ်ရှင်မူလဂြိုဟ် ယခု ဒသာ စားသော မူလ ဂြိုဟ်ဟူသော ကိုယ်လေးပါးထက်သို့ စီးနင်းဝင်ရောက်စေ ထိုဇာတာရှင်တို့ကား လေှသဘော်ကြီးဖြင့် နေ့စဉ် အပြီးလမ်းစဉ် မိုးလျက် ခရီးသွားစဉ် လွင်တီးခေါင် အပြင်ဝယ် မိုးသက်မင်းလွင် လေမုန်တိုင်းဆင်လျက် ပြင်းထန်စွာ တိုက်ခတ်လိုက်ရာ ထိုသဘော်ကြီးသည် ရေဝယ်စုပ်စုပ် အပြီးတိုင် နစ်မြုပ်သကဲ့သို့ပမာ ချစ်လှစွာ သည့် မယား၊ သမီးသားနှင့်တကွ ကျွဲ၊ နွား ဆင်၊ မြင်း၊ လုပ်ခင်း လယ်တာ မိမိတို့ကိုယ်တိုင်ပါလျှင် များစွာဥပဒ်ဘေးရန် ပေါင်း ထပ်လို့မို့ မလပ်ဥသုံ ကွေကွင်း ကြေမွပျက်စီးခြင်း မုချပင် တွေ့ ကြုံရတတ်၏ဟု ဆိုလိုသည်။

## ပဝတ္တိဟော ၃ ပိုဒ် အဆက်လက်ာ ယတြာပြုရန် အဖြေ

ညနေရေချမ်း နံနက်ဆွမ်းနှင့် ဘုန်းတန်းဖြိုးမြင့် တန်ခိုးပွင့် သည့် ရှင်ပင့်စတော ဓာတ်ပေါင်းမွေဝယ် ရှိသေညွှတ်နူး လက်စုံပူး ၍ ဖူးလောဆုယူ ပန်ကိုးတည်း။

ဟုဆိုရာ၌ ဤဆိုအပ်သော ဘေးအပေါင်း ရန်အပေါင်းတို့ သည် ကိုယ်သို့မရောက် လွင့်ပျောက်စေခြင်းငှာ လုပ်ရန် ယတြာမှု ညနေရေချမ်း နံနက်ဆွမ်းတို့ကို တန်ခိုးကြီးသော ဘုရားမှာ ရှိသေ စွာ ကပ်လှူပူဇော်ပြီးလျှင် သက်တော်ထင်ရှား သဗ္ဗညုမြတ်ဘုရား ၏ ကိုယ်စားတော်စား ဓာတ်တော် မွေတော် ရုပ်တုတော်၊ ဆင်းတု တော်၊ ပုထိုးတော် စသည်များကို ညွှတ်တွားကော်ရော် နေ့စဉ်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးပူဇော်ရမည့်ပြင် သက်ကြီးယိုယွင်း အိုမင်းမစွမ်းပင်ပန်း ဆင်းရဲသောသူများကိုလည်း ကျွေးမွေးလှူဒါန်း၍ ရှိသေကျိုးနွံစွာ ဆုယူတောင်းဆိုပါက ရောက်ပြီးဆဲ ရောက်လတ္တံ့ဖြစ်သော ဘေးအန္တရာယ်အသွယ်သွယ်တို့မှ ကင်းစင်လွင့်ပျောက်၍ ချမ်းသာသုခသို့ရောက်နိုင်ပါသည်ဟု ဆိုလိုသည်။

## ပဝတ္တိဟော ၄ ပိုဒ် စာကိုယ်လက်ာ ကိုယ်လေးပါး စားနဝင်းဟော အဖြေ

(၄) ခတ်တောဒယ ဂန္ဓန္ဓဟု ကျမ်းမှ ဖော်ထုတ်သမုတ်ပိုင်းခြား ကိုယ်လေးပါးတွင် စားနဝင်းဆို အိမ်ရှင်ဂြိုဟ်သည် မိုးခိုနံ ကဋ္ဌမ် ပထနီ ကိုးရာသီနှင့် တစ်လီဆယ့်တစ် ဥစ်၊ ကသစ်အိမ်မိတ်ဝယ်ကြိမ်၍ ချမ်းငြိမ်နေစေ မသွေတူညီ ထိုရှစ်လီ၏ ရာသီပိုင်မင်း ဂြိုဟ်သေဌ်နှင့်တင့်ခြင်းမိတ်ရသော မဂြိုဟာ၊ ဂြိုဟ်ဂေါဇာတို့ လှည့်လာ ကြိုက်ကြုံ နင်းလေတုံမူ ငွေပုံ ပတ္တမြား လရထားသည်၊ မိုးဖျားဆောင်းစ သာရဒတွင် ပန္နရသီတိ ထိလုံးစေ့ ဝန်းသည့်နေ့ဝယ် အရှေ့ရိပ်ရိပ် ဥဒည်းထိပ်က ဖျောက်ဆိပ်မလာ ကြယ်ရံကာနှင့် လက်ျာတောင်ကျွန်း ထွက်ပေါ်ထွန်းသို့ တင့်ရှန်း ကျက်သရေ တတ်လေလေတွင် မင်းဆွေ မင်းမျိုး မှူးရိုးမတ်ရာ သေနာပတိ မည်ရှိထင်ရှား သူတို့အားနှင့်၊ ပုဏ္ဏားတစ်ခန်း ရဟန်းတဝေးသူဌေး၊ သူကြွယ် ပေါရယ်များစွာ မိုလ်ပါသင်းများ မျိုးလေးပါးတို့ ဂုဏ်အားထောက်ပံ့ ကျေးဇူးဖွံ့ဖြိုး ချီးအံ့မနိုင်၊ ကောင်းဆုံးတိုင်လိမ့်၊ ပြည့်လှိုင်များလှ၊ ထိုထိုမျှတွင် မူလမယွင်း ဖွားနဝင်းနှင့် လဂ်နင်းအိမ်ရှင် ဂြိုဟ်လျှင်စားရာ ကိုယ်သုံးဖြာကို ဆရာတက္ကသိုလ်မမိန့်ဆိုလည်း ရှေးဟိုမဆွ အနိဋ္ဌဝယ် ပြသည့်နည်းနှင့် ရှုင်းယူ

www.burmeseclassic.com

www.burmeseclassic.com



ချင့်၍ ပယ်သင့်မထား ဤသုံးပါးကို မခြားနည်းပင် ဟောစေချင်သည်။ ခဲအင်မိပ္ပာယ် နက်နူးတည်း။

ဟု ဆိုရာ၌ ဆိုအပ်ပြီးသော ကိုယ်လေးပါးအနက် စားနဝင်းနှင့် စားနဝင်းအိမ်ရှင် ကောဇာဂြိုဟ်တို့သည် လဂ်မှ ထောက်၍ ဓနု၊ ကမ္ဗုမ္ဘ၊ ပထနီ၊ သုဘ၊ လာဘ ဟူသော စုတ်ငါးရာသီအိမ် မိမိ၏ ဥစ်အိမ် ကသစ်အိမ် မိတ်အိမ်သို့ ဝင်ရောက်လျက် တည်ရှိစေ ထိုဓနု၊ ကမ္ဗုမ္ဘ၊ ပထနီ၊ သုဘ၊ လာဘ အိမ်ရှင် ကောဇာဂြိုဟ် ဥစ်ကသစ် မိတ် အိမ်ရှင် ကောဇာဂြိုဟ် ထိုဂြိုဟ်တို့နှင့် မိတ်ဖြစ်သော သောမ၊ ကောဇာဂြိုဟ်တို့သည်လည်း ထိုဆိုအပ်ပြီး ကိုယ်လေးပါး အနက်စားနဝင်းနှင့် စားနဝင်းအိမ်ရှင် မူလကောဝိန်ဂြိုဟ်ထက်သို့ စီးနင်းဝင်ရောက်တည်ရှိစေ။ ဤသို့စုံလင်သော ဇာတာရှင်တို့ကား။

အာယုစန္ဒရ နဝင်္ဂ၊ ပထနီ နာဒီသု ဂေဟံ။

ဥစ္စခေတ္တရံ မိတ္တဥ္စ၊ မဟာသုခံ ဘဝိဿတိ။

ဟူသော အသီတိဓာတ်ကျမ်းအလာ ဂါထာပါဌ်နှင့်အညီ မိုးဖျားဆောင်းစ တန်ဆောင်မုန်းလမှာသာ သာရဒအခါတွင် ဗြိဿာရာသီ–တိထိလုံးစေ့ လပြည့်နေ့ ပုဏ္ဏမီ ညဥ့်မှောင်ရိပ် ရီရီအတွင်း၌ ဆီနှင်းမြူတိမ် သူရိန်မီးခိုး ရန်မျိုးငါးသွယ် သန့်ရှင်း စင်ကြယ်၍ ကြည်လင်တင့်တယ် ရှုချင်စဖွယ် ထွန်းပလျက် ကြယ်တာရာ သခင် အရောင်မျိုးစုံလင်၍ အရှေ့ဥဒည်စွန်းက တက်ထွန်း ကွန့်မြူးလာသော ယုန်စန္ဒာလမင်းကြီး၏ ပမာအသွင် ကြည်လင်တင့်ရှန်းထွန်းပသော ဘုန်းကျက်သရေ အထွေထွေသော ဂုဏ်အင်္ဂါင်းတို့မှစ၍ မတောင့်မတ မကြောင့်ကြရဘဲ လိုသမျှ ဣစ္ဆိတ ကြီးမား

www.burmeseclassic.com

www.burmeseclassic.com



လှသော သုခအကျိုး အမျိုးမျိုးတို့သည်။ မျိုးရိုးအလိုက် အထိုက်တော်သင့် မင်းနှင့်မင်းသား မင်းပါးနေသူ မှူးမတ်ဟူပြီး စစ်သူကြီးတ ၀ ထိုမှတခြား ပုဏ္ဏားတစ်ခန်း ရဟန်းတဝေး သူဌေးသူကြွယ်ကုန်သွယ်လယ်လုပ်စသော အမျိုးလေးပါးတို့မှာ မုချ အကျိုးပေးအားဖြင့် ရအပ် ခံစားအပ်၏။ ဆိုအပ်ပြီးသော ကိုယ်လေးပါးအနက် ဖွားနဝင်းနှင့် ဖွားနဝင်းအိမ်ရှင်ဂြိုဟ် လဂ်နှင့် လဂ်အိမ်ရှင်ဂြိုဟ် ဒသာစားသောဂြိုဟ် ထိုကိုယ်သုံးပါးဂြိုဟ်တို့ကား ကြိုထမ္ဘကျမ်းစသော လောကီဗေဒင်ကျမ်းတို့ကို ရေးသား စီရင်ကြသောဆရာတက္ကသိုလ်တို့ မမိန့်ဆို မဟောမြွက်သော်လည်း ရှေးအနီးအခန်း၌ ပြဆိုသော နည်းလမ်းကို မှီးငြမ်းတစ်ခု လက်ကိုင်ပြုကာဆိုအပ်ပြီးသော ကိုယ်သုံးဖြာကို ထည့်စွက်၍ ဟောချက် ပြောချက်ထုတ်ဆိုရာ၏ဟု ဆိုလိုသည်။

(မှတ်ချက်)။ ။ကိုယ်လေးပါး အကျယ်ကို သိလိုမူ ဗေဒလက်စွဲကျမ်းတတိယတွဲ စာမျက်နှာ ၁၅၈ တွင် ကြည့်ရှု၍ ယူတော်မူကြပါကုန်။

## ဓာတ်- ဉစ်- ကသစ် အကျိုးပေးဟော စာကိုယ်လင်္ကာ

တဆန်းတစ်ပုံ သွန်းနိုတုံသို့ ဉဏ္ဏာဂူနတ် ဖယ်ရဟတ်နှင့်ပြာသာဒ်ယန္တရား စက်ရထားသို့ လှည့်သွားပြန်လျဉ်း။ ပထွန်းဝင်းသည့် နေမင်းသဖွယ် လင်းလင်းကယ်သားဆန်းကြယ်လှစွာနက်နဲစွာသည့် မဟာသီတိ ကျမ်းရှိအလာ ဟောပုံဖြာပိမ့် မှတ်ရာတ ၀ ဓာတ်ကိန်းပြမည် မူလသင်္ကြာရာဇ် တည်လစ်တုံလတ်ဆန်းသောဓာတ်က စ၍မယိမ်း နှုတ်ကိန်းစားလော ကြွင်းငြားသေသာ ရှိတုံလာသော် ဆန်းရာဓာတ်သက် စဉ်သင့်ဆက်၍ နှုတ်ဖျက်ချေလေ ၃ချေလောက်ရာ မှန်စွာတစ်ခန်း ဖွားဓာတ်ဆန်း၏။



ခေါ်မှန်းသေသကြွင်းသမျှသည် တိတ်ရကိန်းဝင် ဖြစ်ချင်မှန်လှတိတ်ရအလို နှုတ်ဖြိုချေယုတ် မနှုတ်လောက်လျှင် ဓာတ်သက်ဝင်တွင် နှုတ်ကြဉ်မဲ့ယွင်း ထိုးနဝင်းမှာ စီးခြင်းမချို့ သူတို့အသက်စေ့အောင်စွက်လော့ ရောက်ချက်ရာသီ ပြိုင်မီမယွင်း ဓာတ်နဝင်းဟုခေါ်ခြင်းသမုတ် ငါးတန့်ထုတ်၍ ဉစ်၊ ကသစ်၊ လဂ် စန်းနံထက်ပင် ကျချင်တစ်ရပ် ဓာတ်အပေါ်၌ ပျော်ရွှင်ကြိုက်မူ ဟောထိုက်လေရာ ထိုဇာတာသည် ဉစ်မှာ ဆင်၊ မြင်း ဓာတ်ကားမင်းဟုမယွင်းတုံလစ် ကသစ်ပြည်ရွာ ရရာစပြဲ ထူးကဲဥစ္စာ ရတနာ ရွှေငွေ ဆန်ရေများဖြင့် ကောင်းအင်ဖွံ့ဖြိုး စည်ပင်တိုး၍ အကျိုးပေးထောက် ဆော်ပင့်မြွက်သည် အံ့လောက်လူတွင် ကျော်စောထင်လျက် မင်းလျှင်ဖြစ်လေ မဖြစ်ချေက မင်းနေမင်းစံ မင်းသဏ္ဍာန်သို့ မင်းဟန်မူယူ အလားတူဟု ဇမ္ဗူကျွန်းရပ် လောကဓာတ်၌ပြောမှတ်စရာ ရမည်မှာသည်။ ရွှေဗျာအေးရင့် မိန့်ကျူးတည်း။

## မူလစန်းမှ ကောဇာဂြိုဟ်ရှစ်လုံးတို့ အတန့်ကောင်းမကောင်း အကျိုးပေး အသ်ာနှင့်တကွ ဟောရန်လင်္ကာ

မူလဇာတာ စန္ဒရာမှ ဂေါဇာရှစ်လီဒွါဒသီတွင် ပြောင်းချိုတန့်ရပ် ခိုဝင်ကပ်၍ ရလာဘ်–ဘယာ ကြောင်းနှစ်ဖြာကို ဣန္ဒြာအနိုင်၌ လိုနိမိတ်ဖြင့် ဉာဏ်စိတ်ရင့်ကျူး ဂြိုဟ်ရှစ်ဦးတွင် တောင်ဂူးပါပ ကိတ်စန္ဒနှင့် ဒေဝမြောက်ဂြိုဟ် ထိုအလိုဝယ် ခေါ်ဆိုသုံးတန့်ဆဆယ်တန့်ဟု အကန့်ဆယ်တစ် စန်းချင်းဖြစ်က ခုနစ်တူပျော်ဘွဲ့မိတ်ခေါ်သည် ဆင်တော်ဗုဒ္ဓ ကဋ္ဌမ္ဘဟု ခနေအဝင် ထိုနှစ်ပြင်နှင့်လေးခွင်ခြောက်ရှစ် ဆယ်ဆယ့်တစ်လျှင် ဆန်းသစ်လနှယ် ထွန်းတင့်တယ်သည် အိမ်ဝယ်ခွင်ကောင်း ဝတီအောင်းတွင် နတ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်မှန်းသေသကြွင်းသမျှသည် တိတ်ရကိန်းဝင် ဖြစ်ချင်မှန်လှ တိတ်ရအလို နှုတ်ဖြိုချေယုတ် မနှုတ်လောက်လျှင် ခါတ်သက်ဝင်တွင် နှုတ်ကြဉ်မဲ့ယွင်း ထိုးနဝင်းမှာ စီးခြင်းမချို့ သူတို့အသက်စေ့အောင်စွက်လော့ ရောက်ချက်ရာသီ ပြိုင်မီမယွင်း ခါတ်နဝင်းဟု ခေါ်ခြင်းသမုတ် ငါးတန့်ထုတ်၍ ဥစ်၊ ကသစ်၊ လင် စန်းနံထက်ပင် ကျချင်တစ်ရပ် ခါတ်အပေါ်၌ ပျော်ရွှင်ကြိုက်မှု ဟောထိုက်လေရာ ထိုဇာတာသည် ဥစ်မှာ ဆင်၊ မြင်း ခါတ်ကားမင်းဟု မယွင်းတုံလစ် ကသစ်ပြည်ရွာ ရရာစပြဲ ထူးကဲဥစ္စာ ရတနာ ရွှေငွေ ဆန်ရေများဖြင့် ကောင်းအင်ဖွံ့ဖြိုး စည်ပင်တိုး၍ အကျိုးပေးထောက် ဆော်ပင့်မြှောက်သည် အံ့လောက်လူတွင် ကျော်စောထင်လျက် မင်းလျှင်ဖြစ်လေ မဖြစ်ချေက မင်းနေမင်းစံ မင်းသဏ္ဌာန်သို့ မင်းဟန်မူယူ အလားတူဟု ဇမ္ဗူကျွန်းရပ် လောကခါတ်၌ ပြောမှတ်စရာ ရမည်မှာသည်။ ရွှေဗျာအေးရင့် မိန့်ကျူးတည်း။

## မူလစန်းမှ ကောဇာဂြိုဟ်ရှစ်လုံးတို့ အတန့်ကောင်းမကောင်း အကျိုးပေး အသ်ာနှင့်တကွ ဟောရန်လင်္ကာ

မူလဇာတာ စန္ဒရာမှ ဂေါဇာရှစ်လီဒွါဒသီတွင် ပြောင်းချီတန့်ရပ် ခိုဝင်ကပ်၍ ရလာဘ်–ဘယာ ကြောင်းနှစ်ဖြာကို ဣဋ္ဌာအနိဋ္ဌ လိုနိမိတ်ဖြင့် ဉာဏ်စိတ်ရင့်ကျူး ဂြိုဟ်ရှစ်ဦးတွင် တောင်စူးပါပ ကိတ်စန္ဒနှင့် ဒေဝမြှောက်ဂြိုဟ် ထိုအလိုဝယ် ခေါ်ဆိုသုံးတန့်ဆဆယ်တန့်ဟု အကန့်ဆယ်တစ် စန်းချင်းဖြစ်က ခုနစ်တူပျော်ဘွဲ့မိတ်ခေါ်သည် ဆင်တော်ဗုဒ္ဓ ကဋ္ဌမ္ဗဟု ခနဲ့အဝင် ထိုနှစ်ပြင်နှင့်လေးခွင်ခြောက်ရှစ် ဆယ်ဆယ့်တစ်လျှင် ဆန်းသစ်လနှယ် ရွှန်တင့်တယ်သည် အိမ်ဝယ်ခွင်ကောင်း ဝတီအောင်းတွင် နတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသခင် သိကြားရှင်က ရှိတင်ဦးခိုက် ဆရာဒွိဟု သမိုက်ဇီဝါ ခွင်အိမ်မှာကား နှစ်ဖြာပဥ္စသတ်နဝနှင့် ဒွါဒဇက်ယုတ် ခွင်ကောင်းဟုတ်ကို သမုတ်ပညတ် သောက်ရှုးနတ်လည်း ဆ-သတ် တစ်ဆယ် ဤသုံးသွယ်မှ ကြွင်းဝယ်ကိုးပါး ရာသီများကို လှည့်သွားခါသင့် မူသဖြင့်လည်း ဆိုခွင့်အကျိုး ဂြိုဟ်ရှစ်မျိုးကို ရွှေကြိုးသိင်္ဂီ ပန်းနှယ်သီသို့ စာဤခွင်ကောင်း ပြီးတံ့ရှောင်း၍ အကြောင်းကုသိုလ် ပေးမည်ဆိုက မြေကို စင်လောက် သိင်္ဂီရောက်၍ ယွင်းဖောက်ထင်ရှားကံပွင့်ငြားသော် ယုံမှားဖွယ်လိ မတူဘိဟု မရှိစသော အတီတာက ဒါန-သီလံ အကောခံနှင့် ပရမ်ခန္တီ၊ စုံအညီကြောင့် လောကီအဟုတ် ကျိုးမဆုတ်သည် မျိုးယုတ်နွယ်ဆွေ ဖြစ်ပါစေတော့ ဌာနေ ဌာန ကောသလ္လကို ဉာဏပိုင်သွင်း ကျွန်ဆင်မြင်းနှင့်လုပ်ခင်းဆောင်တာ ပဒေသာသို့ ရတနာခုနစ် ဥစ္စာနှစ်လည်း အသစ်စဲစဲ ရောင့်မရဲတည်း။ ရေထဲရွှေကြာ နေခြည်လာက မုန်အာရင့်ရင့် အချိန်သင့်လျှင် ပွင့်မည့်ကားကား လင့်ငံ့စားလျက် အလားကုသိုလ် ပွင့်မည်လို၍ ချိန်ကိုတောင့်တ ဝိပါကဖြင့် ကမ္မသဘော အစိတ္တိယောဟု အံ့သြဖွယ်ရာ သည်ကိုသာလျှင် ပုညာ ဘိရင်း သတိသွင်းလော မကြွင်းဥသုံ ဂြိုဟ်ရှစ်စုံကို ဆယ်ပုံဝေ ဖြတ် အသံ့မှတ်သော် ဂြိုဟ်နတ်ဘောမာ သူရိယာတို့ ဆယ်ဖြာ ရှေ့ပိုင်း ဤလူ့တိုင်းဝယ် မဆိုင်းမတိတ် ကောင်းမည်ဟိတ်ဟု ဝိနိစ္ဆယ အသူရာနှင့် သိကြားနှစ်ပါးကိုယ်စီအားဖြင့် ဝပ်တွားဂုရု ဆရာပြုသည့် ဘရဂုဇိဝေ လယ်မရွှေ ဒွိ ဆယ်ထွေလုံးတင့် ကျိုးပေးသင့်၏စန်းနှင့် နဂါးပျော်ရှင်ငြားသော် နောက်ကားအထွက် ဆယ်အနက်တွင် ကျိုးဆက် မနွှိပြီ ရစာဂီဟု ရာသီအိမ်ကောင်း ခွင့်သာစောင့်လော့ မထောင့်အင်သုံး

www.burmeseclassic.com

www.burmeseclassic.com



ဆယ်အလုံးကို ငံ့အုံးမရှိ ပေးမည်ဘိဟု ကတိမသုံ ဒါနဟုန်ကြောင့် ရွှေယုန်လဝယ် တင့်တယ်ပဝင်း ဂုဏ်ရောင်လင်းသည် ရှေးရင်းကြောင်းလာ သူ့ဇာတာဝယ် ဖွေရှာတို့လတ် ကြံမတတ်အောင် လောကဓာတ်မြေ ဇမ္ဗူဗွေဝယ် ဒါနေ၀ိပါက်အကျိုးဆက်သည်။ မြေထက်လက်တင် မလွဲတည်း။

## ဓာတ်- ဥစ်- ကသစ်- အကျိုးပေးဟော လင်္ကာအဖြေ

တဆန်းတစ်ပုံ သွန်းနိတုံသို့ ဥဏ္ဏာဂူနတ် ဖန်ရဟတ်နှင့် ပြာသာဒ်ယန္တရား စက်ရထားသို့ လှည့်သွားပြန့်လျဉ်း ပတ္တန်းဝင်းသည် နေမင်းသဖွယ် လင်းလင်းကယ်သား ဆန်းကြွယ်လှစွာ နက်နဲစွာသည့် မဟာသိတိ ကျမ်းရှိအလာ ဟောပုံဖြာပိမ့်။

ဆိုရာ၌ မေရုရာဇာ မဟာမြင်းမိုရ် တောင်မင်းကြီး၏ မဈေချက်ထား ယုဂန္ဓိုရ်တောင်ထိပ်ဖျားနှင့် အလားတူပင် ဝေဟင်အာကာ မိုးဝဋ္ဋာ၌ ရောင်ဝါလျှပ်လျှပ် နီမြန်းသော အသွေးအရောင်တို့ဖြင့် တပြောင်ပြောင်ဟပ်လှသော ဥဏ္ဏာဂူနတ် ဖန်ရဟတ် စက်ယန္တရား လှည့်သွားပမာ ရောင်ခြည်တစ်ထောင်ဆောင်သော ရဝိရာဇာ မဟာနတ်မင်းကြီးကဲ့သို့ပမာ အသိတိကျမ်းလာ ခက်ခဲနက်နဲ ဆန်းကြွယ်လှစွာသော ဗေဒင်ဟောပုံ ကိန်းအရာတို့ကို လွယ်ကူစွာ သိရှိနိုင်ရန် ထင်ရှားစွာ ပြဆိုရေးသားပါမည်ဟု ပဋိညာဏ်ကို ဆိုလိုသည်။

## အဆက်လင်္ကာ ဖွားဓာတ်ဆန်း တွက်နည်းအဖြေ

မှတ်ရာဇာတ်စ် ဓာတ်ကိန်းပြမည် မူလသက္ကရာဇ် တည်လေ တုံလတ် ဆန်းသောဓာတ်က စဍ်မယိမ်း နတ်ကိန်းနှင့် နတ်ဓာတ် သုတ်ချေး၊ စား စားကိန်း စားလော့ ကြွင်းဥြားသေသာရှိတုံလာသော်

www.burmeseclassic.com



ဆန်းရာဓာတ်သက် စဉ်သင့်ဆက်၍ နတ်ဖျက်ချေလေ မချေ လောက်ရာ မှန်စွာတစ်ခန်း ဖွားဓာတ်ဆန်း၏။

ဆိုရာ၌ မိမိတို့မူလ သက္ကရာဇ်ကိုတည် ပဋ္ဌ–ခန်း–ဒွေး ၂၀၅ ခုနုတ်၊ ၎င်းအကြွင်းကိုတည် အသီတိဓာတ်သက် ၈၀ စား စားကြွင်းကို ပါပဓာတ်အိမ်ကစ၍ ဓာတ်လေးပါး အသက်အတိုင်း စဉ်စီနုတ် မနုတ်လောက်ရာ သာမညဓာတ်ဆန်း၏ မှတ်၍ထား တစ်ဖန် မိမိတို့မူလ သက္ကရာဇ်ကိုတည်ပြန် ပါပဓာတ်ဆန်းမူ ပါပဓာတ်နုတ် ကိန်း ၁၀၈ ခုနုတ် အကြွင်းကို ပါပဓာတ် စားကိန်း ၈၃ စား သူရဒ္ဓဓာတ်နုတ်ကိန်း ၂၀၅။ စားကိန်း ၈၀။ အမြိတ္တဓာတ် နုတ် ကိန်း ၇၂။ စားကိန်း ၈၂။ ကောလီဓာတ် နုတ်ကိန်း ၆၀။ စားကိန်း ၇၉ စား။ အကြွင်းကို ယခင် သာမညဆန်းသော ဓာတ်သက်ကစ၍ ဓာတ်လေးပါး အသက်အတိုင်း စဉ်စီနုတ် မနုတ်လောက်ရာ ဖွား ဓာတ်ဆန်း၏ မှတ်၍ထား။

## ၎င်းအဆက်လက်ာ ဓာတ်နဝင်းတွက်နည်းအဖြေ

ခေါ်မှန်းသေသ ကြွင်းသမျှသည် တိတ်ရကိန်းဝင် ဖြစ်ချင် မှန်လှ တိတ်ရအလို နုတ်ဖြိုချေယုတ် မနုတ်လောက်လျှင် ဓာတ် သက်ဝင်တွင် နုတ်ကြဉ်ပဲ့ယွင်း ကိုးနဝင်းမှာ စီးခြင်းမချို့သူတို့ အသက်စေ့အောင်စွက်လော ရောက်ချက်ရာသီ ပြိုင်မိမယွင်း ဓာတ် နဝင်းဟု ခေါ်ခြင်းသမုတ် ငါးတန့်ထုတ်၍၊–

ဆိုရာ၌ မနုတ်လောက်၍ ကြွင်းသောအကြွင်းသည် ဆန်း သော ဖွားဓာတ်၏ အတိတ်ကိန်းဝင် နှစ်၊ လ၊ ရက် ဖြစ်၏။ ထို အတိတ် ကိန်းဝင် နှစ်၊ လ၊ ရက်ကိုတည်။ ပါပစသော ဓာတ်လေး ပါးတို့၏ အသက်ကို ၉ နဝင်းနှင့် အသီးအသီးစား၍ရသော နှစ်၊

www.burmeseclassic.com

www.burmeseclassic.com



လ၊ ရက်တို့နှင့် ဖွားဓာတ်ဆန်းသောရာသီအိမ်ကစ၍ ရာသီအစဉ် နုတ် မနုတ်လောက်ရာ ရာသီကား ဓာတ်နဝင်းစီးပိုင် အိမ်ရာသီ မည်၏။ လက်ာအလို ၉ နဝင်းနှင့်အသီးသီးစား၍ရသော နှစ်၊ လ၊ ရက်တို့ကိုပေါင်း၍၊ ဖွားဓာတ်ဆန်းသော အတိတ်ကိန်းဝင် နှစ်၊ လ၊ ရက်တို့နှင့်နုတ်၊ မနုတ်လောက်ရာ ရာသီကား ဓာတ်နဝင်း စီးပိုင် အိမ်ရာသီမည်၏။ ထိုဓာတ်နဝင်းစီးပိုင် အိမ်ရာသီမှ ငါးတန့်၊ ငါးတန့် လှည့်၍ ကြက်ခြေသုံးတန့်ပြု မှတ်၍ထား။

## ၄င်းအဆက်လက်ာ ဓာတ်နဝင်းအကျိုးဟော အဖြေ

ဥစ်–ကသစ် လဂ် စန်း–နံ ထက်ပင် ကျချင်တစ်ရပ် ဓာတ် အပေါ်၌ ပျော်ရွှင်ကြိုက်မူ ဟောထိုက်လေရာ ထိုဇာတာသည် ဥစ် မှာ ဆင်မြင်း ဓာတ်ကားမင်းဟု မယွင်းတုံလစ် ကသစ်ပြည်ရွာ၊ ရရာ စမြဲ ထူးကဲ ဥစ္စာ ရတနာရွှေငွေ ဆန်ရေများဖြင့် ကောင်းအင် ဖွံ့ဖြိုး စည်ပင်တိုး၍ အကျိုးပေးထောက် ဆော်ပင့်မြောက်သည် အံ့လောက်လူတွင် ကျော်စောထင်လျက် မင်းလျှင်ဖြစ်လေ မဖြစ် ချေက မင်းနေမင်းစံ မင်းသဏ္ဍာန်သို့ မင်းဟန်မူရှ အလားတူဟု ဇမ္ဗူကျွန်းရပ် လောကဓာတ်၌ ပြောမှတ်စရာ ရမည်မှာသည်၊ ရွှေ ဗျာအေးရင့် ဖိန့်ကျူးတည်း။–

ဟုဆိုရာ၌ ထိုကြက်ခြေ သုံးတန့်သည် ထိုဇာတာရှင်၏ ဥစ် အိမ်၊ ကသစ်အိမ်၊ လဂ်၊ စန်း မွေးနံထက်သို့ ကျရောက်မူလည်း ကောင်း၊ မိမိတို့ ဖွားဓာတ် ရာသီအိမ် နံဓာတ် ရာသီအိမ်တို့သို့ ကျရောက်မူလည်းကောင်း အလွန်ကောင်းသော ဇာတာတို့ ဖြစ် ၏။ ထိုတွင် ဥစ်အိမ်၌ကျမူ ဆင်၊ မြင်း အစရှိသော ဥစ္စာရတနာ တို့နှင့် ပြည့်စုံ၍ မင်းနေမင်းဟန် မင်းသဏ္ဍာန်နှင့်တူစွာ စည်းစိမ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတို့ကို ခံစားရတတ်၏။ ကသစ်အိမ်၌ကျမူ မြို့ပြ၊ ပြည်ရွာတို့၌ အကြီးအကဲ အအုပ်အချုပ်တို့ ဖြစ်တတ်၏။ လဂ်၊ စန်း၊ မွေးနံတို့၌ကျမူ အထူးမဆိုသော်လည်း ထူးကဲသော ဥစ္စာရတနာ ရွှေငွေ ဆန်ရေစပါးစသည်များတို့နှင့် ပြည့်စုံကြွယ်ဝတတ်၏။ ဖွားဇာတ်၊ နံဇာတ် အိမ်တို့၌ကျမူ မင်းမျိုးမင်းသားဖြစ်က မင်းကားစင်စစ် ကေန်ဖြစ်၍ ဇမ္ဗူဟ္လွန်းတစ်လျှောက် တစ်မိုးအောက်တွင် နှစ်ယောက်မမြင် ပြိုင်ယှဉ်မရကျော်စောထင်ရှားလှသော မင်း၏ စည်းစိမ်ချမ်းသာ အာဏာစိုးမိုး ဘုန်းတန်ခိုးတို့နှင့်ကား မြတ်ဘုရား ဗျာဒိတ် ကျူးမိန့်သည့်အလား မလွဲမမှားရအောင် ကေန်ပြည့်စုံစွာ ဖြစ်ရတတ်၏ဟု ဆိုလိုသည်။

## ဥပမာတွက်ပုံ

မူလသက္ကရာဇ် ၁၂၆၁ ခု၊ တပို့တွဲလဆန်း ၁၁ ရက်၊ သောကြာနေ့နံနက် စက် ၈ နာရီခွဲအချိန် မွေးဖွားသောသူတို့ တွက်လျှင်၊ ၁၂၆၁ ခုကိုတည်၊ ပဥ္စ၊ ခန်း၊ ခွေး ၂၀၅ ခုနုတ်၊ အသီတိဇာတ်သက် ၈၀ စား၊ ၁၆ ကြွင်း၏။ ၎င်းအကြွင်း ၁၆ တွင် ပါပဇာတ်သက် ၂၂ နှစ်နုတ်သော် မနုတ်လောက်သောကြောင့် ပါပဇာတ်၌ သာမည ဇာတ် ဆန်း၏။ တစ်ဖန် ၁၂၆၁ ခုကို တည်ပြန် ပါပဇာတ် ဆန်း၍ ပါပဇာတ်နုတ်ကိန်း ၁၀၈ ခုနုတ်၊ ၎င်းနုတ်ကြွင်းကိုတည် ပါပဇာတ်စားကိန်း ၈၃ ခုစား၊ စားကြွင်း ၇၄ ကိုတည် ပါပဇာတ် ဆန်းသောကြောင့် ပါပဇာတ်သက် ၂၂ နှစ်က စ၍ ဇာတ်လေးပါး အသက်နှင့် အစဉ်အတိုင်းနုတ်မူ ကောလီဇာတ်၌ မနုတ်လောက် သောကြောင့် ကောလီဇာတ်၌ ဖွားဇာတ် ၂၄ နှစ်၊ ၉ လ၊ ၂၈ ရက်ဆန်း၏။ ၎င်းကောလီ ဖွားဇာတ်ဆန်း အတိတ်ကိန်းပင် ၂၄

www.burmeseclassic.com

www.burmeseclassic.com



နှစ်၊ ၉ လ၊ ၂၈ ရက်ကိုတည် မကာရရာသီ ကောလီဓာတ်နဝင်း တစ်လုံးလျှင် ၃ နှစ်၊ ၄ လနှင့် ကောလီဖွားဓာတ်အိမ် မကာရရာသီကစ၍ ရာသီအစဉ်အတိုင်းနုတ်သော် သိဟ်ရာသီ၌ မနုတ်လောက်သောကြောင့် ၎င်းသိဟ်ရာသီ တနင်္ဂနွေဓာတ် နဝင်းပိုင်အိမ်၌ တစ်နှစ် ၅ လ၊ ၂၈ ရက်စီး၍ ဖွားမြင်၍ သိဟ်ရာသီတွင် ပထမ ကြက်ခြေပြ ထို့နောက် မေရာသီ ဒုတိယကြက်ခြေ မိဿရာသီ၌ တတိယကြက်ခြေပြ ထိုကြက်ခြေ ၃ တန့်သည် ၁၂၆၀ ခု၊ တပို့ တွဲလဆန်း ၁၁ ရက်၊ သောကြာနေ့ နံနက် စက် ၈ နာရီခွဲတွင် ဖွားမြင်သော (ဗေဒလက်စွဲကျမ်း)လာ ဥပမာဇာတာ၌ ဥစ်-ကသစ်= လဂ်-စန်း-မွေးနံပေါ်သို့လည်း ဖွားဓာတ်အိမ် မကာရရာသီသို့လည်း မကျရောက်ဖြစ်၍ ၎င်းဥပမာဇာတာကား ကောင်းသည်ဟု မဆိုသာချေ။ ဆိုအပ်ပြီးသော ဥစ်-ကသစ် စသည်တို့တွေ့မှသာလျှင် အလွန်ကောင်းသော ဇာတာမည်၏။

### ဓာတ်နဝင်းနုတ်ကိန်း ဇယားပုံ

| ဓာတ် | ပါပ | သူရဇ္ဇ | အမြိတ္တ | ကောလီ |
|---|---|---|---|---|
| နှစ် | ၂ | ၁ | ၁ | ၃ |
| လ | ၅ | ၄ | ၉ | ၄ |
| ရက် | ၁၀ | ၀ | ၁၀ | ၀ |

**မှတ်ချက်။** ။ဤဆိုအပ်ပြီးသော အထက်ပါ ဥစ်၊ ကသစ်၊ လဂ်၊ စန်း၊ နံထက်ပင် ကျခြင်းတစ်ရပ် ဓာတ်အပေါ်၌ဆိုသော လက်ာတွင် ဥစ်၊ ကသစ်၊ ဓာတ်ဆိုသော စကား၌ ဆိုအပ်ပြီးသော ကြက်ခြေသုံးတန့်ကျရာ၌ တနင်္ဂနွေစသော ဂြိုဟ် ၇ လုံးတို့ ဥစ်၊

www.burmeseclassic.com

www.burmeseclassic.com



ကသစ် မူသည်ကိုလည်းကောင်း၊ အန္တောစသော မိမိတို့ နံဓာတ်မိ သည်ကိုလည်းကောင်း၊ သို့မဟုတ် ထိုကြွက်ခြေသုံးတန့်ကျရာ အိမ်ရှင်ဂြိုဟ်သည် ဥစ်ကသစ်မူသည်ကိုလည်းကောင်း၊ အန္တော စသော ဓာတ်မိသည်ကိုလည်းကောင်း၊ မိမိ၏ဥစ်ကသစ်အိမ်နံ ဓာတ်အိမ်ကိုလည်းကောင်း ဥစ်–ကသစ်ဓာတ်ဟူ၍ယူရန် သင့်လျော် ၏ဟု မှတ်လေ။

## မူလစန်းမှ ကောဇာဂြိုဟ်ရှစ်လုံးအတန့်ကောင်း၊ မကောင်း အကျိုးပေး အသာနှင့်တကွ ဟောရန်လင်္ကာ

မူလဇာတာ စန္ဒရာမှ ဂေါဇာရှစ်လီ ပြောင်းချိတန့်ရပ်ခိုဝင် ကပ်၍ ရလဒ်ဘယာ ကြောင်းနှစ်ဖြာကို ဣဋ္ဌာအနိဋ္ဌလိုနိမိတ်ဖြင့် ဉာဏ်စိတ်ရင့်ကျူး ဂြိုဟ်ရှစ်ဦးတွင် ထောင့်စူးပါပ ကိတ်စန္ဒနှင့် ဒေဝမြောက်ဂြိုဟ် ထိုအာလိုဝယ် ခေါ်ဆိုသုံးတန့် ဆ,ဆယ်တန့်ဟု အတန့်ဆယ့်တစ် စန်းချင်းဖြစ်က ခုနစ်တူပျော် ဘွဲ့မိတ်ခေါ်သည်။

ဟုဆိုရာ၌ မိမိတို့ မူလဇာတာ တနင်္လာဂြိုဟ်မှ ဂြိုဟ်ရှစ်လုံး တို့သည် ၁၂ ရာသီစက် တွင် ဂေါဇာအားဖြင့် လှည့်လည်ကြွလတ် ခိုဝင်ကပ်စဉ်အခါ ဣဋ္ဌ–အနိဋ္ဌ ကောင်းဆိုးနှစ်ဝတို့ကို သိရှိနိုင်ရန် ဉာဏ်ဖြင့် နှိုင်းဆခွဲစိတ် ဝေဖန်လျှင် အကြင်ဂြိုဟ်ရှစ်လုံးတို့တွင် တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုဟူသော ပါပဂြိုဟ်လေးလုံးနှင့်တကွ ကိတ်ဂြိုဟ်၊ စန်းဂြိုဟ်တို့သည် ဂေါဇာအားဖြင့် လှည့်လည်၍ ၃ တန့်၊ ၆ တန့်၊ ၁၀ တန့်၊ ၁၁ တန့်၊ ဤလေးတန့်သို့ ရောက်သော် လည်းကောင်း၊ ဂြိုဟ်ဖြစ်မူ မူလစန်းနှင့် အတူတကွ တစ်ရာသီ တည်း။ သို့မဟုတ် မူလစန်းမှ ၇ တန့် ပထမ ရာသီရောက်ခဲ့သော် လည်းကောင်း၊ မိတ်အိမ်မိတ်ရာသီတို့ဖြစ်၍ ကောင်းကျိုးပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကြွင်းသမျှ အတန့်ကား မကောင်းဟု ဆိုလိုသည်။

## ၎င်းအဆက် လင်္ကာအဖြေ

ဆင်တော်ဗုဒ္ဓ ကမ္ဘူမ္မဟု ဓနအဝင် ထိုနှစ်ပြင်နှင့် လေးခွင်ခြောက်ရှစ် ဆယ် ၁၁ လျှင် ဆန်းသစ်လနှယ် လွန်တင့်တယ်သည် အိမ်ဝယ်ခွင်ကောင်း ဝတီအောင်းတွင် နတ်ပေါင်းသခင် သိကြားရှင်က ရှိတင်ဦးခိုက် ဆရာဒွိဟု သမိုက်ဇီဝါ ခွင်အိမ်မှာကား နှစ်ဖြာ–ပဉ္စ၊ သတ်–နဝနှင့် ဒွါဒဇော်ယုတ် ခွင်ကောင်းဟုတ်ကို သမုတ်ပညတ် သောက်ရှုးနတ်လည်း ဆ–သတ်–တစ်ဆယ် ဤသုံးသွယ်မှ ကြွင်းဝယ်ကိုးပါး၊ ရာသီများကို လှည့်သွားခါသင့် မူသဖြင့်လည်း ဆိုခွင့်အကျိုး ဂြိုဟ်ရှစ်မျိုးကို ရွှေကြိုးသိင်္ဂီ ပန်းနှယ်သီသို့ စာဤခွင်ကောင်း ပြီးတုံရှောင်း၍။

ဟုဆိုရာဌ ဗုဒ္ဓဟူးဂြိုဟ်သည် မူလစန်းနှင့်အတူ တစ်ရာသီတည်း။ သို့မဟုတ် ၂ တန့်၊ ၄ တန့်၊ ၆ တန့်၊ ၈ တန့်၊ ၁၁ တန့် ရာသီတို့သို့ ရောက်သော် ကောင်း၏။ ကြာသပတေးဂြိုဟ်သည် မူလစန်းမှ ၂ တန့်၊ ၅ တန့်၊ ၇ တန့်၊ ၉ တန့်၊ ၁၀ တန့်၊ ၁၁ တန့် ရာသီတို့သို့ ရောက်သော် ကောင်း၏။ သောကြာဂြိုဟ်သည် မူလစန်းမှ ၆ တန့်၊ ၇ တန့်၊ ၁၀ တန့် ရာသီတို့မှ ကြွင်းသော ၁ တန့်၊ ၂ တန့်၊ ၃ တန့်၊ ၄ တန့်၊ ၅ တန့်၊ ၈ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့်ရာသီတို့သို့ ရောက်သော် ကောင်း၏။ ရွှေကြိုး သိင်္ဂီပန်းနှယ် သီသကဲ့သို့ ဤဂြိုဟ်ရှစ်လုံးတို့၏ ကောင်းကျိုးပေးရာဌာနအတန့် ကောင်း အခွင်ကောင်းတို့ကို ပြဆိုရာကား ပြီး၏ဟု ဆိုလိုသည်။

## ၎င်းအဆက်လင်္ကာအဖြေ

အကြောင်းကုသိုလ် ပေးမည်ဆိုက မြေကိုစင်လေသော် သိင်္ဂီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်၍ ယွင်းပေါက်ထင်ရှား ကံပွင့်ပြားသော် ယုံမှားဖွယ်လီ မတူဘိဟု မရှိစသော အတီတာက ဒါနသီလ် အကောခံနှင့် ပရမ် ခန္တီ စုံအညီကြောင့် လောကီအဟုတ် ကျိုးမယုတ်သည် မျိုးယုတ် နယ်ဆွေ ဖြစ်ပါစေတော့ ဌာနေဌာန ကောသလ္လကို ဉာဏပိုင်သွင်း ကျွန်ဆင် မြင်းနှင့် လုပ်ခင်းဆောင်တာ ပဒေသာသို့ ရတနာခုနစ် ဥစ္စာနှစ်လည်း အသစ်စိစဲ ရောင်မရဲတည့် ရေထဲရွှေကြာ နေခြည် လာက မုံအာငုံရင့် အချိန်သင့်လျှင် ပွင့်မည်ကားကား လင့်ငုံစား လျက် အလားကုသိုလ် ပွင့်မည်လို၍ ချိန်ကိုတောင့်တ ဝိပါကဖြင့် ကမ္မသဘော အစိန္တိယောဟု အံ့သြဖွယ်ရာသည်ကိုသာလျှင် ပုညာ ဘိရင်း သတိသွင်းလော။

ဟုဆိုရာ၌ ရှေးဘဝအကြောင်း ကောင်းမြတ်သောကုသိုလ် ကံအကျိုးပေးမည်မှန်ပါလျှင် မြေစိုင်ခဲတို့သည် သိင်္ဂီလျှံစစ် ရွှေ စိုင်ရွှေခဲကြီးများ ဖြစ်နိုင်ဘိသကဲ့သို့ ရှေးအတီတာနန္တရ ဘဝ အဆက်ဆက်က မပျက်မကွက် အထူးပြုခဲ့ဖူးသော ဒါန။ သီလ၊ မေတ္တာ၊ ခန္တီစသော ကောင်းမြတ်သောတရားတို့ကြောင့် လောကီ ကာမ ဘုံဘဝ၌ ဖြစ်ရခပဲ ဆင်းရဲနွမ်းစုတ် အမျိုးပင်ယုတ်စေကာမူ အကြောင်းဟုတ်သည် မဟုတ်သည်ကို ဆင်ခြင်နှိုင်းစံ။ ဝေဖန်ပိုင်း ခြား တတ်သောဌာနဌာန ကောသလ္လဉာဏ်များနှင့်ပြည့်စုံနိုင် သည့်ပြင် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စပါးဆန်ရေ ထွေထွေစီးပွား၊ ကျွန်သင်းပင်းများတို့နှင့် ပြည့်စုံလျက် ပေါများဥစ္စာအမျိုးမျိုးသော ရတနာဟူသမျှတို့သည် ထိန်လင်းဝေဖြာ ရွှေပဒေသာပင်ကြီးကဲ့ သို့လည်းကောင်း၊ ရေထဲ ဇလာ။ ပဒုမ္မာ ရွှေကြာပန်းသည် နေရောင် ခြည်သင့်လျှန်းက တင့်စန်းကြည်လင်စွာ ကားကားစွင့်စွင့် ပွင့်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသို့ ရောက်သကဲ့သို့လည်းကောင်း၊ ကမ္မဝိပါကော အစိန္တေယျ ဟူသော ဘုရားဟောဒေသနာနှင့်အညီ သူတစ်ပါးတို့နှင့်မတူ ကွဲပြား ယုံမှားဖွယ်လိ အံ့ဩဖွယ်ရှိလောက်အောင် မကြံအပ်မကြံ စည်နိုင်ရာသော အကျိုးများကို ပေးစွမ်းနိုင်၏။ ထိုထို အကျိုးများ ကို ကံတရားသာလျှင် ပေးစွမ်းနိုင်သည်ဖြစ်၍ ထိုကံတရားကိုပင် လျှင် ပုညာဘိသင်္ခါရဟု ပြဆိုလေသည်။

## ၄င်းအဆက်လင်္ကာ အဖြေ

မကြွင်းဥသုံ ဂြိုဟ်ရှစ်စုံကို ဆယ်ပုံဝေဖြတ် အသ်ာမှတ်သော် ဂြိုဟ်နတ်ဘောမာ သူရိယာတို့ ဆယ်ဖြာရေ့ပိုင်း ဉာဏ်လူ့တိုင်းဝယ် မဆိုင်းမတိတ် ကောင်းမည်ဟိတ်ဟု ဝိနိစ္ဆယ အသူ့ရာ့နှင့် သိကြား နှစ်ပါး ကိုယ်စီအားဖြင့် ဝပ်တွားဂုရု ဆရာပြုသည့်၊ ဘရဂု–ဇီဝေ လယ်မရွှေ့ဒ္ဓ ဆယ်ထွေလုံးတင့် ကျိုးပေးသင့်၏။ စန်းနှင့်နဂါး၊ ပျော်ရွှင်ပြားသော် နောက်ကားအထွက် ဆယ်အနက်တွင် ကျိုးစက် မှန်ပြီ ရစာဂီဟု ရာသီအိမ်ကောင်း ခွင့်သာစောင်လော့ မထောင့် အင်သုံး ဆယ်အလုံးကို နံ့အုံးမရှိ ပေးမည်ဘိဟု ကတိမသုံ ဒါန ဟုန်ကြောင့် ရွှေယုန်လဝယ် တာရာ့နယ်သို့ တင့်တယ်ပဝင်း ဂုဏ် ရောင်လင်းသည် ရှေးရင်းကြောင်းလာ သူ့ဇာတာဝယ် ဖွေရှာတို့ လတ် ကြံမတတ်အောင် လောကမာတ်မြေ ဇမ္ဗူဗွေဝယ် ဒါနေ ဝိပါက် အကျိုးဆက်သည် မြေထက်လက်တင် မလွဲတည်း။

ဟုဆိုရာ၌ ဆိုအပ်ပြီးသော ဂြိုဟ်ရှစ်လုံးတို့သည် မိမိတို့ မူလ စန်းမှ လှည့်လည်၍ ဆိုအပ်ပြီးသော အတန့်ကောင်းသို့ ရောက်က ကောင်းကျိုး ချမ်းသာတို့ကို ပေးတတ်၏ဟု ပြဆိုသော်လည်း မိမိ တို့ အတန့်ကောင်းရာသီသို့ ရောက်လျှင်ရောက်ခြင်း အကျိုးပေး

www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ် မိမိတို့ အကျိုးပေးရာ အသ်ာသို့ ရောက်မှသာလျှင် အကျိုးပေး၏။ ထိုဂေါစာဂြိုဟ်ရှစ်လုံးတို့တွင်၊ တနင်္ဂနွေ အင်္ဂါဂြိုဟ် ၂ လုံးတို့သည် တစ်ရာသီ တစ်ရာသီ၌ အသ်ာ ၃၀ ရှိရာ၊ အစ ၁၀ အသ်ာအတွင်း၌သာ အကျိုးပေး၏။ ကြာသပတေး၊ သောကြာ ဂြိုဟ်နှစ်လုံးတို့သည် အလယ် ၁၀ အသ်ာအတွင်း၌သာ အကျိုးပေး၏။ တနင်္လာ၊ စနေဂြိုဟ် နှစ်လုံးတို့သည် နောက်ဆုံး ၁၀ အသ်ာအတွင်း၌သာ အကျိုးပေး၏။ ဗုဒ္ဓဟူး၊ ရာဟုဂြိုဟ်နှစ်လုံးတို့သည် အသ်ာ ၃၀ လုံး အကုန်ပေး၏။ ထိုသို့ အကျိုးပေးရာ၌ ရှေးရှေးပုညပြုသမျှ အစုံ ဒါနဟုန်တို့ကြောင့် နက္ခတ်တာရာ၊ ကြယ်တကာအပေါင်းတို့၏ အလယ်၌ တင့်တယ်ပဝင်း ထွန်းလင်း တောက်ပသော ယုန်စန္ဒာ လပြည့်ဝန်းကြီးကဲ့သို့ တင့်ရှန်းသော ဂုဏ်ကျက်သရေအထွေထွေ ထွန်းတောက်တန်ခိုးအာဏာ အရာ ရာအဖြာဖြာမို့မောက်ပြီး တစ်မိုးအောက်တစ်ယောက်လူဟု ဇမ္ဗူမှာ ကျော်ကြားလျက် မမှားသန့်စင် မြေလက်တင်မလွဲ အမြဲမုချ အကျိုး ပေးနိုင်၏ဟု ဆိုလိုသည်။

မှတ်ချက်။ ။ ဤဆိုအပ်ပြီး ကောင်းသော အတန့်တို့မှ လွန်လျှင် အပြစ်ပေး၏။ အပြစ်ပေးရာတို့၌လည်း ဆိုအပ်ပြီးသော အတွင်း၌သာ အပြစ်ပေး၏။ လက်ာတွင် ဗုဒ္ဓဟူးနှင့်ရာဟုဂြိုဟ်ကား ထင်ရှားစွာမပါ။ ရုစာဂီ ဟူ၍သာပါရှိ၏။ ထိုစာရုဂီဟူသော စကားသည်ပင်လျှင် ဗုဒ္ဓဟူးနှင့် ရာဟုကို ဆိုလိုသည်ဟု ထင်၏။ ဆင်ခြင်ကြံဆယူဆကြပါလေ။

## ဦးပုညစကြာဗေဒင် ပဉ္စလင်္ဂကိန်းဖယားချရန် စာကိုယ်လက်ာ

(၁) ဇေယတု တစ်နေ့တွင်သာ ချိန်ခါယူချက် ပဉ္စလင်္ဂကား နေထွက်ဝိသ သတ္တ၊ စတု ကို ခုနေဝင် ဆင်ခြင်မပျက် ဤမြောက်

www.burmeseclassic.com

www.burmeseclassic.com



ချက်ကား စဉ်ခါထားမှ အ၊ က္က၊ ဥ၊ ဧ၊ ဩ၊ သဘောပိုက်ကျူး ဤငါးလုံးကို သိမ်းကြုံမသွေ့ မဓမ္မဇိဝါ အင်္ဂါထက်စ အောက်မှ သောကြာ သူရိယာနှင့် မြောက်မှာ ဗုဒ္ဓ စန္ဒတူပင် တောင်ခွင်စနေ မှတ်လေရက်စ ဤသို့ မုချ ဂြုဟာသွားဟန် အကြောင်းပြန်သော် ထက်စွန်တောင်ပါး မြောက်သွား မဓ္ဆုံ သက်တုံအောက်ထက် လှည့်လျက်သွားချင် အ, တွင်စန္ဒ စနေချလျက် က္က, ထက်အင်္ဂါ ဥ, မှာ သူရဇ္ဇ ဗုဒ္ဓ–ဂုရု ဧ, တွင်ရှုမှ ဘရဂု ဩချဟောလော သဘော မှတ်သား အ ကားအဖြူ က္က, မူအနက် ဥ, ထက်အမွဲ ဧ,ထဲအနီ ဩပြီ အပြာ ကယ်ချာအသေတောင်နေအကန်း အောက်မှန်းအပြေး နိုင် ရေးမြောက်ပါး ထက်ကားမင်းပင် ပူတတ်ချင်၏။ သဘင်ပွဲ ဘောင် လောင်းတိုင်း အောင်သည်။ မြားမြောင်လူတို့ မရှုံးတည်း။

## အထက်ရပ်နံ ဂြိုဟ်နေဟောအချိုး

(၂) ခါအကျတွင်မှ ကာလပဋ္ဌာကို ယဉ်ကဗျာချီးကျူးလို့ ကြည်နူးဖွယ် ချိုငြိမ့်ပေစွ ဆိုမိန့်ဟန် ဂြိုဟ်မြတ်ကယ် ငါးဖြာ ရှိလေရာဝယ် ဝိဒေဟာညွှန့် ထက်ဆုံးနံကွန့်လျှင်ထ ညာကျွန့်မှန် ကူ ဥကင်ငှမှာ နှစ်ဆူစက်ရန် ကညာတော်နှံချိန်မို့ ကြံသ၍ အောင်မြင်သည် စိန်မျက်ရှင် ဝေဘူကျောက်ကယ်သို့ ထွန်းတောက် လျှံပ ပျောက်ပျက်ကယ် တိမ်သည် မဟိုဂေါထာ၊ မြင်းဆင်လှနှင့် ထီးမ,မြားမြောင် ကျေးကျွန်ဘောင်လည်း ဝေးအောင်မလည် ရှေ့ ဥဒည်က မိတ်ရည်နံတူ ချစ်ကျွမ်းသူတို့ ကြည်ဖြူသာယာ ပို့ဆောင် လာလိမ့်ဟု မှာထွေသံငယ် ဝေဒလ်ကျမ်းကြီး ကိန်းပုံတဲ့ သူငယ်ပို့ ပျစ် နာသည်ဖြစ်လည်း ဖြူနှစ်ကယ်ဥစ္စာ ရတနာကို ပီတာ္ဆာင် ခမဲယင်က လွတ်စဉ်ဥပဒ် ငါးရက်ဝယ် ပြတ်ပါလိမ့် ငါလာဘ်

www.burmeseclassic.com

www.burmeseclassic.com



ကယ် စုတ်ရှင် ပြောင်မာတင်မူ ကြန်အင်ယွင်းယို စွယ်လက်ျာ တိုမြဲပ စုတ်ခိုတဲ့ရာသီကို ပြည်ပူရီ မငြိမ်သက်နိုင်နှင့် တိုင်းပျက်ရာခဲ့။

**တစ်နည်း အထက်ရပ်နံ ဂြိုဟ်နေဟောအချီး**

(၃) ကြည်လို့သာ လှိုင်းတော့တယ် ပြည်တိုင်း၀ တည် ထောင်လျှင် ရှင်ယခေါင် စည်ကားအံ့ တရားပြိုင် နိုင်ရိုးမို့ စစ် ထိုးအောင် ဒုက္ခလောင်သူ ကံဟောင်းငယ် ကူသည် ရွက်ဖြူလှေ တက် လမ်းယာယီ ခက်ပေလိမ့် မြိုင်နက်ကယ် ကြဉ်းနှယ် ရှာကြံ သူကြွယ်တတ်ကဲ့ ရာရွယ်တဲ့ မင်းမြှောင်မှာ ကြဉ်းဆောင်စလွယ် ထီးငယ်နှင့် ကြီးမြင့် ဥဿျှာင်။ ။ ခရီးငယ်ကွာကွေ မလာနေ သည် ကြာလေလေင့် ယဉ်ကြေနွဲ့တဲ့ လေးမယ့်ဇာတာ ရင်ရွှေလွှာ ကို ကြင်စာရေးနတ် မင်းဆေးစုံသပ်ပါတဲ့ လယ်ရပ်ကယ် ယာပြင် ရှာသူတွင်လည်း ပုံရင်သီးနှံ ကျိုလုံးသာလျှံတော့မယ် မုန်မရှောင် သည် ထက်ခေါင်နံ့သင့် ကြိုက်သူတို့။ အိုသူငယ်ရွယ်လတ် နာဖျား တွယ်ကပ်လျှင်ကောင့် ပြယ်ပြတ်ကယ်ကင်းစင် ဒွါဒ သင်ဟု ကြာ တင် မရှည် ထိုရက်ဝယ်ကြည်မြဲပ သောင်းပြည်နယ့် ချက်ချာမှာ ဉာဏ်စကြာ ဗေဒင်ရပ်တွင်မှ ကမ်းခပ်ပေမို့။

**တောင်ရပ်နံ ဂြိုဟ်နေဟောအချီး**

(၄) ညာယံဘက်မှာလ နံရက်ကယ်မြင်လာလျှင် သေနင်္ဂါ ဂုဏ်နွှမ်းလို့ ဘုံနန်းတည်မှာချေက ရန်များဖွယ်။ တရားငယ်ဆိုင် ဆို မပြိုင်လိုသည် ရက်ပိုရှည်မြောက် ကျွန်နွားငယ်ပျောက်လျှင် ကောင့် ရထောက်ကယ်ဝေးရှည် ရန်မေးမြူစည်လတ္တံ့။ ကုန်သည် တို့ရေးခွင်မှာ ရွှေငွေစင်ပုံယင်ပေါပါလိမ့် တောတောင်ငယ် ကုန် သွယ်ကြလည်း ကြည်ကရန်ကြွယ်။ မာတင်မုန်ငယ် နှစ်ခိုစက်

www.burmeseclassic.com

www.burmeseclassic.com



အောက် ပဏ္ဍာရောက်တဲ့အာသောက်ကယ်ညီညာ ရန်နည်းငယ်ခွာသည် ကေသရာသို့ ရဲမာန်ပျို့နှင့် မြို့ကျက်သရေ တြင်းသံချွေလောက်တဲ့ သပြေနယ်မှာ နေနွယ်ရာမင်းခေါင်း စကြာရ။ ကညာငယ်လုံမိ၊ မစုံဘိလည်း မြီရှိကြွေးတင် မရပြင်ကို တောင်းလျှင်ငြင်းခုံ ခင်းမကုန်ခဲ့ ဘေးကြုံထူလတ် နာဥပဒ်လည်း ရက်မြတ်ကယ်မကြွယ် ပျောက်ငြိမ်းလွယ်လိမ့် အိုရွယ်သသူ နာပြန်မူလည်းတူရှုပက်ပါ တောင်လကျာက မင်စာမိုက်ငယ် ခေါစာရွယ်ရှေ့ထင့် သက်ငယ်သူ့နာသူကို နတ်ဥရူ ဗာလိကျွေးလို့ ပေးပို့ပါကြ။

## မြောက်ရပ်နံ ဂြိုဟ်နေဟောအချိုး

(၅) ကုရုကျွန်းတွင်မှ ရှုညွန်းငယ် နံ့တူလျှင် ရန်သူတို့ ခေါင်နင်းလို့ အောင်ခင်းငယ်ဆင်ခြေနှင့် ပြည်ရွာမြေတည်ထားလျှင်လစည်ကားမည်။ ရေကြောင်းငယ်ပြည့်ကြွယ် ကြည်းမလွယ်သည်နည်းငယ်ယုတ်လျော့ ခြသေ့ထိုင်ကြော့ပါတဲ့ ဆင်တော့စွယ်ဖြူလက်ဝဲကိုယူရမည် ပြည်သူတို့ ငြိုငြင်သည် စုတ်ခိုဝင်ထိုမာသတွင်မှ သောကထွေလည်း။ ကြင်စရာငယ် လင်ကွာလင်ရ မင်းမှာခလဲမြို့ပြယဉ်ညင် ရကျိုန်းမြင်လို့ ကြွေးတင်ဆပ်ပြေ ရန်မပွေသည်မှန်စေမဖောက် ခရီးရောက်လာလိမ့် ပြေပျောက်ကယ်ကင်းစင်ကျွန်၊ မြင်း၊ ဆင်လည်း မြောက်ခွင်ဒိသာ လိုက်ဖွေနည်းရှာ စမ်းတော့ ကြာမရှည်သည် သာကြည်လျှင်ဆော ခုတွေ့ပါလိမ့်။ လူအိုငယ်နာပါပ နာသကလည်း ဥတ္တရဋ္ဌာန် စားဖွယ်ရန်နှင့် နေ့ဖန်မွန်းချိန် ထွန်းထိန်ထိန်ကို နီးလိမ်ခေါခွက် ဘုတ်စာပက်လို့ နသက်ကယ်ငယ်ရွယ် နာသူငယ်လည်း ပြုပြင်စေချင် တွင်းမြေဇာယ်ပြီးမှနီလွင်တဲ့သပြာကို မွေးမာတာ ချည်ခမဲငယ်ဆွဲမှတော်ချိမ့်။

www.burmeseclassic.com

www.burmeseclassic.com



## အလယ်ရပ်နံ့ ဂြိုဟ်နေဟောအချိုး

(၆) ခြယ်လို့သာ သန်းတော့တယ် လယ်နန်းမြေခွဲ့ခံဝယ် ပြည်ရွှေဘုံတည် သိမ်းလျှင်လ ရှည်ငြိမ်းစွာ။ နေရပ်ကယ်ပြည့်ရွာ ပြောင်းလှည့်ငယ်ခွာသည် ပြန်လာမလေ့ ကိန်းနဂို မွေ့ပေမို့ ရန်ငွေ့မထိန် စစ်မျက်နှာမှိန်လှချည့် ဉာဏ်လိန်နှင့် ကပ်ခိုသည် တရားဆို ရှည်မပြီးလေဘု ကြီးစွာ့ဗျာပါ ကြင်သသူငယ် လျှင်မူခဏ ရှည်နွဲ့ရလျှင် ပျောက်ရှာဘိတ်စင်သ ဝိညာဉ်တို့ဖဲ ကြဉ်မကွေ တလည်လည်နေတတ်တဲ့ ရက်ရေငယ်ကွာသော် သေ၊ နှာပိန်ချုံးလို့ ဆုံးတိုင်အံ့စည်းစိမ်ငယ်မဖွံ့၊ ရှေးကံညွှံ့လည်း တည်တံ့တော့မည် ခရီးသည်မူဝေးရှည်ကန္တာ လွန်ဝေးငယ်ကွာသည် ညိုပြာသူ့ကြောင့် လမ်းမတော် ထောင့်ချည်ပေါ့ ပူနှောင့်ပူဆာ ကြီးငယ်နှာမူ ချမ်းသာခဲချေ ကြွေးမြေမှာပြေကောင်းငဲ့ ဝေဒလ္လပါရဂူငယ် သိရ်တစ်ဆူတံခွန်စိုက်ပေမို့ သောင်းထိုက်ကျော်နှံ့။

## အောက်ရပ်နံ့ ဂြိုဟ်နေဟောအချိုး

(၇) ထောက်လို့သာစမ်းရ၊ အောက်ခန်း နံ့ကြိမ်လျှင် ဉာဏ်မပိန်ကံဆုတ်ချည့် သူယုတ်မာ ဖျက်ဆီးလို့မူကြီးကျယ် စစ်ထိုးငယ်မဖွယ်ငံ့ဆိုင်းငယ် တွယ်သည် ကုန်ဝယ်မတည့် ကြွေးအလိုပြည့်နိုင်ဘု ပတ်လှည့်ကြဉ်းတောင် လမ်းယာယီရှောင်အုံးတော့ နှောင်နာဂစုတ်ဝင်မှာ ရွှေပြည်ရှင် ပူပင်ပျိုးလေသို့ ညိုးကြုံချည့်မယ်ရှောင်ခွာငယ်သွေသည် ရှာဖွေမရ ပျောက်ပျက်ကယ်ပသည်။ ထိုမျှနွားၤ ကျွန် သက်ရှိဝန်တို့ နှောက်စွန်ဒိသာ ပျော်နေထိုင်ပါလိမ့်မည် ရှာစလွယ်သည် ရက်ကယ်ခုနစ် ရတာနိုင့် ဥစ္စာသက်မဲ့ ပျောက်ပျက်ခဲ့မူ ငှက်ကဲ့ခြေပြီ၊ အသားနီနှင့် နှောက်ဆီကလူဆောင်လေယူ

www.burmeseclassic.com



လည်း ရှေးတူရက်တွင် ရကျိန်းမြင်လို့၊ လယ်ပြင်ယာမြေ လုပ်ဆောင်ရှာဖွေကြတယ် ဖေတောင်သူ့ခေတ်ကံငယ်၊ လုပ်သီးနှံ လည်ခါခြိမ့်အောင် တိုးလိမ့်မယ်တဲ့။

## ဂြိုဟ်နေငါးကွက် ကြက်ငါးမျိုး အရှုံးအနိုင်ဟော အချိုး

(၈) ရက်မစဲပြီဘု ကြက်ပွဲမြေပြင်ဝယ် ဘော်ငွေစင် ကိုင်သုံးလို့ နိုင်ရှုံးမှာ ထိန်းစေဖို့ခါချိန်ပုံ အ,အက္ခရာ ကြက်ဖြူငယ်ပါသည်။ ဣ, မှာ မည်းနက် ဥ, မွဲကြက်ကယ်နှင့် ဧ,ကွက်ကယ်နီလွင် သြပြာညိုစင်လှတယ် လယ်ခွင်က ကြက်ကိုင်မှာ ချက်မပိုင်သေကျေဆုံး၊ ရှုံးစစ်နှင့်ကြဲ့ တောင်ညာခွင်ဝယ် မမြင်ကြက်ကန်းအောက်ကွက်ခန်းတွင် လိုက်ဖမ်းငယ်မမီ နောက်သြောင်းငယ်ချီလို့ နီအောင်ပြေးထွက် မြောက်ယံ ကြက်မူ၊ ငွေရွှက်ကယ်နီဒိုင်ကြွယ်လောက်အောင်နိုင်တမ်းမို့ ကံခိုင်လုံသည် သူဖြူပြပေရိုးလခုနှယ်ဖြင့် ထက်ဗွေဘုံစက် တိုင်းကျော်ကြက်မူ ပြိုင်ဘက်မမီ ဇမ္ဗူဒီဝယ် လောကီမကိုင်မှ မင်းရာသာ ထိုက်ပေသင့် အမြိုက်ကယ်တစ်ဆူမင်္ဂလာမူရတယ် ဇမ္ဗူရာဇ်ကြီးကိုင်မှာ စိန်ချည်တိုင် သန္တာသြောက်ကယ်နှင့် ထားလောက်ပေသင့်။

## ဦးပုည စကြာဗေဒင် ပဥ္စလက်ကိန်း
## ၁ နံပါတ် အချိန်ငါးပါးယူရန် လင်္ကာအဖြေ

တစ်နေ့တွင်သာ ချိန်ခါယူချက် ပဥ္စလင်္ကား နေထွက်ဝီသ သတ္တာ၊ စတု ကိုးခု၊ နေဝင် ဆင်ခြင်မပျက် ဤခြောက်ချက်ကား စဉ်ခါထားမှ။

ဆိုရာဥ္ဓ ပဥ္စကား ငါးခုသချာဟော လင်္ကား အချိန်ဟောဖြစ်၍ နေထွက်မှ နေဝင်တွင် တစ်နေ့လျှင် အချိန်ငါးပါးပိုင်းခြား

www.burmeseclassic.com

www.burmeseclassic.com



ဟောဆိုရမည်ဖြစ်သောကြောင့် ထိုကိန်းသည်ကား ပဥ္စလက်ကိန်း မည်၏။ ထိုပဥ္စကိန်းအချိန် ငါးပါးပိုင်းခြားယူပုံမှာ နေထွက် နံနက် ဖဝါး ၂၀ နံနက် ခုနစ်ဖဝါး။ လေးဖဝါး ညနေကိုးဖဝါး နေဝင် ဟု ၆ ချက်တို့ကို စဉ်ထား၍ နေထွက်မှ နံနက်ဖဝါး ၂၀ တိုင် တစ်ချိန်ဖဝါး ၂၀ မှ နံနက်ခုနစ်ဝါးတိုင် ၂ ချိန်၊ ခုနစ်ဖဝါးမှ လေးဖဝါးတိုင် ၃ ချိန် ၊ လေးဖဝါးမှ ညနေ ၉ ဖဝါးတိုင် ၄ ချိန် ၉ ဖဝါးမှ နေဝင်တိုင် ငါးချိန်ဟု တစ်နေ့လျှင် အချိန်ငါးပါး ပိုင်းခြား၍ ယူအပ်၏။ ထို့အတူ ညဥ့်ကိုလည်း နေဝင်မှ နေထွက် တိုင် အချိန်ငါးပါးယူလေ။

## ၁ နံပါတ်အဆက် ဇယားချရန် လင်္ကာအဖြေ

အ, ဣ, ဥ, ဧ, ဩ, သဘောပိုက်ကျုံး ဤငါးလုံးကို သိမ်းရုံး မသွေ မရွေ့ဇိဝါ အင်္ဂါထက်စ အောက်မှ သောကြာ သူရိယာနှင့် မြောက်မှာ ဗုဒ္ဓ စန္ဒတူပင် တောင်ခွင်စနေ မှတ်လေရက်စ ဤသို့ ချမှ ဂြိုဟ်သွားဟန် အကြောင်းပြန်သော် ထက်စွန်တောင်ပါး မြောက်သွားမချို့ သက်တုံအောက်၊ ထက်လှည့်လျက်သွားချင်း။

ဆိုရာ၌ ဟောပုံ တိုင်ဇယားချပုံမှာ အဋ္ဌလက် ဂြိုဟ်အိမ်ကဲ့ သို့ ရေးသားပြီးလျှင် မေးလာသောနေ့ သို့မဟုတ် လိုသောနေ့ ကြာသပတေးနေ့ဖြစ်မူ။ အ, ဣ, ဥ, ဧ, ဩ ဟူသော အက္ခရာ ၅ လုံးတို့တွင် အ, အက္ခရာကို အလယ်ကစ၍ချ အင်္ဂါနေ့ဖြစ်မူ အထက်ကစ၍ချ တနင်္ဂနွေ သောကြာနေ့ဖြစ်မူ အောက်ကစ၍ချ တနင်္လာ၊ ဗုဒ္ဓဟူးနေ့ဖြစ်မူ မြောက်ကစ၍ချ စနေနေ့ဖြစ်မူ တောင် ကစ၍ ချပြီးလျှင် ထက်စွန်တောင်ပါး မြောက်သွားမချို့ သက်တုံ အောက်ထက်ဟူသော ဂြိုဟ်သွားပုံ လင်္ကာဖြင့် အ, ဣ, ဥ, ဧ,

www.burmeseclassic.com

www.burmeseclassic.com



ဩ, ဟူသော အက္ခရာ ၅ လုံးတို့ကို အစဉ်အတိုင်း လှည့်၍ ချလေ။

ချပုံ။ ။ ကြာသပတေးနေ့ဖြစ်မူ အ, အက္ခရာကို အလယ် က္က, အက္ခရာကို အောက် ဥ, အက္ခရာကို အထက် ဧ, အက္ခရာကို တောင် ဩ, အက္ခရာကို မြောက် ဤသို့ အစဉ်အတိုင်းလှည့်၍ ပထမတစ်ခါကိုချ။

အင်္ဂါနေ့ဖြစ်မူ အ, အက္ခရာကိုအထက် က္က, အက္ခရာကို တောင် ဥ, အက္ခရာ မြောက် ဧ, အက္ခရာကို အလယ် ဩ, အက္ခရာ ကို အောက် ဤသို့ အစဉ်အတိုင်းလှည့်၍ ပထမတစ်ခါကိုချ။

တနင်္ဂနွေ၊ သောကြာနေ့ဖြစ်မူ အ, အက္ခရာကို အောက် က္က, အက္ခရာကို အထက် ဥ,အက္ခရာကိုတောင် ဧ,အက္ခရာကို မြောက် ဩ, အက္ခရာအလယ် ဤသို့ အစဉ်အတိုင်းလှည့်၍ ပထမ တစ်ခါကိုချ။

တနင်္လာ၊ ဗုဒ္ဓဟူးနေ့ဖြစ်မူ အ, အက္ခရာကို မြောက် က္က, အက္ခရာကို အလယ် ဥ,အက္ခရာကိုအောက် ဧ,အက္ခရာကို အထက် ဩ,အက္ခရာကို တောင် ဤသို့ အစဉ်အတိုင်းလှည့်၍ ပထမ တစ်ခါကိုချ။

စနေနေ့ဖြစ်မူ အ,အက္ခရာကိုတောင် က္က,အက္ခရာကိုမြောက် ဥ,အက္ခရာကို အလယ် ဧ,အက္ခရာကို အောက် ဩ,အက္ခရာကို အထက် ဤသို့ အစဉ်အတိုင်း လှည့်၍ ပထမတစ်ခါကို ချရာ၏။

မှတ်ချက်။ ။ ကြာသပတေးနေ့အစ စနေနေ့အဆုံးရှိသော ခုနစ်နေ့တို့၏ ပထမတစ်ခါမှ ကြွင်းသော ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဟူသော အခါတို့ကိုချရာ၌ အ, က္က, ဥ, ဧ, ဩ, အက္ခရာတို့သွားဟန်မှာ ဆိုအပ်ပြီးသော ခုနစ်နေ့တို့၏ ပထမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ၏ အဆုံးဖြစ်သော ဩ,အက္ခရာ နေရာမှ အ,အက္ခရာကို အစထား၍ ထက်ဇွန်၊ တောင်ပါး မြောက်သွားမချွ သက်သုံ အောက်ထက်ဟူသော အက္ခရာသွားပုံအတိုင်း လှည့်လျက်သွားပြီးလျှင် နေ့အချိန် ၃၅ ပါး ညဥ့်အချိန် ၃၅ ပါး ဇယားတို့ကိုချ။ တစ်နည်း။ မြောင်းမြမြို့၊ မုဆိုးရွာ ဆရာကြီးဦးကျော်သာ၏အလို က္က,အက္ခရာနေရာတွင် အ,အက္ခရာကို အစထား၍ ဆိုအပ်ပြီးသော လင်္ကာအတိုင်း လှည့်လျက်သွားပြီးလျှင် နေ့အချိန် ၃၅ ပါး။ ညဥ့် အချိန် ၃၅ ပါး ဇယားတို့ကိုချလေ။

## ၁ နံပါတ်အဆက်ဂြိုဟ်နှင့် အဆင်းချရန် လင်္ကာအဖြေ

အ, တွင် စန္ဒ စနေချလျက် က္က,ထက် အင်္ဂါ ဥ,မှာ သူရဇ္ဇ ဗုဒ္ဓဂုရု ဧ,တွင်ရှုမှ ဘရဂုဩ ချ၍ဟောလော၊ သဘောမှတ်သား၊ အ,ကားအဖြူ က္က,မူအနက် ဥ,ထက်အမွဲ ဧ,ထဲအနီ ဩ,ပြီအပြာ လယ်ချာအသေ တောင်နေအကန်း အောက်မှန်းအပြေး နိုင်ရေး မြောက်ပါး ထက်ကားမင်းပင် မူတတ်ချင်၏ သဘင်ပွဲဘောင် လောင်းတိုင်းအောင်သည်။ မြားမြောင်လူတို့ မရှုံးတည်း။

ဆိုရာ၌ ဤဆိုခဲ့ပြီးသော နေ့ ၃၅ ပါး၊ ညဥ့် ၃၅ ပါး၊ ဇယား ပုံတွင် အ,အက္ခရာရှိရာ အကွက်၌ တနင်္လာ၊ စနေ၊ က္က,အက္ခရာ၌ အင်္ဂါ ဥ,အက္ခရာ၌ တနင်္ဂနွေ ဧ,အက္ခရာ၌ ဗုဒ္ဓဟူး၊ ကြာသပ တေး ဩ,အက္ခရာ၌ သောကြာဂြိုဟ်တို့ကို ချပြီးလျှင် အ,အက္ခရာရှိ နံဂြိုဟ်ကို အဖြူ က္က,အက္ခရာရှိ နံဂြိုဟ်ကိုအနက် ဥ,အက္ခရာရှိ နံဂြိုဟ်ကို မွဲပြာ ဧ,အက္ခရာရှိ နံဂြိုဟ်ကို အနီ၊ ဩ,အက္ခရာရှိ နံဂြိုဟ်ကို အပြာဟူ၍ နံဂြိုဟ်တို့နှင့်အဆင်းအရောင်တို့ကိုတပ် လျက် အလယ်အရပ်နံဂြိုဟ်ကိုအသေ၊ တောင်ရပ်နံဂြိုဟ်ကို

www.burmeseclassic.com

www.burmeseclassic.com



အကန်း၊ အောက်ရပ်နံ့ဂြိုဟ်ကို အပြေး၊ မြောက်ရပ်နံ့ဂြိုဟ်ကို အနိုင်၊ အထက်ရပ်နံ့ဂြိုဟ်ကို အစိုးရသော မင်းဟုဆို၏။ ဤသို့ လောင်းတန်းကစားပွဲသဘင်တို့၌ ကြည့်ရှုဆင်ခြင်၍ လောင်းပါမူ အရှုံးမရှိဘဲ လောင်းပွဲသဘင်တို့၌ လောင်းသူတိုင်း လွယ်ကူစွာအောင်မြင်နိုင်ပါသည်ဟု ဆိုလိုသည်။

## ချပြီးဗေယာပုံ

| အချိန် | | အက္ခရာ | နေ့ | အဆင်း | အရပ် |
|---|---|---|---|---|---|
| နေထွက် (နံနက်) ဖဝါး ၂၀ | ၁–ခါ | အ | ၂–၀ | အဖြူ | အလယ်သေ |
| (မွန်းလပ်) ဖဝါး ၇ | ၂–ခါ | ဣ | ၃ | အနက် | တောင်ကန်း |
| မွန်းတည့် ဖဝါး ၄ | ၃–ခါ | ဥ | ၁ | အမွဲ | အောက်ပြေး |
| (ညနေ) ဖဝါး ၉ | ၄–ခါ | ဧ | ၄–၅ | အ | မြောက်နိုင် |
| နေဝင်– နေဝင်– | ၅–ခါ | ဩ | ၆ | အပြာ | ထက်မင်း |

www.burmeseclassic.com

www.burmeseclassic.com



| ၁-၆-နေ့<br>၁ ခါ | ၁-၆-နေ့<br>၂ ခါ | ၁-၆-နေ့<br>၃ ခါ | ၁-၆<br>၄ ခါ | ၁-၆<br>၅ ခါ |
|---|---|---|---|---|
| (ဣ)<br>(ဧ ဩ ဥ)<br>(အ) | (ဥ)<br>(ဩ အ ဧ)<br>(ဣ) | (ဧ)<br>(အ ဣ ဩ)<br>(ဥ) | (ဩ)<br>(ဣ ဥ အ)<br>(ဩ) | (အ)<br>(ဥ ဧ ဣ)<br>(ဩ) |

| ၂-၄-နေ့<br>၁ ခါ | ၂-၄<br>၂ ခါ | ၂-၄<br>၃ ခါ | ၂-၄<br>၄ ခါ | ၂-၄<br>၅ ခါ |
|---|---|---|---|---|
| (ဧ)<br>(အ ဣ ဩ)<br>(ဥ) | (ဩ)<br>(ဣ ဥ အ)<br>(ဧ) | (အ)<br>(ဥ ဧ ဣ)<br>(ဩ) | (ဣ)<br>(ဧ ဩ ဥ)<br>(အ) | (ဥ)<br>(ဩ အ ဧ)<br>(ဣ) |

| ၃-နေ့<br>၁ ခါ | ၃-င်္ဂါ<br>၂ ခါ | ၃-င်္ဂါ<br>၃ ခါ | ၃-င်္ဂါ<br>၄ ခါ | ၃-င်္ဂါ<br>၅ ခါ |
|---|---|---|---|---|
| (အ)<br>(ဥ ဧ ဣ)<br>(ဩ) | (ဣ)<br>(ဧ ဩ ဥ)<br>(အ) | (ဥ)<br>(ဩ အ ဧ)<br>(ဣ) | (ဧ)<br>(အ ဣ ဩ)<br>(ဥ) | (ဩ)<br>(ဣ ဥ အ)<br>(ဧ) |

| ၅-တေး<br>၁ ခါ | ၅-တေး<br>၂ ခါ | ၅-တေး<br>၃ ခါ | ၅-တေး<br>၄ ခါ | ၅-တေး<br>၅ ခါ |
|---|---|---|---|---|
| (ဥ)<br>ဩ အ ဧ<br>(ဣ) | (ဧ)<br>အ ဣ ဩ<br>(ဥ) | (ဩ)<br>ဣ ဥ ဩ<br>(ဧ) | (အ)<br>ဥ ဧ ဣ<br>(ဩ) | (ဣ)<br>ဧ ဩ ဥ<br>(အ) |

www.burmeseclassic.com

www.burmeseclassic.com



| ၇–နေ့ ၁ ခါ | ၇–နေ့ ၂ ခါ | ၇–နေ့ ၃ ခါ | ၇–နေ့ ၄ ခါ | ၇–နေ့ ၅ ခါ |
|---|---|---|---|---|
| (ဩ)<br>ဣ ဥ အ<br>(ဧ) | (အ)<br>ဥ ဧ ဣ<br>(ဩ) | (ဣ)<br>ဧ ဩ ဥ<br>(အ) | (ဥ)<br>ဩ အ ဧ<br>(ဣ) | (ဧ)<br>အ ဣ ဩ<br>(ဥ) |

**မှတ်ချက်**။ ။ ဤဆိုအပ်ပြီးသော ၁–နံပါတ် ဇယားချရန် လင်္ကာစကားဥ္ခ အချိန်ငါးပါးယူနည်းမှာ ဖဝါးအတိုင်းအထွာနှင့် ယူသဖြင့် ယခုအခါ ကာလ နားလည် သိရှိနိုင်ကြရန် လွန်စွာ ခဲယဉ်းပေ၏။ သို့ဖြစ်၍ လွယ်ကူစွာ သိရှိနားလည်ကြရန် အင်္ဂလိပ် စက်နာရီဖြင့် ပြဆိုလျှင် တန်ခူးလနှင့် သီတင်းကျွတ်လမှာ နေ့ ညဥ္ခ ၁၂ နာရီစီ ညီမျှ၍ တစ်နေ့လျှင် အချိန်ငါးပါးပိုင်းခြားက တစ်ချိန်လျှင် စက် ၂ နာရီနှင့် ၂၄ မိနစ်ဖြစ်၏။ ကဆုန်လကစ၍ ဝါဆိုလအထိ နေ့ ၁၂ နာရီတွင် ၄၈ မိနစ်စီ အဆင့်ဆင့် ရော၍ ယူ ဝါခေါင်လကစ၍ ပြာသိုလအထိ နေ့ ၁၂ နာရီတွင် ၄၈ မိနစ် စီ အဆင့်ဆင့်နုတ်၍ယူ။ တပို့တွဲလကစ၍ တပေါင်းလအထိ နေ့ ၁၂ နာရီတွင် ၄၈ မိနစ်စီရော၍ယူက ၁၂ လဥ္ခ နေ့နာရီများကို ရ၏။ ညဥ္ခနာရီများကိုလိုလျှင် ဆိုအပ်ပြီးသော နေ့နာရီများ နုတ် ပါက ကြွင်းသော ညဥ္ခနာရီများကို သိနိုင်၏။ လိုသော နေ့ညဥ္ခ နာရီများကို တစ်နေ့လျှင် ၅ ကြိမ် ပိုင်းခြား၍ယူပါက အချိန်၏ အပိုင်းအခြား နာရီများကိုရ၏။ ညဥ္ခသန်းခေါင်ကျော်လျှင် နောက် တစ်နေ့သို့ ရောက်၏။ ဤသို့ပိုင်းခြား၍ အချိန်ငါးပါးကို ယူလေ။

www.burmeseclassic.com

www.burmeseclassic.com



## ၂ နံပါတ် အထက်ရပ် ဂြိုဟ်ဟော လင်္ကာအဖြေ

ခါအကျတွင်မှ ကာလပဥ္စာကို ယင်ကဗျာ ချီးကျူးလို့ ကြည်နူးဖွယ် ချိုငြိမ့်ပေစွ ဆိုမိန့်ဟန်။

ဆိုသော ပထမအချိုး၌ တစ်နေ့လျှင် အချိန်ငါးပါး ပဥ္စကာလထား၍ ဟောလိုရာအချိန်များ၌ လင်္ကာသွားအချိုး ကဗျာအမျိုးမျိုးတို့ဖြင့် ချီးကျူးဖွဲ့နွဲ့လျက် ကြည့်ရှုမှတ်သားလိုကုန်သောသူတို့၏ စိတ်နှလုံး၌ ရွှင်ပြုံး ဟဒယကြည်နူးလွမ်းဆွတ်ရလောက်အောင် ချိုသာငြိမ့်လေး အေးဆေးစွာ မိန့်ဆိုရေးသားပါမည်ဟု ပဋိညာဉ် ဝန်ခံစကား ဆိုလိုသည်။

## ၂ နံပါတ်အဆက် အထက်ရပ် နံဂြိုဟ်ဟော လင်္ကာအဖြေ

ဂြိုဟ်မြတ်ကယ် ငါးဖြာ ရှိလေရာဝယ် ဝိဒေဟာညွှန့်ထက် ဆုံးနံကွန့်လျှင်လ ညာကျွန်းမှန်ကူ ဥကင်ငှမှာ နှစ်ဆူစက်ရန် ကညာတော်နံ့ချိန်မို့ ကြံသ၍ အောင်မြင်သည့် စိန်မျက်ရှင်ဝေဘူ ကျောက်ကဲ့သို့ ထွန်းတောက်ပလျှံ။

ဆိုသော ဒုတိယအချိုး၌ မေးလာသောနေ့တစ်နေ့လျှင် အချိန် ငါးပါးပိုင်းခြားရာ မေးလာသောအချိန်၌ ချပြီးဇယားပုံတွင် အ, အက္ခရာ၌ တနင်္လာ၊ စနေ၊ က္က,အက္ခရာ၌ အင်္ဂါ ဥ,အက္ခရာ၌ တနင်္ဂနွေ၊ ဧ,အက္ခရာ၌ ဗုဒ္ဓဟူး၊ ကြာသပတေး၊ ဩ,အက္ခရာ၌ သောကြာ ဟူသော ဂြိုဟ်နေငါးရပ်တို့ရှိရာတွင် မေးလာသောသူတို့၏ မွေးနံဂြိုဟ်၊ သို့မဟုတ် လိုရာနံဂြိုဟ်တို့သည် ပြဇ္ဇဝိဒေဟအရှေ့ကျွန်းခေါ် အထက်ရပ်၌နေမှု ထိုထိုသောသူတို့မှာ လက်ျာတောင်ငှ ကျွန်း ဇမ္ဗူတွင် မှန်ကူဥကင် ပြိုင်မယှဉ်သာအောင် အာဏာတန်ခိုးအမျိုးမျိုးတို့ဖြင့် စိုးမိုးကြီးမား ဘုန်းရှိန်သမ္ဘာတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တထိန်ထိန် မောက်ကြွားသော ဧကရာဇ်မင်းတရားတို့၏ ထံမှောက်သို့ မရောက်ဖြစ်တာ။ ဂုဏ်အင်္ဂါတို့နှင့် စုံလင်စွာ ရှိလှသော မိုးနတ်မိပမာအသွင် ကညာစင်သတို့သမီး အညွှာကလေးကို ဆက်သရောက်လာသောကိန်းအခါ ကျရောက်ပါသဖြင့် လိုရာပြည့်စုံ ကုံလုံနေကြံသမျှမြောက် ဝေဘူလတောင်ယံတွင် ရောင်လျှံထွန်းတောက် စိန်မျက်ရှင် ပတ္တမြားကျောက်ကဲ့သို့ မို့မောက်သော ဂုဏ်ကျက်သရေတို့နှင့် စုံချွေချွေချွေဒြဗ် ကြွားလောက်အောင် လာဘ်များများကြီး ရနိုင်ပါသည်ဟု ဆိုရာသည်။

၂ နံပါတ်အဆက် အထက်ရပ် နံဂြိုဟ်ဟော လင်္ကာအဖြေ

ပျောက်ပြယ်ကယ် တိမ်သည် မဟိဂေါဏ မြင်း ဆင်လှနှင့် ထီးမပြားမြောင် ကျေးကျွန်ဘောင်လည်း ဝေးအောင်မလည် ရှေ့ဥဒည်းက မိတ်ရည်နံ့တူ ချစ်ကျွမ်းသူတို့ ကြည်ဖြူသာယာ ပို့ဆောင်လာလိမ့်ဟု မှာထွေသံငယ် ဝေဒလ်ကျမ်းကြီး ကိန်းပုံတဲ့။

ဆိုသော တတိယအချိုး၌ ကျွဲ နွား မြင်း ဆင် စသောအခြေလေးချောင်းရှိ အထိး၊ အမများစွာ သတ္တဝါတို့ ထွက်ပြေး ပျောက်ပျက်ခဲ့သော် ဝေးသောအရပ် ဌာနသို့မရောက်နိုင်ချေ။ ထိုကျေးကျွန် သတ္တဝါတို့ကို အရှေ့အရပ်က မိမိမွေးနံနှင့် မိတ်နံတူဖြစ်သော မိမိချစ်ကျွမ်းဝင်သူကလည်းကောင်း၊ မိမိနံတူဖြစ်သော မိတ်ဆွေခင်ပွန်းကလည်းကောင်း၊ အလျင်အမြန်ပို့ဆောင်လာလိမ့်မည်ဟု ဝေဒလ္လကျမ်းကြီးတို့၌ ကိန်းပုံနှင့်တကွ ထင်ရှားစွာ ပြဆိုလာရှိကြောင်း သာဓကကို ဆိုလိုသည်။

၂ နံပါတ်အဆက် အထက်ရပ် နံဂြိုဟ်ဟော လင်္ကာအဖြေ

သူငယ်ရယ်ပျိုမျစ် နာသည်ဖြစ်လည်း ဖြူနှစ်ကာယ်ဥစွာ

www.burmeseclassic.com

www.burmeseclassic.com



ရတနာကို ပီတာဖခင် ခမဲယင်က လွတ်စင်ဥပဒ် ငါးရက်ဝယ်ပြတ်ပါလိမ့် ဝင်လာဘ်ကယ်စုတ်ရှင် ပြောင်မာတင်မူ ကြန်အင်ယွင်းယိုစွယ်လကျာ်တိုမြဲပ စုတ်ခိုတဲ့ရာသီကို ပြည်ပူရိ မငြိမ်သက်နိုင်နှင့်တိုင်းပျက်ရာခဲ့။

ဆိုသော စတုတ္ထအချိုး၌ ပျိုမျစ်ငယ်ရွယ်သူများ နားဖျားမကျန်းရှိခဲ့သော် ဖြူဖွေးသော ဥစ္စာရတနာတို့ကို အဖဖြစ်သူ ခမဲပေးပါက နာဖျားရောဂါ ဝေဒနာတို့ကိုကား ငါးရက်မှာ ကင်းစင်ပြတ်ပြီး စုတ်လာဘ်များစွာတို့လည်း ဝင်ရောက်တတ်၏။ ထိုဝင်ရောက်သော စုတ်လာဘ်များ ဗုဒ္ဓဟူးနံပါဝင် လက်ခံပါမူ အပြစ်အနာအဆာရှိတတ်၏။ ဝင်ရောက်လတ္တံ့သော စုတ်လာဘ်တို့လည်း ပျက်စီးယိုယွင်းပြီးလျှင် စိတ်၏ငြိမ်သက်တည်ကြည်ခြင်းကို မရငြား ဥစ္စာစီးပွားတို့ ဆုတ်ယုတ်ပျက်ပြားတတ်၏ဟု ဆိုလိုသည်။

## တစ်နည်း။ ၃ နံပါတ် အထက်ရပ် နံဂြိုဟ်ဟော လင်္ကာအဖြေ

ကြည်လို့သာ လှိုင်းတော့တယ် ပြည်တိုင်းဝ တည်ထောင်လျှင် ရှည်ယခေါင် စည်ကားအံ့ တရားပြိုင်နိုင်ရိုးမို့ စစ်ထိုးအောင်။

ဆိုသော ပဉ္စမအချိုး၌ ယခုမေးလာသော အချိန်အခါသည် အလွန်ကောင်းမြတ်သော အချိန်အခါဖြစ်၍ မြို့ပြပြည်ရွာတည်ထောင်ပါလျှင် အရှည်သဖြင့် တည်တံ့ခိုင်မြဲ၍ အလွန်စည်ကား၏။ တရားပြိုင်သော်၊ စစ်ထွက်သော် မိမိကအောင်မြင်နိုင်၏ဟု ဆိုလိုသည်။

## တစ်နည်း။ ၃ နံပါတ်အဆက် အထက်ရပ် နံဂြိုဟ်ဟော လင်္ကာအဖြေ

ဒုက္ခလောင်သူ ကံဟောင်းငယ်ကူသည် ရွက်ဖြူလှေတော်လမ်းယာယီခက်ပေလိမ့်၊ မြိုင်နက်ရယ်ကြဉ်းနယ် ရှာကြံသူကြွယ်

www.burmeseclassic.com

www.burmeseclassic.com



တတ်ကဲ့ ရာရွယ်တဲ့ မင်းမြှောင်မှာ ကြဉ်းဆောင်စလွယ်ထီးငယ် နှင့် ကြီးမြင့် ဥဿျှောင်။

ဆိုသော ဒုတိယချိုး၌ ထိုသို့အခါတွင် မေးလာမှုကား ယခု အခါ ထိုသူမှာ အနည်းငယ်မျှ စိတ်သောကများနှင့် တွေ့ကြုံရ တတ်သည်။ သို့သော် စိုးရိမ်ဖွယ်မရှိပြီ။ ရှေးရှေးဘဝက ကုသိုလ်ကံ ထောက်မ ကူညီလေသည်။ ထိုသူသည်ကား ရွက်ဖြူလှေတတ် သင်္ဘောများနှင့်ဆိုင်သော ရေကြောင်းခရီးဖြင့်သွား၍ အကြံ အစည် အလုပ်အကိုင် ဥစ္စာစီးပွားများကိုမပြုရ ပြုလုပ်ချေသော် ပျက်ပြားဆုတ်ယုတ် အရင်းပင်ပြုတ်တတ်သည်။ မြိုင်နက်ဂူချောင် တောတောင်ကြီးငယ်စသော ကြည်းကြောင်းခရီးဖြင့် သွား၍ အကြံ အစည်ဥစ္စာစီးပွားများကို ရှာကြံရမည်။ မင်းမျိုးမင်းသား မင်းခစား ယောကျ်ားဖြစ်မူ ထီးစလွယ်ဖောင်း နားတောင်းနှင့် သူကောင်းပြု ခံရ၍ ကြီးလှသော ဘုန်းတန်ခိုး အာဏာတို့နှင့် ပြည့်စုံတတ်၏ ဟု ဆိုလိုသည်။

## တစ်နည်း ၃ နံပါတ်အဆက် အထက်ရပ် နံဂြိုဟ်ဟော လင်္ကာအဖြေ

ခရီးငယ်ကွာကွေ မလာနေသည် ကြာလေလေငဲ့ ယဉ်ကျေး နွဲ့တဲ့ လေးမယ့်ဓာတာ ရင်ရွှေလွှာကို ကြင်စာရေးနတ် မင်ဆေး စုံသပ်ပါတဲ့ လယ်ရပ်ကယ်ယာပြင် ရှာသူတွင်လည်း ပုံယင်သီးနှံ ကျီလုံးသာ လျှံတော့မယ် မှန်မရှောင်သည် ထက်ခေါင်နံသင့် ကြိုက်သူတို့။

ဆိုသော တတိယအချိုး၌ ခရီးသွားမေးမူ မရောက်မလာသေး ခရီးကြာရှည်လိမ့်မည် လယ်–ယာ–ချောင်း–မြောင်း ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စားသောက် သူတို့မှာလည်း ကောက်ပဲသီးနှံ ဆန်ရေစပါး ပေါများပြည့်စုံလျက် ကျီကျ ဘဏ္ဍာများစွာ ပြည့်လျှံ အမှန်ပေါ များပါလိမ့်မည် စသည်ဖြင့် အထက်ရပ်နံဂြိုဟ် ကြိုက်သူတို့ အတွက် ဟောဆိုရပေမည်ဟု ဆိုလိုသည်။

**တစ်နည်း၊ ၃ နံပါတ်အဆက် အထက်ရပ် နံဂြိုဟ်ဟော လင်္ကာအဖြေ**

အို–သူငယ် ရှုယ်လတ် နာဖျား တွယ်ကပ်လျှင်ကောင့် ပြယ် ပြတ်ကယ်ကင်းစင် ဒွါဒသင်ဟု ကြာတင်မရှည် ထိုရက်ဝယ် ကြည်မြပ သောင်းပြည်နယ် ချက်ချာမှာ ဉာဏ်စကြာဗေဒင်ရပ် တွင်မှ ကမ်းခပ်ပေမို့။

ဆိုသော စတုတ္ထအချိုး၌ လူအို၊ လူရွယ်၊ သူငယ်များတို့ နာဖျားမကျန်းရှိခဲ့သော် ၁၂ ရက်တွင် ကင်းစင်ပျောက်ပျက်မည်။ တာရှည်စွာမတည် ယာယီမျှဖြစ်သော ရောဂါဝေဒနာတို့ ဖြစ်၏။ ဤကဲ့သို့ ဟောပြောပါမူ တောင်ကျွန်းလက်ျာ သောင်း ယူဇနာ၏ ဒီသာမဇ္ဈေ လယ်ချက်ဗွေ၌ ဗေဒင်အရာ ကမ်းတစ်ဖက်ရောက် လိမ္မာတတ်မြောက်သော ဒီသာပါမောက် ဆရာကြီးတစ်ယောက် ဖြစ်၍ ထင်ရှားကျော်ကြားနိုင်ပါသည်ဟု ဆိုလိုသည်။

**၄ နံပါတ် တောင်ရပ် နံဂြိုဟ်ဟော လင်္ကာအဖြေ**

ညာယံဘက်မှာလ နံရပ်ကယ်မြင်လာလျှင်သေနင်္ဂါဂုဏ်နွမ်း လို့ ဘုံနန်းတည်မှားချေက ရန်များဖွယ်။

ဆိုသော ပထမအချိုး၌ အထက်ဆိုအပ်ပြီးသော ဂြိုဟ်ငွေ ငါးရပ်တွင် တောင်အရပ်ဟူသော ညာယံဘက်၌ မိမိတို့မွေးနံဂြိုဟ် တွေ့မြင်ခဲ့ပါမူ စစ်ထွက်လျှင် မအောင်မြင်တတ် မိမိတို့ဖက်စဘက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ သေနင်္ဂါတို့ပျက်စီးချို့ယွင်းလျက် ဂုဏ်ကျက်သရေ တန်ခိုးညိုးနွမ်းခြင်း ရှိတတ်၏။ တရားတဘောင်တွေ့ရန်မေးမူ မအောင်မြင်တတ်၊ မိမိကရှုံးတတ်၏။ မြို့ပြ၊ ပြည်ရွာ၊ ဘုံနန်း ပြာသာဒ်တို့ တည်ထောင်ဖန်ဆင်းခဲ့ပါမူလည်း မကောင်းဘေး ဒဏ် ရန်စွယ်၊ အန္တရာယ် ခပ်သိမ်းတို့နှင့်တွေ့ကြုံရ၍ မကြာမီပင် ပျက်စီးတတ်၏ဟု ဆိုလိုသည်။

## ၄ နံပါတ်အဆက် တောင်ရပ်နံ့ကြိုဟ်ဟော လင်္ကာအဖြေ

တရားငယ်ဆိုင်ဆို မပြိုင်လိုသည် ရက်ပိုရှည်မြောက် ကျွန် နွားငယ်ပျောက်လျှင်ကောင့် ရထောက်ကယ် ဝေးရှည် ရန်မေး မြူစည်လတ္တံ့ ကုန်သည်တို့ရင်ခွင်မှာ ရွှေငွေစင်ပုံယင်ပေါ်ပါလိမ့် တောတောင်ငယ် ကုန်သွယ်ကြလည်း ကြည်းကရန်ကြွယ်။

ဆိုသော ဒုတိယအချိုး၌ အမှုအခင်း ဖြစ်ပွား၍ တရား တဘောင်ဆိုင်ပြိုင်မှု ရက်ရှည်လများရှိမှ ပြီးပြတ်မည်။ ကျွန်၊ နွား စသော ဥစ္စာပျောက်မေးမူ ရဖို့ရန် အလွန်ခဲယဉ်းသည်။ ရန်လည်း များတတ်၏၊ ကုန်သည်တို့ဘာဝ အကြံအစည် ဟူသမျှကိုမေးမူ ရွှေ၊ ငွေ၊ ရတနာတို့ ပေါ်များပါလိမ့်မည်။ တောကြီးတောင်ငယ်တို့ ၌ ကုန်စလယ်သွယ်ခြင်းကိုပြုလျှင် ဘေးရန်တို့နှင့် တွေ့ကြုံရတတ် ၏ဟု ဆိုလိုသည်။

## ၄ - နံပါတ်အဆက် တောင်ရပ်နံ့ကြိုဟ်ဟော လင်္ကာအဖြေ

မာတင်မုန်ငယ် နှစ်စုံစက်အောက် ပဏ္ဏာရောက်တဲ့ အာ သောက်ကယ်ညီညာ ရန်နည်းငယ်ခွာသည် ကေသရာသို့ ရဲမာန် ပျို့နှင့် မြို့ကျက်သရေ တြင်းသံချွေလောက်တဲ့ သပြေနယ်မှာ နေ နွယ်ရာ မင်းခေါင်စကြာရ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော တကိုယအချိုး၌ လက်ျာတောင်ရှွန်း သပြေထွန်းသည့် ကျွန်းမဟာ၌ ကေသရာဇာခြင်္သေ့မင်းတို့ကဲ့သို့ ရဲရင့်ခြင်းမာန်ဟုံ့ သတ္တိဂုဏ်စွမ်းအင်တို့နှင့် ပြည့်စုံ၍ တန်ခိုးဂုဏ်သိရ် တရှိန်ရှိန် တထိန်ထိန် တောက်ပလျက် လောကအလုံး ရိုက်ချိုးကျော်ကြား စကြဝတေးမင်းကြီး၏ ပမာအလား တစ်ရာ့တစ်ပါးသောမင်းတို့၏ အထွတ်မကိုဋ် သိုက်မြိုက်ဆန်းကြယ် အသွယ်သွယ်သော၇ ဘုန်းလက္ခဏာတို့နှင့် ပြည့်ဝစုံလင် မာတင်ပြောင်မြောက်မုန်သောက်ဇာနည် ဇမ္ဗူဒီကျွန်းလုံးကို အုပ်ဖုံးစိုးစံ နိုင်ငံတော်အရှင်ဖြစ်တော်မူသော မင်းမြတ်တို့၏ ရွှေဖဝါးတော်အောက် ဆက်ရောက်လာသော လာဘ်ပဏ္ဏာတို့ပင် ဖြစ်စေကာမူ ကြည်ဖြူရွှင်ပျ ညီညာဖျဖျ အလွန်ဝမ်းမြောက်ကြခြင်း မရှိရဘဲ အနည်းငယ်မျှသော ဘေးဘယရန်စွယ် အန္တရာယ်ဟူသမျှတို့နှင့် တွေ့ကြုံရတတ်သေးသည်ဟု ဆိုလိုသည်။ ဤလင်္ကာပိုဒ်ကား ခက်လွန်းလှသည်ကြံကြပါလေကုန်။

### ၄ နံပါတ်အဆက် တောင်ရပ်နံ့ဂြိုဟ်ဟော လင်္ကာအဖြေ

ကညာငယ်လုံမိ မစုံဘိလည်း မြီရှိကြွေးတင် မရပြင်ကိုတောင်းလျှင်ငြင်းခုံ ခင်းမကုန်ခဲ့ ဘေးကြုံလူလတ် နာဥပဒ်လည်းရက်မြတ်ကယ်မကြွယ် ပျောက်ငြိမ်းလွယ်လင့် အို၊ ရွယ်သသူနာပြန်မှုလည်း တူရူပက်ပါ တောင်လက်ျာက မင်စာမိုက်ငယ် ခေါစာရွယ်ရော့ထင့် သက်ငယ်သူ့ နာသူကို နတ်၊ ဥ၊ ရူ၊ ဗာလိ ကျွေးလို့ ပေးပို့ပါကြ။

ဆိုသော စတုတ္ထအချိုး၌ ဤအချိန်အခါတွင် မေးလာသောယောက်ျား၊ မိန်းမတို့မှာ အစုံမရှိ တစ်ကိုယ်တည်းဖြစ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြွေးမြီရစရာရှိသော်လည်း မရဘဲရှိတတ်၏။ လောင်းတန်းကစားမှု ကစားဝိုင်းတို့၌ ငြင်းခုံခိုက်ရန် ဖြစ်တတ်၏။ ရန်ရှည်တတ်၏။ လူလတ်၊ လူရွယ်တို့ ရောဂါအန္တရာယ်ကပ်ရောက်မှု ရက်မကြာ ခင်ပင် ပျောက်ကင်းချမ်းသာတတ်၏။ သူအိုများ ဖျားနာမကျန်း ရှိခဲ့သော် တောင်အရပ်က မင်စာမိုက် ဖမ်းစား၏။ ခေါ်စာကျွေး လေ၊ မကြာမီ ပျောက်ကင်းချမ်းသာတတ်၏။ သူငယ်တို့ နာဖျား မကျန်းရှိမူ ဥရုနတ်ဖမ်းစား၏၊ ဗာလိနတ်စာကျွေးမွေးလေ၏။ လွတ်ငြိမ်းချမ်းသာတတ်၏ဟု ဆိုလိုသည်။

## ၅ နံပါတ် မြောက်ရပ်နံ့ဂြိုဟ်ဟော လင်္ကာအဖြေ

ကုရုကျွန်းတွင်မှ ရှည်ညွန်းငယ်နံ့တူလျှင် ရန်သူတို့ခေါင်နင်း လို့ အောက်ခင်းငယ် ဆင်ခြေနှင့် ပြည်ရွာမြေ တည်ထားလျှင်လ စည်ကားမည်။

ဆိုသော ပထမအချိုး၌ မေးလာသော အချိန်အခါ၌ မေးလာ သူတို့၏ မွေးနံ့ဂြိုဟ်သည် မြောက်အရပ်၌ တည်ရှိတွေ့မြင်မူ ရန်သူ တို့ကို အောင်မြင်နိုင်၏။ ခိုက်ရန်ဒေါသဖြစ်လျှင် မိမိကနိုင်တတ် ၏။ မြို့ပြ၊ ပြည်ရွာ မြေတည်ထားကြပါလျှင် အလွန်နှစ်ရှည်လျား ၍ သာယာစည်ကား ပြန့်ပွားနိုင်ပါသည်ဟု ဆိုလိုသည်။

## ၅ နံပါတ်အဆက် တောင်ရပ်နံ့ဂြိုဟ်ဟော လင်္ကာအဖြေ

ရေကြောင်းငယ်ပြည့်ကြွယ် ကြည်းမလွယ်သည် နည်းငယ် ယုတ်လျော့ ခြသေ့်ထိုင်ကြော့ပါတဲ့ ဆင်တော်စွယ်ဖြူ လက်ဝဲကို ယူရမည်။ ပြည့်သူတို့ငြိုငြင်သည် စုတ်ခိုဝင် ထိုမာသတွင်မှသောက ထွေလည်း။

ဆိုသော ဒုတိယအချိုး၌ ရေကြောင်းခရီးဖြင့် အကြံအစည်

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ပါမူ လွယ်ကူစွာ စီးပွားဥစ္စာတို့ကို ရနိုင်၏။ ကြည်းကြောင်း ကုန်းကြောင်း ခရီးဖြင့် အကြံအစည် ပြုလုပ်ပါ။ စီးပွားဥစ္စာအနည်း ငယ်မျှ ဆုတ်ယုတ်ပျက်ပြားတတ်၏။ ဗုဒ္ဓဟူးနံ့စုတ်လာဘ်များ ဝင် ရောက်လာမူ အားလုံးသော သူတို့က မတူသော စိတ်ဓာတ်များ ရှိတတ်၏။ ထိုဝင်လာသော ဗုဒ္ဓဟူးနံ စုတ်လာဘ်များအတွက် စိုးရိမ်သောက ဗျာပါရများလည်း ရှိတတ်၏ဟု ဆိုလိုသည်။

မှတ်ချက်။ ။ ဤဆိုအပ်ပြီး လင်္ကာတွင် ခြသေ့်ထိုင်ကြော့ ပါတဲ့ဆင်တော့်စွယ်ဖြူ၊ လက်ဝဲကိုယူရမည်ဆိုရာ၌ လှပတင့်တယ် ရှုချင်စဖွယ်ရှိသော သတို့သမီးကညာ ဗုဒ္ဓဟူးနံ့စုတ်ကို ယူရမည် လာဘ်မှာ ရွှေငွေလှေလှည်းစသော ဗုဒ္ဓဟူးနံလာဘ်တို့ကိုယူရမည်။ ထိုစုတ်လာဘ်တို့မှာ မမြဲတတ် ပျက်စီးတတ်သည့်ပြင် ထိုစုတ် လာဘ်တို့ကြောင့်လည်း စိုးရိမ်ဗျာပါရများတတ်၏ဟု မှတ်လေ။

## ၅ နံပါတ်အဆက် တောင်ရပ်နံ့ဂြိုဟ်ဟော လင်္ကာအဖြေ

ကြင်စရာငယ်။ လင်ကွာလင်ရမင်းမှာခလည်း မြို့ပြယာဉ် ညင်ရကျိန်းမြင်လို့ ကြွေးတင်ဆပ်ပြေ ရန်မပွေသည်။ မုန်စေ မဖောက် ခရီးရောက်လာလိမ့် ပြေပျောက်ကယ် ကင်းစင် ကျွန်မြင်း ဆင်လည်း၊ မြောက်ခွင်ဒိသာ လိုက်ဘွေနည်ရှာစမ်းတော့ ကြာ မရှည်သည် သာကြည်လျှင်ဆော ခုတွေ့ပါလိမ့်။

ဆိုသော တတိယအချိုး၌ ထိုအချိန်အခါ မေးလာသောသူတို့ မှာ ချစ်ကျွမ်းသူများနှင့် ကွေကွင်း၍နေရတတ်၏။ မင်းမျိုးမင်း သား မင်းခစားယောကျ်ားဖြစ်မူ မြို့ပြ၊ ပြည်ရွာများရ၍ ရာထူး ဌာနန္တရများ တိုးတတ်၏။ ကြွေးမြီတင်လျှင် ယခုဆပ်လိုက်၍ ပြေးပြီ ရန်လည်းမမြင် ကင်းစင်လွတ်၏။ ကျွန်၊ နွား၊ ဆင်၊ မြင်း စသည်

www.burmeseclassic.com

www.burmeseclassic.com



တို့ ပျောက်ဆုံးလျှင် မြောက်အရပ်သို့ သွား၍ ရှာဖွေပါက မကြာ မတင် အဆောတလျင် တွေ့ရတတ်၏ဟု ဆိုလိုသည်။

### ၅ နံပါတ်အဆက် တောင်ရပ်နံ့ဂြိုဟ်ဟော လင်္ကာအဖြေ

လူအိုငယ် နာပါပ နာလကလည်း ဥတ္တရဌာန်စားဖွယ်ရန်နှင့် နေ့ဘန်မွန်းချိန် ထွန်းထိန်ထိန်ကို နီးလိမ်ခေါ်ခွက် ဘုတ်စာပက်လို့ နုသက်ကယ်ငယ်ရွယ် နာသူငယ်လည်း ပြုပြယ်စေချင် တွင်း မြေစာယင်ပြီးမှ နီလွင်တဲ့သပြာကို မွေးမာတာချည်ခမဲငယ် ဆွဲ မှတော်ချိမ့်။—

ဆိုသော စတုတ္ထအချိုး၌ လူအိုများ နာဖျားမကျန်းရှိခဲ့သော် မွန်းတည့်အချိန်အခါတွင် မြောက်အရပ်သို့သွား၍ ဘုတ်စာများ ကျွေးမွေးရမည် သူငယ်များ နာဖျားမကျန်းရှိခဲ့သော် မြေစာကျွေး ပြီးလျှင် အမိဖြစ်သူက နီလွင်သောပစ္စည်းများကို ခမည်းပေးပါက အလျင်အမြန် လွတ်ငြိမ်းချမ်းသာမည်ဟု ဆိုလိုသည်။

### ၆ နံပါတ် အလယ်ရပ်နံ့ဂြိုဟ်ဟော လင်္ကာအဖြေ

ခြယ်လို့သာသန်းတော့တယ်၊ လယ်နန်းမြေ့ခံ့ဝယ်ပြည်ရွှေ ဘုံတည် သိမ်းလျှင်လရှည်ငြိမ်းစွာ။—

ဆိုသော ပထမအချိုး၌ ထိုအချိန်တွင် မေးလာသူတို့၏ နံ့ဂြိုဟ်ကို အလယ်ရပ်၌ တွေ့ခဲ့လျှင် (လယ်ချာအသေ)ဆိုသော ကြောင့် မြို့ပြ၊ ပြည်ရွာတို့ တည်ထောင်သော်လည်းကောင်း၊ မြို့ပြ၊ ပြည်ရွာတို့ကို သိမ်းယူထားသော်လည်းကောင်း၊ မြို့ပြ၊ ပြည်ရွာ တို့ စည်ပင်သာယာ၍ တာရှည်စွာ တည်မြဲနိုင်၏ဟု ဆိုလိုသည်။

### ၆ နံပါတ်အဆက် အလယ်ရပ်နံ့ဂြိုဟ်ဟော လင်္ကာအဖြေ

နေရပ်ကယ်ပြည်ရွာ ပြောင်းလှည့်ငယ်ခွာသည် မြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ဓလေ့ ကိန်းနဂိုမွေ့ပေမို့ ရန်ငွေ့မတိမ်း စစ်မျက်နှာမှိန်လှချည့် ဉာဏ်လိမ်နှင့် ကပ်ခိုသည် တရားဆို ရှည်မပြီးလေဘု ကြီးစွာဗျာပါ။

ဆိုသော ဒုတိယအချိုး၌ မိမိတို့အရပ်ဒေသ မိမိတို့နေအိမ်မှ ပြောင်းရွှေ့ခွာ၍ တစ်ရပ်တစ်ရွာတစ်အိမ်သို့ ရောက်သော်လည်း ယာယီမရှိ၊ နဂိုအတိဖြစ်၍ မိမိတို့နေရပ်ဟောင်း၊ အိမ်ဟောင်းသို့ ပြန်၍ ပြောင်းရွှေ့နေရဦးမည်။ ရန်ရှိတတ်၏။ တရားစစ်၊ စကားစစ်ထိုးလျှင်လည်း မိမိကမအောင်မြင် ရှိတတ်၏။ လူလိမ်လူကောက်များနှင့် တွေ့ကြုံရတတ်၏။ တရားတဘောင်တွေ့သော် တရားတာရှည်၍ မပြီးမပြတ်နိုင်ဘဲ စိတ်ဒုက္ခဗျာပါရများနှင့် တွေ့ကြုံရတတ်၏ဟု ဆိုလိုသည်။

### ၆ နံပါတ်အဆက် အလယ်ရပ်နံဂြိုဟ်ဟော လင်္ကာအဖြေ

ကြင်သသူငယ် လျှင်မူခမ်းယှဉ်နွဲ့ရလျှင် ပျောက်ရှဖိတ်စဉ် သ,ဝိဉာဏ်တို့ ဖဲကြဉ်မကွေ တလည်လည်နေတတ် ကဲ့ရက်ရေငယ်ကွာသော် သေ၊ နာပိန်ချုံးလို့ ဆုံးတိုင်အံ့။–

ဆိုသော တတိယအချိုး၌ မိမိချစ်ခင်သူကို တောင့်တလွမ်းဆွတ်လျက်ရှိနေတတ်၏။ ကွဲ၊ နွားစသော သတ္တဝါတို့ ပျောက်ပျက်ခဲ့မူ အဝေးရပ်သို့ မရောက်ချေ။ အနီးမှာပင် တလည်လည် တပတ်ပတ်ရှိတတ်၏။ တာရှည်လျှင် အစာရေစာပြတ်၍ ပိန်လှီချုံးပြီး သေဆုံးတတ်၏ဟု ဆိုလိုသည်။

### ၆ နံပါတ်အဆက် အလယ်ရပ်နံဂြိုဟ်ဟော လင်္ကာအဖြေ

စည်းစိမ်ငယ်မဖွံ့ ရှေးကံညံ့လည်း တည်တံ့တော့မည့်ခရီး

www.burmeseclassic.com

www.burmeseclassic.com



သည်မှ ဝေးရှည်ကန္တာ လွန်ဝေးငယ်ကွာသည် ညိုပြာသူ့ကြောင့် လမ်းမတော် ထောင့်ချည်ပေါ့ ပူနွေးဝင့်ပူဆာ ကြီးငယ်နာမှု ချမ်းသာခဲရေ ကြွေးမြေမှာ ပြေကောင်းငဲ့ ဝေဒလ္လပါရဂူနယ် သိရိတစ်ဆူ တံခွန်စိုက်ပေမို့ သောင်းထိုက်ကျော်နှံ့။-

ဆိုအပ်သော စတုတ္ထအချိုး၌ စည်းစိမ်ဥစ္စာ ရတနာတို့ အနည်းငယ်မဖွံ့ဖြိုးဘဲ ညှံ့ဖျင်းတတ်၏။ သို့သော်လည်း ရှေးကုသိုလ်ကံ ထောက်မချိန်တန်ပြီဖြစ်၍ ဘာမျှ စိုးရိမ်စရာမရှိ။ ချမ်းသာခြင်းရှိတော့မည် ခရီးသွားသူအတွက် မေးမူ ဝေးသောအရပ်သို့ သွားရသည်။ အသားညိုသောသူကြောင့် လမ်းထောင့်၍ ရှိတတ်၏။ ၎င်းခရီးသွားသူအတွက် စိတ်ရတက်မအေးဘဲ ပူဆွေးဒုက္ခရှိတတ်၏။ ကြီးသူငယ်သူတို့ဖျားမူ ပျောက်ကင်းချမ်းသာရန် ခဲယဉ်းပေ၏။ကြွေးမြီတင်လျှင် ယခုနှစ် ကြေပြေကောင်း ပြေလိမ့်မည်။ ဤသို့ မေးမြန်းလာသူတို့ကို မှန်ကန်စွာ ဟောဆိုပါက တစ်သောင်းယူဇနာ ကျယ်ပြန့်စွာသော ဤဇမ္ဗူဒီပါကျွန်းတွင် ဝေဒလ္လပါရဂူဟု သိရိတစ်ဆူ တံခွန်စိုက်လျက် နီးဝေးမဆံ့ အနှံ့အပြား ကျော်ကြားနိုင်ပါသည်ဟု ဆိုလိုသည်။

## ၇ နံပါတ် အောက်ရပ်နံ့ဂြိုဟ်ဟော လက်ာအဖြေ

ထောက်လို့သာစမ်းရ အောက်ခန်းနံ့ကြိမ်လျှင် ဉာဏ်မပိန်ကံဆုတ်ချည့် သူယုတ်မာ ဖျက်ဆီးလို့ မှုကြီးကျယ်။

ဆိုသော ပထမအချိုး၌ ထိုအချိန်အခါတွင် မေးလာသောသူတို့၏ နံ့ဂြိုဟ်ကို အောက်တန်း၌တွေ့မူ ဉာဏ်ရှိသော်လည်း ကံမရှိလှသဖြင့် ယုတ်မာညစ်ငြမ်း ဆိုးသွမ်းသောသူများတို့ ဖျက်ဆီး၍ ကြီးကျယ်သောအမှုများနှင့် တွေ့ကြုံရတတ်၏ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



### ၇ နံပါတ်အဆက် အောက်ရပ်နံ့ဂြိုဟ်ပဟော လင်္ကာအဖြေ

စစ်ထိုးငယ်မဖွယ် ငုံ့ဆိုင်းငယ်တွယ်သည် ကုန်ဝယ်မတည့် ကြေးအလို ပြည့်နိုင်ဘု ပတ်လှည့်ကြဉ်းတောင်လမ်း ယာယီရှောင် ဦးတော့ ပြောင်နာဂ စုတ်ဝင်မှာ ရွှေပြည်ရှင် ပူပင်ပျိုးလေသို့ ညှိုးကြုံချည့်မယ်။-

ဆိုသော ဒုတိယအချိုး၌ စစ်ထိုးသော် မိမိကမနိုင် ရှုံးတတ်၏။ ကုန်ရောင်း ကုန်ဝယ်ပြုလုပ်သော် မတည့်။ ကြွေးတောင်း မြီတောင်းသွားသော် မရရှိတတ်၏။ တောတောင်တို့ သွားရသော ခရီးများကိုရှောင်ပါ။ ဗုဒ္ဓဟူးနံ့စုတ် လာဘ်တို့ဝင်ရောက်လာမူ တိုင်းပြည်ရှင်သော်မှ ပူပင်သောကဗျာပါရများနှင့် တွေ့ရသေး။ ကြုံရသေးဘိ၏။ သာမန်လူတို့မှာကား ပူပင်သောက ဗျာပါရများ နှင့် မုချတွေ့ကြုံရတတ်၏။

### ၇ နံပါတ်အဆက် အောက်ရပ်နံ့ဂြိုဟ်ပဟော လင်္ကာအဖြေ

ရှောင်ခွာငယ်သွေသည်ရှာဖွေမရ ပျောက်ပျက်ကယ်ပသည်။ ထိုမျှနွားကျွန် သက်ရှိဝန်တို့ နောက်စွန်ဒိသာ ပျော်နေထိုင်ပါလိမ့် မည် ရှာစလွယ်သည် ရက်ကယ်ခုနစ်ရတန်ငဲ့။

ဆိုသော တတိယအချိုး၌ နွား၊ ကျွဲ၊ ကျေးကျွန်စသော သက်ရှိသတ္တဝါတို့ ရှာဖွေမရဘဲ ပျောက်ပျက်ခဲ့မူ အနောက်အရပ် မှာ ရှိလိမ့်မည်။ ရှာဖွေရန် မခဲယဉ်းပေ ရှေ့ခုနစ်ရက်အတွင်းမှာ တေန်ရလိမ့်မည်ဟု ဆိုလိုသည်။

### ၇ နံပါတ်အဆက် အောက်ရပ်နံ့ဂြိုဟ်ပဟော လင်္ကာအဖြေ

ဥစ္စာသက်မဲ့ ပျောက်ပျက်ခဲ့မူ ငှက်ကဲ့ခြေပြီ အသားနီနှင့် နောက်ဆီကလူ ဆောင်လေယူလည်း ရှေးတူရက်တွင် ရကိန်းမြင်

www.burmeseclassic.com

www.burmeseclassic.com



လို့ လယ်ပြင်ယာမြေ လုပ်ဆောင်ရှာဖွေကြတယ် ဖေတောင်သူ့ ခေတ်ကံငယ် လုပ်သီးနှံ သည်ခါချိမ့်အောင် တိုးလိမ့်မည်တဲ့။

ဆိုသော စတုတ္ထအချိုး၌ သက်မဲ့ဥစ္စာရတနာ ရွှေငွေစသည် ဝတ္ထုပစ္စည်းတို့ ပျောက်ဆုံးခဲ့မူ ငှက်ကဲ့သို့ခြေရှိသော အသားနီနီ အနောက်ရပ်ကလူ ဆောင်ယူသွား၏။ ရှေးအတူ ခုနစ်ရက် အတွင်းမှာ ရလိမ့်မည်။ လယ်ယာလုပ်ကိုင်ရှာဖွေစားသောက်သူ တို့ဖြစ်မူ ကုသိုလ်ကံ ထောက်မလာ၍ လုပ်ဆောင်သမျှ ကောက်ပဲ သီးနှံစသော ဝတ္ထုပစ္စည်းတို့ကား၊ တစ်နေ့တခြား ခြိမ့်ခြိမ့်သဲမျှ တိုးပွားနိုင်ပါသည်ဟု ဆိုလိုသည်။

## ၈ နံပါတ်ဂြိုဟ်နေ ငါးကွက် ကြက်ငါးမျိုး အရှုံးအနိုင်ဟော လင်္ကာအဖြေ

ရက်မစဲပြီဘု ကြက်ပွဲမြေပြင်ဝယ် ဘော်ငွေစင် ကိုင်သုံးလို့ နိုင်ရှုံးမှာ ထိန်းစေဖို့ ခါချိန်ပုံ။

ဆိုသော ပထမအချိုး၌ တနင်္ဂနွေနေ့စသော ခုနစ်နေ့တို့ ပတ်လုံး ရက်မစဲအောင်ပင်ရှိသော ကြက်ပွဲ, မြင်းပွဲ, ပြေးပွဲစသော လောင်းတမ်းကစားပွဲ ဟူသမျှတို့၌ ဘော်ငွေကို ကိုင်သုံး၍ နိုင်ရှုံး ကို လိုလားလောင်းစားသော သူတို့မှာ လောင်းတိုင်း လောင်းတိုင်း မိမိက အောင်မြင်နိုင်ရန် ကောင်းမြတ်သော အချိန်အခါတို့ကို သေချာစွာ ပြဆိုပါမည်ဟု ဆိုလိုသည်။

## ၈ နံပါတ်အဆက် ဂြိုဟ်နေငါးကွက် ကြက်ငါးမျိုး အရှုံးအနိုင်ဟော လင်္ကာအဖြေ

အ,အက္ခရာ ကြက်ဖြူငယ်ပါသည်။ ဣ,မှာ မည်းနက်၊ ဥ, မွဲကြက်ကယ်နှင့်၊ ဧ,ကွက်ကယ်နီလွင်၊ ဩ,ပြာညိုစင်သည့်တယ်

www.burmeseclassic.com

www.burmeseclassic.com



လယ်ခွင်က ကြက်ကိုင်မှာ ချက်မပိုင် သေကျေဆုံး ရှုံးစစ်နှင့်ကြုံ။

ဆိုသော ဒုတိယအချိုး၌ အ,အက္ခရာ ရှိရာနံကို ကြက်ဖြူ။ က္က,အက္ခရာကို ကြက်နက်၊ ဥ,အက္ခရာကို ကြက်မွဲ။ ဧ,အက္ခရာကို ကြက်နီ၊ ဩ, အက္ခရာကို ကြက်ပြာညိုဟု မှတ်၍။ အလယ်ခွင် အလယ်ရပ်ဖြစ်သော နံကြက်မှာ အချက်မပိုင် မနိုင်သေဆုံး၍ ရှုံးတတ်သော ကြက်မည်၏ဟု ဆိုလိုသည်။

## ၈ နံပါတ်အဆက် ဂြိုဟ်နေငါးကွက် ကြက်ငါးမျိုး အရှုံးအနိုင်ဟော လင်္ကာအဖြေ

တောင်ညာခွင်ဝယ် မမြင်ကြက်ကန်း အောက်ကွက်ခန်းတွင် လိုက်ဖမ်းငယ်မမီ နောက်ညောင်းငယ်ချီလို့ နီအောင်ပြေးထွက် မြောက်ယံကြက်မူ ငွေရှက်ကယ်နီဒိုင် ကြွယ်လောက်အောင် နိုင်တမ်းမို့ ကံခိုင်လုံသည်။ သူဖြူပါပေ ရိုးလ ခုနယ်ဖြင့်။

ဆိုသော တတိယအချိုး၌ တောင်ရပ်ခွင်ရှိ နံကြက်မှာ မျက်စိကန်းတတ်၏။ အောက်ရပ်ရှိ နံကြက်မူလိုက်ဖမ်း၍ မမီအောင် နောက်ညောင်း နောက်ညောင်းဟု မြည်လျက် ထွက်၍ပြေးတတ်၏။ မြောက်ရပ်ကွက်ရှိ နံကြက်မူကား ကြွယ်ဝချမ်းသာလောက်အောင် နိုင်ရမည် ကံထောက်မသောအခါဖြစ်၍ ဘာမျှမဖြူ၊ မတုန်လှုပ် အလွန်ကောင်းမြတ်သောအခါနှင့် ကြုံရပေသည်ဟု ဆိုလိုသည်။

## ၈ နံပါတ်အဆက် ဂြိုဟ်နေငါးကွက် ကြက်ငါးမျိုး အရှုံးအနိုင်ဟော လင်္ကာအဖြေ

ထက်ဖွေငယ်ဘုံစက် တိုင်းကျော်ကြက်မူ ပြိုင်ဘက်ကယ်ခမ်း ဇမ္ဗူဒီဝယ် လောကီမ်ကိုင်၌ မင်းရာသာ ထိုက်ပေသင့် အမြဲ့ဘက်ကယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆူ မင်္ဂလာမူရတယ်။ ဇမ္ဗူရာဇ်ကြီးကိုင်မှာ စိန်ချည်တိုင် သန္တာ ညှောက်ကယ်နှင့် ထားလောက်ပေသင့်။

ဆိုသော စတုတ္ထအချိုး၌ အထက်ရပ်နံ့ဂြိုဟ်အဆင်းရှိ ကျော်စောထင်ရှားသောကြက်မှာမူ ပြိုင်ဘက်မရှိ ဇမ္ဗူဒီပါတောင်လကျာ၌ မကိုင်မှ တမွတ်မှန်ကင်း မင်းမြတ်တို့၌သာ ထိုက်တန်လျက် မွန်မြတ်သည့် မင်္ဂလာတစ်ဆူဖြစ်သော ကြက်မည်ပေ၏။ ထိုကြက်ကိုမူကား ဇမ္ဗူရာဇ်သိင်္ဂီ နာရနီရွှေကြိုး စိတ်သန္တာဆူတိုင်တို့နှင့် ထားလောက်ပေသည်ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ ဤ ၈ နံပါတ်အဟောကား၊ ကြက်လောင်းပွဲကိုသာ ဆို၏။ ထိုသို့ဆိုသော်လည်း ပဓာန ပြဋ္ဌာန်းသောနည်းဖြင့် ဆိုသည် နွားပွဲ၊ ကျွဲပွဲ၊ မြင်းပွဲစသော လောင်းပွဲဟူသမျှတို့၌ဟော ဆိုနိုင်၏။ ထိုသို့ဟောရာအရပ် အဆင်းပဓာနသား၍ ဟောဆိုရမည်။ အဆင်းမှာမူ ဖြူသောအဆင်း၊ ဝါသောအဆင်း၊ ပြာသောအဆင်း။ စိမ်းသောအဆင်း၊ နီသောအဆင်း နက်သောအဆင်းအားဖြင့် မူလအဆင်းတို့သည် ၆ မျိုးရှိရာ ဤဆိုအပ်ပြီးသောအဆင်းတို့ကား နက်သောအဆင်းကစ၍ အဆင့်ဆင့်နိုင်၏ ရောနှောသော အဆင်းကိုကား ကြောင်သောအဆင်းဟုမှတ်လေ။

## ဦးပုညစကြာဗေဒင် ပဉ္စလက်ကိန်း အလွယ်ဆုံး ကောက်နုတ်ချက် ဟောနည်း

အမျိုးလေးပါး ၇ ရက်သားသမီးတို့သည် မိမိတို့ အလိုရှိအပ်သော ကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်လိုသောအခါ ကောင်း မကောင်း အချိန်ကို သိရှိပါက မိမိတို့လိုအပ်သော အကျိုးပြီးမြောက်ကြမည်ဖြစ်၍ အထက်ဆိုအပ်ပြီး နည်းကိုပင် အလွယ်ဆုံးသိရှိရန်

www.burmeseclassic.com

www.burmeseclassic.com



နေ့၊ နေ့သားအလိုက် ကျိန်းသေဇယားပုံနှင့်တကွ အဟောများကို ပြဆိုရေးသားပါမည်။

## အထူးမှတ်ချက်

၁–ဂဏန်းကို (မင်း) အကောင်းဆုံးအချိန်။

၂–ဂဏန်းကို(အနိုင်) အလတ် ကောင်းသောအချိန်။

၃–ဂဏန်း (အပြေး) ကောင်းမကောင်းရောနှောသောအချိန်။

၄–ဂဏန်းကို (အကန်း) အလတ်ညံ့သောအချိန်။

၅–ဂဏန်းကို (အသေ) အညံ့ဆုံးအချိန်ဟု မှတ်လေ။

## တနင်္ဂနွေနှင့် သောကြာနေ့ ဇယားပုံ

| အချိန် | ပထမ ၁ | ဒုတိယ ၂ | တတိယ ၃ | စတုတ္ထ ၄ | ပဥ္စမ ၅ |
|---|---|---|---|---|---|
| ၁-နွေနေ့သားသမီး | ၄ | ၁ | ၃ | ၅ | ၂ |
| ၂-လာနေ့သားသမီး | ၃ | ၅ | ၂ | ၄ | ၁ |
| ၃-ဂါနေ့သားသမီး | ၁ | ၃ | ၅ | ၂ | ၄ |
| ၄-ဟူးနေ့သားသမီး | ၂ | ၄ | ၁ | ၃ | ၅ |
| ၅-တေးနေ့သားသမီး | ၂ | ၄ | ၁ | ၃ | ၅ |
| ၆-ကြာနေ့သားသမီး | ၅ | ၂ | ၄ | ၁ | ၃ |
| ၈နေနေ့သားသမီး | ၃ | ၅ | ၂ | ၄ | ၁ |

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာနှင့် ဗုဒ္ဓဟူးနေ့ ဇယားပုံ

| အချိန် | ပထမ ၁ | ဒုတိယ ၂ | တတိယ ၃ | စတုတ္ထ ၄ | ပဉ္စမ ၅ |
|---|---|---|---|---|---|
| ၁-နွေသားသမီး | ၃ | ၅ | ၂ | ၄ | ၁ |
| ၂-လာသားသမီး | ၂ | ၄ | ၁ | ၃ | ၅ |
| ၃-ဂါသားသမီး | ၅ | ၂ | ၄ | ၁ | ၃ |
| ၄-ဟူးသားသမီး | ၁ | ၃ | ၅ | ၂ | ၄ |
| ၅-တေးသားသမီး | ၁ | ၃ | ၅ | ၂ | ၄ |
| ၆-ကြာသားသမီး | ၄ | ၁ | ၃ | ၅ | ၂ |
| စနေသားသမီး | ၂ | ၄ | ၁ | ၃ | ၅ |

## အင်္ဂါနေ့ ဇယားပုံ

| အချိန် | ပထမ ၁ | ဒုတိယ ၂ | တတိယ ၃ | စတုတ္ထ ၄ | ပဉ္စမ ၅ |
|---|---|---|---|---|---|
| ၁-နွေသားသမီး | ၂ | ၄ | ၁ | ၃ | ၅ |
| ၂-လာသားသမီး | ၁ | ၃ | ၅ | ၂ | ၄ |
| ၃-ဂါသားသမီး | ၄ | ၁ | ၃ | ၅ | ၂ |
| ၄-ဟူးသားသမီး | ၅ | ၂ | ၄ | ၁ | ၃ |
| ၅-တေးသားသမီး | ၅ | ၂ | ၄ | ၁ | ၃ |
| ၆-ကြာသားသမီး | ၃ | ၅ | ၂ | ၄ | ၁ |
| စနေသားသမီး | ၁ | ၃ | ၅ | ၂ | ၄ |

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေးနေ့ ဇယားပုံ

| အချိန် | ပထမ ၁ | ဒုတိယ ၂ | တတိယ ၃ | စတုတ္ထ ၄ | ပဉ္စမ ၅ |
|---|---|---|---|---|---|
| ၁-နွေသားသမီး | ၁ | ၃ | ၅ | ၂ | ၄ |
| ၂-လာသားသမီး | ၅ | ၂ | ၄ | ၁ | ၃ |
| ၃-ဂါသားသမီး | ၃ | ၅ | ၂ | ၄ | ၁ |
| ၄-ဟူးသားသမီး | ၄ | ၁ | ၃ | ၅ | ၂ |
| ၅-တေးသားသမီး | ၄ | ၁ | ၃ | ၅ | ၂ |
| ၆-ကြာသားသမီး | ၂ | ၄ | ၁ | ၃ | ၅ |
| စနေသားသမီး | ၅ | ၂ | ၄ | ၁ | ၃ |

## စနေနေ့ ဇယားပုံ

| အချိန် | ပထမ ၁ | ဒုတိယ ၂ | တတိယ ၃ | စတုတ္ထ ၄ | ပဉ္စမ ၅ |
|---|---|---|---|---|---|
| ၁-နွေသားသမီး | ၅ | ၂ | ၄ | ၁ | ၃ |
| ၂-လာသားသမီး | ၄ | ၁ | ၃ | ၅ | ၂ |
| ၃-ဂါသားသမီး | ၂ | ၄ | ၁ | ၃ | ၅ |
| ၄-ဟူးသားသမီး | ၃ | ၅ | ၂ | ၄ | ၁ |
| ၅-တေးသားသမီး | ၃ | ၅ | ၂ | ၄ | ၁ |
| ၆-ကြာသားသမီး | ၁ | ၃ | ၅ | ၂ | ၄ |
| စနေသားသမီး | ၄ | ၁ | ၃ | ၅ | ၂ |

www.burmeseclassic.com

www.burmeseclassic.com



## ၅ ဂဏန်းကျရောက်သောအချိန်ဟော

ဗေဒင်မေးလာသောသူတို့၏ နေ့နံကို မေးပြီးလျှင် အချိန်ကောင်း၊ မကောင်းကို ချအပ်ပြီးသော ဇယားပုံတွင် ၎င်းတို့၏ မွေးနံနေ့ အတန်းစဉ်၌ ပါရှိသည့်အတိုင်း ကြည့်ရှုက ထိုမေးသောသူသည် ၅ ဂဏန်းအချိန်သို့ ကျရောက်ခဲ့လျှင် ထိုအချိန်သည် အညံ့ဆုံးအသေချိန်ဖြစ်၍ တရားတဘောင် အမှုအခင်းကိစ္စရှိမူ တာရှည်၍ မိမိကရှုံးတတ်၏။ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာပျောက်ရှခဲ့မူ မရ ဆုံးတတ်၏။ ခရီးသွားမေးမူ ခရီးထောက်နေသည် မရောက်သေး ခရီးမသွားရသေးလျှင် ဆိုင်းထားရမည်။ အကြံအစည်မေးလျှင် မတည့်ရှိတတ်၏။ လူနာမေးသော် ချမ်းသာရန်ခဲယဉ်း၏။ လက်ထပ်ထိမ်းမြားကိစ္စမေးလျှင်မကောင်း။ ကုန်အရောင်းအဝယ်မေးလျှင်မတည့်။ မအောင်မြင်ရှိတတ်၏ဟု ဟော။

## ၄ ဂဏန်းကျရောက်သော အချိန်ဟော

၄ ဂဏန်းအချိန်သို့ ကျရောက်ခဲ့လျှင် ထိုအချိန်သည် အလတ်ညံ့သော ဂဏန်းအချိန်ဖြစ်၍ ဆိုအပ်ပြီးသော အသေချိန်လောက်မဆိုးသော်လည်း မြို့ပြ၊ ပြည်ရွာ တည်ထားဖို့မေးလျှင် မကောင်းရန်များတတ်သည်။ အကြံအစည်မေးမူ မိမိထင်သလောက် မပေါက်ရှိတတ်၏။ ဥစ္စာပျောက်မေးသော်မရ ဆုံးပါးတတ်၏။ ခရီးသွားမေးသော် ရက်ကြာရှည်မှ ရောက်မည်။ လူနာ မေးသော် ရက်ကြာမှ ပျောက်မည်။ လက်ထပ်ထိမ်းမြား စသည်များကို မေးသော် အချိန်မကောင်း အနည်းငယ်ဆိုင်းထားရမည်ဟု ဟော။

## ၃ ဂဏန်းကျရောက်သော အချိန်ဟော

၃ ဂဏန်းအချိန်သို့ ကျရောက်ခဲ့လျှင် ထိုအချိန်သည် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မကောင်း ရောနှောသော အပြေးချိန်ဖြစ်၍ သူယုတ်မာတို့နှင့် ပေါင်းသင်းမိသဖြင့် အမှုအခင်း ဖြစ်ပွားတတ်၏။ ထိုသူတို့ ခရီးသွားရန် ကြံစည်ဆဲရှိသည်။ သို့မဟုတ် ယခုခရီးသွားလျက်ရှိတတ်၏။ အကြံအစည်မေးသော် ကောင်းစွာမတည့် တစ်ဝက်တစ်ပိုင်းသာ အောင်မြင်တတ်သည်။ ဥစ္စာပျောက်မေးမူ ၇ ရက်အတွင်းမှာ ရမည်။ လက်ထပ်ထိမ်းမြားမေးမူ အနည်းငယ်ဆိုင်း၍ ပြုလုပ်ရမည်။ သူနာမေးသော် ရက်ကြာမှ ပျောက်ကင်းလိမ့်မည် ဟော။

## ၂ ဂဏန်းကျရောက်သော အချိန်ဟော

၂ ဂဏန်းအချိန်သို့ ကျရောက်ခဲ့လျှင် ထိုအချိန်သည် အလတ်ကောင်းသောအချိန်ဖြစ်၍ မြို့ပြ၊ ပြည်ရွာတို့ တည်ထားလျှင် အလွန်ချမ်းသာ၍ စည်ကားမည်။ အကြံအစည်အလုပ်အကိုင်မေးမူ အလိုရှိတိုင်း ကြံစည်လေ။ ကြံသမျှအောင်မြင်တတ်၏။ ဥစ္စာပျောက်မေးမူ ရက်မကြာပင်ရလိမ့်မည်။ ခရီးသွားမေးမူ အမြန်ရောက်လာလိမ့်မည်။ မသွားရသေးလျှင် သွားပါ။ ကြံသမျှအောင်မြင်နိုင်ပါသည်။ သူနာမေးသော် မကြာမီပင် ပျောက်ကင်းချမ်းသာလိမ့်မည်။ ထိမ်းမြားမင်္ဂလာမေးမူ အလွန်ကောင်း၏ဟု ဟော။

## ၁ ဂဏန်းကျရောက်သော အချိန်ဟော

၁-ဂဏန်းအချိန်သို့ ကျရောက်ခဲ့လျှင် ထိုအချိန်သည် အကောင်းဆုံး မင်းချိန်ဖြစ်၍ မည်သည့်ကိစ္စ မည်သည့်အရာမျိုး မဆို ပြုလုပ်ဆောင်ရွက်ပါက လျင်မြန်စွာ ထမြောက်အောင်မြင်နိုင်၏။ ဥစ္စာပျောက်မေးမူ အရှေ့ရပ်က မိမိနှင့် မိတ်နံတူ သို့မဟုတ် မိမိနံတူ မိတ်ဆွေတစ်ယောက် ပို့ဆောင်လာလိမ့်မည်။ သူနာမေးသော် မကြာမီပင် ပျောက်ကင်းချမ်းသာလိမ့်မည်။ မြင်း

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်၊ နွားပြိုင်စသော လောင်းတမ်းကစားပွဲဟူသမျှတို့၌ မုချဧကန် အမှန်အောင်မြင်နိုင်၏။ သူငယ်များ နားဖျားမှ ဖြူဖွေးသော ဥစ္စာ ရတနာကို အဖဖြစ်သူက ခမဲပေးပါက လွယ်ကူစွာ လွတ်ကင်း ချမ်းသာနိုင်၏ဟု ဟောလေ။

**မှတ်ချက်။** ။ ကြက်ပွဲ၊ မြင်းပွဲ၊ နွားပွဲ စသောလောင်း တမ်းကစားပွဲတို့၌ ဝါသနာပါရှိကြ၍ လောင်းကြသောသူများ အနိုင်ကို အလိုရှိကြပါမူ တစ်နေ့လျှင် အချိန်ငါးပါးပိုင်းခြားအပ် သော နေ့အလိုက်ဇယားပုံတွင် မိမိတို့ကောင်းမွန်အောင် မြင်နိုင် သော။ ၁ ဂဏန်းမင်းချိန်။ ၂ ဂဏန်းနိုင်ချိန်တို့၌ အဆင်းနှင့် မြောက်ရပ်၊ ၂ ဂဏန်းရှိ နံဂြိုဟ်ကောင်ကိုလည်းကောင်း အထက် ရပ် ၁ ဂဏန်းရှိ နံဂြိုဟ်ကောင်ကိုလည်းကောင်း လောင်းကြပါမူ မုချအောင်မြင်နိုင်ပါသည်။ ထိုကစားပွဲအချိန်သည် လောင်းသော သူ၏ အချိန်ကောင်းမဟုတ်ပါမူ။ အောင်မြင်နိုင်ရန် ခဲယဉ်းသဖြင့် ထိုအချိန်ကောင်းသောသူကို လောင်းရန်ခိုင်းရမည်။ အဆင်းမှာ အထူးစက်၌ ဆိုအပ်ပြီးသော အဆင်းပင်တည်း။ မြင်းပွဲများတွင် အသုံးပြုသောအဆင်းမှာ မူလအဆင်းမရှိ ရောနှောသော အဆင်း သာရှိ၏။ ထိုသို့ ရောနှောသော အဆင်းတွင် အနိုင်ဆုံး အများ ဆုံးဖြစ်သော ဂျော်ကီအဆင်းကို ယူရမည်ဟု မှတ်လေ။

၀

ပြီးပါပြီ။

www.burmeseclassic.com